
www.burmeseclassic.com

ဖြစ်ရပ်မှန်

မဂ္ဂဇင်း

No.139
MAY
2014



Cover Story

ဖြစ်ရပ်မှန်

ရှေးဟောင်းပစ္စည်းများနှင့်ဘုရားဆင်းတုတော်များ၏
ဦးခေါင်းကိုဖြတ်၍မသမာသောနည်းဖြင့်စီးပွားရှာသည့်
ဒုစရိုက်သမားများကိုဖော်ထုတ်ခဲ့သော ..

စုံထောက်စံထူး နှင့် ဂိုဏ်းသင့်သွားသောမိစ္ဆာများ

www.burmeseclassic.com

www.burmeseclassic.com

ပြစ်မှုရေးရာ စုံထောက် မဂ္ဂဇင်း

NO.139 MAY 2014

တာဝန်ခံအယ်ဒီတာ
မောင်သစ်နွယ်

အယ်ဒီတာ
စုံထောက်မောင်ရေချဲ

[illegible]

မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်
မင်းထက်နိုင်
ဝင်းထွဋ်

စုံထောက်ကဗျာ

ဖော်နောင်၊ အဖျောက်မြေမောင်ဆွေမွန်၊ မောင်လှလွန်။ ခက်လှိုင်းကျော်

စုံထောက်ရင်ခုန်သံ

နီမျိုးထက်၊ ကြည်တင့်၊ ငြိမ်းချမ်းဦး၊ မိုးဖွဲ့တိမ်၊ စောအောင်ခ(ဘားအံ)၊
မင်းထက်သားညီ(တောင်ငူ)၊ ခိုင်လွင်ကောင်းဖေ၊ သွေးစက်သစ်၊

ကာတွန်း

မောင်မောင်ညှက်၊ အောင်အောင်ထွေး၊ ရွှေကိုဦး၊ M အောင်ရှိန်၊ မှုဒုံအိမ်ဂျယ်၊ အဇ၊ လင်းထူးဖော်(သန်လျင်)

အတိုသုံးစုံထောက်ဝတ္ထု

အောင်သွေးလက်(မြစ်ခြေ)၊ ဘုန်းမြင့်ချို(သာယာဝတီ)၊ နွေငြိမ်းချမ်း(အနန်းပင်မြေ)၊ လူထွင့်

စုံထောက်သုတ

၂၉။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ) ဥပဒေစုံထောက်
၃၂။ မောင်ဉာဏ်စိန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးပြဿနာ
၃၅။ ထွန်းအောင်လှိုင် ဥပဒေဗဟုသုတပျိုးခင်း
၃၇။ လှမိုး(ပညာရေး) နိုင်ငံတကာဂန္ထဝင်မှုခင်းများ

နိုင်ငံတကာစုံထောက်

၂၇။ မောင်ကောင်းယဉ် နိုင်ငံတကာစုံထောက်

စုံထောက်ဒိုင်ယာရီ

၁၂၀။ မောင်ယဉ်ကျော် စုံထောက်ဒိုင်ယာရီ

စုံထောက်အနုပညာ

၉၄။ စန္ဒီမြင့်မိုရ် ဆရာမခိုင်ခင်အင်ကြင်းနှ

စုံထောက်ဝတ္ထုရှည်

၅၉။ မင်းမဟာကျော်ခေါင် သံမဏိဂျွန်(ဇာတ်

Cover Story

၄၂။ စုံထောက်မောင်ရေချဲ
စုံထောက်စံထူးနှင့်ဗီဇိုးသင့်သွားေ



www.burmeseclassic.com

www.burmeseclassic.com







| | |
|---|---|
| မိုးသန်းမွန်(ရာမည) | အတ္တနှလုံးသား |
| မိုးသဲအောင် | ကြားဖြတ်မှုဆိုး |
| သန်းသန်းမူ | မိုင်ဝက်ပြေးပွဲ |
| ထူးရှိန်အောင် | ကြောက်စရာကြီး |
| မြသိန်း | နှုတ်ကြောင့်သေ |
| မောစရိုယသန်းထွန်း | ရင်ကိုလောင်သောမီး |
| ဆောင်မြင့်မား(ဗိုလ်ကလေး) | ကျားပေါင်မပဲ့သော်လည်း |
| အုံကြည်ဇော် | နှလုံးသားတစ်နေရာမှ ပဲ့ကြွေလွင့်စဉ် သွားရခြင်း |
| ဆောင်လွင်မြင့် | မိစ္ဆာအာဇီဝဆိုသော်လည်း သစ္စာရှိရမည် |
| မိုးဝ | ကံကြီးထိုက်သူ ကြိုးသမား |
| လေးမောင် | မမျှော်လင့်သော အန္တရာယ် |
| ထိုင်းဟန်ဦး | ပိတောက်တွေ နွေမှာပွင့်မှာလား ဝတ်မှုန် |
| နေနိုးသော် | လေးဂဏန်းသမားနှင့်လူ |

ထောက်အလုအပ

| | | |
|---|---|---|
| သုဓ | ငြိမ်းချမ်းအောင် | မိုးယုစံနဲ့ခဏတာ |
| သုဓ | စုဝေနင်း | စိတ်ဖိစီးမှုကြောင့် အလုမပျက်ရအောင် |

ကြမ္မာစုံထောက်

| | | |
|---|---|---|
| သုဓ | ဇင်ယော်နီ | တစ်လတာကံကြမ္မာ |



www.burmeseclassic.com

www.burmeseclassic.com

# 2014 MAY



မျက်နှာဖုံးပန်းချီ
မင်းထက်နိုင်
အတွင်းပန်းချီသရုပ်ဖော်
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊
ရဲရင့်နိုင်၊ လင်းခန့်


ထုတ်ဝေသူ
ဦးမောင်မောင်အေး
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြဲ-၀၃၈၃၂)

အုပ်ချုပ်ရေးမှူး
ဒေါ်စန်းစန်းငွေ(ပြုံးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

မဂ္ဂဇင်းတိုက်တည်နေရာ
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၉၅၂၈

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်

ဖြန့်ချိရေး
ပြုံးပန်းတစ်ရာစာပေ၊
အမှတ်-၁၅၆၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ
ဦးကျင်ရင်(မြဲ-၀၅၄၁၇)၊
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ်(၁၂)၊ သရဖီလမ်း၊
စောရန်ပိုင်အနောက်ရပ်ကွက်။
ဖုန်း - ၂၂၉၅၆၁









www.burmeseclassic.com

www.burmeseclassic.com





ရေပွဲ


ရေခွက်ကလေးတွေ ကိုယ်စီကိုင်
ငိုင်တိုင်တိုင် ဟိုသည်လျှောက်။

ရေကစားချင်လို့
စောင့်စားကာ လူကိုမျှော်လည်း
ပေါ်မလာ ဘယ်သူကမှ
နေပူပူ လမ်းနံဘေး
ကလေးနှစ်ယောက်။ ။

ဇော်နောင်

www.burmeseclassic.com

www.burmeseclassic.com



# အရှေ့နဲ့အနောက်

တစ်မျိုးတစ်ဘာသာ
ရှိးရာ 'အက အလှ သဘာဝ'
ဆင်သလို့ ကပွဲဝင်
အပျိုစင် ယဉ်မရှိင်း
ပွဲဝင်တိုင်း တင့်လှဟန်။

လျှပ်ပေါ်လော်လည်
မသတီစရာ ဝတ်စား
ကိုးရိုးကားရား ကကြိုးဆင်
ရေသဘင်စင်မြင့်ထက်
စွဲမက်စရာတဲ့လား ..
ဟေး ဟေး ဟား ဟား ညာသံပေး
တေးသွားက ဘဝဂ်ညံ့။

BURMESE CLASSIC .com

သည်စင်မြင့်မှာလ
တစ်ဖွဲ့က ယဉ်ကျေးစွာ
ရင်လေးစရာက နောက်တစ်ဖွဲ့
အလှည့်ကျ ဖျော်ဖြေဟန်
အမှန်တော့ ပွဲစည်ရဲ့။

ပရိသတ်ရေ
သည်အရပ် သည်ဇာတ်မှာ
ပြတ်သားစွာ ဆုံးဖြတ်လို့
ဇာတ်ဆရာပေါ် မှုတည်ပြန်သပ
သည်သကြန် သဘာဝကိုဖြင့်
ဘာကမျှ မဆိုချင်ဘု
လိုချင်ရာ လမ်းကို လုကြကာ
(ကွယ်တို့ရေ ..)တုပပါကွဲ့။ ။

အဖျောက်မြေ မောင်ဆွေမွန်

www.burmeseclassic.com

www.burmeseclassic.com




## ဝေးဝေးမပြေးနဲ့

အမှတ် လွတ်တာနဲ့
စိတ်က မိုင်ပေါင်းများစွာ ဝေးသွားရော။

တစ်စက္ကန့် နှစ်စက္ကန့် သတိလက်လွတ်
စိတ်က ငါ့ကို ကုဋေပေါင်းများစွာ
ဖြတ်ကျော်သွားပေါ့။

ဖျတ်ခနဲ သတိရ
ချည်တိုင်က ကြိုးလွတ်သွား
အနိစ္စ အမြဲမရှိ
ဒုက္ခ ဆင်းရဲခြင်း
အနတ္တ ငါ၏ ကိုယ်မဟုတ်
လက္ခဏာရေးသုံးပါး
သတိသံပတ် တင်းလိုက်ရ။

ဒီလိုနဲ့
လွတ်နေတဲ့ စိတ်ကလေး
ဖြည်းဖြည်းချင်း လိုက်ဖမ်း
အလှမ်းမဝေးတော့ပါဘူး။ ။



မောင်လှထွန်း

www.burmeseclassic.com

www.burmeseclassic.com





ဝိများ

နေ့ကြည့်ကြည့်
ညကြည့်ကြည့်
အလှပြ၏
ဘဝနတ္ထိ
ဝမရှိတဲ့ . . ဝိ။

နံရံထက်က
နာရီပျက်များပမာ
ရုံးတွေမှာ
ကျောင်းတွေမှာ
ဈေးထဲမှာ
လမ်းပေါ်မှာ
လက်ဖက်ရည်ဆိုင်မှာ
ရပ်ကွက်တွေထဲမှာ
. . . . . . . . . မှာ
. . . . . . . . . မှာ
ဝိ . . . များစွာ။ ။

ခက်လှိုင်းကျော်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


ဥပဒေ အထက်မှာ ဘာမှ မရှိဘူးဆိုတာ.... ယုံကြည်စိတ်ချပါကွာ
ဥပဒေ

www.burmeseclassic.com





www.burmeseclassic.com


စုံထောက်ကြီး ဦးဒုံစား
ညက.. သူခိုးဝင်တယ်ဆို.. ဘာတွေ.. ပါသွားသေးလဲ..
ခိုးချိန်တောင်.. မရလိုက်ပါဘူး..
ကျွန်တော်.. မိန်းမက.. ကျွန်တော်.. အချိန်မတော် ပြန်လာတယ်ထင်ပြီး..
ခေါက်ထည့် လိုက်တာ..
သူခိုး...ဆေးရုံကို ရောက်နေပြီလေ...
အဟိ...
မှားတဲ့အခါလဲ.. မှားပေမပေါ့-
M. AUNG SHEIN






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## နွေနေ့လယ်ခင်း

ပျင်းရိခြောက်သွေ့ အရည်ပျော်ကျ
စီးကရက်တစ်လိပ်နဲ့ အတင်းတွန်းတင်ထားရတယ်။

ကားတစ်စီး ဖြတ်သွားတိုင်း
လမ်းမဟာ ဖုန်တထောင်းထောင်းထ
သစ်ရွက်ခြောက်တွေလည်း ဒရောသောပါးပြေးထွက်သွားကြ
''လိုက်၍သိမ်းဆည်းပါ ငိုက်မနေပါနဲ့'' ဆိုတဲ့
မူလတန်းဖတ်စာတစ်ပုဒ်ကို သွားသတိရမိရဲ့။

မသေချာပေမဲ့လည်း
ပျံ့လွင့်လွှန်းတဲ့စိတ်ကို ပြန်ထိန်းချုပ်မိမယ်ထင်လို့
ပြတင်းပေါက်တံခါးကို ထပိတ်ဖြစ်တယ်။

နှီမျိုးထက်




www.burmeseclassic.com

www.burmeseclassic.com



# လူနာစောင့်

တိတ်ဆိတ်နေတဲ့ အသံတစ်ခုရဲ့ တလေးတစား မျက်နှာကြက်တွေ တင်းမာနေပုံ
ငုတ်တုတ်မေ့နံရံများ၊ အေးစက်တောင့်တင်းနေဆဲ ဦးခေါင်းခွံဟာ ပျော့ဝင်နက်ရှိုင်းနေပုံ
ခေါ်သံများ ‥ နားဟာ အသံလုံအခန်းတစ်ခုထဲ ပိတ်မိနေတယ်
အိပ်ရေးမျှော်သံတစ်ခန်းလုံး
ငြိမ်းချမ်းမှုမျက်နှာကျက်ဆီ အိပ်မက်တွေ အငိုက်မိနေတယ်
တဖျပ်ဖျပ်လှုပ်ခုန်နေတဲ့ နှလုံးဟာ သူ့နာကျင်မှုဆီ ပြေးပြေးလွှားလွှား
အရိုးငြိမ်းပေါ် ခိုတွဲနေတဲ့ အသားမဲ့ အရွက်တွေ၊ အခြေပြားတွေ
စိတ်ဓာတ်စစ်ဆင်ရေးလမ်းကြောင်းပေါ် လျှောကျလာတဲ့ အမြင်အာရုံများစွာ
ထွေပြား ရှုပ်ထွေး ‥ဟော့ မင်းမအိပ်သေးဘူးလားရယ်လို့
တစ္ဆေတစ်ကောင် ပြတင်းပေါက်က ချောင်းကြည့်ပြီး လာနှုတ်ဆက်တယ်
ညနဲ့ရောဖို့ အလုပ်ရှုပ်နေတဲ့ ငှါအမှောင်တွေကို ချောင်းကြည့်စရာလားကွာ
ခွီးမှပဲ ‥
ဒေါ်သဟာ ငယ်ထိပ်ပေါ်တက်စီးပြီး ပိုင်စိုးပိုင်နင်း ခုတ်မောင်းနေတယ်
အသံခပ်ကြမ်းကြမ်း ပွတ်တိုက်နေတဲ့ ချောင်းဟန့်သံမှာ ငါလည်းပဲ ငိုက်မြည်းလို့
ရင်ခုန်သံစည်းချက်တွေ ပွက်ထနေတဲ့နေရာ
သေခြင်းဟာ မျက်နှာကြက်မှာရှိနေတဲ့ တင်းမာမှုကို လျှော့တွက်နေပုံပဲ
အရိပ်တွေက တလှုပ်လှုပ်နဲ့ ဆွမ်ဘီတွေလို ကွေးကောက်နေအောင် ကခုန်နေကြပြန်တယ်
အိမ်ပြန်လိုက်ကြရအောင်ကွာ
ငါတို့ရဲ့ မူလအိမ်၊ မူလနားခိုရာ၊ မူလဇစ်မြစ်၊ မူလအစိုင်အခဲဖြစ်တည်မှုတို့ရဲ့လားရာ
ငါတို့ဟာ ခရီးသွားတွေပါဆိုတာထက်ပိုပြီး ဘယ်ခလုတ်ကိုမှ မနှိပ်နိုင်ခဲ့ကြပါဘူး
စောင့်နေတဲ့ သံသရာ ‥
ဒီမှာ လမ်းချော်နေတယ်။ ,။



မိုးဖွဲ့တိမ်



www.burmeseclassic.com

www.burmeseclassic.com





## ဆယ့်ခြောက်နှစ်စာ

ဆယ့်ခြောက်နှစ်စာ အလွမ်းတွေကို ထမ်းပိုးလို့
ငါ ‥ အိမ်ပြန်ချင်ခဲ့တာပေါ့
ခေါင်းမာဖို့ အကြောင်းပြချက်တွေ မေ့ထားမယ်
ည ကိုးနာရီဆို အိပ်ရာပေါ်ရှိနေဖို့
အမေဟာ ဆယ့်ခြောက်နှစ်စာ အိပ်ရာပြင်လို့
အချိန်မှန် ထမင်းပြန်စားဖို့
အမေဟာ ဆယ့်ခြောက်နှစ်စာ အော်ဟစ်ခေါ်လို့
ခေါင်းမာဖို့ အကြောင်းပြချက်တွေ မတွေးတော့ပါ
နားထောင်ကောင်းတဲ့ပုံပြင်တွေ ဆယ့်ခြောက်နှစ်စာ
အမေစုဆောင်းထားလိမ့်မယ်
အိမ်မပြန်ဖြစ်တဲ့ ဆယ့်ခြောက်နှစ်အတွင်း
အမေရေ ‥
သား ‥ ပုံပြင်တွေ နားမထောင်တတ်တော့ဘူးဗျာ။ ။

ကြည်တင့်



www.burmeseclassic.com


www.burmeseclassic.com



# အမှတ်အသား

နာကျင်လို့ ရေးတဲ့ကဗျာမှာ ဒဏ်ရာရှိတယ်
နာကျည်းလို့ ရေးတဲ့ကဗျာမှာ အငြိုးအတေးရှိတယ်
ပျော်ရွှင်လို့ ရေးတဲ့ကဗျာမှာ အရယ်အပြုံးရှိတယ်
သတင်းပေးချင်လို့ ရေးတဲ့ကဗျာမှာ အတွေ့အကြုံရှိတယ်
ကိုယ်ရည်သွေးချင်လို့ ရေးတဲ့ကဗျာမှာ အတ္တရှိတယ်
အများအကျိုးဆောင်ချင်လို့ ရေးတဲ့ကဗျာမှာ ကြည်စင်တဲ့အဖြူရောင်နှလုံးသားရှိတယ်
အမြတ်ထုတ်ချင်လို့ ရေးတဲ့ကဗျာမှာ ဝိသမလောဘရှိတယ်
လှောင်ပြောင်ချင်လို့ ရေးတဲ့ကဗျာ သရော်သွမ်းသွေးတာရှိတယ်
ပျင်းရိလို့ ရေးတဲ့ကဗျာမှာ ငြီးငွေ့မှုရှိတယ်
စိတ်ဓာတ်ကျလို့ ရေးတဲ့ကဗျာမှာ ထက်သန်မှုကင်းမဲ့ခြင်းရှိတယ်
စိတ်တက်ကြွလို့ ရေးတဲ့ကဗျာမှာ အားမာန်ရှိတယ်
ခင်မင်ရင်းနှီးလို့ ရေးတဲ့ကဗျာမှာ ဖော်ရွေမှုရှိတယ်
မြှောက်ထိုးပင့်ကော်လုပ်ချင်လို့ ရေးတဲ့ကဗျာမှာ မရင့်ကျက်မှုရှိတယ်
ရန်တိုက်ချင်လို့ ရေးတဲ့ကဗျာမှာ ကောက်ကျစ်မှုရှိတယ်
လွမ်းဆွတ်လို့ ရေးတဲ့ကဗျာမှာ တမ်းတမှုရှိတယ်
ဝမ်းနည်းလို့ ရေးတဲ့ကဗျာမှာ မျက်ရည်ရှိတယ်
အပြစ်တင်ချင်လို့ ရေးတဲ့ကဗျာမှာ သဘောထားသေးသိမ်မှုရှိတယ်
သွားချင်လို့ရေးတဲ့ကဗျာမှာ ခြေထောက်ရှိတယ်
ပြောချင်လို့ရေးတဲ့ကဗျာမှာ ပါးစပ်ရှိတယ်
ပြန်ပြန်ကြားချင်လို့ ရေးတဲ့ကဗျာမှာ နားရှိတယ်
ထိတွေ့ချင်လို့ ရေးတဲ့ကဗျာမှာ အာရုံခံမှုရှိတယ်
တဏှာတက်ကြွလို့ ရေးတဲ့ကဗျာမှာ ရမ္မက်သွေးရှိတယ်
လူတတ်ကြီးလုပ်ချင်လို့ ရေးတဲ့ကဗျာမှာ ..
အိုးနင်းခွက်နင်း မဖြစ်ညစ်ကျယ်အကွရာတွေရှိတယ်
အဲဒါကြောင့် ကဗျာဆရာမှာ ..
အငြိုးအတေး
အရယ်အပြုံး
အတွေ့အကြုံ
အမှတ်အသားရှိတယ်။ ။

ငြိမ်းချမ်းဦး






www.burmeseclassic.com

www.burmeseclassic.com



## ကျွန်းချောင်း



ပေါက္ကံပြည်ကို ခေါင်းပြု
ဆူးအလိမ်းလိမ်းနဲ့ တောင်ကုန်းတောင်တန်းကို ခြေကန်
တန့်ကြည့်တောင် စွယ်တော်ကို ဦးထိပ်မှာပန်လို့။
မဇ္ဈိမ ပဋိပဒါ ထားမသိတဲ့ဥတုမှာ
ပူရင်လည်း ကျောက်ကွဲအောင်ပူ
အေးရင်လည်း အရိုးကွဲအောင်အေး
ဒါပေမဲ့ ..
ဘယ်ဆေးနဲ့ရေးရေး သူ့စကားလုံးကလှတုန်း။
ဧရာဝတီနဲ့ အားလုံးတိုက်ရင်း
သူ့ခမျာ
မြွေတစ်ကောင်လို တွားလျားကပ်လို့
တစ်ကိုယ်လုံး ဘယ်လိုဖုံးဖုံး မလုံဘူး။
ကျောပေါ်မှာလည်း
လမ်းဆိုလို့
ပင်လယ်ရိုးတစ်ချောင်းသာပါတဲ့ ငါးတစ်ကောင်လို။
အနီးငွေ့တွေ တသောသောနဲ့
နိုင်ငံခြားဖြစ် အဆောက်အအုံ ၃ လုံးမှာသာ
ရုံးတက်ရုံးဆင်း အချိန်အချက်နဲ့
ချွေးတဒီးဒီး ဝဋ်ကြွေးခံရင်း
၂၄ နာရီလုံးလုံး
သူ့တပိုင်တနိုင်မှာ မိရိုးဖလာသီချင်းဖြစ်လို့။
လယ်မြေလည်းပေါ
သဲချောင်းလည်းများ
အဲဒီလောင်းရိပ်အောက်မှာ
ဘယ်သလုံးသားမှာမှ ဖုန်မကပ်သူမရှိဘူး။
အရှားပါးဆုံးသတ္တဝါဟာ
အသပြာနဲ့ မော်ဒန်ကဗျာဆရာဖြစ်ပြီး
ရောင့်ရဲခြင်းနဲ့ အရစ်ပြုန်းနေတဲ့ မနက်ဖြန်ဟာ
အဖွံ့ထွားဆုံး ခြုံထည်ဖြစ်တယ်။
မကြွားဝါချင်ဘူး
ခမ်းနားထည်ဝါလိုက်ပုံက
တန့်ကြည့်တောင်၊ ရွှေစည်းခုံ၊ တုရှင်းတောင်၊ လောကနန္ဒာဆိုတဲ့
မြတ်စွယ်တော်လေးဆူကြားမှာမှ ရင်ငွေ့လှုံတဲ့သား
ကမ္ဘာမှာ ကျော်ကြားလောက်တဲ့မြို့။

**ခိုင်လွင်ကောင်းငံ**



www.burmeseclassic.com


www.burmeseclassic.com



## သခါရတရားနဲ့လူ

ရယ်လိုက် ငိုလိုက် လောကဓံတရားနဲ့ဆုံတွေ့
ဟိုပြေး ဒီပြေး ဘဝ,ဝမ်းရေးအတွက်ရင်ဆိုင်
လူဆိုတဲ့ မှတ်တိုင် မယိုင်နဲ့ဖို့
သောကဒုက္ခအမှိုက်တွေနဲ့ ခလုတ်မတိုက်မိဖို့
ဝီရိယတွေ ဖွဲ့တွေ
မလွှတ်စတမ်း ဆုပ်ကိုင်ထားရ၏။

အသက်ရှူနေသမျှ
တိုက်ပွဲတွေနဲ့ ရင်ဆိုင်ရတဲ့လူ
မိဘပေးတဲ့ မေတ္တာပန်းကိုပန်
ချစ်သူပေးတဲ့ အချစ်ရေမွှေးကိုဆွတ်
မာယာတွေ
အမုန်းတွေ အုပ်စုဖွဲ့ရောက်လာတာ
ဘယ်လိုခုခံရမယ်ဆိုတာ
ကြိုတင်ပြင်ဆင်ထားရသေးတာ။



အဲဒီလို
နေရာမှန် ရပ်တည်ချက်မှန်ပေမဲ့
ကိုယ့်နောက်မှာ အရိပ်လိုလိုက်
ကိုယ့်ကို တိုက်ခိုက်ဖို့ချောင်းမြောင်း
သခါရတရားဆိုတဲ့ အကောင်းစားတစ္ဆေကောင်ဆိုတာ
ရှောင်ကွင်းလို့မလွှတ်တဲ့
ကျည်ဆန်တစ်တောင့်ပါ။

သခါရတရားနဲ့ ပွေ့ဖက်မိချိန်မှာ
ယုံကြည်မှုတွေ ရေစုန်မျော
မျှော်လင့်ချက်ရောင်ခြည်တွေ မောပန်းနွမ်းနယ်ရ
ကြိုးစားထားသမျှ
သဲထဲရေသွန်သလို အရာတောင် မထင်တော့ဘူး
သခါရတရားဟာ
မာနမီးလျှံနဲ့
အတ္တချောက်ကမ်းပါးကို
ပြာချနိုင်တဲ့အရာ
မဟာစူပါ ပါဝါ။ ။

**မင်းထက်သားညီ(တောင်ငူ)**



www.burmeseclassic.com

www.burmeseclassic.com



## ဘဝစာအုပ်ထဲက ဆုတ်ဖြဲထားတဲ့စာမျက်နှာ

တစ်လှေတည်းစီး
တစ်ခရီးတည်းသွားကြသူတွေဆိုပြီး
အနေနီးတာနဲ့အမျှ
အရေးကြီးရင်ကြီးသလို သွေးနီးလာမယ် ထင်လို့လား ..။


အတူနေကာလနဲ့သာ
သံယောဇဉ်ကမ္ဘာကို တည်ဆောက်လို့ရစတမ်းဆိုရင်
ကြာကြာဝါးမှ ခါးမှန်းသိ ဆိုတဲ့စကား
ရှေးလူကြီးတွေ ထားခဲ့ကြမှာမဟုတ်ဘူး ..။

အရေးကြီးရင်ကြီးသလို သွေးနီးစေလိုတဲ့ ဆန္ဒနဲ့
အိမ်ကွင်း၊ အဝေးကွင်းမရွေး ကန်တတ်အောင်လေ့ကျင့်ပေးခဲ့ပြီး
ရင်ဘတ်ချင်း ထပ်တူကျဖို့အတွက်
တန်းတက်ပေးလိုက်မိရာက အစ ..။

မျက်နှာချင်းဆိုင်မိရင်
အားကိုးယုံကြည်အောင်ပြောတတ်လွန်းတော့
ကျောသပ်ပြီး
ရင်ဘတ်ကြီး ဓားနဲ့ထိုးထိုးနေတာကိုလည်း
သိသိနဲ့ သာယာနေခဲ့မိသလို ..။

ရင့်ကျက်လာတာနဲ့အမျှ
တစ်စတစ်စ မြင့်တက်လာမယ်အထင်နဲ့
ပြုပြင်မယ့်နေ့ကို တွေ့ချင် မြင်ချင်လို့
မျှော်လင့်နေခဲ့မိတာ ..။

နေ့ရှက်ဆုံးကျတော့
သူ့အပေါ် ထားခဲ့ဖူးတဲ့ မျှော်လင့်ချက်တစ်ပုံတစ်ပင်အတွက်
ကတုန်ကယင် နေ့ရက်တွေကို ရင်ဆိုင်ရင်း
သိုးမည်းတစ်ကောင်နဲ့ ပေါင်းသင်းခဲ့ရတဲ့ ညတွေကို
ကာလရှည်ရှည် လွမ်းမောနေခဲ့ဖူးတယ်။ ။



**သွေးစက်သစ်**



www.burmeseclassic.com

www.burmeseclassic.com




## ခပ်တိမ်တိမ်အိပ်မက်

ခပ်တိမ်တိမ် အိပ်မက်မှာ
ငါ့မာနတရားတွေ ဆာလောင်မှုဒဏ်တစ်ခုနဲ့
နေသာ လသာခဲ့။

ငှက်တွေက ဝေ်မွတ်ခြင်းကနေ ရှင်သန်လာ
ပျက်သုဉ်းမှုတစ်စကနေ ရင်ခုန်လာ
လောကခံကြားမှာ
လမ်းလျှောက်ရင်း ကြိုးပြတ်ခဲ့ဖူးတာ
ငါ့ချစ်ခြင်းမေတ္တာတွေလည်း
ဘဝတစ်ခုကြောင့်
ခေါင်းငုံ့ပြီး လမ်းလျှောက်ခဲ့ရ။

သံဆူးကြိုးပေါ်မှာ ချိတ်ဆွဲထားတဲ့ အရုပ်ကို
ငါ့နှလုံးသားက တောင့်တ
နှင်းဆီပိသွားတဲ့ ပင်လယ်ဟာ
ဘဝတစ်ခုကို နစ်သတ်
အိပ်မက်တွေ ကိုက်ခဲနေတဲ့ည
ဒဏ်ရာတွေ ကဗျာတစ်ပုဒ် ချရေးလိုက်တယ်။

**စောအောင်ခ(ဘားအံ)**






www.burmeseclassic.com

www.burmeseclassic.com




အောင်အေးချမ်းစီစဉ်သည့်

## ရသစုံ ရင်စူးမြားအမှတ်(၂)





ဆရာအောင်အေးချမ်းစီစဉ်သည့် ကလောင်စုံစာရေးဆရာများ ပါဝင်ရေးသားသော ရသစုံရင်စူးမြားအမှတ်(၂)စာအုပ်ဖြစ်သည်။ ရသစာပေ ပြန်လည်ထွန်းသစ်တောက်ပလာစေခြင်းအတွက် မိမိနိုင်ရာ တာဝန်ကို တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်သည့်အနေဖြင့် ရသစုံရင်စူးမြား ဒုတိယခြေလှမ်းကို စီစဉ်ထုတ်ဝေခဲ့ပါသည်ဟု အယ်ဒီတာအဖွဲ့မှ တာဝန်ခံအယ်ဒီတာဖြစ်သူက အမှာစာရေးထားသည်။

စာအုပ်ထဲတွင် ပါဝင်ရေးသားသော စာရေးဆရာများမှာ မောင်ညိုမှိုင်း(သန်လျင်)အပါအဝင် စုစုပေါင်း ၁၅ ယောက်ဖြစ်သည်။ ကဗျာဆရာ ၆ ယောက်ကလည်း ရသကဗျာများဖြင့် အားဖြည့်ပေးထား၏။ ရသစာပေ ချစ်မြတ်နိုးသူ စာဖတ်ပရိသတ်များအကြိုက်တွေ့နိုင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

စိတ်ကူးသစ်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

## ခိုင်ခင်အင်ကြင်း




ဖြစ်ပေါင်းစုံလင် ချစ်နှောင်းပုံပြင်အတွဲ(၁)

စာရေးဆရာမ ခိုင်ခင်အင်ကြင်းသည် ဂျပန်ပြည်တွင် ၂၅ နှစ်မျှ နေထိုင်ခဲ့သူဖြစ်သည်။ ဂျပန်ယဉ်ကျေးမှုနှင့်စာပေကို ရင်းနှီးစွာလေ့လာခွင့်ရခဲ့သည်။ ယခု ဆရာမ ဘာသာပြန်ထုတ်ဝေခဲ့သော ဖြစ်ပေါင်းစုံလင်ချစ်နှောင်းပုံပြင်များကိုဂျပန်ပဒေသရာဇ်ခေါ်နန်းတွင်းသူစာရေးဆရာမ တစ်ဦးက ရေးသားခဲ့သည်။ ကမ္ဘာ့စာပေစင်မြင့်တွင် နိုင်ငံပေါင်းများစွာက ဘာသာပြန်ထုတ်ဝေခဲ့သည်ထိ အောင်မြင်မှုရရှိသောစာအုပ်ဖြစ်သည်။ ဤစာအုပ်ကို စာရေးဆရာမ ခိုင်ခင်အင်ကြင်းက မြန်မာစာဖတ်ပရိသတ်များ ကမ္ဘာ့စာဖတ်ပရိသတ်နှင့်ရင်ဘောင်တန်းနိုင်ရန် စာပေချစ်စိတ်ဖြင့် ဘာသာပြန်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

လာဘ်မိုးစွေစာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com

# စုံထောက်မောင်ရေခဲ

စုစည်းတင်ဆက်မှု

## စုံထောက်စံထူးနှင့် စီအိုင်ဒီမှအောင်မြင်ခဲ့သော ဂန္ထဝင်မှုခင်းများ



စုံထောက်မောင်ရေခဲ၏ ၈ အုပ်မြောက် ဖြစ်ရပ်မှန်မှုခင်းများကို စုစည်းတင်ဆက်ထားသောစာအုပ်ဖြစ်သည်။ စုစုပေါင်း ၆ ပုဒ်ပါရှိသည် စီအိုင်ဒီမှ ကျားကုပ်ကျားခဲ ဖော်ထုတ်ခဲ့ရသည့် ဂန္ထဝင်မြောက်မှုခင်းကြီးများဖြစ်သည်။

တရားခံကို တရုတ်နိုင်ငံထဲထိ လိုက်လံဖမ်းဆီးခဲ့သော အမှု တရုတ်နိုင်ငံသားတစ်ယောက်အား ပြန်ပေးဆွဲ၍ လက်သန်းတစ်ချောင်းကိုဖြတ်ပြီး ပေါင်မုန့်ထဲထည့်ပေး၍ ခြိမ်းခြောက်ငွေတောင်းသည့် အ အပါအဝင်ဖြစ်သည်။

ဥဒါန်းသစ်စာပေမှ ဖြန့်ချိသည်။

---

# ခိုင်ခင်အင်ကြင်း

## ဖြစ်ပေါင်းစုံလင် ချစ်နှောင်းပုံပြင်အတွဲ(၂)




ဆရာမ ခိုင်ခင်အင်ကြင်း၏ ဒုတိယလက်ရာဖြစ်သည်။ စာရေးသူသည် ဖြစ်ပေါင်းစုံလင် ချစ်နှောင်းပုံပြင် အတွဲ(၁)ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယခုတစ်ဖန် အတွဲ(၁)ထုတ်ဝေစဉ်က စာမျက်နှာအခက်အခဲကြောင့် ကျန်ရှိနေသေးသည့် လေးပုဒ်ကို ထပ်မံဖြည့်စွက်ထုတ်ဝေခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံကြီးများက ဘာသာပြန်ထုတ်ဝေခဲ့ပြီးသော ကမ္ဘာကျော် ဂဲင်းဂျိမင်းသားလေး၏ ဇာတ်ကြောင်းများကို ဂျပန်ပြည်တွင် ၂၅ နှစ်တာမျှ အခြေချနေထိုင်စဉ်အတွင်း မူရင်းဂျပန်စာပေကိုလေ့လာရင်း အချိန်ယူပြန်ဆိုခဲ့ခြင်းဖြစ်သည်။ ဘာသာပြန်ရသစာပေကို နှစ်ခြိုက်စွဲလမ်းသော စာဖတ်ပရိသတ်များအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရ၏။ အရှေ့ဘက်ကောင်းကင်စာပေမှ ထုတ်ဝေသည်။



www.burmeseclassic.com

www.burmeseclassic.com



# မောင်သစ်နေ
# နိုင်ငံတကာစုံထောက်

## တရုတ်နိုင်ငံ ဘူတာရုံတစ်ခုအတွင်း အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်



တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ ကူမင်းမြို့ဘူတာရုံတစ်ခုတွင် မတ်လ ၂ ရက်နေ့က ဓားကိုင်လူတစ်စု ရုတ်တရက်ဝင်ရောက်လာပြီး ရထားစောင့်နေသော ခရီးသည်များအား တိုက်ခိုက်ရာ လူ ၃၃ ဦးသေဆုံးပြီး ၁၃၀ ဒဏ်ရာရရှိသည်။ ထို အကြမ်းဖက်တိုက်ခိုက်မှုကို တိဘက်ဘုန်းတော်ကြီး ပန်ချင်လားမားက ပြစ်တင်ရှုတ်ချလိုက်သည်။

Ref: BBC

## ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်တရားရုံးအား အကြမ်းဖက်သမားများက တိုက်ခိုက်၊ ၁၁ ဦးသေ ၂၄ ဦးဒဏ်ရာရ



ပါကစ္စတန်မြို့တော် အစ္စလာမ္မာဘတ်မြို့ရှိ လုံခြုံရေးတင်းကျပ်စွာချထားသော တရားရုံးတစ်ခုအား အသေခံသေနတ်သမားများက ဝင်ရောက်ပစ်ခတ်ရာ အနည်းဆုံး လူ ၁၁ ဦးသေဆုံး၍ ၂၄ ဦး ဒဏ်ရာရရှိသွားကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

မျက်မြင်သက်သေများ၏ ပြောကြားချက်အရ ရုံးထုတ်လာသော တရားခံ၏ အပေါင်းပါများက ကယ်တင်ရန် ကြိုးစားရာမှ ပစ်ခတ်မှုများခဲ့ခြင်းဖြစ်သည်၏ ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



## လေယာဉ်ပျက်ကျသွားကြောင်း အတည်မပြုနိုင်သေးဟု အာဏာပိုင်များပြော



မလေးရှားလေကြောင်းလိုင်းမှ အမှုထမ်းများနှင့် ခရီးသည် (၂၃၉)ဦးလိုက်ပါသွားသော ဘိုးအင်း ၇၇၇ လေယာဉ်ကြီးသည် တောင်တရုတ်ပင်လယ်ပြင်တွင် ပျောက်ဆုံးသွားခဲ့သည်။

အဆိုပါပျောက်ဆုံးသွားသော လေယာဉ်ကြီးသည် ပျက်ကျသွားသည်ဟု ထင်ကြေးပေးပြောကြားနေကြသော်လည်း မလေးရှားအာဏာပိုင်များအနေဖြင့် အတည်မပြုနိုင်သေးကြောင်း မလေးရှားနိုင်ငံနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး ဟိရှန်မူဒင်ဟု... က မတ်လ ၈ ရက်နေ့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

Ref: Reu...

---

## ဗင်နီဇွဲလားနိုင်ငံတွင် ကာနီဗယ်ပွဲတော် အားလပ်ရက်အတွင်း ဆန့်ကျင်သူများဆန္ဒထုတ်ဖော်

ဗင်နီဇွဲလားနိုင်ငံ အစိုးရဆန့်ကျင်ဆန္ဒပြသူ ၁၀၀၀ ကျော်သည် မြို့တော် ကာရာကပ်၏ လမ်းများပေါ်... တန်းစီချီတက်၍ဆန္ဒထုတ်ဖော်ကြရာတွင် ရဲများနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ကြသည်။



အစိုးရအား ဆန့်ကျင်ဆန္ဒထု... ဖော်သူများသည် အစိုးရဖမ်းဆီး... သော ဆန္ဒပြသူများက အတိုက်အ... ခေါင်းဆောင် လီယိုပိုလ်ဒိုလိုပ... အပါအဝင် အတိုက်အခံများအ... အမြန်ဆုံးပြန်လွှတ်ပေးရန် တော... ဆိုကြသည်။

Ref: ...


မောင်သ...



www.burmeseclassic.com

www.burmeseclassic.com





ပုဒ်မ ၃၇၇ မှာတော့
ဓမ္မတာနဲ့ဆန့်ကျင်သော
ပြစ်မှုများကို ဖော်ပြထားပါတယ်။
ဓမ္မတာနှင့်ဆန့်ကျင်တဲ့
ပြစ်မှုတွေဆိုတာကတော့
ယောက်ျားယောက်ျားချင်း
လိင်ဆက်ဆံတာတို့
ယောက်ျားနဲ့မိန်းမ ဆက်ဆံရာမှာ
သဘာဝအတိုင်း
ဓမ္မတာနဲ့ဆန့်ကျင်ပြီး
...

# ဥပဒေစုံထောက်

**ဦးအာကာ** (တရားလွှတ်တော်ရှေ့နေ)

ဆရာခင်ဗျာ

ခုတလော သတင်းစာတွေ၊ ဂျာနယ်တွေဖတ်ကြည့်တဲ့အခါ သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် ငြိမ်းချမ်းစွာစုဝေးဆန္ဒဖော်ထုတ်တဲ့ သတင်းတွေ၊ ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသတင်းတွေကို ဖတ်ရှုရပါတယ်။ ဒီပြဿနာမျိုးတွေနဲ့ပတ်သက်ပြီး ဥပဒေ ကြောင့်ကနေပြီး ဘယ်လိုမြင်သလဲဆိုတာ သိချင်ပါတယ်။ ဥပဒေစုံထောက်အခန်းက ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

စာဖတ်ပရိသတ်တစ်ဦး (ဒလမြို့နယ်)

---

စာဖတ်ပရိသတ်တစ်ဦးသို့

---

ဆရာမောင်မေးတဲ့ကိစ္စနဲ့စပ်လျဉ်းပြီး ၆-၂-၂၀၁၄ နေ့ထုတ် Venus News သတင်းစာစောင်ထဲမှာ ဆရာလည်း ဖတ်လိုက်ရပါတယ်။ သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် ကျော့မြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့မှာ တရား ခွင်ပြုချက်ဖြင့် ငြိမ်းချမ်းစွာ စုဝေးဆန္ဒဖော်ထုတ်တာတို့ ဟောပြောပေးဟောပြောတာတို့၊ သတ်မှတ်ထားတဲ့ ဆိုင်း ဘုတ်များကို ကိုင်ဆောင်ပြီး ကြွေးကြော်တာတို့ကိုပြုလုပ် ကြောင်း ရေးသားဖော်ပြထားတာကို တွေ့ရပါတယ်။

၂-၂-၂၀၁၄ နေ့ထုတ် Daily Eleven သတင်းစာရဲ့ စာမျက်နှာ ၂၁ မှာလည်း ''အိမ်နီးချင်းနိုင်ငံများတွင် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာကိစ္စများပြုလုပ်ရန် ဝင်ရောက်မှုနှုန်းမြင့်တက်နေ၍ မြန်မာနိုင်ငံသို့ မကူးစက်စေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ယူနီဆက်(ဖ်)မှ တာဝန်ရှိသူပြောကြား'' ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါတယ်။ ယူနီဆက်(ဖ်)မှ ကလေးသူငယ်ကာကွယ်ရေး အရာရှိတစ်ဦးကိုယ်တိုင်က သက်ဆိုင်ရာသတင်းစာသို့ ပြောကြားခဲ့တဲ့သတင်းဖြစ်ပါ တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ ခရီးသွားလာရေး ဆွဲဆောင်မှုလုပ်ငန်းတွေ များပြားလာကြောင်း၊ အိမ်နီးချင်းနိုင်ငံအချို့မှာ ခရီးသွားဝင်ရောက်မှု များပြားလာအောင် ဆွဲဆောင်မှုအတွက် ကလေးတွေကို လွဲမှားစွာအသုံးချနေတာတွေ့ရှိကြောင်း၊ မြန်မာနိုင်ငံမှာလည်း အိမ်နီးချင်းနိုင်ငံတွေရဲ့ ဂယက်ရိုက်ခတ်မှုကြောင့် ကလေးတွေကို ပစ်မှတ်ထားတဲ့ TOUR တွေ အစပြုဝင်ရောက်လာနိုင်ကြောင်း၊ အဲဒီအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ကြိုတင်ကာကွယ်တားဆီးမှုတွေကို လုပ်ဆောင်ထားသင့်ကြောင်း သက်ဆိုင်ရာအရာရှိက သတိပေးပြောကြားသွားကြောင်းကို ဖတ်ရှုလိုက်ရပါတယ်။

ဒီဇင်ဘာ၊ ဇန်နဝါရီလတွင်းလောက်မှာ ထုတ်ဝေခဲ့တဲ့ မှုခင်းသတင်းဂျာနယ်တွေထဲမှာ အသက်ငယ်ရွယ်သူ မိန်းကလေးတွေကို ဖြားယောင်းပြီး လိင်ဆက်ဆံတာတို့၊ အဓမ္မထိန်းချုပ်ပြီး လိင်ဆက်ဆံတာတို့ ဆိုတဲ့ သတင်းတွေ ဖတ်ရတယ်။ များစွာစိတ်မချမ်းသာစရာကောင်းလှပါတယ်။ နုနုနယ်နယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းကလေးတွေရဲ့ဘဝကို ခြေမှုန်းလိုက်ခြင်း၊ နင်းခြေလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ဥပဒေရှုထောင့်က ပြောရရင် မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ၊ အသက်(၁၄)နှစ်အောက်မိန်းကလေးကို လိင်ဆက်ဆံ၊ ကာမစပ်ယှက်မှုပြုရင် မုဒိမ်းမှုမြောက်ပါတယ်။ ပြစ်ဒဏ်အနေနဲ့လည်း တစ်သက်တစ်ကျွန်းပြစ်ဒဏ်ဖြစ်စေ၊ တစ်ဆယ်နှစ်အထိ ပြစ်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ပါတယ်။ အဲဒါကတော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ သတ်မှတ်ထားတဲ့ ပြစ်ဒဏ်ဖြစ်ပါတယ်။

ပုဒ်မ ၃၇၇ မှာတော့ ဓမ္မတာနဲ့ဆန့်ကျင်သော ပြစ်မှ[...] များကို ဖော်ပြထားပါတယ်။ ဓမ္မတာနှင့်ဆန့်ကျင်တဲ့ ပြစ်မှ[...] တွေဆိုတာကတော့ ယောကျ်ား ယောကျ်ားချင်း လိင်ဆက်ဆံ[...] တာတို့၊ ယောကျ်ားနဲ့မိန်းမ ဆက်ဆံရာမှာ သဘာဝအတိုင်[...] ဓမ္မတာနဲ့ဆန့်ကျင်ပြီး ဆက်ဆံတာတို့၊ ယောကျ်ားဖြစ်ဖြစ်[...] မိန်းမပဲဖြစ်ဖြစ်၊ တိရစ္ဆာန်နှင့် လိင်ဆက်ဆံတာတို့ဟာ ပုဒ်[...] ၃၇၇ အရ အပြစ်ရှိပါတယ်။ ရှေးတုန်းကတော့ ဒီပြဿနာ[...] မျိုးတွေဟာကျောင်းသားကလေးတွေ၊ အကျဉ်းသားတွေ[...] MSM လို့ ခုခေတ်မှာခေါ်နေကြတဲ့ မိန်းမလျာတွေမှာ ဖြ[...] တတ်တာမို့ ပြဋ္ဌာန်းထားတယ်လို့ ယူဆရပါတယ်။

ယခုခေတ်မှာတော့ ဆင်းရဲတဲ့ကလေးတွေနဲ့ ဆင်[...] သားရပ်ကွက်၊ မြို့နယ်တွေမှာရှိတဲ့ ကလေးသူငယ်တွေ[...] ပစ်မှတ်ထားပြီး ကမ္ဘာလှည့်ခရီးသည်အချို့က ကျူးလွန်တ[...] ကြပါတယ်။ ဒါပေမဲ့ အုပ်စုလိုက်လာတတ်တဲ့ ကမ္ဘာလှ[...] ခရီးသည်တွေကတော့ အဆင့်အတန်းရှိကြတာမို့ ဒါမျိုး[...] မရှိကြပါဘူး။ ဧည့်လမ်းညွှန်တွေကလည်း ဒါမျိုးတွေကို လို[...] မပို့ပေးဘူးလို့ ကြားဖူးတယ်။ တစ်ကိုယ်တော်လာတတ်[...] သူတွေ၊ တစ်ယောက်နှစ်ယောက်ပူးတွဲလာတတ်တဲ့သူ[...] မှာ ပါလာတတ်တယ်လို့ ဆိုတယ်။

ဘာပဲဖြစ်ဖြစ် မြန်မာပြည်ပရဟိတဂေဟာတို့၊ မိဘ[...] ကျောင်းတို့၊ ဘုန်းတော်ကြီးကျောင်းတွေ၊ ဘုန်းတော်ကြီး[...] ပညာရေးတွေ များများထွန်းကားဖို့လိုတယ်။ အဲဒီလို အ[...] အစည်းတွေထွန်းကားလေ ဒုစရိုက်နယ်ပယ်ဟာ ကျ[...] မြောင်းသွားလေပါပဲ။

---

ဆရာခင်ဗျား

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးအသင်းရဲ့ အာဘော်၊ တံလျှပ်ဂျာနယ်ကို ဖတ်ရှုလိုက်ရပါတယ်။ စာမျ[...] ၁၁ မှာ မြန်မာနိုင်ငံအရပ်ရပ်မှာ မူးယစ်ဆေးဝါး ဖမ်းဆီးရမိတဲ့ သတင်းတွေကို တန်းစီပြီးဖော်ပြထားတာကို တွေ့ရပါတယ်။

၁-၂-၂၀၁၄ နေ့ထုတ် Daily Eleven သတင်းစာ စာမျက်နှာ ၁၉ ကို ဖတ်လိုက်တဲ့အခါ ကွတ်ခိုင်မြို့မှာ စိတ်ကြွမူးယစ်ဆေး[...] ၁၂ သိန်းကျော် ဖမ်းဆီးရမိတဲ့ သတင်းတစ်ခုကို ဖတ်လိုက်ရပြန်တယ်။ WY စာတန်းပါ စိတ်ကြွဆေးပြားက ၁၁၇၀၀၀၀ ၊ ဂဂ နှင့် ၁ စာ[...]



www.burmeseclassic.com

www.burmeseclassic.com



ရောင်စိတ်ကြွ ဆေးပြားက ၃၀၀၀၀၊ စုစုပေါင်း ၁၂ သိန်းနှင့် ICE အဖြူရောင်အခဲ ၃၅၀၀ ဂရမ်တို့ကို ဖမ်းဆီးရမိတယ်လို့ ဆိုပါတယ်။ စာတန်းပါ ဆေးပြား ၁၁၇၀၀၀၀ ကုပဲ တန်ဖိုးကျပ် ၂၄၅၂ သိန်းရှိနေပါတယ်။

အဲဒီသတင်းဖတ်ပြီး အံ့ဩလို့မှ မပြီးသေးဘူး ၄-၂-၂၀၁၄ နေ့ထုတ် Daily Eleven သတင်းစာမှာပဲ စာမျက်နှာ ၂၄ မှာ "စစ်တွေ သိန်းပေါင်း ၂၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရရှိ" ဆိုတဲ့ သတင်းတစ်ပုဒ် ပါလာပြန်တယ်။ ဘာဖြစ်လို့များ မူးယစ်ဆေးဝါး လုပ်မှုတွေ ဒီလောက်များနေရတာလဲ။ ဥပဒေရဲ့ အားနည်းချက်ကြောင့်လား။ အရေးယူမှု အားနည်းချက်ကြောင့်လား။ ဘာကြောင့်လဲဆိုတာ အမြင်ကို သိပါရစေဆရာ။

MANA အသင်းဝင်တစ်ဦး (ရန်ကုန်)

## MANA အသင်းဝင်တစ်ဦးသို့

MANA ဆိုတာ Myanmar Anti-Narcotic Association ကို ဆိုလိုတာ ဖြစ်ပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းပေါ့။ တူမောင်က အဲဒီအသင်းရဲ့ အသင်းဝင် ဆိုတော့ မူးယစ်ဆေးဝါးဆန့်ကျင်ရေးကို စိတ်ဝင်စားသူ ကြွသူတစ်ဦးဖြစ်ရမယ်လို့ ခန့်မှန်းလိုက်ပါတယ်။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါး ဆိုင်ရာဥပဒေဟာ ထိရောက်တဲ့ဥပဒေတစ်ခုဖြစ်ပါတယ်။ ကန့်အသတ်မရှိ ထောင်ဒဏ်တို့၊ သေဒဏ်တို့အထိ ချမှတ်ပေးနိုင်ပါတယ်။ တရားရုံးတွေကလည်း ပြစ်ဒဏ် ချမှတ်နေကြတာပါပဲ။ သေချင်လည်းသေပစေ၊ နှစ် ကန့်အသတ်မရှိ ထောင်ကျချင်လည်းကျပစေ၊ "လွတ်ရင် ချက်စံရမယ်" ဆိုပြီးတော့များ ကျူးလွန်နေကြသလား တချို့ကလည်း ထုတ်လုပ်ပြီး နိုင်ငံခြားကိုပို့ဖို့ ကြိုးစားတယ်နဲ့တူတယ်။ စစ်တွေမှ ဘူးသီးတောင်၊ ဘူးသီး တောင်မှ မောင်တောမြို့သို့ဆိုတော့ စိတ်ဝင်စားစရာဖြစ်နေ ဘာပဲဖြစ်ဖြစ် မူးယစ်ဆေးဝါးဆိုတာ ကိုယ့်တိုင်းပြည် လည်း မပျံ့နှံ့ကောင်းဘူး။ သူများတိုင်းပြည်ကိုလည်း ရောက်စေချင်ဘူး။

၁၉၉၆ ခုနှစ်မှာ မြန်မာနိုင်ငံမှာ ဘိန်းစိုက်ခင်းဧကဟာ ၁၆၀၀၀၀ ဧကအထိရှိခဲ့ဖူးပြီး ၂၀၀၆ ခုနှစ်မှာ ဘိန်းခင်း ဧကဟာ ၅၃၀၀၀ အထိသာ ရှိခဲ့တယ်။ ၂၀၁၃ ခုနှစ်မှာ ဘိန်းစိုက်ဧကပေါင်းဟာ ၁၃၀,၀၀၀ အထိ ရှိလာ ကြောင်း UNODC ၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှာ ထုတ် ပြန်တဲ့ အရှေ့တောင်အာရှ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စစ်တမ်းတွင် ဖော်ပြထားပါတယ်။ ကမ္ဘာ့ဘိန်းထုတ်လုပ်မှု ရဲ့ လေးပုံတစ်ပုံရှိပြီး အာဖဂန်နစ္စတန်ပြီးရင် ဒုတိယလိုက် နေတယ်လို့ ဆိုပါတယ်။

ဖမ်းဆီးသည့်အဖွဲ့တွေက ဖမ်းဆီးအရေးယူ၊ တရားရုံး တွေက တရားဥပဒေအရ ပြစ်ဒဏ်တွေပေးနေတဲ့ကြားက ခုလိုစိုက်ပျိုးထုတ်လုပ်နေကြတာကိုတွေ့ရတော့ အဲဒီဒေသ တွေမှာ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း၊ သီးနှံစိုက်ပျိုးမြေ လုံလောက်မှုမရှိခြင်း၊ အလွန်အမင်း ဆင်းရဲမွဲတေမှုများကြောင့် အချိန်တိုအတွင်း ဝင်ငွေရလွယ်သည့်ဘိန်းကို စိုက်ပျိုးကြခြင်းဖြစ်တယ်လို့ ယူဆရပါတယ်။ အချို့တောင်သူများကလည်း လက်ဖက်၊ လိမ္မော်စတဲ့ နှစ်ရှည်သီးနှံများနဲ့တွဲပြီး ဘိန်းကို စိုက်ပျိုးကြ တယ်လို့ သိရပါတယ်။ ဘိန်းတစ်မျိုးတည်းကို စိုက်ပျိုးပြီး ရပ်တည်နေကြသူများလည်း ရှိကြပေမပေါ့။ UNODC အနေ ဖြင့် ဥရောပသမဂ္ဂနှင့် ဂျာမနီတို့ရဲ့ အကူအညီနဲ့ ရှမ်းပြည် နယ်မှာရှိတဲ့ ဘိန်းစိုက်တောင်သူတွေကို အကူအညီပေးနိုင် ရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။ အစိုးရကလည်း ၂၀၁၃ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံတစ်ဝန်း ဘိန်းစိုက်ဧက ပေါင်း ၃၀,၀၀၀ ကျော်ဖျက်ဆီးခဲ့ပြီး ပြီးခဲ့သော ၃ နှစ်အတွင်း ဧကပေါင်း တစ်သိန်းကျော် ဖျက်ဆီးခဲ့တယ်လို့ ထုတ်ပြန် ထားကြောင်း သိရပါတယ်။

မူးယစ်ကင်းစင်တဲ့ လူ့ဘောင်ဖြစ်ဖို့ အားလုံးကြိုးပမ်း ကြဖို့ လိုအပ်ပါတယ်။


ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com





# မောင်ဥက္ကာစိန်
## အဂတိလိုက်စားမှု တိုက်ဖျက်ရေး

ပြာယနှာ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်အဆက်ဆက်တွင် ရေပန်းအစားဆုံးပြဿနာတစ်ရပ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးပြဿနာဖြစ်၍ ယနေ့ခေတ်တွင် ရေပန်းအစားဆုံး လူပြောအများဆုံးပြဿနာတစ်ရပ်မှာလည်း ယင်းပြဿနာဟုဆိုက မှားနိုင်ပေ။ နိုင်ငံတော်က သမ္မတအသစ်ကို ရွေးချယ်တင်မြှောက်ပြီး နိုင်ငံတော်၏ မူဝါဒကို ထုတ်ဖော်ကြေညာသည်နှင့် သန့်ရှင်းသောအစိုးရ၊ သန့်ရှင်းသော အုပ်ချုပ်ရေးကို ထုတ်ဖော်ကြေညာသည်ကို တွေ့ရသည်။

မီဒီယာများကို နေ့စဉ်လေ့လာတော်ရှုလိုက်လျှင်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးပြဿနာကို ဖော်ပြသည့်သတင်း၊ ဆောင်းပါး၊ ကာတွန်းသည်တို့ကို မဖော်ပြသည့်နေ့ မရှိသလောက်ပင်ဖြစ်သည်။ ၁၂-၁-၂၀၁၄ နေ့ထုတ် Daily Eleven သတင်းစာ မျက်နှာဖုံးတွင် "ဒီလောက်ရှက်စရာကောင်းတာကို အရေးမယူကြသေးဘူးလား၊ ပြည်သူများထံမှ ရောက်ရှိလာသည့် လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်သော တိုင်ကြားစာ ၁၀၀၀၀ ကျော်အနက် ရာခိုင်နှုန်း ၉၀ ကျော်မှာ တရားရေးဝန်ထမ်းများက တိုင်ကြားခြင်းဖြစ်" ဟူသော ခေါင်းစဉ်ဖြင့် လာဘ်ပေးလာဘ်ယူပြဿနာကို မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြထားသည်ကို တွေ့ရသည်။

ကျွန်တော်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးပြဿနာ၊ လာဘ်ပေးလာဘ်ယူပြဿနာတို့ကို တွေးတောရင်း လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က စီရင်ထုံးတစ်ခုကို ပြန်၍သတိရမိသည်။ ၁၉၆၅ ခုနှစ်ခန့်က ထုံးပြုခဲ့သော စီရင်ထုံးဖြစ်၍ တော်လှန်ရေးကောင်စီခေတ်က ဖြစ်သည်။ **အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ စီရင်ထုံးများ (၁၉၆၅-၁၉၇၀)** တွင် ပါရှိခဲ့သော စီရင်ထုံးဖြစ်သည်။ စီရင်ထုံး၏ အမည်မှာ **ဦးအေးသွင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအထူးရာဇဝတ်ရုံးအယူခံအဖွဲ့ စီရင်ထုံးများ စာ-၄၈)** ဖြစ်ပေသည်။ ယင်းခေတ် ယင်းကာလတွင် ထင်ရှားခဲ့သော စီရင်ထုံးတစ်ခုလည်း ဖြစ်ပေသည်။

ဦးအေးသွင်မှာ တရားရေးဌာနဝန်ထမ်းတစ်ဦးဖြစ်ခဲ့၍ အင်းစိန်မြို့နယ်ပိုင် တရားမ တရားသူကြီးနှင့် ဒုတိယရာဘက်ရာဇဝတ်တရားသူကြီးတစ်ဦး ဖြစ်ခဲ့သူဖြစ်သည်။ ယင်းကဲ့သို့ တာဝန်ထမ်းဆောင်နေစဉ် တရားခံတစ်ဦးထံမှ လာဘ်ငွေ ၂၀၀/(နှစ်ရာကျပ်) ကို တောင်းယူခဲ့သည်ဟုဆိုကာ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေ ပုဒ်မ ၄(၁)(ဂ)/၄(၂) အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ်ကျခံစေရန် အမိန့်ချမှတ်ခြင်း ခံခဲ့ရသူဖြစ်သည်။

---

**တရားသူကြီးများက ပြည်သူဘဏ္ဍာမှ ထိုက်သင့်သော လစာငွေများပေး၍ ပြည်သူများ၏တရားကို စီရင်စေသည်။ နှစ်ဖက်အမှုသည်များ၏ လက်ဆောင်ပဏ္ဏာလက်ခံ၍ တရားစီရင်သောစနစ် မရှိတော့ပြီ။ ထို့ကြောင့် ယခုအခါတွင် တရားသူကြီးများသည် အဂတိမလိုက်စားဘဲ ဖြောင့်မတ်သော တရားစီရင်ရန် ပို၍ပင် အရေးကြီးပေသည်**

...



www.burmeseclassic.com

www.burmeseclassic.com

## နံ့ထောက်ရသ

ယင်းအမှုကို အထူးရာဇဝတ်ရုံး အယူခံအဖွဲ့က စီရင်ဆုံးဖြတ်ရာတွင် စီရင်ချက်မှ စာသားများမှာ များစွာ မှတ်သားဖွယ်ကောင်းလှပေသည်။ စီရင်ချက်ပါ သုံးသပ်ချက်အချို့ကို ကောက်နှုတ်ဖော်ပြလိုပေသည်။

''လာဘ်ပေးလာဘ်ယူပြုသည့် အမှုတွင် ပေးသူရော၊ ယူသူပါ အပြစ်ကင်းသည်မဟုတ်။ လာဘ်ပေးသူတစ်ဦးကို ရိုးဖြောင့်သူတစ်ဦးဖြစ်သည့် ၎င်း၏ သက်သေခံချက်ကို ယုံကြည်ထိုက်သည်ဟု ယူဆရန်မဟုတ်သည်ကို ကျွန်ုပ်တို့လက်ခံသည်။ ထိုအတိုင်းလည်း အထူးရာဇဝတ်ရုံးက သဘောရရှိသဖြင့် မောင်စိန်ခင်၏ သက်သေခံချက်ကို အထူးချိန်ဆစဉ်းစားခဲ့သည်ကို ကျွန်ုပ်တို့ တွေ့ရသည်။ သို့ရာတွင် ၎င်းတစ်ဦးတည်း၏ ထွက်ချက်ကိုမှီတည်၍ အမှုကို ဆုံးဖြတ်ထားသည် မဟုတ်။ အကြောင်းအချက်အရ သက်သေခံကွင်းဆက်မပြတ် တွေ့ရှိခြင်းကြောင့် ဦးအေးသွင်အပေါ်တွင် ပြစ်မှုထင်ရှားရှိသည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်သည်။

''တရားသူကြီးများသည် အဂတိမလိုက်စားဘဲ တရားစီရင်ရန် တာဝန်ယူ သစ္စာပြုထားကြသူများဖြစ်သည်။ မှန်ကန်မျှတစွာ အဂတိမလိုက်စားဘဲ တရားသူကြီးများက တရားစီရင်ကြမှ ပြည်သူအများက တရားစီရင်ရေးစနစ်ကို အားကိုးယုံကြည်ကြမည်။ ထိုသို့ ပြည်သူတို့ အားကိုးယုံကြည်သော တရားစီရင်ရေးစနစ်ထွန်းကားမှပြည်သူအချင်းချင်း မှုခင်းပဋိပက္ခဖြစ်ကြလျှင် အေးချမ်းစွာဖြေရှင်းနိုင်ကြမည်။ တရားရုံးများအနေဖြင့် မြို့ပြ ရပ်ရွာ၏ စည်းရုံးညီညွတ်ရေးကို ကူညီထိန်းသိမ်းနိုင်ကြမည်''

အထက်ပါအတိုင်း သုံးသပ်ပြီးနောက် အထူးရာဇဝတ်ရုံးအယူခံအဖွဲ့သည် မနုကျယ်၊ ဆဋ္ဌမတွဲ၊ အပိုဒ် ၁၃ ကို အောက်ပါအတိုင်း ဖော်ပြကိုးကားခဲ့သည်။

''တရားသူကြီးမမည်ရာသူ ခုနစ်ယောက်တည်း။ ခုနစ်ယောက်ဟူသည်ကား မျိုးမြတ်သူကိုလိုက်၍ မနိုင်ဘဲ အနိုင်ပေးခြင်း၊ ကြေးငွေပဏ္ဏာတံစိုးခများပေး၍ ရှုံးမည့်သူကို အနိုင်စီရင်ခြင်းတစ်ပါး၊ အမျိုးသားချင်းဖြစ်သည်ဟု ရှုံးမည့်သူကို အနိုင်ပေးခြင်း၊ သဘော၊ ပျက်ဘောကိုကြောက်၍ ရှုံးမည့်သူကို အနိုင်ပေးခြင်း၊ ရန်သူဖြစ်သည်ဟု နိုင်အံ့သည်ကို အရှုံးပေးခြင်းလည်းတစ်ပါး၊ ဟုတ်သည်မဟုတ်သည်ကို မသိမမြင်၍ စီရင်သောသူလည်းတစ်ပါး၊ ဟုတ်သည်မဟုတ်သည်ကို သိလျက် လောဘနိုင်ငံသို့လိုက်၍ ရှုံးစေဟု အာဏာပေး၍ ခြိမ်းခြောက်စီရင်သည်တွင် မဟုတ်သည်ကို ပြီးစေတတ်သော တရားသူကြီးလည်းတစ်ပါး၊ ဤသူခုနစ်ယောက်တို့သည် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟသို့လိုက်၍ စီရင်သည်ကို ပြည့်ရှင်မင်းကေရာဇ် အမတ်သူတော်ကောင်းနှင့်တိုင်ပင်၍ နှင်ထုတ်အပ်၏။ စီရင်၍ပြီးရာ ကုန်ကျသမျှကိုလည်း ပြန်စေရာ၏။ သို့မှ ပြည်ရွာတိုင်းကား သာယာမည်။

''ယခုအခါ၌မူကား တရားသူကြီးများက ပြည်သူ့ဘဏ္ဍာမှ ထိုက်သင့်သောလစာငွေများပေး၍ ပြည်သူများ၏ တရားကို စီရင်စေသည်။ နှစ်ဖက်အမှုသည်များ၏ လက်ဆောင်ပဏ္ဏာလက်ခံ၍ တရားစီရင်သောစနစ် မရှိတော့ပြီ။ ထို့ကြောင့် ယခုအခါတွင် တရားသူကြီးများသည် အဂတိမလိုက်စားဘဲ ဖြောင့်မတ်သော တရားစီရင်ရန် ပို၍ပင် အရေးကြီးပေသည်''

စီရင်ထုံးများဟူသည်မှာ အမှုများကို စီရင်ဆုံးဖြတ်ရာတွင် လမ်းညွှန်မှုပေးသော စီရင်ချက်များပင် ဖြစ်သည်။ အမှုများကို စီရင်ဆုံးဖြတ်ကြရာတွင် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း၊ တစ်တောတစ်ကြက်ဖတွန် မဖြစ်ကြစေရန်အတွက် လိုက်နာကြရန်အတွက် လမ်းညွှန်မှုပေးသော စီရင်ချက်များပင် ဖြစ်သည်။

စီရင်ထုံးများကို လေ့လာဖတ်ရှုကြခြင်းဖြင့် မိမိစီရင်ဆုံးဖြတ်ရမည့် မှုခင်း၊ မိမိရှေ့မှောက်ရှိ မှုခင်းတွင် ဥပဒေကြောင်းအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း၊ မည်ကဲ့သို့ သုံးသပ်ရှုမြင်ရမည်ကို သိရှိနိုင်ပေသည်။ ထို့ပြင် စီရင်ထုံးရေးသားထားသော တရားသူကြီးများမှာ ပညာရှိပုဂ္ဂိုလ်များဖြစ်ကြ၍ ၎င်းတို့၏ အယူအဆများကို အတုယူလိုက်နာသင့်သည်သာမက ၎င်းတို့၏ အင်္ဂလိပ်စာပေအရေးအသား၊ မြန်မာစာပေအရေးအသားတို့ကိုပါ နမူနာယူသင့်ကြောင်း ရေးသားတင်ပြအပ်ပေသည်။

မောင်ညာဏ်

ရည်ညွှန်းကိုးကားချက်

၁။ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ စီရင်ထုံးများ(၁၉၆၅-၇၀)

www.burmeseclassic.com



# ဥပဒေဗဟုသုတမျိုးခင်း

ထွန်းအောင်လှိုင်




မြန်မာဗုဒ္ဓဘာသာဝင်တို့၏ ရန်သူမျိုးငါးပါးတွင် ဘုရင်(မင်း)သည်လည်း တစ်ပါးအပါအဝင်ဖြစ်ပါသည်။ နိုင်ငံတစ်ခုလုံးကို အုပ်စိုးသည့် ရေမြေ့သခင်သည် ဘုရင်ဖြစ်ပါသည်။ ဘုရင်ဟူသည် တိုင်းသူပြည်သားများ၏ သာယာဝပြောရေးကို ဆောင်ရွက်နိုင်သကဲ့သို့ ၎င်း၏ အမိန့်တစ်ခုကြောင့် ပြည်သူပြည်သားများ အတိဒုက္ခရောက်နိုင်ပါသည်။ မင်းမြတ်နော်ရထာ၏ ကောင်းမွန်သော ဆောင်ရွက်မှုကြောင့် မိစ္ဆာအယူဝါဒဖြစ်သည့် အရည်းကြီးဝါဒပျောက်ကွယ်ပြီး ထေရဝါဒသာသနာထွန်းလင်းရုံမျှမက ပထမမြန်မာနိုင်ငံတော်ကြီး တည်ထောင်နိုင်ခဲ့ပါသည်။

ဖက်ဆစ်အာဏာရှင် အဒေါ့ဖ်ဟစ်တလာ၏ အယူဝါဒပြင်းထန်သော အမျိုးသားဆိုရှယ်လစ်ဝါဒကြောင့် ဂျာမနီနိုင်ငံကြီး နှစ်ပေါင်းများစွာ နှစ်မြှုပ်ခဲ့ရသည်။ မနိုင်သောစစ်ကို မွေးပြီး နိုင်ငံနှင့်ပြည်သူများသာမက ၎င်းကိုယ်တိုင်သည်လည်း ဆိုးရွားစွာ နိဂုံးချုပ်ခဲ့ရပြီး အဆုံးသတ်သိမ်းမလှဖြစ်ခဲ့ရပါသည်။

ဤသို့ဆိုပါက အုပ်ချုပ်သူဘုရင်သည် စိတ်ရင်းကောင်းမွန်ပြီး မှန်ကန်စွာအုပ်ချုပ်မင်းလုပ်ပါက ပြည်သူတို့၏ အားကိုးရာဖြစ်ပါမည်။ ထိုသို့မဟုတ်ပါက ပြည်သူပြည်သားအပေါင်း၏ ငြိုငြင်မှုကိုခံရပြီး အထက်တွင်တင်ပြသကဲ့သို့ ရန်သူမျိုးငါးပါးစာရင်းဝင်ဖြစ်သွားပါမည်။ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အသံကျယ်လောင်စွာဟစ်ကြွေးနေသည်မှာ တရားဥပဒေစိုးမိုးရေးဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးဆိုရာဝယ် တရားစွဲတင်လာသော ပြစ်မှုတိုင်းကို ပြစ်ဒဏ်များများချရန်မဟုတ်ပါ။ အုပ်ချုပ်သူလူတန်းစားနှင့် ဆန့်ကျင်သော၊ ၎င်းတို့၏ စိတ်ထဲဝယ် မကျေနပ်သောအမှုတိုင်းကို အာဏာကုန်ပြစ်ဒဏ်ပေးရန် မရည်ရွယ်ပါ။ ပြစ်မှုကျူးလွန်သူကို ထိရောက်စွာ ပြစ်ဒဏ်ချမှတ်ရန် လိုသကဲ့သို့ အပြစ်မဲ့သူများအား ဥပဒေနှင့်အညီ ထားခွင့်ပေးရေး၊ အကာအကွယ်ပေးရေးဖြစ်ပါသည်။

မှန်ကန်သော တရားဥပဒေစိုးမိုးရေး၊ တိကျဖြောင့်မှန်သောတရားဥပဒေစိုးမိုးရေးဖြစ်ရန်အတွက် ဥပဒေပြုအဖွဲ့အစည်းလွှတ်တော်က ခေတ်နှင့်လျော်ညီသောဥပဒေများ ပြဋ္ဌာန်းရန်လိုအပ်သကဲ့သို့ ပြစ်မှုကျူးလွန်သူများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးရန်နှင့် မှန်ကန်သော ဥပဒေအကြံပေးရန်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရှေ့နေချုပ်ရုံးလက်အောက်ခံအဆင့်ဆင့်သော ဥပဒေရုံးများ၏ တာဝန်ဖြစ်ပါသည်။ ယင်းကိစ္စမှာ အုပ်ချုပ်ရေးအာဏာပိုင်နှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ တာဝန်ပင်ဖြစ်ပါသည်။ မှန်ကန်သော တရားစီရင်ရေးအကောင်အထည်ဖော်ရန်တာဝန်မှာ တရားရေးမဏ္ဍိုင်တာဝန်ပင်ဖြစ်ပါသည်။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်ညီညွတ်လျှင် မှန်ကန်သောတရားစီရင်ရေး(သို့)တရားဥပဒေစိုးမိုးရေးကို မှန်ကန်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ ဥပဒေပြဋ္ဌာန်းချက်တွင် အတိအလင်းမပြဋ္ဌာန်းပါက (သို့) မှုရင်းပြဋ္ဌာန်းချက်တွင် မရှင်းလင်းခဲ့လျှင် တရားစီရင်ရေးကဏ္ဍမှ လက်အောက်ခံတရားရုံးများလိုက်နာရန်အလို့ငှာ နှစ်စဉ်တရားရုံးချုပ် ဆုံးဖြတ်ချက်များအနက်မှ လက်ရွေးစင်ဆုံးဖြတ်ချက်များကို စီရင်ထုံးပြုပြီး ထုတ်ဝေပါသည်။ ယင်းစီရင်ထုံးများအနက်မှ အရောင်းအဝယ်ပြုသူများ သတိမူသင့်သည့် ပြဋ္ဌာန်းချက်ကို စာဖတ်သူများ သိရှိရန် တင်ပြလိုပါသည်။

ပြစ်မှုဆိုင်ရာအမှုများတွင် အမှုအားဆုံးဖြတ်ပြီးသည့်အခါ ပြစ်မှုဒ်



www.burmeseclassic.com

www.burmeseclassic.com


သက်သေခံပစ္စည်းရှိပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ ၅၂၃ တို့ အရ စီမံခန့်ခွဲရပါသည်။ အကျဉ်းချုပ် တင်ပြရပါလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ မှာ တရားခံအား ပြစ်ဒဏ်စီရင်ပြီးနောက် သက်သေခံ ပစ္စည်းအား စီမံခန့်ခွဲရာတွင် လိုက်နာရ သည့် ပြဋ္ဌာန်းချက်ဖြစ်ပြီး ယင်းဥပဒေ ပုဒ်မ ၅၂၃ မှာမူ တရားခံပြေးမှု၌ စီမံ ခန့်ခွဲခြင်းဖြစ်ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၁ မှာ ခိုးရာပါပစ္စည်းလက်ခံသူအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်ပါသည်။ ခိုးရာပါပစ္စည်းမှန်းသိလျက်နှင့် လက်ခံလျှင် (သို့)ဝယ်ယူလျှင် ပြစ်မှုမြောက်ပါသည်။ ပစ္စည်းတစ်ခုကို ကာလတန်ဖိုးထက် အလွန်လျော့နည်းစွာ ဝယ်ယူခဲ့ပါက မရိုးသားမှုကိုဖော်ပြပါသည်။ အရပ်အခေါ် သူခိုးလက်ခံမှု(သို့)သူခိုးဈေးဖြင့် ဝယ်သည်ဟု ဆိုရပါမည်။

ခိုးရာပါပစ္စည်းမှန်းသိလျက်နှင့် ဝယ်ယူကြောင်း တရားရုံးက စစ်ဆေးတွေ့ရှိပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၁ အရ ပြစ်ဒဏ်ချမှတ်နိုင်ပါသည်။ ခိုးရာပါပစ္စည်းကို သဘောရိုးဖြင့် ဝယ်ယူခဲ့ကြောင်း၊ ကျသင့်ငွေဖြင့် ဝယ်ယူခဲ့ကြောင်း ပေါ်ပေါက်ပါလျှင် ယင်းဥပဒေပုဒ်မ ၄၁၁ အရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ရပါသည်။

အမှုစစ်ဆေးခြင်းပြီးဆုံးပါက သက်သေခံပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အမှုစစ်တရားရုံးက အမိန့်တစ်ရပ် ချမှတ်ရပါသည်။ သက်သေခံပစ္စည်းကို အယူခံရက်ကျော်က ဖျက်ဆီးရန်(သို့) သက်သေခံပစ္စည်းကို အယူခံရက်ကျော်က ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် (သို့)သက်သေခံပစ္စည်းကို အယူခံရက်ကျော်က မူလပိုင်ရှင်သို့ ပြန်ပေးရန် အမိန့်တစ်ရပ် ချမှတ်ရပါမည်။ ခိုးရာပါပစ္စည်းကို သဘောရိုးဖြင့် ဝယ်ယူသူသည် ပြစ်ဒဏ်စီရင်ခြင်းမှ ကင်းလွတ်မည်ဆိုပါက ပစ္စည်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဖြေရှင်းရန် ပြဿနာပေါ်လာပါသည်။

သာမန်အရပ်သားတွေး တွေးပါက ပစ္စည်းဝယ်ယူသူသည် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရသဖြင့် သဘောရိုးဖြင့် ဝယ်ယူသူဖြစ်သဖြင့် ပစ္စည်းပြန်ရထိုက်သည်ဟု ထင်မှတ်ရပါမည်။ ဥပဒေအမြင်တွင်မူ မူလပစ္စည်းပိုင်ရှင်သည် တရားခံကြောင့် နစ်နာခဲ့ရ၍ ပစ္စည်းပြန်ရထိုက်သည်ဟုဆုံးဖြတ်ကြပါသည်။

ထိုပစ္စည်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ မူလအမှုစစ်တရားရုံး အထက်အဆင့်ဆင့်သော အယူခံတရားရုံးများက ၎င်းတို့မှန်ကန်သည်ဟု ယူဆသော ဆုံးဖြတ်ချက်ကို အမျိုးမျိုးချကြရာ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အမြင့်ဆုံးတရားလွှတ်တော်ချုပ်(ယခင်တရားရုံးချုပ်)က ပစ္စည်းပိုင်ရှင်မှန်ကို ဖော်ထုတ်ဆုံးဖြတ်ပေးရပါတော့သည်။

ခက်ခဲနက်နဲသောဥပဒေပြဿနာဖြစ်ပြီး လက်အောက်ခံတရားရုံးများ လိုက်နာရန် စီရင်ထုံးအရထုတ်ဝေပါတော့သည်။

ဦးမြအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂၊ ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၃၈ တွင် အပေါင်ခံသူက သဘောရိုးဖြင့် အပေါင်ခံခြင်းဖြစ်သည်ဟုသာ ကောက်ယူနိုင်မည်ဖြစ်ရာ ခိုးရာပါပစ္စည်းလက်ခံမှုနှင့် အရေးယူခံရခြင်းမှ ကင်းလွတ်မည်ဖြစ်သော်လည်း ''ဥပဒေအရ လက်ရှိရထိုက်သူ'' အဖြစ်သို့ ရောက်ရှိမလာနိုင်သည့်အတွက် ပစ္စည်းပြန်ရရှိ ရန် အရေးယူနိုင်သော အချက်ဖြစ် သည်ဟု မဆိုနိုင်ကြောင်း ဆုံးဖြတ် ထားသည်။

အထက်ပါစီရင်ထုံးလမ်းညွှန်ချက် အရ ခိုးရာပါပစ္စည်းဟု ကျဉ်းမြောင်း စွာသော ကောက်ယူရန်မဟုတ်ပါ ပြစ်မှုကျူးလွန်ရာမှ ပေါ်ပေါက်လာ သော ပစ္စည်းဟု သုံးသပ်ကောက်ယူ သင့်ပါသည်။ တရားလိုထံမှ လိမ်လည် ၍ (သို့)ခါးပြတိုက်ခြင်းကဲ့သို့သော ပြစ်မှုကျူးလွန်ရာမှ ရသော ပစ္စည်းမျိုး ကို ဆိုလိုပါသည်။ ဤသို့ဆိုပါက ပစ္စည်း လက်ခံသူအနေဖြင့် မိမိဆုံးရှုံးသွား သော ပစ္စည်းများကို ပြန်မရနိုင်ဟု မဆိုလိုပါ။ မိမိနစ်နာသော ပစ္စည်းများ အတွက် တရားခံထံမှ တရားမနစ်နာ ကြေးအဖြစ် တောင်းခံလျှောက်ထား နိုင်ပါသည်။

ပြည်သူများအနေဖြင့် မင်း၊ အုပ် စိုးသူက မတရားအနိုင်ကျင့်၍ ဆုံးဖြတ် ခြင်းမဖြစ်လေအောင် သက်ဆိုင်ရာ အမှုစစ်တရားရုံးနှင့် အယူခံတရားရုံး များက ပစ္စည်းပိုင်ရှင်အမှန်ကို မှန်ကန် တိကျစွာ ဆုံးဖြတ်ရပါမည်။ ပစ္စည်း ပိုင်ရှင်အစစ်ကို မှန်ကန်တည့်မတ်စွာ မဆောင်ရွက်နိုင်ပါက အထက်နိဒါန်း တွင် ဖော်ပြခဲ့သလို ရန်သူမျိုးငါးပါး စာရင်းဝင် ဖြစ်သွားနိုင်ပါသည်။ တရား ရုံးများအနေဖြင့် အမှန်တရားကို အမှန် စပ်ဆုံး ဆုံးဖြတ်ခြင်းဖြင့် နိုင်ငံတော် ၏ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန် သော အစိုးရမူဝါဒကို ကူညီအကောင် အထည်ဖော်ရာကျမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ထွန်းအောင်


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် ဤစုံထောက်မဂ္ဂဇင်းကြီးတွင် ''နိုင်ငံတကာဂန္ထဝင်မှုခင်းများ''အမည်ဖြင့် ဖြစ်ရပ်မှန်မှုခင်းများကို လွန်ခဲ့သော(၁၀)နှစ်ခန့်ကပင် ရေးသားဖော်ပြခဲ့ပါသည်။ ဤသို့ ဖော်ပြခဲ့သော အမှုအခင်းများမှာ ကမ္ဘာ့မှုခင်းသမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သော စုံထောက်အဖွဲ့ကြီးများဖြစ်သည့် အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာဒ် စုံထောက်အဖွဲ့၊ ပြင်သစ်နိုင်ငံမှ အမျိုးသားဘူရိတေး စုံထောက်အဖွဲ့၊ အမေရိကန်ပြည်ထောင်စုမှ အက်(ဖ်)ဘီအိုင် စုံထောက်အဖွဲ့နှင့် အင်တာပိုလ်ခေါ် နိုင်ငံတကာရဲအဖွဲ့တို့မှ စုံထောက်ကျော်များ ဖော်ထုတ်ခဲ့ကြသည့် မှုခင်းကြီးများမှ ကျွန်တော်တို့စာဖတ်ပရိသတ် စိတ်ဝင်စားမည့် ဖြစ်ရပ်မှန်မှုခင်းများကို ဘာသာပြန်ဆို ရေးသားခဲ့ပါသည်။ ဤသို့ ရေးသားဖော်ပြခဲ့သည်ကို ဖတ်ရှုခဲ့သော ကျွန်တော့်ကျောင်းသားဟောင်း ဟိုတယ်နှင့်ခရီးသွားလာရေးအဖွဲ့မှ အရာရှိတစ်ဦးကမူ ကျွန်တော်တို့မြန်မာနိုင်ငံသမိုင်းတွင် အထင်ကရဖြစ်ခဲ့သော မှုခင်းကြီးများကိုလည်း အခါအားလျော်စွာ ရေးသားဖော်ပြပေးပါဟု အကြံပြုခဲ့ပါသည်။



# လှမိုး (ပညာရေး)

# နိုင်ငံတကာ ဂန္ထဝင်မှုခင်းများ

www.burmeseclassic.com

**သို့ဖြစ်၍** မြန်မာနိုင်ငံ ကိုလိုနီခေတ် အရှက်ဦးဟု ကင်ပွန်းတပ်ခံရသော အထက်မြန်မာနိုင်ငံ သီပေါဘုရင်ခေတ်တွင် ဗြိတိသျှအမျိုးသားပိုင် (The Bombay Burma Trading Corporation Limited)ဘုံဘေဘားမားထရိတ်ဒင်းကော်ပရေးရှင်းကုမ္ပဏီနှင့် မြန်မာဘုရင်အစိုးရတို့ ဖြစ်ပွားခဲ့သော ကမ္ဘာကျော်အမှုအခင်းကြီးတစ်မှုကို ရေးသားဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဂန္တဝင်မှုခင်းကြီးအကြောင်း ရေးသားဖော်ပြခြင်း မပြုမီ၊ ကျွန်တော့်အနေဖြင့် စာဖတ်သူများအား တင်ပြလိုသော အချက်နှစ်ချက်ရှိပါသည်။ ပထမအချက်မှာ ကျွန်တော်သည် စာဖတ်သူ၊ စာမှတ်သူ၊ စာအုပ်စုဆောင်းသူတစ်ဦးသာ ဖြစ်ပါသည်။ ယခုရေးသားဖော်ပြရမည့် ဂန္တဝင်မှုခင်းကြီးမှာ ကျွန်တော်တို့ မြန်မာနိုင်ငံသမိုင်းကြောင်းနှင့် နွယ်ယှက်လျက် ရှိရကား သမိုင်းသုတေသီတစ်ယောက်မဟုတ်သော ကျွန်တော်၏ ရေးသားချက်များသည် ချို့ယွင်းချက်ရှိနိုင်ပါသည်။ ကျွန်တော်လက်လှမ်းမီသလောက် ရှာဖွေစုဆောင်းထားသော စာအုပ်များ၊ မှတ်တမ်းများ၊ အစီရင်ခံစာများမှ ထုတ်နှုတ်ရေးသားခြင်း ဖြစ်သဖြင့် သမိုင်းအမြင်၊ သုံးသပ်ချက်မဟုတ်ကြောင်းကိုလည်းဝန်ခံလိုပါသည်။

ဒုတိယအချက်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံတော်က ထွက်ရှိသော အရပ်အခေါ် ကျွန်းရွှေဝါအကြောင်း အနည်းငယ် အလျဉ်းသင့်သဖြင့် တင်ပြလိုသောအချက် ဖြစ်ပါသည်။ မြန်မာဘာသာအားဖြင့် "ကျွန်း"အား ရှမ်းဘာသာဖြင့် "မယ်ဆပ်(စ်)"ဟု လည်းကောင်း၊ ကရင်ဘာသာဖြင့် "ပဟီ"၊ မွန်ဘာသာဖြင့် "ဆုကလေ"ဟု ခေါ်ကြပါသည်။ နိုင်ငံတကာသစ်တောပညာရှင်များကမူ "Tectona Grandis" ဟု ကင်ပွန်းတပ်ထားကြ၏။ ကျွန်းပင်သည် သဘာဝအားဖြင့် အိန္ဒိယနိုင်ငံ ဘုံဘေပြည်နယ်(ယခုမွန်ဘိုင်း) အနောက်ဘက်မှ မြောက်သို့လားသော် ဟိမဝန္တာတောင်ခြေအထိ၊ အရှေ့သို့လားသော် မြန်မာနိုင်ငံ၊ ယိုးဒယား(ထိုင်း)နိုင်ငံ၊ ကမ္ဘောဒီးယားပြည်နယ်စပ်အထိ ပျံ့နှံ့ပေါက်ရောက်သည်။ မြန်မာနိုင်ငံသည် ကျွန်းပင်ပေါက်ရာ နယ်မြေများ၏ အလယ်ဗဟိုတွင် တည်ရှိနေသောကြောင့် အကောင်းဆုံးနှင့် အကြီးမားဆုံးကျွန်းပင်များ ပေါက်သည်ဟု ဆိုသည်။

သမိုင်းပညာရှင်အများကမူ မြန်မာ့ကျွန်းသစ်သည် လွန်ခဲ့သောနှစ်ပေါင်း (၁၀၀၀)ကျော်ကပင် သတင်းကြီးခဲ့သည်ဟု သိရသည်။ အနောက်တိုင်းသားများသည် ရှေးယခင်ကမူ သင်္ဘောတည်ဆောက်ရာတွင် အုတ်(ခ်) ခေါ် ဝက်သစ်ချသားဖြင့် တည်ဆောက်ခဲ့ကြသည်။ နောင်အခါ ပေါ်တူဂီနှင့် အာရပ်အမျိုးသား ကုန်သည်များက သင်္ဘောတည်ဆောက်ရာတွင် ကျွန်းသစ်သည် ပြိုင်စံကင်းသော သစ်ဖြစ်သည်ဟု သိရှိလာခဲ့ကြရာမှ ပင်လယ်သမုဒ္ဒရာများအတွင်း သွားလာသော သင်္ဘောကြီးငယ် တည်ဆောက်ရာတွင် ကျွန်းသစ်ဖြင့် တည်ဆောက်ခဲ့ကြသည်။ မှတ်တမ်းများအရ (၁၇)ရာစုနှစ်များတွင် ပြင်သစ်၊ အင်္ဂလိပ်နှင့် အာမေးနီးယန်း သင်္ဘောတည်ဆောက်သူများသည် မြန်မာ့ကျွန်းသစ်ဖြင့် တည်ဆောက်ကြသည်ဟုလည်း သိရ၏။

မြန်မာ့ကျွန်းသစ်သမိုင်းကို လေ့လာကြည့်ရှုရလျှင် ကျွန်တော်တို့မြန်မာနိုင်ငံတွင် ကျွန်းသစ်နှင့် အခြားသစ်များပေါက်သော တောများ အများဆုံးရှိ၏။ အင်္ဂလိပ်တို့နှင့် ပြင်သစ်တို့သည် (၁၈)ရာစုနှင့် (၁၉)ရာစုနှစ်များတွင် အာရှ၊ အာဖရိကနှင့် မြောက်အမေရိကတိုက်အထိ ကုန်သွယ်မှုပြုခြင်း၊ နယ်ချဲ့မှုပြုခြင်းကို ပြုခဲ့ကြသည်။ အရှေ့တောင်အာရှတွင် ဗြိတိသျှလူမျိုးပိုင် အရှေ့အိန္ဒိယကုမ္ပဏီသည် အိန္ဒိယနိုင်ငံရှိ ကျွန်းသစ်နှင့် ဟင်းခတ်အမွှေးအကြိုင်များကို ဝယ်ယူခဲ့သည်။ ထိုကာလက အာရပ်ကုန်သည်များ၊ ပေါ်တူဂီကုန်သည်များနှင့် စွန့်စားသွားလာသူများသည် မြန်မာနိုင်ငံ တနင်္သာရီကမ်းရိုးတန်းသို့ လာရောက်၍ ဒေသခံ ကျွန်းတောများမှကျွန်းသစ်များဖြင့် သင်္ဘောများ တည်ဆောက်ခဲ့ကြသည်။ မြိတ်ဆိပ်ကမ်းသို့လည်း လာရောက်၍ သင်္ဘောများပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ပြုလုပ်ခဲ့၏။ ပြင်သစ်နှင့် အင်္ဂလိပ်ကုန်သည်များကလည်း တနင်္သာရီကမ်းရိုးတန်းသို့ လာရောက်၍ သင်္ဘောပျက်များပြင်ဆင်သည်ဟု ဆိုသည်။

ကျွန်းသစ်သည် သင်္ဘောတည်ဆောက်ရာတွင် အရေးပါအရာရောက်လာမှုကို သိရှိလာသော မြန်မာဘုရင် အလောင်းမင်းတရားကြီးသည် ၁၇၅၂ ခုနှစ်တွင် ကျွန်းသစ်အား အမိန့်တော်တစ်ရပ်ထုတ်၍ ရှင်ဘုရင်ပိုင်တော်ဝင်

www.burmeseclassic.com



သစ်အဖြစ် သတ်မှတ်ခဲ့သည်။ ဤအချိန်တွင် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံမှထွက်သော ကျွန်းသစ်သည် ရေတပ်မတော်အတွက် သင်္ဘောများတည်ဆောက်ရာက,အစ အိမ်ဆောက်ပရိဘောဂ ပြုလုပ်ရာတွင်လည်း အခြားသစ်များထက် ပိုမိုကောင်းမွန်သည်ကို သိလာသည်။ ဤတွင် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအား ကျူးကျော်ရန်စရန် နည်းလမ်းများ ရှာလာခဲ့သည်။ မဏိပူရနှင့် ကချာနယ်များတွင် ပေါ်ပေါက်လာသော သာမာန်ဖြေရှင်း၍ရနိုင်သည့် အသေးအဖွဲ့ပြဿနာများကို အကြောင်းပြု၍ မြန်မာတို့နှင့် စစ်ပြိုင်ရန် စီမံလာခဲ့သည်။ အမှန်အားဖြင့် မြန်မာနိုင်ငံမှ ကျွန်းသစ်အား ရလိုသောအကြောင်းသာလျှင် အဓိကဖြစ်သည်ဟု သမိုင်းသုတေသီအချို့က ယူဆခဲ့ကြသည်။

ခရစ်နှစ် ၁၈၂၆ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် မြန်မာတို့ရှုံးနိမ့်ခဲ့ရသဖြင့် ရန္တပိုစာချုပ်အရ ရခိုင်ကမ်းမြောင်ဒေသ(ရခိုင်ပြည်နယ်)နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများအား အင်္ဂလိပ်တို့ကို ပေးအပ်ခဲ့ရသည်။ ဤတွင် အရှေ့အိန္ဒိယကုမ္ပဏီ ကိုယ်စားလှယ် ဒေါက်တာဝေါလစ်(ခ်)သည် မော်လမြိုင်ခရိုင် သစ်တောကြီးများကို လေ့လာရန် ချက်ချင်း မော်လမြိုင်သို့ ရောက်ရှိလာသည်။

စီးပွားအမြင်ရှိသူ ဒေါက်တာဝေါလစ်(ခ်)သည် မျက်စေ့တစ်ဆုံး ကျယ်ပြန့်သော မော်လမြိုင်သစ်တောကြီးများအတွင်း ဆင်နှင့်လှည့်လည်သွားလာ၍ စနစ်တကျ စူးစမ်းလေ့လာသုတေသနပြုခဲ့သည်။ သူ့မှတ်တမ်းအရ ကိုက်(၈၀)ကျော်၍ နှစ်မိုင်ရှည်သော တောတန်းတစ်ခုတွင် လုံးပတ်(၁၁)ပေ(၄)လက်မရှိသော ကျွန်းပင်ပေါင်း ပျမ်းမျှ(၂၅၀)ကို တွေ့ရသည်ဟု သိရ၏။ ဒေါက်တာဝေါလစ်(ခ်)သည် မော်လမြိုင်ကျွန်းတောမှ ကျွန်းသစ်များ မည်မျှထွက်မည်ကို အစောဆုံးခန့်မှန်းနိုင်ခြင်းဖြစ်သည်။ သစ်ထုပ်လုပ်ရေးကုမ္ပဏီထောင်မည်ဆိုပါက သောက်သောက်လဲ ဝင်ငွေအမြတ်အစွန်းရမည်ဟု ခန့်မှန်းမိသည်နှင့် ဘုံဘေ(မွန်ဘိုင်း)မြို့တွင် နေထိုင်သူ ဝီလီယန်ဝေါလေ့(စ်) ညီအစ်ကိုများသည် အခြားငွေလုံးငွေရင်း ထုတ်နိုင်သူများနှင့် ပူးပေါင်း၍ ခရစ်နှစ် ၁၈၆၃ ခုနှစ်တွင် အထက်ဖော်ပြပါ ဘုံဘေဘားမားထရိတ်ဒင်းကော်ပရေးရှင်းကို စနစ်တကျ တည်ထောင်ခဲ့သည်။ ကုမ္ပဏီအမည်ကိုလည်း ဘုံဘေဘားမားထရိတ်ဒင်းကော်ပရေးရှင်းလီမိတက်ဟု ပြောင်းလဲခဲ့ပြီး ထိုနှစ်တွင်ပင် အထက်မြန်မာနိုင်ငံတွင် အများအခေါ် လက်ထက်တော်ကြီး (မင်းတုန်းမင်းလက်ထက်)တွင် ပျဉ်းမနားဒေသရှိ နင်းကြပ်သစ်တောကြိုးဝိုင်းမှကျွန်းသစ်အပါအဝင် အခြားသစ်များ ထုတ်ယူခွင့်ရခဲ့သည်။

ထိုဘုံဘေဘားမားထရိတ်ဒင်းလီမိတက် စတင်တည်ထောင်စက ရန်ကုန်မြို့ ဒလတွင်ရှိသော သစ်စက်၊ မော်လမြိုင် နတ်ပူးရပ်တွင်လည်းကောင်း၊ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ကုမ္ပဏီအလုပ်တိုက်နှင့် သစ်ကုန်လှောင်ရုံများ၊ ရန်ကုန်မြို့ ပုဇွန်ရပ်ကွက်တွင် သစ်လှောင်သည့် မြေကွက်များ၊ အထက်မြန်မာနိုင်ငံရှိ ကျွန်းသစ်များမှ သစ်ထုတ်ခွင့်ပြုချက်များနှင့် မော်လမြိုင်ခရိုင်နှင့် အတ္တရံမြစ်ကြောင်းပေါ်ရှိ သစ်တောများမှ ကျွန်းသစ်နှင့် အခြားသစ်များသာမက သစ်တောထွက်ပစ္စည်းများကို နှစ်ရှည်ထုတ်ယူခွင့်များ ရရှိခဲ့သည်။ ကုမ္ပဏီပိုင် ဆင်(၉၀)ကျော်ရှိသည်ဟု ဆိုသည်။

စတင်တည်ထောင်သည့်နှစ်ကစ၍ အမြတ်အစွန်းစီးစီးပိုးပိုးရခဲ့ရာ ကုမ္ပဏီတည်ထောင်သူများအား ရှယ်ယာအစုအလိုက် အမြတ်ငွေ ခွဲဝေပေးနိုင်ခဲ့သည်သာမက ကုမ္ပဏီပိုင် သစ်စက်များ၊ သစ်ဆွဲသင်္ဘောများ၊ သစ်သိုလှောင်ရုံများ၊ သစ်ဆွဲဆင်များ၊ ပစ္စည်းဥစ္စာများ တစ်နေ့တစ်ခြား ကြီးပွားလာခဲ့ရာ ထိုကာလက ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်းလီမိတက်မှာ ပြိုင်ဘက် အခြားသစ်ထုတ်ရေးကုမ္ပဏီများက မော့ကြည့်ရသော ကုမ္ပဏီဖြစ်လာသည်။ ဗြိတိသျှအစိုးရကိုယ်တိုင် ထိုသစ်ကုမ္ပဏီသည် ယုံကြည်စိတ်ချရသော ကုမ္ပဏီကြီးဟု မှတ်ယူခဲ့သည်။ မြန်မာလူထုကလည်း ယင်းသစ်ထုတ်လုပ်ရေးကုမ္ပဏီအား အထင်ကရ နိုင်ငံခြားသားပိုင် သစ်ထုတ်လုပ်ရေးကုမ္ပဏီဟု ယူဆထားရကာ မြန်မာမင်းများကလည်း အထက်မြန်မာနိုင်ငံရှိ သစ်တောများမှ သစ်နှင့်သစ်တောထွက်ပစ္စည်းများထုတ်ယူခွင့်ကို ယုံယုံကြည်ကြည်နှင့် ထုတ်ယူခွင့်ပါမစ်များ ပေးခဲ့ခြင်းဖြစ်သည်။ သမိုင်းမှတ်တမ်းအရ ထိုကုမ္ပဏီသည် မင်းတုန်းမင်းထံမှ ပထမဆုံးသော သစ်ခုတ်လှဲခွင့်ကို ရရှိသော ကုမ္ပဏီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီကလည်း ထိုစဉ်က အေလာမြို့သူကြီး၊ လယ်ဝေးမြို့သူကြီးနှင့် အခြားပုဂ္ဂလိက မြန်မာသစ်ကုန်သည်များ၊ ဥရောပသစ်ကုမ္ပဏီများကို ကုမ္ပဏီက ခွင့်ပြုချက်ရထားသော သစ်တောအတွင်း တစ်ဆင့်ကန်ထရိုက် အငှားချထားခဲ့သည်ဟု သိရ၏။ ထိုစဉ်က ဒေသတစ်ခုမှ သစ်တောများကို အကြီးအကျယ်ခုတ်လှဲခြင်းသည် မိုးခေါင်ရေရှားရပ်ဝန်းတစ်ခု (သို့မဟုတ်) သဲကန္တာရတစ်ခု ဖြစ်နိုင်သည်ကို မည်သူမျှကောင်းကောင်းမသိခဲ့ပေ။ အထက်ဖော်ပြပါ ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်းလီမိတက် (ဘီဘီတီစီ အယ်လ်) အပါအဝင် ဗြိတိသျှနှင့် အခြားနိုင်ငံခြားသားပိုင် သစ်ထုတ်လုပ်ရေးကုမ္ပဏီများသည် မော်လမြိုင်ခရိုင်နှင့် တနင်္သာရီဒေသများတွင် သစ်တောများ ပြုတ်ပြုတ်ပြုန်းအောင် ထုတ်ယူခဲ့ကြသည်။ ထိုကာလက သစ်တောများ ပြုစုပျိုးထောင်ရေးပညာ၊ သစ်တောများ စနစ်တကျ စီမံအုပ်ချုပ်ရေးကို နားလည်မရှိခဲ့။ (နောင်အခါမှ သစ်တောပညာရှင် ဂျာမန်အမျိုးသား ဒီဘရင်းဒစ်(စ်) အကူအညီနှင့် သစ်တောဌာနကို စနစ်တကျတည်ထောင်နိုင်ခဲ့သည်။ ဒီဘရင်းဒစ်(စ်)မှ နာမည်ကျော် ဘုရင်ခံချုပ် လော့(ဒ်)ဒလဟိုဇီ၏တပည့် မစ္စတာရှယ်၏ခင်ပွန်း ဖြစ်ပါသည်။)

အထက်ဖော်ပြပါ ဘီဘီတီစီ အယ်လ် သစ်ထုပ်လုပ်ရေးကုမ္ပဏီနှင့် အခြားကုမ္ပဏီများသည် အင်္ဂလိပ်မြန်မာစစ်ပွဲပြီးသည့် ခရစ်နှစ် ၁၈၂၆ မှ အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲပြီးသည့် ခရစ်နှစ် ၁၈၅၂ ခုနှစ်ထိ (၂၆)နှစ်တာကာလအတွင်း ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင်းရှိ အတ္တရံမြစ်၊ ဂျိုင်းမြစ် သောင်းရင်းမြစ်နှင့် ဖမ်ချောင်အနီးတဝိုက် ကျွန်းနှင့်သစ်မာ ထုတ်လုပ်မှုမှာ ပြုန်းတီးသလောက်ရှိခဲ့ရကား ပြန်၍ နာလံမထူနိုင်တော့သည်ဖြစ်၍ ဘီဘီတီစီအယ်လ် သစ်ကုမ္ပဏီသည် အထက်မြန်မာနိုင်ငံ သစ်တောများသို့ ခြေချနိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

**ထိုစာချုပ်ကြောင့်**
**ဘီဘီတီစီအယ်လ်**
**ကုမ္ပဏီသည်**
**အထက်မြန်မာပြည်ရှိ**
**ကျွန်းသစ်ကွက်အများဆုံး**
**အုပ်စီးနိုင်ခဲ့ပြီး**
**မြန်မာနိုင်ငံမှ**
**ကျွန်းသစ်တင်ပို့ရေး**
**လုပ်ငန်းတွင်**
**အဓိကတင်ပို့သူ**
**ဖြစ်ခဲ့ရသည်. . .**

ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း မင်းတုန်းမင်းလက်ထက်တော်ကြီးတွင် ဘီဘီတီစီ အယ်လ် သစ်ကုမ္ပဏီ ပျဉ်းမနားနယ်မှ သစ်ထုတ်ယူခွင့်ကို နှစ်ရှည်စာချုပ်ဖြင့် ထုတ်ခွင့်ရသည်။ ထိုစဉ်က မှတ်တမ်းများအရ ခရစ်နှစ် ၁၈၆၇ မှ ၁၈၆၈ ခုနှစ်အတွင်း ကျွန်းသစ် (၄၃၂၀၀၀) လေးသိန်းသုံးသောင်းနှစ်ထောင်တန် ထုတ်ခဲ့သည်။ စီးစီးပိုးပိုး အမြတ်အစွန်းရလာသော ဘီဘီတီစီအယ်လ်ကုမ္ပဏီသည် မင်းတုန်းမင်းလွန်သည်နှင့် လက်ထက်တော်ကလေးဟု ကင်ပွန်းတပ်ခံရသော သီပေါရှင်ဘုရင်ခေတ်တွင် သစ်ထုတ်ရေးစာချုပ်အသစ် ချုပ်







www.burmeseclassic.com

www.burmeseclassic.com



ဆိုနိုင်ခဲ့သည်။ ထိုစာချုပ်သစ်အရ အထက်မြန်မာနိုင်ငံ ချင်းတွင်း၊ မူး၊ ယောနှင့် ပြောင်ရှူးသစ်တောကြိုးဝိုင်းများတွင် သစ်ခုတ်လှဲထုတ်ယူခွင့်ရခဲ့၏။ ထိုစာချုပ်ကြောင့် ဘီဘီတီစီအယ်လ်ကုမ္ပဏီသည် အထက်မြန်မာပြည်ရှိ ကျွန်းသစ်ကွက်အများဆုံး အုပ်စီးနိုင်ခဲ့ပြီး မြန်မာနိုင်ငံမှ ကျွန်းသစ်တင်ပို့ရေးလုပ်ငန်းတွင် အဓိကတင်ပို့သူ ဖြစ်ခဲ့ရသည်။

ယင်းစာချုပ်သစ်အရ လုံးပတ်လေးပေခွဲအောက်နှင့် အလျား တစ်ဆယ့်ရှစ်ပေအောက်ရှိ သစ်လုံးများကို အတားအဆီးမရှိ ထုတ်ယူခွင့်ရှိနေသည်ဟု ဆိုသည်။ လက်ရဲဇက်ရဲရှိလာသော ဘီဘီတီစီအယ်လ်ကုမ္ပဏီသည် သစ်ခိုးထုတ်ယူသည်ဟူသော ကောလာဟလဂေဇက်များ ထွက်လာသည်နှင့် မြန်မာဘုရင်အစိုးရ သစ်တောခေါင်းများသည် မန္တလေးအစိုးရ၏ လမ်းညွှန်ချက်အရ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အမှန်အားဖြင့် သစ်များခိုးထုတ်သည်ဟု နိုင်ငံခြားသားပိုင် သစ်ထုတ်ရေးကုမ္ပဏီများအား စွပ်စွဲချက်သည် ပထမဆုံးအကြိမ်မဟုတ်ပေ။ ခရစ်နှစ် ၁၈၈၀ ခုနှစ်ခန့်ကလည်း ဂိုးလ်ဒင်းဘတ် သစ်ကုမ္ပဏီမှ မစ္စတာဒါဝု(ဒ်) အား သစ်များခိုးယူခုတ်လှဲသည်ဟုဆိုကာ လျော်ကြေးအဖြစ် ကျပ်ငွေ(၁၅) သိန်းပေးရန် တောင်းဆိုခဲ့ဖူးသည်။ နောက်ဆုံးတွင် နှစ်ဦးနှစ်ဖက် ကျေလည်အောင် ဆွေးနွေးပြီး ထိုပြဿနာကို ဖြေရှင်းခဲ့၏။ ထိုသစ်ကိစ္စတွင် ဗြိတိသျှအစိုးရ ပါဝင်ပတ်သက်ခြင်း မရှိခဲ့။

မန္တလေးအစိုးရ တောခေါင်းတို့ကလည်း ဘီဘီတီစီအယ်လ်ကုမ္ပဏီသည် သစ်လုံးရေ မည်၍မည်မျှကို ခိုးယူခုတ်လှဲကြောင်းတို့ဖြင့် ဘီဘီတီစီအယ်လ်ကုမ္ပဏီသည် ၁၈၁၀ ခုနှစ် ကန်ထရိုက်စာချုပ်နှင့် ၁၈၈၂ ခုနှစ် ကန်ထရိုက်စာချုပ် ကာလများအတွင်းက သစ်လုံးရေအမြောက်အမြားကို အခွန်ပေးဆောင်ခြင်းမပြုဘဲ မှောင်ခိုသည် ဟုလည်း စွပ်စွဲခဲ့ကြသည်။ မြန်မာအစိုးရကလည်း ကုမ္ပဏီသည် သစ်လုံးပေါင်း ရှစ်သောင်း ထုတ်ယူခဲ့သော်လည်း သစ်လုံးရေ သုံးသောင်းနှစ်ထောင်အတွက်သာ အခွန်ဆောင်သည်ဟု ဆုံးဖြတ်သည်။ ဘီဘီတီစီအယ်လ်ကုမ္ပဏီကလည်း ဤဆုံးဖြတ်ချက်ကို ကန့်ကွက်၍ ဗြိတိသျှအစိုးရထံ တိုင်ကြားခဲ့သည်။ မန္တလေးအစိုးရကမူ ကုမ္ပဏီ၏ ကန့်ကွက်ချက်ကို ပယ်ချ၍ "ကုမ္ပဏီ"ထံ သီပေါဘုရင်က တောင်းခံထားသော ငွေကြေးကိစ္စကို လွှတ်တော်တွင်တင်၍ ဆုံးဖြတ်မည်ဟု ကြေငြာခဲ့၏။

ထိုစဉ်က ဗြိတိသျှအစိုးရ မှတ်တမ်းများအရ အမှုကို ရုံးတင်ရန် ပဏာမ စစ်ဆေးစဉ်အခါ၌ပင် တရားမျှတမှုမရှိ သက်သေအထောက်အထား အလိမ်တွေကိုပင် စီစဉ်ထားသည် သာမက ဘီဘီတီစီအယ်လ်ကုမ္ပဏီအဖို့ ထိုအမှုနှင့်ပတ်သက်၍ ခုခံကာကွယ်ရန် ပြင်ဆင်ခွင့်မရအောင် အနှောင့်အယှက်ပေးသည်ဟု စွပ်စွဲခဲ့သည်။ ဤဖြစ်စဉ်ကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှထုတ်ဝေသော နယူးယောက်တိုင်း(မ်)သတင်းစာနှင့် အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာကြီးများက ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့သည်။

ဘီဘီတီစီအယ်လ်ကုမ္ပဏီကလည်း နင်းကြပ်သစ်တောမှ မြန်မာအစိုးရသစ်တောခေါင်းကြီး စစ်ဆေးသော စာရင်းအား ပြသခဲ့၏။ မြန်မာအစိုးရကမူ သစ်တောခေါင်းကြီးသည် ကုမ္ပဏီထံမှ လာဘ်ယူထားသူဖြစ်ရာ သူသက်သေခံထားသော စာရင်းများသည် ယုံကြည်ဖွယ်ရာမရှိဟု ပယ်ချထားခဲ့၏။

မြန်မာလွှတ်တော်က တောင်ငူရှိ ဘီဘီတီစီအယ်လ်ရုံး၏ စာရင်းများကို စစ်ဆေးရာ ကုမ္ပဏီက ဘုရင့်အား ကျပ်ငွေတစ်သိန်းတစ်သောင်းပေးရမည် ဖြစ်ပြီးလျှင် ဒဏ်ငွေအနေဖြင့် နှစ်ဆပေးဆောင်ရမည်ဖြစ်သည်။ နှစ်ရပ်ပေါင်း ပေါင်စတာလင်ငွေ တစ်သိန်းခုနှစ်သောင်း ပေးရမည်ဖြစ်သည့်အပြင် သစ်တောခေါင်းများကိုလည်း နစ်နာကြေးအဖြစ် ပေါင်စတာလင် သုံးသောင်းနှင့်သုံးထောင် ပေးရမည်ဖြစ်၏။

တရားစီရင်သည့် လွှတ်တော်၏ စီရင်ဆုံးဖြတ်ချက်ကို မကျေနပ်သော ဘီဘီတီစီအယ်လ်ကုမ္ပဏီ၏ တိုင်ကြားချက်ကို အကြောင်းပြုကာ တတိယအင်္ဂလိပ်–မြန်မာစစ် ဖြစ်ရသည်ဟု ဆိုကြပါကြောင်း ...။

လှမိုး(ပညာရေး)

ကျမ်းကိုး။

(၁) **They Reigned in Mandalay By E.C.V.Fouc**

(၂) **ကျွန်တော်၊ သံလွင်ဖေဖေ်စီး (လူထု ဦးလှ)**



www.burmeseclassic.com

www.burmeseclassic.com



# တောက်မောင်ရေခဲ

ုံထောက်စံထူး နှင့်

ာင်း သင့် သွား သော

မိစ္ဆာများ



www.burmeseclassic.com

www.burmeseclassic.com



ယခင်လမှအဆက်

အခန်း(၆)

ဧရာဝတီတိုင်းဒေသကြီး ဟံသာတ ခရိုင်၊ ဇလွန်မြို့တွင် ''မာရ်အောင်မြင် ပြည်တော်ပြန်''မြတ်စွာဘုရား ဆင်းတုတော် တစ်ဆူရှိသည်။ ဗုဒ္ဓဆင်းတုတော်မြတ်၏ မူရင်းဘွဲ့တော်မှာ ''မာရ်အောင်မြင်မုနိ''ဖြစ်သည်။ အဆိုပါ ဆင်းတုတော်နှင့်ပတ်သက်၍ မုနိ(၄)ဆူရှိပါသည်။ ရခိုင်ပြည်နယ်၊ ဓညဝတီမြို့တွင် ''ရှင်ကျော်မုနိ''၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနောက်ဘက် ရွှေဘုံသာရွာတွင် ''ရွှေဘုံသာမုနိ''၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် ''မဟာမုနိ''ဘုရားကြီးနှင့် ယခု ဇလွန်မြို့မှ ''မာရ်အောင်မြင်မုနိ''တို့ဖြစ်သည်။

မြန်မာသက္ကရာဇ် (၁၂၁၄)ခုနှစ်တွင် ပြည်နှင့်တောင်ငူအောက်ရှိ အောက်မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို အင်္ဂလိပ်နယ်ချဲ့တို့က သိမ်းယူခဲ့သည်။ သက္ကရာဇ်(၁၂၁၇)ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် ''မာရ်အောင်မြင်မုနိ''ဆင်းတုတော်အပါအဝင် ဗုဒ္ဓကြေးဆင်းတုတော်များ၊ ကြေးထည်ပစ္စည်းများကို သင်္ဘောကြီးဖြင့် အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ သယ်ဆောင်သွားခဲ့ပါသည်။

ဘုံဘေမြို့သို့ ရောက်ရှိတော်မူကြကုန်သော ''မာရ်အောင်မြင်မုနိ''ရုပ်ပွားတော်နှင့် ကြေးဆင်းတုတော်များ၊ ကြေးထည်ပစ္စည်းများကို ဂိုဒေါင်ကြီးတစ်လုံးအတွင်း၌ အမှိုက်ပုံကဲ့သို့ ပစ်စလက်ခတ် စွန့်ပစ်ထားကြသည်။ ကြေးပိုက်ဆံ၊ ဗုံးဆန်နှင့် အမြောက်ကျည်ဆန်ပြုလုပ်သူများက ကြေးဆင်းတုတော်များကို ဖိုကျင်ထိုးကာ အရည်ကျိုကြသည်။ ''မာရ်အောင်မြင်မုနိ'' မြတ်စွာဘုရားမှာမူ ဖိုကျင်လေးလုံးဆိုင်၍ အပြိုင်ထိုးကြသော်လည်း အရည်မပျော်ဘဲ ရှိနေခဲ့သည်။ လေးလံကြီးမားသော တူများဖြင့် ထုသော်လည်း ဆင်းတုတော်မြတ်မှာ လုံးဝအရာမထင်ဘဲ မူလပကတိအတိုင်း ရှိနေခဲ့ပုံကို ကျွန်ုပ်မှ ဖွင့်ဆိုပြပါသည်။ ထိုအခါ စုံထောက်စံထူးက –

''အတော်ကို အံ့ဩဖို့ကောင်းတာပဲ ဆရာရယ်''

''ဒါတွင်ဘယ်ကဦးမလဲ မောင်စံထူးရဲ့၊ အဲဒီအချိန်မှာ မိုးမှောင်ကြီးကျလာပြီး ဆင်းတုတော်အတွင်းမှာ ဌာပ


ဘာပြောကောင်းမလဲ၊
ဖျက်စီးအောင်
ဖျက်စီးခဲ့ကြတဲ့
ဘာသာခြားမိစ္ဆာ
(၆၄)ယောက်စလုံး
သေဆုံးခဲ့ကြတယ်၊
တချို့က
သွေးအန်သေတယ်၊
တချို့က
ဝမ်းလျှောပြီး
သေဆုံးသွား
ကြတယ်၊ ဒါကို
တိုက်ဆိုင်လို့ဖြစ်တာပါလို့
ပြောလာရင်···



www.burmeseclassic.com

www.burmeseclassic.com





နာထားတဲ့ ဓာတ်တော်တွေဟာ ကွန့်မြူးလို့ ရောင်ခြည်တော်တွေ လွှတ်တော်မူတယ်''

''ဖျက်လိုဖျက်စီးလုပ်တဲ့ ဘာသာခြားတွေကော ဘယ်လိုဖြစ်သွားသေးလဲ ဆရာ''

''ဘာပြောကောင်းမလဲ၊ ပျက်စီးအောင် ဖျက်စီးခဲ့ကြတဲ့ ဘာသာခြားမိစ္ဆာ(၆၄)ယောက်စလုံး သေဆုံးခဲ့ကြတယ်၊ တချို့က သွေးအန်သေတယ်၊ တချို့က ဝမ်းလျှောပြီး သေဆုံးသွားကြတယ်၊ ဒါကို တိုက်ဆိုင်လို့ဖြစ်တာပါလို့ ပြောလာရင် ..မတိုက်ဆိုင်တဲ့အကြောင်းနဲ့ တကယ့်ဂိုဏ်းသင့်တဲ့အကြောင်းကို ထပ်ပြောပြမယ်''

''ဟုတ်ကဲ့ပါဆရာ''

အထူးခြားဆုံးဖြစ်စဉ်တစ်ခုမှာ ဗိတိုရိယဘုရင်မသည် အင်္ဂလန်ပြည်မှာ ရာဇဘိသိက်ခံယူပြီးနောက် အိန္ဒိယပြည် ဒေလီမြို့မှာ ခေတ္တလာရောက်စံမြန်းနေပါသည်။ ထိုစဉ် ဗိတိုရိယဘုရင်မမှာ ဦးခေါင်းအပြင်းအထန်ကိုက်ခဲသော ဝေဒနာကို ခံစားနေရသည်။ ကျွမ်းကျင်သော သမားတော်များ၊ ဆရာဝန်များနှင့် ကုသသော်လည်း ဝေဒနာက မသက်သာ၊ မချိမဆန့် ခံစားနေရသည်။ ခေါင်းကိုက်ဝေဒနာကို အပြင်းအထန်ခံစားရင်း တစ်ညသောအခါတွင် ဗိတိုရိယဘုရင်မမှာ ထူးခြားသောအိပ်မက်ကို မြင်မက်သည်။

ထိုအိပ်မက်မှာ ဘုရင်မကြီး၏ ခေါင်းကိုက်ဝေဒနာ ပျောက်ကင်းလိုပါက မြန်မာပြည်မှသယ်ဆောင်လာသော ''မာရ်အောင်မြင်မုနိ''ရုပ်ပွားဆင်းတုတော်မြတ်အား နေရင်းဒေသသို့ မရောက်ရောက်အောင် ပြန်ပို့ပေးရမည်။ ပြန်မပို့ဘဲနေပါက ဘုရင်မ၏ အသက်ဘေးအန္တရာယ်၊ တိုင်းပြည်မြို့ရွာ အန္တရာယ်ကြီးစွာဖြစ်မည်။ ဗုဒ္ဓမြတ်စွာဘုရားကို ဖျက်စီးသော တိုင်းနိုင်ငံသည် ကပ်ကြီးများဆိုက်၍ သေကြေပျက်စီး ဆုံးရှုံးရတတ်သည် ဟု အိပ်မက်ကို မြင်မက်ခဲ့သည်။

ဘုရင်မကြီးသည် အိပ်ရာမှလန့်နိုးပြီး ထိတ်လန့်တုန်လှုပ်လျက်ရှိသည်။ မိမိ၏မှူးမတ်များကို ချက်ချင်းခေါ်စေပြီး ''မာရ်အောင်မြင်မုနိ''ရုပ်ပွားဆင်းတုတော်မြတ်ကို ရှာဖွေခိုင်း၏။ ဘုံဘေမြို့ ဂိုထောင်အတွင်းထားရှိသော ကြေးဆင်းတုတော်တို့ကြားဝယ် ထူးခြားသော ဆင်းတုတော်မြတ်တစ်ဆူကို တွေ့သည်။ ထိုဆင်းတုတော်မှာ ရောင်ခြည်တော်များ ကွန့်မြူးတောက်ပနေသည်ကို ထူးကဲစွာ တွေ့မြင်ကြသည်။ ဒါကို လူယုတ်မာမိစ္ဆာများက ဂိုထောင်အတွင်းမှ မြန်မာဘုရားမှာ စုန်းတောက်စားနေသည်ဟု ဗိတိုရိယဘုရင်မအား လျှောက်တင်ကြသည်။

''တော်တော်မိုက်ရိုင်းတဲ့ ဘာသာခြားတွေပဲ''

''ဒါကြောင့်မို့လဲ ဘုရားဂိုဏ်းသင့်တာပေါ့ မောင်စံထူးရဲ့၊ ဒါကို တိုက်ဆိုင်လို့ဖြစ်တာပါလို့ ပြောလို့မရဘူးကွ''


''ဟုတ်ပါတယ်ဆရာ''

ဒါကြောင့် ဗိတိုရိယဘုရင်မကြီးသည် ထိုကဲ့သို့ ထူးခြားတော်မူသော ရုပ်တုတော်မှာ မိမိမြင်မက်သည့် အိပ်မက်အရ ''မာရ်အောင်မြင်မုနိ''ဘုရားဖြစ်မည်ဟု တထစ်ချယုံကြည်ခဲ့သည်။ ယုံကြည်သည့်အတိုင်း ထိုဆင်းတုတော်ကို သယ်ယူလာခဲ့သော မူရင်းဒေသသို့ အမြန်ပို့ဆောင်ရန် ဘုရင်မကြီးက အမိန့်ချမှတ်ခဲ့သည်။ ထိုအချိန်မှစ၍ ဗိတိုရိယဘုရင်မကြီး၏ ခေါင်းကိုက်ခဲသောဝေဒနာမှာ ယူပစ်သလို ပျောက်ကင်းသွားခဲ့ပါသည်။

''မာရ်အောင်မြင်မုနိ''ရုပ်ပွားတော်မှာလည်း မူရင်းဒေသ ဓလွန်မြို့

www.burmeseclassic.com


သို့ ပြန်လည်ကြွမြန်း သီတင်းသုံးလျက် ရှိသလို၊ ယနေ့ မာရ်အောင်မြင်ပြည် တော်ပြန်မြတ်စွာဘုရားကြီးဟု သမိုင်းတွင် အထင်အရှား တည်ရှိနေခဲ့ပါသည်။



ဗုဒ္ဓဘာသာဝင်တိုင်းဟာ ရတနာမြတ်သုံးပါး၊ ကျေးဇူးရှင် မိဘ၊ ဆရာသမားနဲ့ ခင်ပွန်းကြီးဆယ်ပါးတို့ အပေါ်မှာ ကံသုံးပါးနဲ့ လုံးဝမပစ်မှားရဘူး၊ ပစ်မှားတဲ့သူရှိခဲ့ရင်လည်း နောင်ဘဝမကူးခင် လက်ရှိဘဝမှာပင် ဂိုဏ်းသင့်တတ်တယ်

"အဲဒီဖြစ်စဉ်ဟာ လုပ်ကြံပြီး ဆရာပြောနေတာ မဟုတ်ဘူး၊ ဘုရားသမိုင်းမှာ အထင်အရှားရှိပြီးသား မောင်စံထူးရဲ့"

"ဟုတ်ကဲ့ပါဆရာ"

"ဒါကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းဟာ ရတနာမြတ်သုံးပါး၊ ကျေးဇူးရှင် မိဘ၊ ဆရာသမားနဲ့ ခင်ပွန်းကြီးဆယ်ပါးတို့အပေါ်မှာ ကံသုံးပါးနဲ့ လုံးဝမပစ်မှားရဘူး၊ ပစ်မှားတဲ့သူရှိခဲ့ရင်လည်း နောင်ဘဝမကူးခင် လက်ရှိဘဝမှာပင် ဂိုဏ်းသင့်တတ်တယ်"

### အခန်း(၇)

"ဟုတ်ကဲ့ပါဆရာ"

ကျွန်ုပ်ပြောဆိုခဲ့သော ဘုရားဂိုဏ်းသင့်သည့်ဖြစ်စဉ်ကို ရပ်နားပြီးနောက်၊ မိစ္ဆာတိတ္ထိများ၏အမှုကိုဆက်ရန် တောင်းဆို၏။ ထို့ကြောင့် အမှုစစ်အရာရှိ စုံထောက်စံထူးက အထက်ပါစကားဖြင့် အဖြေပေး၏။

စုံထောက်စံထူးနှင့်အဖွဲ့သည် ရှေးဟောင်းသုတေသန ပညာရှင်များနှင့်အတူ ဒဂုံမြို့နယ် ခရေပင်လမ်းရှိ မစ္စတာအန်တိုနီရပ်(စ်) ငှားရမ်းနေထိုင်ရာ နေအိမ်ခြံဝင်းသို့ ရောက်ရှိကြသည်။ နေအိမ်အတွင်းရှိ ပစ္စည်းများအနက် ရှေးဟောင်း(Antique) ပစ္စည်းစာရင်းများကို သုတေသီများက ရွေးထုတ်ပေး၏။ ထိုပစ္စည်းများမှာ ၈ ပေခန့်ရှိ သစ်သားထိုင်တော်မူ ဘုရားတစ်ဆူ၊ သစ်သားစေတီတစ်ဆူ၊ ဘုရားဆင်းတုပါ သစ်သားတိုင်တစ်လုံး၊ သစ်သားရုပ်တော်မူနတ်ရုပ်တစ်ရုပ်၊ မှန်စီရွှေချ ပလ္လင်သုံးလုံးနှင့် ရွှေပိန်းချ ကျွန်းသေတ္တာရှစ်လုံးတို့ ဖြစ်သည်။ ထို့ကြောင့် စုံထောက်စံထူးမှ တရားလိုပြုလုပ်၍ မစ္စတာအန်တိုနီရပ်(စ်)ပါ (၄)ဦးကို ဒဂုံမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ (ပ)၅/၂၀၁၀၊ ရှေးဟောင်းပစ္စည်းများ အက်ဥပဒေပုဒ်မ ၇(၅)ဖြင့် အရေးယူ အမှုဖွင့်ရသည်။

ကျန်ရှိသော ပစ္စည်းများထဲမှ သမိုင်းဝင်(Historic) ပစ္စည်းများကို



www.burmeseclassic.com

သူ တေသီများက ဖကာချပေး၏။ ထိုပစ္စည်းများမှာ မှန်စီရွှေချ ဂဠုန်ရုပ်နှစ်ရုပ်၊ မှန်စီရွှေချနောက်ခံသစ်သားတံကဲတစ်ခု၊ မှန်စီရွှေချပလ္လင်တစ်ခု၊ ရွှေပိန်းချပလ္လင်တစ်ခု၊ မှန်စီရွှေချသစ်သားသေတ္တာ သုံးလုံးနှင့် မှန်စီရွှေချကျောင်းဆောင်တစ်ခုတို့ဖြစ်သည်။ နေအိမ်တွင်းရှိ ပစ္စည်းအားလုံးကို ရောင်းချရန်အတွက် US$ ဈေးနှုန်းများ ကပ်ထားသည်ကို တွေ့ရ၏။ ထိုသမိုင်းဝင်ပစ္စည်းများနှင့် ပတ်သက်၍ မစ္စတာအန်တိုနီရပ်(စ်)ပါ (၄)ဦးကို ဒဂုံမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ (ပ)၁၄၄/၂၀၁၀ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅(၃)ဖြင့် အရေးယူရပြန်သည်။

"ဒါဆို မိစ္ဆာတိတ္တိလေးယောက်ဟာ ဗဟန်းမှာလေးမှု၊ ဒဂုံမှာနှစ်မှု အားလုံး ခြောက်မှုပေါ့"

ကျွန်ုပ်ကပြော၏။ ဒီတော့ စုံထောက်စံထူးက –

"နောက်ထပ် ကွင်းဆက်တစ်ခု ထပ်ပေါ်လာလို့ မင်္ဂလာတောင်ညွန့်မှာ တစ်မှုထပ်ဖွင့်ရပါသေးတယ်"

"ဘယ်လို ကွင်းဆက်ရခဲ့တာလဲ"

ခရေပင်လမ်းနေအိမ်ကိုရှာဖွေရာ ရှေးဟောင်းနှင့် သမိုင်းဝင်ပစ္စည်းများကို ကျောက်တံတားမြို့နယ်အတွင်းရှိ ကုမ္ပဏီတစ်ခုမှ နိုင်ငံခြားသို့တင်ပို့ပေးရန် ပစ္စည်းအပ်ထားသော ပြေစာတစ်စောင်ကို တွေ့သည်။ ထိုပြေစာဖြင့် ကုန်ပစ္စည်းအပ်ထားသော ကုမ္ပဏီသို့ လိုက်၏။ ကံကောင်းထောက်မစွာဖြင့် ထိုကုန်ပစ္စည်းမှာ နိုင်ငံခြားသို့ မပို့ရသေးဘဲ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းဂိုထောင်တွင် ရှိနေကြောင်း သိရ၏။ ထို့ကြောင့် ပစ္စည်းရှိရာဂိုထောင်သို့ ချီတက်ကြသည်။ စက်ဆန်းရှိ ဆိပ်ကမ်းဂိုထောင်တွင် Art Only မှ တင်ပို့ထားသော အမြင့်(၁၂)ပေခန့်ရှိ ရာဇပလ္လင်တစ်ခုနှင့် ပန်းပုပစ္စည်း(၂၁)မျိုးကို တွေ့၏။ သုတေသီများကိုယ်တိုင် စစ်ဆေးတွေ့ရှိချက်အရ ရာဇပလ္လင်မှာ နှစ်ပေါင်း(၈၀) သက်တမ်းရှိ သမိုင်းဝင်ပစ္စည်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် စုံထောက်စံထူးမှ တရားလိုပြုလုပ်၍ Art Only မှ မစ္စတာအန်တိုနီရပ်(စ်)ပါ (၄)ဦးကို မင်္ဂလာတော်ညွန့်ရဲစခန်းမှ (ပ)၂၀၂/၂၀၁၀၊ သွင်းကုန်ထုတ်ကုန်(ယာယီ) ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၅(၃) ဖြင့် အမှုဖွင့်အရေးယူခဲ့ရသည်။

"အဲဒီ(၇)မှုစလုံးကို သက်ဆိုင်ရာမြို့နယ်တွေမှာပဲ တရားစွဲလိုက်တာလား"

ဟု ကျွန်ုပ်၏အမေးကို အမှုစစ်အရာရှိ စုံထောက်စံထူးက –

"မြို့နယ်မခွဲတော့ဘူး ဆရာ၊ သီးသန့်တရားရုံးတစ်ခုတည်းနဲ့ (၇)မှုစလုံးကို တရားစွဲတင်ပါတယ်၊ အချို့ကို တော့ တရားခံပြေးနဲ့ တင်ပါတယ်"

'လက်ရှိ နိုင်ငံခြားသားနဲ့ ပါဝင်ပတ်သက်တဲ့ မိန်းကလေးနှစ်ဦးကို တရားရုံးက ဘယ်လိုအပြစ်ပေးလဲ"

"ကျူးလွန်တဲ့ပြစ်မှုနဲ့ ပြစ်ဒဏ်က မျှတပါတယ်"

ပြစ်မှုကျူးလွန်ခဲ့ကြသော တရားခံမစ္စတာအန်တိုနီရပ်(စ်) ဖီဝါဒတ် (Mr.Antonius Ferwerda)၊ မနီလာနှင့် မသီတာတို့(၃)ဦးအား ဗဟန်းရဲစခန်းမှ (ပ)၈၁၇/၂၀၀၉ ပြစ်မှုပုဒ်မ ၂၉၅ အရ ထောင်ဒဏ်(၂)နှစ်စီ၊ ဗဟန်းရဲစခန်းမှ (ပ)၁၃/၂၀၁၀၊ ရှေးဟောင်းပစ္စည်းအက်ဥပဒေပုဒ်မ ၇(၅)အရ ထောင်ဒဏ်(၂)နှစ်စီ၊ ဗဟန်းရဲစခန်းမှ(ပ)၈၇/၂၀၁၀ သစ်တောဥပဒေပုဒ်မ ၄၃(က) အရ ထောင်ဒဏ်(၁)နှစ်စီနှင့် ဗဟန်းရဲစခန်းမှ(ပ)၁၄၄/၂၀၁၀ သွင်းကုန်ထုတ်ကုန်အက်ဥပဒေပုဒ်မ ၅(၃)အရ ထောင်ဒဏ်(၅)နှစ်စီ ချမှတ်ခဲ့သည်။ ထို့ကြောင့် ဗဟန်းရဲစခန်းမှ ပြစ်မှု(၄)မှုတွင် တစ်ဦးလျှင် ထောင်ဒဏ်(၁၀)နှစ်စီ ဖြစ်သည်။

ဒဂုံရဲစခန်းမှ (ပ)၁၀/၂၀၁၀ ရှေးဟောင်းပစ္စည်းအက်ဥပဒေပုဒ်မ ၇(၅) အရ ထောင်ဒဏ်(၂)နှစ်စီ၊ ဒဂုံရဲစခန်းမှ (ပ)၅၂/၂၀၁၀ သွင်းကုန်ထုတ်ကုန်အက်ဥပဒေပုဒ်မ ၅(၃)အရ ထောင်ဒဏ်(၅)နှစ်စီနှင့် မင်္ဂလာတောင်ညွန့်ရဲစခန်းမှ (ပ)၂၀၂/၂၀၁၀ သွင်းကုန်ထုတ်ကုန် အက်ဥပဒေပုဒ်မ ၅(၃)အရ ထောင်ဒဏ်(၅)နှစ်စီ ချမှတ်ခဲ့သည်။ ဒဂုံနှင့် မင်္ဂလာတောင်ညွန့် အမှု(၃)မှုတွင် တစ်ဦးလျှင် ထောင်ဒဏ်(၁၂)နှစ်စီ ဖြစ်သည်။

ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့တွင် ဖြစ်ပွားခဲ့သော ပြစ်မှုများအတွက် ချမှတ်ခဲ့သောပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် သီးသန့်တရားရုံးမှ အမိန့်ချမှတ်ခဲ့သည်ကို စုံထောက်စံထူးမှ ပြောဆိုပြခဲ့ပါသည်။ စုံထောက်စံထူး၏ စကား



www.burmeseclassic.com

www.burmeseclassic.com


အဆုံးတွင် ကျွန်ုပ်က –

"တို့ မြန်မာစကားပုံမှာ အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုပ် ဆိုတဲ့စကားရှိတယ်"

"ဟုတ်ပါတယ် ဆရာ"

"အခု ဒီဖြစ်စဉ်မှာပဲကြည့်လေ၊ Art Only အရောင်းပြခန်းရဲ့ လုပ်ငန်းလိုင်စင်ကို မနီလာနဲ့မသီတာ ညီအစ်မနှစ်ဦး အမည်ပေါက်နဲ့လုပ်ထားတယ်၊

"တိုင်းတစ်ပါးသားပဲဖြစ်ဖြစ်၊ တို့နိုင်ငံသားပဲဖြစ်ဖြစ် သူတို့ရဲ့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမှာ သူတို့အမည်ပေါက်မှတ်ပုံမတင်ဘဲ တစ်ဦးတစ်ယောက်အမည်ပေါက်နဲ့မှတ်ပုံတင်ရင် ‥ အဲဒီအမည်ပေါက်မှတ်ပုံတင်ဟာ နုတ်ပြည်သွားမယ့် လုပ်ငန်းလိုင်စင်လား၊ ငရဲပြည်သွားမယ့် လုပ်ငန်းလိုင်စင်လား စဉ်းစားရမယ်ကွ"

အခန်း(၈)

"ပြုသူအတွက် ခံစားရတဲ့အမှုဟာ ဓမ္မတာသဘောပေါ့ဆရာရယ်၊ ဒါပေမယ့် အပြုခံရတဲ့သူ ပျက်သွားတာကတော့ အတော့်ကိုနာကျည်းကြေကွဲဖွယ် ကောင်းပါတယ်"

"ဘာကိုဆိုလိုတာလဲ မောင်စံထူးရဲ့"

"အဲဒီ နိုင်ငံခြားသားက အရွယ်



သူက နောက်ကွယ်ကကြိုးကိုင်ပြီး လုပ်ချင်သလိုလုပ်နေတယ်၊ ဒါကိုသိလျှက်နဲ့ မျက်မျက်ကလေးစားရတော့ ဟိုညီအစ်မ‌ကလည်း မသိကျိုးကျွံလုပ်နေတယ်၊ အခု အမှုဖြစ်လာတော့ သူတို့ညီမနှစ်ယောက်လည်း ခံကြရတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဟုတ်ပါတယ်ဆရာ၊ အခုပဲကြည့်လေ၊ သံသရာမှာ ငရဲကိုသွားမယ့် အမည်ပေါက်မှတ်ပုံတင်ခဲ့မိလို့ အခုပစ္စုပ္ပန်မှာ အဲဒီညီအစ်မနှစ်ယောက် လောကငရဲမှာ ခံစားနေရပြီလေ"

"ဘယ်သူမပြု မိမိမှုလို့ပဲ မှတ်ယူရမှာပေါ့ကွာ"

မရောက်သေးတဲ့ မိန်းကလေးကို သားမယားအဖြစ် အဓမ္မပြုကျင့်မှုကို ဆိုတာပါ"

"အေး ‥ ဟုတ်သားပဲ၊ ရှေ့ပိုင်းမှာ မင်းအဖွင့်ပြထားပြီး အပိတ်မပြောသေးဘူးလေ၊ လုပ်စမ်းပါဦး အဲဒီဖြစ်စဉ်ကို"

ကျွန်ုပ်၏ တောင်းဆိုမှုကြောင့်


www.burmeseclassic.com

www.burmeseclassic.com



တိုင်းတစ်ပါးသားပဲဖြစ်ဖြစ်၊ တို့နိုင်ငံသားပဲဖြစ်ဖြစ် သူတို့ရဲ့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမှာ သူတို့အမည်ပေါက်မှတ်ပုံမတင်ဘဲ တစ်ဦးတစ်ယောက်အမည်ပေါက်နဲ့မှတ်ပုံတင်ရင် အဲဒီအမည်ပေါက်မှတ်ပုံတင်ဟာ နတ်ပြည်သွားမယ့် လုပ်ငန်းလိုင်စင်လား၊ ငရဲပြည်သွားမယ့် လုပ်ငန်းလိုင်စင်လား စဉ်းစားရမယ်ကွ . . .

---

Art Only အရောင်းပြခန်း၏ပိုင်ရှင် နယ်သာလန်နိုင်ငံသား မစ္စတာအန်တိုနီရပ်(စ်)ဖီဝါဒတ် (Mr.Antonius Ferwerda) ၏ လူမဆန်စွာပြုကျင့်မှုကို စုံထောက်စံထူးမှ ဤသို့ဖွင့်ဆိုပြပါသည်။

ဒေါ်မြနှင့် မလှတို့သားအမိသည် ဧရာဝတီတိုင်း ဓနုဖြူမြို့နယ်ရှိ ရွာတစ်ရွာမှ ဖြစ်ကြသည်။ ဒေါ်မြ၏အသက်မှာ (၃၅)နှစ်ခန့်သာရှိသေး၍ သမီးမလှ၏ အသက်မှာ (၁၃)နှစ်ကျော်ခန့်ဖြစ်သည်။ သူတို့သားအမိသည် လယ်ယာနှင့်နီးချောဖျာ ယက်လုပ်သောအလုပ်ဖြင့် အသက်မွေးမှုပြုကြသည်။ တစ်နေ့တွင် သမီးမလှက –

"အမေရယ် . . သမီးမှာလည်း တစ်နေ့ တစ်နေ့ ဖျာယက်ရတာ လက်တွေလည်း ပေါက်လှပါပြီ၊ ရန်ကုန်မှာ အလုပ်အကိုင်လေး ရှာပေးပါလား"

"ရန်ကုန်လို့မြို့ကြီးမှာ အလုပ်အကိုင်ရဖို့ဆိုတာက လွယ်တာမဟုတ်ဘူး သမီးရဲ့၊ အလုပ်အကိုင်ရမယ်ဆိုပြီး လူကောင်းနဲ့တွေ့ရင်တော်ရဲ့၊ လူလိမ်လူညာနဲ့တွေ့ရင် ဒုက္ခ"

"ရန်ကုန်မှာ အဖွားဒေါ်မြမေ တစ်ယောက်လုံးရှိတာပဲ၊ အဖွားကို အကူအညီတောင်းမှာပေါ့၊ အဖွားက စိတ်ချရတယ်ဆိုရင် ဘာပူစရာလိုလည်း အမေရယ်"

ဒေါ်မြ၏မိခင်၊ မလှ၏အဖွား ဒေါ်မြမေသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် နေထိုင်ပါသည်။ ဒေါ်မြမေကလည်း ပြည့်စုံကြွယ်ဝသူမဟုတ်၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တစ်ဦးဖြစ်သည်။ မိခင်ကို အပူမကာပ်လို၍ ဒေါ်မြက သမီးမလှကို ဖျောင်းဖျနှစ်သိမ့်သော်လည်းမရ၊ သတိတရရှိတိုင်း မလှက မိခင်ဒေါ်မြကို နားပူနားဆာလုပ်သည်။ နောက်ဆုံး မည်သို့မျှဖြေသိမ့်မရသဖြင့် ဒေါ်မြလည်း သမီးမလှ၏အလိုကို လိုက်လျောခဲ့ရသည်။

ထို့ကြောင့် သားအမိနှစ်ယောက်သည် ဓနုဖြူမြို့မှ ရန်ကုန်မြို့သို့ ထွက်လာခဲ့ကြသည်။ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မိခင်ဒေါ်မြမေအိမ်တွင် တည်းခိုကြသည်။ မိခင်ဒေါ်မြမေကိုလည်း လာရင်းအကြောင်းကို ပြောဆိုပြ၏။ ဒေါ်မြမေကလည်း မြေးဖြစ်သူ မလှအတွက် ယုံကြည်စိတ်ချရသူရှိက အလုပ်အပ်ပေးမည့်အကြောင်း ပြောဆိုပြသည်။

တစ်နေ့ မနက်ပိုင်းတွင်ဖြစ်သည်။ ဒေါ်မြမေက စားဝတ်နေရေးအတွက် ဈေးရောင်းထွက်သွား၏။ နေအိမ်တွင် ကျန်ရှိခဲ့သော ဒေါ်မြနှင့် သမီးမလှတို့ကလည်း ရောက်တုန်းရောက်ခိုက် ဘုရားဖူးရန် နေအိမ်မှ မြောက်ဥက္ကလာပရှိ မယ်လမုဘုရားသို့ သွားကြသည်။ သားအမိနှစ်ယောက်သည် ဘုရားဝတ်ပြု၊ သီလဆောက်တည်ပြီးနောက် ဘုရားပရဝဏ်အတွင်း လှည့်လည်လေ့လာကြသည်။

"အစ်မတို့က ဘယ်မြို့က လာကြတာလဲ"


အနီးအနားမှ မိန်းမသားတစ်ဦး၏အသံကြောင့် ဒေါ်မြက အသံလာရာသို့ လှည့်ကြည့်လိုက်သည်။ သူတို့သားအမိ၏ နံဘေးတွင် အသက်(၆၀)ခန့် အမျိုးသမီးကြီးတစ်ဦးနှင့် အသက်(၃၀)ကျော်ခန့် အမျိုးသမီးတစ်ဦးတို့ကို တွေ့ရသည်။ ထို့ကြောင့် အသံရှင်အမျိုးသမီးကို ဒေါ်မြက –



www.burmeseclassic.com

www.burmeseclassic.com







"အစ်မတို့ ခနဲ့ဖြူမြို့ကပါကွယ်"

"ဘုရားဖူးသက်သက်ပဲလား"

"အင်း ‥ ဘုရားလည်းဖူး၊ သမီးလေးအတွက် အဆင်ပြေမယ့်အလုပ်အကိုင်လေးလည်း ရှာပေးဖို့ ရွာက ထွက်လာကြတာပါ"

"အစ်မတို့က ဘာအလုပ် လုပ်ချင်လို့လဲ"

"အလုပ်ကတော့ မရွေးပါဘူးကွယ်၊ သမီးလေးအတွက် စိတ်အေးရမယ့်အလုပ်မျိုးဖြစ်ရင် ပြီးတာပါပဲ"

ဒေါ်မြ၏ ရိုးသားပွင့်လင်းသောစကားက ထိုအမျိုးသမီးနှင့် သူမ၏မိခင်တို့အတွက် အကွက်ဝင်လာခဲ့ပါသည်။ ထို့ကြောင့် အမျိုးသမီးက မိမိ၏အမည်မှာ မဝါဖြစ်၍ အတူပါမိခင်မှာ ဒေါ်သိန်းဖြစ်ကြောင်းနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင် နေထိုင်ကြောင်း အိမ်လိပ်စာကိုပါ ပြောဆိုပါသည်။ ဒေါ်မြကလည်း သူမ၏အမည်နှင့် သမီးလေး၏အမည်ကိုပါပြော၍ အပြန်အလှန်မိတ်ဖွဲ့ခဲ့ကြပါသည်။ မိန်းမသားချင်းဆိုတော့ ဒေါ်မြက မဝါတို့သားအမိကို ယုံကြည်စိတ်ချပါသည်။ ဒါကြောင့် ဖြစ်ကြောင်းကုန်စင်ကို ဒေါ်မြက မဝါတို့သားအမိကို ရှင်းပြသည်။

ဒေါ်သိန်းနှင့်မဝါကလည်း ဒေါ်မြ၏သမီးမလှကို မြင်လျှင်မြင်ချင်း သွေးသားရင်းကဲ့သို့ သံယောဇဉ်ရှိကြောင်း ဂရုဏာစကားဆိုသည်။ လတ်တလောမလှအတွက် အဆင်ပြေနိုင်သောအလုပ်မှာ အိမ်ဖော်ဖြစ်သည်။ တစ်လနှစ်သောင်းခွဲ လုပ်ခရမည်။ လုပ်ရမည့်အိမ်ကလည်း ငြိမ်းဝင်းတိုက်တာဖြင့် လူ



www.burmeseclassic.com

www.burmeseclassic.com




ကြီးလူကောင်းအိမ်ဖြစ်၍ မလှအတွက် စိတ်ချရသည်။ မလှ လိမ္မာ၍ တာဝန်ကျေပြီး စိတ်ချရလျှင် အိမ်ရှင်က မလှကို လွှဲအပ်ထားမှာ ဖြစ်သည်။ မိမိတို့ ဆောင်ကြဉ်းပေးနိုင်သော အိမ်ဖော်အလုပ်ကို လုပ်လိုသည်ဆိုပါက မိမိတို့ နေထိုင်ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်သို့ တစ်ပါတည်းလိုက်ခဲ့ရန် ခေါ်သည်။

ဒေါ်မြကလည်း သမီးမလှ၏ သဘောထားကို မေးသည်။ မလှကလည်း နဂိုကမှ ညှိုမြဖြစ်နေသူမို့ ချက်ချင်းပင် လိုက်သွားဖို့ ဆန္ဒပြုသည်။ ရိုးသားဖြူစင်သော ဒေါ်မြနှင့် သမီးမလှတို့သည် အပြင်သဏ္ဍာန်ဖြူး၍ အတွင်းသရုပ်ကောက်ကျစ်သော ဒေါ်သိန်းနှင့် သမီးမဝါတို့ ခေါ်ဆောင်ရာသို့ ကောက်ကောက်ပါသွားခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်ရောက်တော့ မဝါက ဒေါ်မြတို့သားအမိကို မိသားစုနှင့်မိတ်ဆက်ပေးသည်။ မဝါတို့မိသားစုကို တွေ့မြင်ရသော ဒေါ်မြမှာ သမီးမလှအတွက် ရတက်အေးခဲ့ရသည်။ ဒါကြောင့် ဒေါ်မြက သမီးမလှကို မဝါတို့မိသားစုထံ အပ်နှံ၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်မှ မိခင်ဒေါ်မြ မေရှိရာ နေအိမ်သို့ ပြန်လာခဲ့ပါသည်။

အခန်း(၉)

"လာ မမြ ထိုင်၊ သမီးမလှကို တစ်နေ့ကပဲ ကျမကိုယ်တိုင် သူဌေးအိမ်မှာ အလုပ်အပ်ပေးလိုက်ပြီ၊ သမီးက လိမ္မာတော့ အိမ်ရှင်နဲ့ အဆင်ပြေမှာပါ"



ပြစ်မှုကျူးလွန်သူတရားခံ နယ်သာလန်နိုင်ငံသား မစ္စတာအန်တိုနီရုပ်(စ်)ဖီဝါဒတ်

မလှကိုအပ်ပြီး နှစ်ရက်အကြာ ဒေါ်မြက မဝါအိမ်သို့ရောက်လာသည်။ ထို့ကြောင့် မဝါက ဒေါ်မြကို အထက်ပါစကားဖြင့် ခရီးဦးကြိုသည်။ ဒီတော့ ဒေါ်မြက –

"ကျေးဇူးတင်ပါတယ် မဝါရယ်၊ အစ်မလည်း မနက်ဖန် ရွာပြန်တော့မှာမို့ သမီးလေးကို နှုတ်ဆက်ရင်း မှာစရာရှိတာ မှာခဲ့ချင်ပါတယ်၊ အဲဒါကြောင့် သမီးရှိတဲ့နေရာကို လိုက်ပို့ပေးပါလား"

"ဟုတ်ကဲ့ မမြ၊ ကျမလိုက်ပို့ပေးပါမယ်"

ဒေါ်မြနှင့် မဝါတို့သည် မလှအိမ်ဖော်လုပ်ရာ ဒဂုံမြို့သစ် ခရေပင်လမ်းရှိ မစ္စတာအန်တိုနီရုပ်(စ်)ဖီဝါဒတ် နေအိမ်သို့ ထွက်လာကြသည်။ ထိုနေအိမ်အရောက်တွင် ခြံစောင့်မှ မလှကို သွား ခေါ်ပေးသည်။ ဒေါ်မြနှင့်မဝါတို့မှာ ခြံပေါက်ဝမှာပင် စောင့်နေရသည်။ ခဏအကြာ ခြံစောင့်နှင့်အတူ မလှပါလာသည်။ ခြံပေါက်ဝတွင် မိခင်ကိုတွေ့မြင်ရသော မလှသည် မိခင်အားပြေးဖက်၍ ရှိုက်ကြီးတငင်ဖြင့် ငိုကြွေးပါတော့သည်။

အမှတ်မထင် အသွင်သဏ္ဍာန် သရုပ်က မိခင်ဒေါ်မြအတွက် တုန်လှုပ်စရာပင်ဖြစ်ပါသည်။ တတ်နိုင်သမျှ စိတ်ကိုထိန်း၍ သမီးမလှကို မေးမြန်းကြည့်သည်။ မလှက ထိုအိမ်သို့ ရောက်ရှိသည့် မနေ့ညကပင် အိမ်ရှင်နိုင်ငံခြားသားမှ မိမိအား သားမယားအဖြစ် အဓမ္မပြုကျင့်ကြောင်း ကြေကွဲဖွယ်နည်းစွာ ပြောပြခဲ့သည်။ သမီးမလှ၏စကား



www.burmeseclassic.com

www.burmeseclassic.com


က မိခင်ဒေါ်မြတွင် ငယ်ထိပ်သို့ မြွေခဲသလို ကြေကွဲဖွယ်အတိဖြင့် ခံစားခဲ့ရပါသည်။

ထို့ကြောင့် ဒေါ်မြသည် သမီးမလှကိုလက်စွဲ၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) ရဲစခန်းသို့ သွားခဲ့ကြသည်။ ရဲစခန်းတွင် ဖြစ်စဉ်အကျိုးအကြောင်းကို ရှင်းပြကြသည်။ မြို့နယ်ရဲတပ်ဖွဲ့မှ စုံစမ်းပေါ်ပေါက်မှုအရ ဒေါ်သိန်း၊ သမီးမဝါနှင့် မစ္စတာအန်တိုနီရပ်(စ်)ဖီဝါဒတ်တို့ကို ဒဂုံမြို့သစ်(မြောက်ပိုင်း) ရဲစခန်းမှ (ပ)၄၆၄/၂၀၀၉ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၆(က) (ကာမပွဲစားအဖြစ်ဖြင့် အရွယ်မရောက်သေးသော မိန်းကလေးကို ရှာပေးခြင်း) ဖြင့် အမှုဖွင့်အရေးယူသည်။ ထို့ပြင် အဓမ္မပြုကျင့်ခံရသော မလှကိုလည်း တရားဝင်ဆေးရုံသို့ ပို့အပ်၍ ဆေးစစ်ခံယူစေသည်။ ဆေးဆရာဝန်၏ စမ်းသပ်စစ်ဆေးတွေ့ရှိချက်တွင် မလှ၏မိန်းမကိုယ်၌ လတ်တလော အဓမ္မပြုကျင့်ခံရသော လက္ခဏာ တွေ့ရှိကြောင်း သိရသည်။ ထို့ကြောင့် နယ်သာလန်နိုင်ငံသား မစ္စတာအန်တိုနီရပ်(စ်)ဖီဝါဒတ် (Mr. Antonus Ferwerda) ကို ဒဂုံရဲစခန်းမှ (ပ)၃၁၄/၂၀၀၉ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ (မုဒိန်းမှု) ဖြင့် အရေးယူမှုများ ရှိခဲ့ကြောင်း စုံထောက်စံထူးမှ ခင်းကျင်းပြခဲ့ပါသည်။

လူလိမ်ခံရတယ်
ဆိုတာဟာ
ရိုးသားပြီး
သဘောလွယ်တဲ့သူနဲ့
လောဘတက်တဲ့
သူနှစ်မျိုးပဲရှိတယ်။
အခုဖြစ်စဉ်မှာ
ဒေါ်မြတို့သားအမိဟာ
ရိုးသားလွန်းလို့
လူလိမ်ခံလိုက်ရတာပဲ
...

"အဲဒီ ကာမပွဲစားသားအမိနဲ့ လူ့တိရစ္ဆာန်တို့ကော အပြစ်မကျဘူးလား"

"အပြစ်ကျပါတယ် ဆရာ၊ ဒေါ်သိန်းနဲ့ သမီးမဝါတို့ကို ထောင် ၁၀ နှစ်စီနဲ့ အဓမ္မပြုကျင့်တဲ့ နိုင်ငံခြားသားကိုလည်း ထောင် ၁၀ နှစ် အမိန့်ချခဲ့ပါတယ်"

"အေးကွာ ..၊ သူ့ အကုသိုလ်နဲ့သူ ခံစားရတာတော့ ဥပဒေတရားနဲ့ပဲ ရှုပွားရမှာပေါ့။ မသိနားမလည်တဲ့ ဒေါ်မြနဲ့ သမီးမလှအတွက်ကတော့ ရင်နင့်ဖွယ်ရာပါ"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်တို့နိုင်ငံက တောသူတောင်သားအများစုဟာ ရိုးသားကြတယ်။ သဘောကောင်းတယ်။ ယုံလွယ်တတ်တယ်။ ဒါကြောင့် ကောက်ကျစ်ပြီး မတော်မတရားလုပ်တဲ့သူနဲ့ ကြုံဆုံလာတဲ့အခါ မဖြစ်သင့်တာတွေ ဖြစ်လာခဲ့ရပါတယ်"

"မှန်တာပေါ့ မောင်စံထူးရယ်၊ လူလိမ်ခံရတယ်ဆိုတာဟာ ရိုးသားပြီး သဘောလွယ်တဲ့သူနဲ့ လောဘတက်တဲ့ သူနှစ်မျိုးပဲရှိတယ်။ အခုဖြစ်စဉ်မှာ ဒေါ်မြတို့သားအမိဟာ ရိုးသားလွန်းလို့ လူလိမ်ခံလိုက်ရတာပဲ"

"ဟုတ်ပါတယ် ဆရာ"

"အေး .. လောဘတက်လို့ လူလိမ်ခံလိုက်ရတဲ့ ဆရာ့ရဲ့ ကိုယ်တွေ့ဖြစ်စဉ်တစ်ခုကို ပြောပြမယ်"

"ဟုတ်ကဲ့ ပြောပါ ဆရာ၊ ကျွန်တော်ကော ဆရာ့စာဖတ်ပရိသတ်ကော ဗဟုသုတဖြစ်တာပေါ့"

လွန်ခဲ့သော ၁၀ နှစ်ဝန်းကျင်ခန့်ဟု ထင်ပါသည်။ ထိုစဉ်က စာရေးသူသည် အင်းစိန်(စီအိုင်ဒီ)တွင် တာဝန်ထမ်းဆောင်ဆဲဖြစ်ပါသည်။ ထိုအချိန်တွင် မြန်မာ့ဆက်သွယ်ရေးမှ ၁၅ သိန်းတန် လက်ကိုင်ဖုန်းများချပေးဖို့ လျှောက်လွှာခေါ်ယူချိန်ဖြစ်ပါသည်။ စာရေးသူလည်း စုံထောက်အရာရှိတစ်ဦးဖြစ်၍ အမှန်တကယ်လိုအပ်သောကြောင့် ထို ၁၅ သိန်းတန်ဖုန်းကို တရားဝင်လျှောက်လွှာတင်ခဲ့ပါသည်။ လျှောက်လွှာတင်ပြီး တစ်နှစ်ခန့်ကြာသော်လည်း အဖြေကထွက်မလာ။ သို့ကြောင့် လက်ကိုင်ဖုန်းလိုချင်သော


www.burmeseclassic.com

www.burmeseclassic.com



လောဘကို လျှော့ချလိုက်ပါသည်။

တစ်နေ့ မနက်ပိုင်းရုံးပိတ်ရက်တွင်ဖြစ်သည်။ စာရေးသူနေအိမ်သို့ ကျောင်းနေဖက်သူငယ်ချင်း အေးချိုရောက်လာသည်။ မတွေ့တာကြာပြီဖြစ်သော ငယ်သူငယ်ချင်းအေးချိုကို စာရေးသူမှ ဧည့်ခံခဲ့သည်။ သူငယ်ချင်းဖြစ်သူသည် အမည်နှင့်လိုက်အောင် အနေအထိုင်အေးဆေးပြီး အပြောအဆိုမှာ ချိုသာပါသည်။

သူငယ်ချင်းနှစ်ယောက် နံနက်စာအတူစားရင်း ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်ရာများကို ပြောဆိုခဲ့ကြပါသည်။ ထိုစဉ် သူငယ်ချင်းအေးချိုမှ အခုတလော လူတွေရောဂါထနေသော ၁၅ သိန်းတန် ဖုန်းလျှောက်လွှာတင်မထားဘူးလားဟု မေးသည်။ စာရေးသူကလည်းလျှောက်လွှာတင်ထားကြောင်းနှင့် အဖြေမသိရသေးကြောင်း ပြောပြသည်။ ဒီတော့ အေးချိုက လျှောက်လွှာမိတ္တူရှိသလားဟု မေး၏။ စာရေးသူကလည်း မိတ္တူရှိကြောင်းနှင့် လျှောက်လွှာကို ထုတ်ပြသည်။ အေးချိုက လျှောက်လွှာမိတ္တူကို ဖတ်ရှုကြည့်သည်။ ထို့နောက် အေးချိုက ဆက်သွယ်ရေးတွင် ဖုန်းချပေးသူ အရာရှိကို သူပိုင်ကြောင်း၊ စာရေးသူအတွက် တစ်ပတ်အတွင်း ဖုန်းရဖို့ တာဝန်ယူကြောင်း။ ထို့ကြောင့် ဤလျှောက်လွှာမိတ္တူနှင့် ငွေငါးသောင်းကို ပေးရမည့်အကြောင်း ပြောဆိုပါသည်။

သူငယ်ချင်းအေးချို၏ပြောစကားကြောင့် စာရေးသူ၏လောဘက ကြွတက်လာခဲ့ပါသည်။ ထို့ကြောင့် ဇနီးသည်ကို နားပူနားဆာလုပ်၍ ငွေငါးသောင်းတောင်းရသည်။ ဇနီးသည် ထုတ်ပေးသော ငွေငါးသောင်းနှင့် စာရေးသူ၏ ဖုန်းလျှောက်လွှာမိတ္တူကို သူငယ်ချင်းအေးချိုသို့ ပေးအပ်လိုက်သည်။ ငွေနှင့်လျှောက်လွှာလက်ခံကို အေးချိုက ရယူပြီးနောက် အောက်ခြေဝန်ထမ်းအတွက် လက်ဆောင်ပစ္စည်းအသီးအနှံကို သူကပင် အကုန်အကျခံပါမည်ဟု ပြောဆိုပြီး နေအိမ်မှပြန်သွားခဲ့ပါသည်။

ယခုစာရေးနေသည့် အချိန်အထိ သူငယ်ချင်းအေးချိုလည်း ပေါ်မလာ။ ၁၅ သိန်းတန်ဖုန်းလည်း နတ္ထိဖြစ်ခဲ့ရသည်။ ဒါက အကြောင်းမဟုတ်။ သူငယ်ချင်းသို့ ပေးလိုက်ရသည့် ငွေငါးသောင်းအတွက် ဇနီးသည်မှ ယနေ့အထိ ပြောမဆုံးပေါင် တောသုံးတောင်ပင်ရှိနေခဲ့ပါသည်။ ဤသည်မှာ စာရေးသူ၏ လောဘကြောင့် လူလိမ်ခံရခြင်းပင်ဖြစ်ပါသည်။ ယခုတော့လည်း နိုင်ငံတော်၏ ကျေးဇူးကြောင့် စာရေးသူတွင် ၁၅၀၀ိ/ တန်ဆင်းကတ်ဖြင့် ကျေနပ်နှစ်သိမ့်နေရပါသည်။ စကားအဆုံးတွင် စုံထောက်စံထူးက ..

''ဆရာ့ဖြစ်စဉ်ကတော့ ကျားဖင်ခွေးထိုးဆိုတာလိုပါပဲ''

— ဟု မျက်ရည်ထွက်မတတ် ရယ်ရွှင်ကာဖြင့် နောက်ပြောင်ပါသည်။ ဒီတော့ ကျွန်ုပ်ကလည်း ..

''ဒီလိုပဲပေါ့ မောင်စံထူးရယ်၊ စုံထောက်ဆိုတာ တစ်ခါတစ်ရံ အဲဒီစကားနဲ့ ပြောင်းပြန်ဖြစ်တတ်ပါတယ်။ တော်သေးတာပေါ့ကွာ ငွေငါးသောင်းပဲ ဆုံးလို့၊ ငါးသိန်းလောက်များ ဆုံးရင် လင်မယားချင်း ထသတ်လောက်တယ်''

ဟု ပြုံးရွှင်စွာ ပြောဆိုခဲ့ရာ မောင်စံထူးလည်း နှစ်သက်သဘောကျစွာဖြင့် ရယ်မောလျက်ရှိနေပါသည်။ ထို့နောက် ကျွန်ုပ်က ..

''အဲဒီအချိန်ကစပြီး ငါ့ခေါင်းထဲမှာ Motto (ဆောင်ပုဒ်)တစ်ခု အမြဲထည့်ထားတယ်။ အိမ်မှာလည်း ချိတ်ဆွဲထားတယ်''

''ဘယ်လိုဆောင်ပုဒ်များလည်း ဆရာ''

''တို့ မြန်မာ့ယဉ်ကျေးမှုနဲ့လည်း ကိုက်ညီတယ်။ ကိုယ်လည်း လူလိမ်လူညာမခံရအောင် စဉ်းစားသုံးသပ်ဆင်ချင်ဖို့က "Every Body Respect But Suspect" တဲ့၊ အဓိပ္ပါယ်ကတော့ လူတိုင်းကို ရိုသေလေးစားပါ သို့သော် သံသယအတွေးတော့ ရှိပါစေ''

စုံထောက်မောင်ရေခဲ

မှတ်ချက်။ ။ ဤဖြစ်ရပ်မှန်မှုခင်းဇာတ်လမ်းတွင် ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားနှင့် ထွက်ပြေးတိမ်းရှောင်နေသူ ဧည့်နိုင်ငံသား အမည်ရင်းမှလွဲ၍ ကျန်အမည်များမှာ စာရေးသူမှ ပေးသောအမည်များဖြစ်ပြီး ထိုသူတို့၏ လိပ်စာများကို ဖုံးကွယ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# ဖိုးပန်းမွှန် (ရာမညာ)

# အတွဲနှလုံးသား



www.burmeseclassic.com

(ဃ)

ကိုယ့်အလုပ် ကိုယ်မလုပ်ဘဲ သူများအကြောင်း စိတ်ဝင်စားသူများကို စပ်စုသူများဟု သူမ ကောက်ချက်ချသည်။

သည်အိမ်သို့ ပြောင်းရွှေ့လာကတည်းက မြသက်ရည် ဘဝင်မကျချင်။ အိမ်နီးချင်းများက သူမကို တစေ့တစောင်း အကဲခတ်နေကြသည်။ အိမ်ကြီးမှာ အပေါ်ထပ်လေးခန်း၊ အောက်ထပ်လေးခန်းဖြင့် ဖွဲ့စည်းထားသည်။ တန်းလျားကြီးနှင့်တူပြီး လူစုံ၊ စရိုက်စုံ၊ အရွယ်စုံရှိသည်။

အိမ်ရှေ့ကွက်လပ်ကြီးမှာ ကျယ်ကျယ်ပြန့်ပြန့်ရှိပြီး ခြံဝတံခါးပေါက်က တစ်ပေါက်တည်း။ ခြံဘေးပတ်လည်က တစ်ပေါက်တည်း၊ ခြံဘေးပတ်လည်တွင် အရိပ်ရအပင်ကြီးများဖြင့် အုပ်အုပ်ဆိုင်းဆိုင်း၊ ရပ်ကွက်၏လမ်းဆုံးအစွန်ကျသောမြေဖြစ်၍ လူသူဆိတ်ငြိမ်ခြင်းတော့ရှိသည်။

မြသက်ရည်အခန်းက အလယ်ခန်း၊ ခြေရင်း၊ ခေါင်းရင်း၊ ပြတင်းပေါက် မရှိနိုင်။ အိမ်ရှေ့နှင့် အိမ်နောက်ဖေး တံခါးပေါက်များသာ ရှိသည်။ ညပ်သည်ပဲပြောပြော ကျပ်သည်ပဲဆိုဆို မြသက်ရည်ကြိုက်သည်။ လုံခြုံမှုရှိသည်ဟု ခံစားရသည်။ အိမ်လခနည်း၊ စပေါ်ငွေနည်းသော ဆင်ခြေဖုံးရပ်ကွက်ဖြစ်၍ ခြေရာဖျောက်နိုင်ခြင်းလည်း ဖြစ်သည်။ မထင့်မရှားဖြင့် ကင်းကင်းရှင်းရှင်းနေရန် သူမ ဆုံးဖြတ်ထားပြီးပြီ။

''အဟိ . . ရုပ်ဆိုးမျက်နှာခနဲ့၊ မာနကလည်းကြီးသေး။ ဟင်း . . ဟင်း တော်တော်ကြည့်ကောင်းတဲ့ရုပ်''

''အံမယ် . . လျှော့မတွက်နဲ့နော်၊ အရုပ်ရှည်ရှည် ပိန်ပိန်ပါးပါးနဲ့ဆိုတော့ မော်ဒယ်ဂဲလ် ဖြစ်နိုင်ခြေရှိတယ်နော်''

စောင်းမြောင်းပြောသည့်အသံ။ အခန်းခြင်းကပ်မှ မိန်းမပျိုလေးများ၏ မတိုးမကျယ် ရယ်ဟာဟာထွေငေါ်သံ၊ ဒါမျိုးကို နေ့စဉ်ကြားရတော့ ရိုးတောင်ရိုးနေပြီ။

''ဘာပဲဖြစ်ဖြစ်ကွာ . . ကြိုက်တဲ့လူတော့ ရှိဦးမှာပဲ''

''ဟဲ့ . . မရှိလို့ တစ်ကိုယ်တည်းဖြစ်နေတာပေါ့''

ခြံစည်းရိုးတံခါးဝနားတွင် ခုံတန်းရှည်နှစ်ခု မျက်နှာချင်းဆိုင်ရှိသည်။ ထိုနေရာတွင် မိန်းကလေးတစ်စု ထိုင်နေကျ။ မြသက်ရည် တစ်နေရာရာမှ ပြန်လာတိုင်း သူတို့က ကဲ့ရဲ့ရှုတ်ချနေကျ။ ပေါ်တင်ကြီး ပြောသံကြားရတိုင်း မြသက်ရည်ရင်ထဲ ဆူဝေမိစမြဲ။ လျှောက်လှမ်းနေဆဲ ခြေလှမ်းပင် ဆောင့်ချသလိုဖြစ်ရပြီ။ ခုံတန်းရှည်ကိုကျော်လာပြီး ခြံကျယ်ကြီးကိုဖြတ်လျှောက်စဉ် –

''အထီးကျန်တာလဲ မပြောနဲ့လေ၊ ပါးမှာ ဓားဒဏ်ရာနဲ့၊ အကြွင်နာပေးစရာ နေရာမရှိဘူး''

''နှစ်ဆယ့်ငါးနှစ်ဆိုတော့ တို့တွေနဲ့ သိပ်မကွာဘူး။ ခုနေ ငါ့ချစ်သူရှိရင်တောင် သူ့ကိုကြိုက်သွားမှာ စိတ်ပူသေးတယ်''

''အေး . . နင့်ထက်လှတာတော့ အမှန်ပဲ။ ဒါပေမဲ့ဟာ . . ဘယ်ကမျောလာမှန်းမသိဘူး။ အိမ်ပွဲစားပြောတော့ ထောင်ထွက်တဲ့ . . ဟိ . . ဟိ''

လွင့်လာသော မထိတရိရယ်သံများကြောင့် မြသက်ရည်ကိုယ်လေး လှည့်ပြီးသားဖြစ်သွားသည်။ မိန်းကလေးအုပ်စုထံ တင်းတင်းစူးစူးအကြည့်ရောက်ပြီး –

''ဟင်း . . တောက်''

တောက်ခေါက်သံကြောင့် ဟိုအုပ်စုတွန့်သွားသည်။ ခပ်ရှိရှိပါးစပ်ပိတ်သွားသည်။ တစ်နေ့နေ့တွင် မြသက်ရည်နှင့် ပြဿနာတက်မှာ အသေအချာ။ အခန်းတံခါးဝသို့ ချာခနဲလှည့်ဝင်၍ တံခါးကို ဆောင့်ပိတ်လိုက်သည်။

နေနှင့်ဦး . . သင်းတို့နဲ့ ရန်ဖြစ်နိုင်အောင် အားမွေးလိုက်ဦးမယ်။

(ခ)

မိုးနှောင်းကာလဖြစ်၍ မိုးလက်ကျန်က တဖွဲဖွဲ။

ညောင်ပင်လေးဈေးအတွင်းရှိ ပွဲရုံတစ်ခုတွင် အလုပ်လုပ်သော မြသက်ရည်လည်း သည်နေ့ အလုပ်မသွားဖြစ်တော့။ စိမ့်စိမ့်အေးနေသဖြင့် အနားယူမည်တွေးသည်။ အိမ်ရှင်းနေစဉ် အိမ်

www.burmeseclassic.com



ရှေ့တံခါးဝတွင် ကားတစ်စီးထိုးရပ်သည်ကို သိလိုက်သည်။

ပိတ်ထားသောအခန်းတံခါးထဲမှနေ၍ ချောင်းကြည့်လိုက်သည်။

အငှားကားပေါ်မှ ဆင်းလာသူကဘောလုံးကန်နေသော ကလေးတစ်စုကို မေးနေသည်။ ထိုလူကိုမြင်မှ မြသက်ရည် မျက်လုံးပြူးသွားရပြီ။ သူကိုမောင်မောင် ...။

ကလေးတစ်ယောက်က မြသက်ရည်အခန်းသို့ လက်ညှိုးညွှန်သည်။ ထိုလူလည်း ခြေလှမ်းကျဲဖြင့် ကွက်လပ်ကို ဖြတ်လျှောက်လာပြီ။ မြသက်ရည်ရှောင်ချိန်မရလိုက်။ မှင်တက်မိစွာ ရပ်နေစဉ် သူမအခန်းရှေ့သို့ သူရောက်လာသည်။

"မြလေး .. မြလေး .. မောင့်ကိုတံခါးဖွင့်ပေးပါဦး"

ဝမ်းသာတုန်ရီသောအသံကိုကြားရသည့်တိုင် သူမ မလှုပ်ရှားမိ။

"မြလေး .. မောင်လိုက်ရှာနေတာ ကြာပါပြီကွာ၊ စကားပြောခွင့် ပေးပါဦး"

လိုက်ရှာနေသတဲ့လား။ ဟင့်အင်း .. မတွေ့ချင်ဘူး။ မောင့်မိသားစုကြောင့် မြလေး ထောင်ကျခဲ့ရခြင်းကို မောင်မေ့နေပြီလား။ ဒါပေမဲ့ ခြေရင်းခန်း၊ ခေါင်းရင်းခန်းမှ အဟွတ်၊အဟန့်နှင့် ချောင်းဟန့်သံကြောင့် စိတ်လျှော့ရပြီ။ သူမထံလာသော ဧည့်သည်ကို အထင်သေးစရာ ဖြစ်မည်လေ။

အသံကျယ်ကျယ်ဖြင့် –

"မိုးရွာနေလို့ ဒီနေ့နားလိုက်တာလေ။ အဟင်း .. ဘယ်နေ့က ရန်ကုန်ရောက်တာလဲ၊ အမျိုးတွေ နေကောင်းကြရဲ့လား"

အဆီအငေါ်မတည့် ခရီးဦးကြိုစကားဖြင့် တံခါးဖွင့်ရပြီ။ ကိုမောင်မောင်ဝင်နိုင်ရုံ တံခါးဟပေးပြီး ပြန်ပိတ်ထားသည်။ သစ်သားနှင့် သံဆန်ခါကွက် တစ်ဝက်စီကာထားသောအခန်းဖြစ်၍ အလင်းရောင်ရသည်။ ကိုမောင်မောင်က ဖျာချောလေးတွင်ထိုင်ချ၍ မြသက်ရည်ကို စေ့စေ့ကြည့်၏။

"မြလေး အရမ်းပိန်သွားတာပဲကွာ ..၊ ပြန်ထွက်ခွင့်ရတာနဲ့ ဖုန်းဆက်ဖို့မှာထားသားနဲ့၊ ခြေရာဖျောက်သွားတယ်၊ ရှာနေတာ တစ်နှစ်ကျော်ပြီ မြလေးရယ် ..."

အပြစ်တင်ခြင်းလား၊ ချော့မြူနှစ်သိမ့်ခြင်းလား၊ မကွဲပြားသောစကားစုဖြင့် မောင်ပြောသည်။ မြသက်ရည်နှုတ်ဆိတ်နေလိုက်သည်။ ခြေရင်းခန်းမှ သင်းသင်းက ခေါင်းရင်းခန်းရှိ ဒေါ်အေးနှင့် သမီးပျိုချောနွယ်ထံ ကူးသွားတာမြင်သည်။ ထရံကို တွန်းသံ၊ တီးတိုးစကားသံများကြောင့် သူမ စိတ်မလုံချင်။

"မြလေး ဘယ်လိုပြေးပြေး မောင်ကတော့ တွေ့အောင်ရှာမှာပါ။ မြလေး ပြစ်ဒဏ်ခံရတာဟာ မောင့်ကြောင့်ပါ။ မောင့်အစ်မ ပါးစပ်ဆိုးတာရော၊ မြလေးက မောင့်ကို အချစ်ကြီးတာရော တစ်ရွာလုံးက သိထားပြီးသားပါ။ မောင့်အစ်မကြောင့် မြလေးပါးမှာဒဏ်ရာရသလို မြလေးကြောင့် အစ်မခေါင်းကွဲတာ၊ လက်ကျိုးတာတွေ အားလုံးမောင့်ကြောင့်ဖြစ်ရတာ၊ မြလေးထောင်ထဲမှာနေရတဲ့ဒုက္ခကို မောင်သိတယ်၊ မြလေးအတွက် မောင်တစ်ခုခုပေးဆပ်ဖို့ ဆုံးဖြတ်ထားပြီးပြီ"

သွားပြီ ..၊ ပြောချလိုက်သည်မှာ နောက်ကြောင်းတစ်ခုလုံး ဖြစ်နေပြီ။ ဟိုဘက်ခန်းက မစပ်စုများ အကုန်ကြားမှာ သေချာသည်။ တစ်ရပ်ကွက်လုံး အတင်းလည်ပြောတော့မည်။ မောင်ကတော့ သူ့ဘာသာအရှိန်ရနေပြီ၊ စကားမရပ်သေး။

"အားလုံးကို ကျောခိုင်းပြီး မြလေးကို လက်ထပ်ဖို့ မောင်ဆုံးဖြတ်လိုက်တယ်"

"အဟင်း .. ကရုဏာလျော်ကြေးပေါ့လေ"

ခပ်ထေ့ထေ့ မယုံသလိုပြောတော့ မောင် ခေါင်းခါသည်။

"မလျော်ပါနဲ့မြလေးရယ်၊ မောင့်ကိုယုံပါ၊ မြလေးနဲ့မောင် တရားရုံးမှာ လက်ထပ်ပြီးမှ ရွာကိုပြန်ကြမယ်နော်၊ မြလေးကို အားလုံးက နားလည်ခွင့်လွှတ်ပြီးသားပါ"

မြသက်ရည် ဘာမှမပြောချင်တော့။ ဝေးဝေးသို့သာ ငေးနေမိသည်။ မြန်မြန်ပြန်ပါတော့ဟု စိတ်ထဲမှ နှင်နေမိပြီ။ မောင်က မြလေး၏ပခုံးကို ဖျစ်ညှစ်လျက် ကြင်နာစွာပြောသည်။

"မြလေးကို အားပေးထွေးပွေ့ချင်တယ်၊ နောင်တစ်ပတ်မှာ အားဆေးနဲ့ အာဟာရဖြစ်တဲ့ စားစရာတွေ ဝယ်ခဲ့မယ်နော်၊ အိပ်ရေးဝဝအိပ်၊ အားရှိတာစားရင် မြလေးနဂိုအတိုင်း ကျန်းမာလာမှာပါ"

မြလေး ဘာမှမပြောတော့ဘူးရှင်ရေဟုသာ အော်လိုက်ချင်သည်။ အိတ်သွန်ဖာမှောက်ပြောပြီး နှုတ်ဆက်ပြန်သွားသော ကိုမောင်မောင်။ သူကတော့



www.burmeseclassic.com

မြသက်ရည်၏ပတ်ဝန်းကျင်ကို မသိရှာ။ သင်းသင်းနှင့် ချောနွယ်တို့က မြသက်ရည်၏အတိတ်ခါးခါးကို သိကုန်ကြပြီ။ ပါးစပ်ငြိမ်လိမ့်မည်မထင်။ ကိုမောင်မောင်ကိုလည်း အလွတ်ပေးလိမ့်မည်မထင်။

(ဂ)

မြသက်ရည် အလုပ်မှပြန်လာချိန်ဆိုလျှင် သူတို့စကားတင်းဆိုချိန်ဖြစ်သည်။ သူမကြားစေရန် တမင်ပြောတိုင်း သည်းခံရတာလည်း အကြိမ်ပေါင်းမနည်းတော့။ အသားဖြူဖြူ အရပ်မြင့်မြင့်၊ ခန့်ချောချောသော ကိုမောင်မောင်နှင့်ဆုံပြီးကတည်းက သူတို့အုပ်စု ဂနာမငြိမ်။

"ရုပ်ဆိုးတဲ့လူမှာလည်း ရည်းစားချောချောရှိတာ အံ့ရောပဲ"

"သူ့ရည်းစားကို ငါတောင်ကြိုက်ချင်ချင်ပဲ"

"ဒီလူ ဒီကို ခဏခဏလာရင် ငါ မိတ်ဆက်လိုက်တော့မယ်"

အပေါ်ထပ်မှ ဖြူဖြူသွယ်သွယ် အိဝင်းမွန်၏ ရယ်သံနှောသော အပြောအားလုံး တဖောဖောထောက်ခံ ရယ်မောသံ။ မြသက်ရည်၏ချုပ်တည်းနိုင်စွမ်းကို စမ်းသပ်နေလေသလားမသိ။ တစ်နေ့တစ်မျိုး မရိုးနိုင်။ သည်ကောင်မလေးက စပ်စလူး၊ ဟိုတယ်တစ်ခုမှ အဆိုတော်၊ လက်ရဲ၊ ဖက်ရဲ၊ မျက်ဝန်းကလည်း ကြာကြည့် ကြည့်တတ်သူ။ မောင့်ကို ဆွဲဆောင်မှုဖြင့် ....။

သည်လိုတွေးမိသည်နှင့် ရင်ထဲတင်းခနဲ မွန်းကျပ်သွားသည်။ မောင့်အစ်မ မတူမတန်ပြောခဲ့ခြင်းကြောင့် မောင့်ကိုရှောင်ခဲ့ပေမယ့် အိဝင်းမွန်လက်ထဲ အပါမခံနိုင်။ အသေအချာတွေးတော့ မောင့်ကို သူမ ချစ်နေသေးတာ အမှန်။

ရုံးပိတ်ရက်တစ်ရက်တွင် ကိုမောင်မောင်ရောက်လာသည်။ အငှားကားလေး ခြံဝထိုးရပ်သည်နှင့် ဆပ်စလူးအုပ်စု၏ မျက်နှာက ကိုမောင်မောင်ထံ ပြိုင်တူလှည့်သည်။ သူတို့ တစ်ယောက်တစ်ခွန်း နှုတ်ဆက်သည်။ ကိုမောင်မောင်ကလည်း ပြုံးတုံ့တုံ့နှင့်နှုတ်ဆက်သည်။ မြသက်ရည် အူနုကျွဲခတ်ပြီ၊ အံတင်းတင်းကြိတ်လျက် ခါးထောက်ကြည့်မိသည်။

အိမ်ထဲတွင် ကိုမောင်မောင်နှင့် စားသောက်၊ ရယ်မော၊ စကားတွေပြောလိုက်မှ မွန်းကျပ်မှုများ ပြေလျော့သွားသည်။ ကိုမောင်မောင်ပြန်တော့ ခြံဝထိလိုက်ပို့သည်။ အငှားကားပေါ်တက်သွားသည်အထိ ရပ်ကြည့်ပြီးမှ ခြံထဲပြန်ဝင်သည်။ ခြံဝတွင် မဲ့ပြုံးနှင့် ရပ်ကြည့်နေသော အိဝင်းမွန်နှင့် မျက်နှာချင်းဆိုင်ပြီး ...

"ဒီမှာ အိဝင်းမွန်၊ ငါ့အမျိုးသားကို ရောနှောဆက်ဆံတာ ငါမကြိုက်ဘူး။ သူနဲ့ရင်းနှီးအောင် မကြိုးစားနဲ့"

"အိုး .. ဒီလိုမပြောနဲ့လေ၊ ရှင်မကြိုက်ပေမယ့် သူက ကြိုက်ချင်ကြိုက်နေမှာပါ ..။ ကျွန်မက ပိုပြီးငယ်နုတယ်မလား။ ကျွန်မနဲ့ ရင်းနှီးချင်မှာပေါ့။ တစ်ခုတော့ရှိတယ်။ ရှင့်မှာ သူ့ကိုထိန်းထားနိုင်တဲ့ အရည်အချင်းတော့ ရှိဖို့လိုတယ်နော် .. ဟင်း .. ဟင်း"

မျက်ခုံးပင့်၊ မျက်လုံးဝင့်၍ မထီတရီစိန်ခေါ်နေသော အိဝင်းမွန်ကို သူမဆောင့်တွန်းလိုက်သည်။ ယိုင်လဲလုလုဖြစ်သွားသော အိဝင်းမွန်ကို ကျောခိုင်းထွက်ခဲ့သည်။ နောက်ကျောမှ အိဝင်းမွန်က လှမ်းအော်သည်။



"ကြည့်နေ .. ငါ့ဘက်ပါလာအောင်လုပ်ပြမယ်၊ ဟွန်း"

ခြိမ်းခြောက်သည့် အိဝင်းမွန်ကြောင့် မြသက်ရည်ရင်ထဲ ဒေါသဖြင့် သွေးများဆူဝေနေသည်။ ရန်ဖြစ်ချင်သလိုလို၊ နပန်းလုံးချင်သလိုလို၊ လူသတ်ချင်သလိုလို။ ဟုတ်သည်။ သူမ တစ်ယောက်ယောက်ကို သတ်ချင်နေပြီ။

(ဃ)

နှင်းတို့ သိပ်သိပ်သည်းသည်း ကျနေသည်။

လွတ်လပ်ရေးပွဲတော်ဖြစ်၍ ရပ်ကွက်တိုင်း ပျော်ပွဲရွှင်ပွဲ ကျင်းပနေ



www.burmeseclassic.com

ကြပြီ။ အပျိုမအုပ်စုလည်း ဝတ်ကောင်းစားလှနှင့် ခြယ်သပြင်ဆင်ထားကြသည်။ မီးသီးမီးပုံးများ သွယ်တန်းထားသည့် ခြံကျယ်ကြီးထဲတွင် သည်ည မီးပုံပွဲနွှဲကြလိမ့်မည်။

ခုတလော မြသက်ရည် အိပ်မက်မကောင်း။ ဇာတိမြို့၏ ပွဲတော်ညက အနိဋ္ဌာရုံကို မကြာခဏမြင်မက်နေ၏။ ကိုမောင်မောင်၏အစ်မ၊ ကြမ်းရှလှသော စကားသံ၊ ကိတ်မုန့်လှီးဓား၊ ရန်လိုသံ၊ အော်ဟစ်လဲပြိုသံ၊ ငိုကြွေးသံ၊ အကျဉ်းထောင်ကား ..။ အိပ်မက်ပြီးသန့်နီးတိုင်း ရင်ထဲပူလောင်နေဆဲ။ ထောင်ထွက်ဆိုသော နာမည်ဆိုးကြောင့် သူမ ကြမ်းတမ်းလာတာအမှန်။

"ရုပ်ကလည်းဆိုး၊ ဘဝကလည်းဆိုးတဲ့ ထောင်ထွက်မက မာန်တက်နေတာ"

ချောနွယ်၏နှိမ့်နှိမ့်ချချစကား။

"ငါ့အရည်အချင်းကိုပြမယ်၊ ဒီမိန်းမရဲ့ အရှုံးကိုမြင်ချင်တယ်"

အိဝင်းမွန်၏ ပြတ်တောက်တင်းမာသောစကား ...။

မြသက်ရည်နားဝသို့ ပူလောင်ခြင်းရှစွာ စီးဆင်းဖန်များပြီနော် ..။

မြသက်ရည် မအိပ်နိုင်၊ မစားနိုင်၊ စပ်စုမကို အနိုင်ရရန် တွေးတောကြံဆလျက် ဘယ်မှမထွက်တော့။ အခန်းအောင်း ငြိမ်သက်နေ၏။ တစ်ခါအရုံ ငုတ်တုတ်မှိုးအလင်း။ မွန်းကျပ်လောင်ပိတ်သည့် စိတ်ကစင့်ကလျားနှင့် မြသက်ရည် မပျော်နိုင်တော့။ တစ်ယောက်တည်း တီးတိုးပြောနေသောစကားလုံးများလည်း ထပ်နေပြီ။

မောင်..
အိပ်နေလိုက်တာ
တောင့်တောင့်ကြီး၊
အင်္ကျီ၊ ပုဆိုးတွေ
ဖရိုဖရဲ
ကြေမွတွန့်လိပ်လို့၊
ပါးစပ်မှာလည်း
အမြှုပ်တွေနဲ့
နစ်နစ်ခြိုက်ခြိုက်
အိပ်စက်နေပြီ
...

"ဟင်း .. ဟင်း .. မောင်နဲ့ မီးပုံပွဲမဆုံအောင် ကြံရမယ်။ အပျိုမအုပ်စုနဲ့ ရယ်မောပျော်ရွှင်တာ မမြင်ချင်ဘူး။ မောင်နဲ့ အိဝင်းမွန် ပျော်ရွှင်နေပြီဆိုတာနဲ့ မြသက်ရည်အရှုံးပဲ။ ဒီတော့ မီးပုံပွဲမစခင်ပြန်၊ မပြန်ရင် မြသက်ရည် အခန်းမှာ စောစောအိပ်၊ ဒါ မြသက်ရည်ရဲ့အမိန့်"

ပြောရင်းမှ တဟင်းဟင်းနှင့် ဖွဖွညင်သာရယ်နေသေးသည်။

မောင်ရောက်လာတော့ အပျိုမအုပ်စုနှင့် မီးလုံးများဝိုင်းသွယ်နေပြန်သည်။ မြသက်ရည် မုဒိတာမပွားနိုင်။ မုန့်စားပြီးပြီ၊ ပြန်ရန် အချိန်တန်ပြီဟုသူမ တတွတ်တွတ်ပြောသည်။

"မောင် စောစောပြန်နော် ..၊ ညဥ့်နက်မှဆိုရင် မကောင်းဘူး"

"ချာတိတ်မလေးတွေက မီးပုံပွဲနွှဲဖို့ ဖိတ်ထားတယ် မြလေးရဲ့"

"တော်စမ်းပါ .. ဒီဇရုတ်မတွေနဲ့ အရောမဝင်စမ်းပါနဲ့၊ ပြန်ပါတော့ မောင်ရာ"

မြသက်ရည်၏ အသံနှင့်ဟန်ကို အံ့သြစူးစမ်းသလိုကြည့်လျက် မောင်က -

"ဘာဖြစ်လို့လဲမြလေးရဲ့ ..၊ ချာတိတ်မလေးတွေ အားနာစရာကွာ"





www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူး၊ ဘာမှအားမနာနဲ့၊ သူတို့နဲ့ မပတ်သက်ချင်နဲ့ အဲဒါထောင်ချောက်ပဲ"

"လျှောက်မတွေးပါနဲ့မြလေးရယ် မောင်လည်း ခဏပဲနေမှာပါ။ ညဥ့်နက်အောင်မဇနေပါဘူး။ သူတို့လေးတွေပျော်အောင်ဖြည့်ဆည်းပေးရုံလေးပါကွာ"

ကိုမောင်မောင် ငြင်းဆိုနေသည်ကို မတုံ့ပြန်တော့ဘဲ သူမတွေဝေနေမိပြီ။ အိမ်ရှေ့ကွက်လပ်ကြီးတွင် မီးပုံပွဲဖန်တီးထား၍ လူများစုရုံး ဆူညံနေသည်။ ရောင်စုံခြယ်သ အလှပြင်ထားသည့် အိဝင်းမွန်က အကဲဆုံး။ မီးပုံပွဲမှဂီတာသံ။ အော်ဂင်သံ မြူးမြူးကြွကြွလွင့်ပျံ့ချိန်။ အိဝင်းမွန်က ကြွကြွရွရွဂါဝန်စတလွင့်လွင့်နှင့် ကနေပြီ။ ဝါးခနဲရယ်သံ၊ ဝေးခနဲ အော်ဟစ်သံကြောင့် ကိုမောင်မောင်တစ်ယောက် မီးပုံပွဲနားရောက်သွားသည်။ ချိုလွင်ကြည်မြသော အိဝင်းမွန်၏ သီချင်းသံအဆုံး ကိုမောင်မောင်အိတ်ထဲမှ ငွေစက္ကူအထပ်လိုက်ခုန်ထွက်သွားပြီ။ ဆုတော်ငွေကလည်း များလိုက်သည့်ဖြစ်ခြင်း။ အနားမှလက်တို့၍ခေါ်နေသော မြသက်ရည်ထံခေါင်းငုံ့ပြုံးပြ၍ လက်ကာပြသည်။ နေဦးဆိုသည့်သဘော။ အိုး ‥ သူ့မျက်ဝန်းကလည်း ရွှန်းလဲ့လို့ပါလား။ အိဝင်းမွန်၏ အောင်နိုင်သူအပြုံးနှင့် လှမ်းကြည့်သည်ကိုလည်း မြသက်ရည် မခံစားနိုင်။

"မောင် ‥ လာတော့။ ညစာစားကြမယ်။ မြလေး ဆာလှပြီ"

မြသက်ရည် အသံကိုထိန်းခေါ်သည်။ ထိုစဉ် ဆုချသူနှင့် စုံတွဲဆိုပါဟုချော၊နွယ်တို့အုပ်စုက တောင်းဆိုသည်။ တမင်ပွဲတောင်းလိုက်သော စပ်စုမအုပ်စုကြောင့် အိဝင်းမွန်က ကိုမောင်မောင်ထံ လက်ကမ်း၍ မနို့တရိုကြိုသည်။ ဟင့်အင်း ‥ မောင်နှင့် စုံတွဲမဆိုစေရ။ မြသက်ရည် မနှစ်မြို့နိုင်။ ဆူဝေလောင်မြိုက်သော နှလုံးသွေး၏တွန်းအားကြောင့် ကိုမောင်မောင့်လက်ကို ဆွဲခေါ်မိပြီ။

"လာ ‥ အခုပြန်မယ်။ ညစာစားပြီး စောစောအိပ်၊ မြလေးက သူတို့ထက် အရေးထားရမယ့်လူ"

ပြောပြောဆိုဆိုဖြင့် ကိုမောင်မောင့်လက်ကို ဆောင့်ဆွဲခေါ်ထုတ်ခဲ့တော့သည်။

(c)

မြသက်ရည်အခန်းတွင် လူများစုရုံးနေသည်။

ဘယ်သူ့ကိုမှမကြည့်ဘဲ မြသက်ရည် ငုတ်တုတ်ထိုင်နေဆဲ။ လဲလျောင်းသောအနေအထားဖြင့် ကိုမောင်မောင်ငြိမ်သက်နေသည်ကို ငိုင်တွေတွေကြည့်သည်။ ခေါင်းပုံတွေလည်း ရိုက်ကြသည်။ ရဲအရာရှိက မြသက်ရည်ကိုမေးခွန်းမေးပေမယ့် အဖြေမရ။ သူမပြောချင်သည်ကိုသာ တတွတ်တွတ်ပြောနေသည်။

"သူ စုံတွဲသီချင်းမဆိုဖြစ်အောင်ကျွန်မ အိပ်ခိုင်းထားတာပါ။ ဟိုကောင်မပေါ့။ မောင့်ကို ဖြားယောင်းနေတာ၊ ကျွန်မဆွဲခေါ်တော့ မြလေးသိပ်ရိုင်းတာပဲလို့ မောင်က မျက်ထောင့်နီနဲ့ပြောတာ၊ ဟိုကောင်မစိတ်မွန်နေတာလေ၊ အဲသလိုမျိုး ဟိုကောင်မဘက်ပါနေတာကိုကျွန်မအရှုံးဖြစ်ဇတော့မှာပေါ့။ ဒါကြောင့် မောင့်ကို အိပ်ခိုင်းထားတာ ဟင်း ‥ ဟင်း"

ပြောရင်းနှင့် မြသက်ရည်ပြုံးနေသည်။ သူမ မရှုံးသေးပါဘူးနော်။ ကြည့်ပါလား ‥၊ မောင်အိပ်နေလိုက်တာ တောင့်တောင့်ကြီး၊ အင်္ကျီ၊ ပုဆိုးတွေ ဖရိုဖရဲ ကြေမွတွန့်လိပ်လို့၊ ပါးစပ်မှာလည်း အမြှုပ်တွေနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေပြီ။

သူမ ‥ ဘယ်လိုများ နားချပြီး အိပ်စက်စေခဲ့ပါလိမ့်။ မောင့်ကို ‥ မောင့်ကို ‥‥

"ကဲ ‥ ကဲ ‥ ခေါ်မြသက်ရည်ကို တစ်ဖက်စီတွဲခေါ်ခဲ့ပါ"

အပျိုမတို့အုပ်စုက အံ့ဩထိတ်လန့်စွာ သူမကိုလှမ်းကြည့်နေကြသည်။ သူမက စောင်းငဲ့ကြည့်၍ ခပ်ရွဲ့ရွဲ့ ပြုံးပြလိုက်သည်။ အားလုံးကို အနိုင်ရသဖြင့် သူမ ကျေနပ်နေသည့်အပြုံးမျိုး။ အရှုံးကြီးရှုံးခြင်းဖြစ်ကြောင်း သူမ မတွေးတတ်တော့။ အချုပ်ကားရှိရာ ခြေလှမ်းတရွေ့ရွေ့လှမ်းစဉ် သူမချစ်သော ကိုမောင်မောင်ကို တဖွဖွမှာနေသေးသည်။

"မောင့်ကို မြလေးပိုင်တာနော်၊ သူတို့က လုချင်နေတာလေ၊ ဘယ်မလဲ မောင်ရဲ့၊ ညစာစားပြီးရင် မောင်မနိုးတမ်းအိပ်ပျော်သွားအောင် မြလေး စီစဉ်ထားပြီးသား ‥ ဒါမှ မောင့်ကို သူတို့မလုနိုင်မှာလေ"

မှုဝေခံစားလျက်
မိုးပန်းမွန်(ရာမ



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ပျံ ဒီပနီ

ရဂုံစံ ချစ်စရာတပည့်တို့မှာဖြင့်
ဦးအရဟံ သစ္စာကတိတွေနဲ့
ဂျွန်သရဏံ ဂစ္ဆာမိကြပေတော့

ဆရာကြီး သခင်ကိုယ်တော်မှိုင်း

# မင်းမဟာကျော်ခေါင်

# သံမဏိဂျွန်

ဇာတ်သိမ်းပိုင်း



www.burmeseclassic.com

အခန်း(၁၇)

သံမဏိဂျွန်

နံနက် ၃ နာရီ ..။

ပုလိပ်အဖွဲ့တစ်ခုလုံး မအိပ်ကြရဘဲ အခြေအနေကို စောင့်မျှော်အကဲခတ်နေကြရသည်။ တစ်ချက်ကလေးမှပင် အလစ်မပေးရဲ။ စခန်းချထားသည့် လယ်တဲကလေးမှာ ကွင်းပြင်ထီးထီးထဲတွင်ဖြစ်၏။ စစ်ရေးအမြင်နှင့်ကြည့်လျှင် လုံးဝလုံခြုံရေးအတွက် စိတ်ချရသည့်နေရာမျိုးမဟုတ်။ အရေးဟဲ့အကြောင်းဟဲ့ ဖြစ်လာလျှင် အကာအကွယ်ယူရန် ကန်သင်းရိုးကြီးကြီးပင်မရှိ။ သူတို့မှာပါလာသည့် ပုလိပ်အင်အားမှာလည်း ၁၀ ယောက်နှင့် သေနတ် ၁၀ လက်သာရှိ၏။ တကယ်၍ အင်နှင့်အားနှင့် လက်နက်အပြည့်အစုံဖြင့် ဝိုင်း၍ အတိုက်ခံရလျှင်တွေးရဲစရာပင်မရှိကြောင်း ခရိုင်ဝန်ကလေး ဦးမောင်မောင်လေး သဘောပေါက်သဖြင့် အခြေအနေကို သတိနှင့်စောင့်ကြပ်ကြည့်ရှုနေရလေသည်။

ထိုစဉ် ..

ဒေါင် .. ဒေါင် .. ဒေါင်

ရေတိုက်ရွာဘုန်းကြီးကျောင်းဆီမှ သံချောင်းခေါက်သံ သဲ့သဲ့ကြားရ၏။ ဦးမောင်မောင်လေး မျက်မှောင်ကြုတ်၍စဉ်းစားရင်း ..

"ဒီသံချောင်းခေါက်သံက ဘာသဘောလဲကွ ကိုချစ်ရဲ့"

"ကျွန်တော်လည်း မပြောတတ်ဘူး ဆရာ"

ဦးမောင်မောင်လေးက ဘစိန်ကို လှမ်းကြည့်လိုက်သည်။ ဘစိန်က တဲထရံကို မှီထိုင်ရင်း အိပ်ငိုက်နေ၏။ အပူအပင်အကြောင့်အကျရှိပုံမရ။ ဦးမောင်မောင်လေးက ဘစိန်ကို ခေါ်လိုက်သည်။

"ဟေ့ကောင် .. ဘစိန်"

"ဘာလဲဗျ၊ ခင်ဗျားကလည်းဗျာ လန့်လိုက်တာ"

ဘစိန်က အိပ်ငိုက်နေရာမှ အလန့်တကြားဖြစ်လျက် နေရာပြောင်းထိုင်၏။ မျက်စိကိုလည်း လက်နှင့်ပွတ်သပ်ရင်း ဦးမောင်မောင်လေးကို ကြည့်သည်။

"ဟေ့ .. ဘစိန်"

"ဘာလဲဗျ .. ဘာဖြစ်လို့ ကျုပ်နာမည်ကို ခင်ဗျား ခဏခဏ ခေါ်နေတာလဲ"

"ရေတိုက်ဘုန်းကြီးကျောင်းက သံချောင်းခေါက်တဲ့အသံ မင်းကြားတယ်မဟုတ်လား။ အဲဒါ ဘာလုပ်တာလဲ"

"ကျုပ်လည်း ဘယ်သိမလဲဗျာ"

"ခါတိုင်းရော ဒီအချိန်ရေတိုက်ဘုန်းကြီးကျောင်းက ဒီလို သံချောင်းခေါက်လေ့ခေါက်ထရှိသလား"

"အဲဒါတော့ ဒီလိုအိပ်ကောင်းတဲ့အချိန် ကျုပ်က တစ်ခါမှမနိုးဘူးလို့ မပြောတတ်ဘူးဗျာ"

ထိုအချိန်မှာပင် ..

"ဒူ .. ဟူ .. ဟူ .. ဒူ .. ဟူ .. ဟူ"

ဦးမောင်မောင်လေး ဆတ်ခနဲတုန်သွားသည်။

"ဟာ .. ဒါလည်း ရေတိုက်ရွာက မောင်းထုတဲ့အသံကွ။ ဘယ်နှစ်နာရီရှိပြီလဲဟေ့"

ဦးချစ်က သူ့နာရီကို မီးခွက် အလင်းရောင်ဖြင့် ငုံ့ကြည့်၏။

"မနက် ၄ နာရီထိုးပြီဆရာ"

ဦးမောင်မောင်လေးထံမှ မှတ်ချက်စကားသံထွက်ပေါ်လာ၏။

"ဒီမောင်းသံလည်း တော်တော်ထူးတာပဲကွ။ ဒီလူတွေ တစ်ခုခုလုပ်ဖို့ လူစုတာထင်တယ်"

"ရှမ်းအိုးစည်အက ကမလို့နဲ့ တူပါတယ်ဗျာ"

သည်တစ်ခါတော့ သူ့ကိုမည်သူကမျှမမေးဘဲ ဘစိန်က ရွဲ့ပြောခြင်းဖြစ်၏။ ဦးမောင်မောင်လေးက နှာခေါင်းရှုံ့လိုက်ရင်း ..

"ဟေ့ကောင် ဘစိန်၊ ဒါ နောက်စရာမဟုတ်ဘူး။ မင်း အသာအနေစမ်း"

ဘစိန်က ငြိမ်သွား၏။ ပတ်ဝန်းကျင်က တဒင်္ဂတိတ်ဆိတ်သွားပြန်၏။

အရှေ့ဆီမှ အရုဏ်ဦးသည် ပဲခူးရိုးမတောင်တန်းကြီးကိုကျော်၍ သံမဏိဂျွန်အရေးတော်ပုံတပ်သားတို့၏ ဘူမိနက်သန်မြေဖြစ်သော သာယာဝတီနယ်ကို သွေးရောင်ဖြင့် ဖြန်းပက်လုလု။

ဦးမောင်မောင်ကလေးက တစ်ခု သတိရသွားသည်။

"ကိုဘဦးနှင့် ကိုခင်မောင် ခဏလာဦး"

ပုလိပ်အင်စပက်တော် ဦးဘဦးနှင့် ဌာနအုပ်ဦးခင်မောင်တို့ အနီးလာရပ်၏။

"ရေတိုက်ရွာဖျားမှာ ရှမ်းအမျိုးသားဦးကေတုဆိုတာ ရှိတယ်ကွ။ သူ့မှာ လိုင်စင်နဲ့ကိုင်တဲ့ သေနတ်တစ်လက် ရှိတယ်။ ဒီသေနတ်က တို့ကို အန္တရာယ်ပေးလာနိုင်တယ်။ မလျော်လို့မသမာသူ



www.burmeseclassic.com

ဘွလက်ထဲရောက်သွားရင် ပြဿနာ ရှိနိုင်တယ်။ အဲဒီတော့ ဦးကေတုကို သွားခေါ်ခဲ့ကွာ။ သေနတ်နဲ့ယမ်းတောင့် အားလုံးလည်း သိမ်းခဲ့''

''ဟုတ်ကဲ့ ဝန်ကလေး''

''သြော် .. မင်းတို့သွားရင် ဘုန်းကြီးကျောင်းကို ဝေးဝေးက ကွင်းရှောင်သွားနော်။ မင်းတို့ကို ဘယ်သူမှမမြင်စေနဲ့''

''ဟုတ်ကဲ့ပါ ဝန်ကလေး''

ပုလိပ်အင်စပက်တော် ဦးဘဦးနှင့် ဌာနအုပ် ဦးခင်မောင်တို့နှစ်ဦး ဦးမောင်မောင်လေးကို ပြိုင်တူအလေးပြုပြီးနောက် တဲကလေးထဲမှ သုတ်သုတ်ထွက်သွားသည်။ ဦးမောင်မောင်လေးစိတ်ထဲမှာ တစ်ခုခု မတင်မကျဖြစ်နေ၏။ ပုလိပ်လုပ်လာခဲ့သည့်အတွေ့အကြုံများအရ အန္တရာယ်နံ့ကို သူရနေသလိုပင်။ ကြာမီ တစ်ခုခုဖြစ်တော့မည်ဟု သူ့စိတ်ထဲမှာ အလိုလိုသိနေ၏။

အချိန်မှာ နံနက် ၄ နာရီကျော်သာရှိသေးသဖြင့် ပတ်ဝန်းကျင်က မှောင်နေဆဲ။ သူတို့ရောက်နေသည့်နေရာမှာ စပါးစိုက်သည့် လွင်ပြင်ကျယ် ကွင်းထီးထီးအလယ်မှာဖြစ်သဖြင့် အရေးအကြောင်းရှိလျှင် အကာအကွယ်မဲ့နေ၏။

ဦးမောင်မောင်လေးသည် အင်စပက်တော်ဦးဘဦးနှင့် ဌာနအုပ်ဦးခင်မောင်တို့ပြန်လာမည့်လမ်းကို တကြည့်ကြည့်ဖြင့် စိတ်သောကရောက်နေ၏။ သူတို့ကို လွှတ်လိုက်တာ ငါ မှားများသွားပြီလားဟူ၍လည်း နောင်တရချင်သလိုလိုဖြစ်လာ၏။

ရောင်နီဦးသည် ရိုးမတောင်တန်းကြီးကို တွန်းကန်ကျော်ထွက်စပြုလာ၏။

အလင်းမှိန်မှိန်ကြားမှ တဲဆီ လှမ်းလာနေသည့် လူလေးယောက်၏ သဏ္ဍာန်ကို အဝေးဆီမှာ ရေးရေးမြင်ရ၏။

''ဟေ့ .. အားလုံး အသင့်ပြင်ကြ''

ဝန်ကလေး ဦးမောင်မောင်လေးက အားလုံးကို သတိပေးလိုက်ရင်း သူကိုယ်တိုင်လည်း ခြောက်လုံးပြူးသေနတ်ကို သေချာစွာ ကျည်စစ်လျက် အသင့်ပြင်သည်။

ရေးရေးမြင်ရသော လူလေးယောက်၏သဏ္ဍာန်က ပီပြင်သဲကွဲလာ၏။ ဦးဘဦးနှင့် ဦးခင်မောင်က ဦးကေတုနှင့် လူစိမ်းတစ်ယောက်ကို ညှပ်ခေါ်သည်။

''ဟေ့ .. တို့ဆီလာနေတာ ကိုဘဦးတို့ကွနော်။ လူမှားပြီး ပစ်လားခတ်လား မလုပ်မိကြစေနဲ့''

အားလုံး အသင့်အနေအထားမှ ဖြေလျှော့လိုက်ကြ၏။

ဦးဘဦးနှင့် ဦးခင်မောင်က ရေတိုက်ရွာသား ရှမ်းအမျိုးသားကြီး ဦးကေတုနှင့် တူတော်သူ မောင်ဖုန်းဆိုသူကို ခေါ်၍ တဲကလေးအတွင်းလှမ်းဝင်လာရင်း အလေးပြုသည်။

ဦးကေတုက မျက်နှာပျက်နေ၏။ ဦးမောင်မောင်လေးကိုပင် ရင်မဆိုင်ဝံ့ဘဲ မျက်နှာလွှဲထား၏။ ဦးမောင်မောင်လေးက မျက်နှာထားတင်းတင်းဖြင့် မေးသည်။

''ဘယ်မှာလဲ ဦးကေတု၊ ခင်ဗျား သေနတ်နဲ့ ယမ်းတောင့်တွေ''

''ကျုပ် .. ကျုပ်သေနတ်နဲ့ ယမ်းတောင့်နှစ်ဆယ့်ငါးတောင့် ညက ဂျွန်ခေါင်းဆောင် ဗိုလ်ဖိုးသစ်လာပြီးသိမ်းလို့ ပေးလိုက်ရပြီ''

''ဗျာ''

သူပုန်များလက်တွင် သေနတ်ရှိနေပြီဟု သိလိုက်ရသဖြင့် ဝန်ကလေး ဦးမောင်မောင်လေးနှင့် ပုလိပ်အဖွဲ့ဝင်များ အထိတ်တလန့်ဖြစ်ကြရတော့၏။ သူတို့ရင်ဆိုင်ရမည့်ပြဿနာမှာ ခန့်မှန်းထားသည်ထက်ပင် ပို၍ ခက်ခဲတော့မည်ဟု နားလည်လိုက်ကြပြီဖြစ်၏။

အမှောင်က တစစလွင့်ပျယ်သွားခဲ့ပြီ။

မိုးစင်စင်လင်းခဲ့ပြီဖြစ်၏။

ရေတိုက်ရွာဘက်မှထွက်၍ ဖုန်တထောင်းထောင်းထအောင် ချီတက်လာသည့်လူအုပ်ကြီး သူတို့ဆီ ဦးတည်လာနေသည်ကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ မြင်ရလေသည်။

တဲထောင့်မှာ ကုပ်ကုပ်ကလေးထိုင်နေသော ဘစိန်က ရုတ်တရက်ထရပ်လိုက်၏။ တစ်ညလုံး ရေငုံနှုတ်ပိတ်နေခဲ့သော ဘစိန်က ..

''အဲဒါ ခင်ဗျားတို့တတွေ တွေ့ချင်ပါတယ်ဆိုတဲ့ ဂျွန်တွေပေါ့ဗျာ။ ခုတွေ့ကြပြီမဟုတ်လား။ ကဲ .. ဘာလုပ်ကြမလဲ။ သတ္တိရှိရင်လုပ်ကြလေ''

''ဟာ .. ဒီကောင်ကွာ''

အားလုံးနှုတ်မှ အာမေဋိတ်သံတွေ ပြိုင်တူထွက်လာ၏။

ဘစိန်ကို စူးစူးရဲရဲကြည့်သော မျက်လုံးများအတွင်းမှလည်း မြားအစင်းပေါင်းများစွာ ထွက်လာသကဲ့သို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ တစ်ညလုံးမေးနေတုန်းက မင်းမသိဘူးဆိုကွ။ ကြားလည်း မကြားဖူးဘူးဆို။ အခုကျမှ အဲဒါ ဂဠုန်တွေတဲ့လားကွ။ ငါလုပ်ရရင် မင်းသေတော့မှာပဲ ဘစိန်ရာ ‥ ကဲ"

ဝန်ကလေး ဦးမောင်မောင်လေး ဒေါသကို အနိုင်နိုင်ထိန်းထားသည့်ကြားမှ ဘစိန်ခေါင်းကို လက်ထဲမှ သေနတ်ဒင်နှင့် ခပ်ဆဆထုရိုက်မိသွား၏။

ခွပ်ခနဲအသံထွက်လာသော်လည်း ဘစိန်က တစ်ချက်ကလေးမျက်နှာမပျက်။

"ဆရာ ‥ ဆရာ ‥ ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ သူတို့လက်ထဲမှာ သေနတ်တွေနဲ့ဗျ။ ကျွန်တော်တို့ဒီမှာရှိတာ သိနေပုံပဲ"

ဦးမောင်မောင်လေး အံကြိတ်လျက် ‥

"လာရဲရင် လာကြပစေပေါ့ကွာ။ ချရမှာပေါ့ ‥ ကဲ ‥ ဟေ့ အားလုံးနေရာယူကြ"

ပုလိပ်အားလုံး လယ်ကန်သင်းများကို အကာအကွယ်ယူ၍ ဝပ်နေလိုက်ကြ၏။

ဦးမောင်မောင်လေး အစီရင်ခံစာတိုလေး အမြန်ရေး၍ ရာဇဝတ်အုပ်ဟာမက်အား ပေးပြီးလျှင် ‥

"ခရိုင်ရာဇဝတ်ဝန်ကြီးကို အစီရင်ခံစာသွားပေး၊ ရတဲ့နေရာက မြင်းတစ်ကောင်ယူပြီး အမြန်ရောက်အောင်သွားရမယ်။ ဒါပဲ ‥ သွားတော့"

ရာဇဝတ်အုပ် ဟာမက်က တဲအနောက်ဘက်သို့ အကာအကွယ်ယူ၍ သာယာဝတီမြို့ဆီ ဦးတည်ပြေးထွက်သွား၏။ ထိုအချိန် ‥

"ဂဠုန် ‥ ဂဠုန် ‥ ချ ‥ ချ"

"ဂဠုန် ‥ ဂဠုန် ‥ ချ ‥ ချ"

ဂဠုန်တပ်သားများက သံပြိုင်ဟစ်ကြွေး၍ တက်လာကြ၏။ ဦးမောင်မောင်လေးက ဦးချစ်ဘေးမှ ပြေး၍ မှောက်ချလျက် နေရာယူလိုက်သည်။

"ငါ အရင်ပစ်မယ်ဟေ့၊ ငါ့သေနတ်သံကြားမှ မင်းတို့ပစ်"

"ဂဠုန် ‥ ဂဠုန် ‥ ချ ‥ ချ"

"ဂဠုန် ‥ ဂဠုန် ‥ ချ ‥ ချ"

မနက် ၈ နာရီခန့်ရှိပြီဖြစ်၏။

သံမဏိဂဠုန်တပ်သားများလက်ထဲမှ ဓားများက တက်သစ်စနေရောင်တွင် ဖျန်းဖျန်းလက်နေ၏။ ဂဠုန်များ၏ ကြွေးကြော်သံများမှာ ကြားရသူတိုင်း သည်းအူတုန်မျှ ထိတ်လန့်ကြရ၏။

ရင်ဘောင်တန်း၍ မားမားမတ်မတ်ရပ် ရင်ကော့တက်လာသော ဂဠုန်အဖွဲ့သားများအား အကျအနချိန်၍ ဦးမောင်မောင်လေး သေနတ်မောင်းကို ဖြုတ်ချလိုက်သည်။

ချပ် ‥

ချပ် ‥

"ဟာ ‥ ငါ့သေနတ် ကျည်မထွက်ဘူးဟေ့။ ဒီအကောင်တွေ အောက်လမ်းပညာနဲ့ ဂမ္ဘီရနည်းတွေ သုံးထားပြီထင်တယ်"

ပစ်ဟေ့ ‥ ပစ် ‥ ပစ်

ဦးမောင်မောင်လေးက အသံကုန်ဟစ်၍ ပစ်မိန့်ပေးလိုက်၏။

ဒိုင်း ‥ ဒိုင်း

"ဂဠုန် ‥ ဂဠုန် ‥ ချ ‥ ချ"

ညာသံပေး၍ ဝက်ခေါင်းထိုးတက်လာသော သံမဏိဂဠုန်တပ်သား အားလုံး လုံးဝမမှု။

ဖားရွှေကျော်သူကြီး ဦးထွန်းလှက တစ်စခန်းထလာ၏။

"ကျုပ် ‥ ကျုပ် ‥ အစက မပြောဘူးလားဗျ။ ခုတော့ မျက်မြင်တွေ့ကြပြီမဟုတ်လား။ ဘယ့်နှယ့်လုပ်ကြမလဲ။ ကျုပ် အရေးပိုင်ကို သွားပြောမယ်"

ဦးထွန်းလှက တုန်တုန်ရီရီဖြင့် စကားနာထိုး၏။

ဦးမောင်မောင်လေး သည်းမခံနိုင်တော့ ‥

"ခင်ဗျား သွားပြောချင်သပဆိုရင်လည်း သွားပြောချေ။ ဒါပေမဲ့ ခင်ဗျားသေနတ်နဲ့ ယမ်းတောင့်တွေကို တော့ထားခဲ့"

သူကြီးဦးထွန်းလှသည် သေနတ်နှင့်ယမ်းတောင့်စလွယ်ကို ပစ်ချထားခဲ့လျက် တိုက်ပွဲနှင့်ဝေးရာဆီသို့ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလေ၏။

ဒိုင်း ‥ ဒိုင်း ‥ ဒိုင်း

ဂဠုန်တပ်ဖွဲ့များဆီမှ သေနတ်သုံးလက်ဖြင့် ပစ်ခတ်သည်။ ပုလိပ်များဘက်မှလည်း ပြန်လည်ပစ်ခတ်၏။

တိတ်ဆိတ်ငြိမ်သက်နေသော လယ်သမားတို့၏ ရိတ်သိမ်းပြီး ရိုးပြတ်လယ်တောကြီးတစ်ခုလုံး သေနတ်သံများဖြင့် သဲသဲညံသွားခဲ့၏။

ပုလိပ်များဘက်မှ စာသင်ဦးသာဟန်၏ လက်မောင်းကို ဂဠုန်တပ်သားများ၏ သေနတ်ကျည်ဆန်ထိမှန်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဂျွန် ‥ ဂျွန် ‥ ချ ‥ ချ"

"ချကြဟေ့ ‥ သတ်ကြဟ ‥ သတ် ‥ ကြ"

ဖုန်ထောင်းထောင်းကြားမှာ တိုက်ပွဲက ပြင်းထန်ခဲ့၏။ ဂျွန်တပ်ဖွဲ့ဝင်များက ရှေ့သို့ တစ်လှမ်းချင်းတိုးလာ၏။ ဂျွန်တပ်သားများ၏ သံမဏိစိတ်ဓာတ်ဖြင့် တက်ကြွစွာတိုက်ပွဲဝင်နေသလောက် ပုလိပ်တပ်ဖွဲ့ဝင်များဘက်မှ သွေးပျက်စပြုလာ၏။

ဂျွန်တပ်၏ စစ်ဦးတွင် ရှမ်းသိုင်းကွက်နင်း၍ ဓားကို ဝင့်ကာဝင့်ကာ မားမားကြီးချီတက်လာသော တပ်သားတစ်ယောက်ကို ပုလိပ်များမြင်ကြရသဖြင့် ကြက်သီးမွေးညင်းများပင် ထကြ၏။

ဦးမောင်မောင်လေးသည် ဘေးမှ ဦးကိုကိုကြီးကို မေးလိုက်သည်။

"အဲဒါ အခုနက ဟိုရှမ်းကြီး ဦးကေတုနဲ့ ပါလာတဲ့ တူဆိုတဲ့ကောင် မဟုတ်လား"

"ဟုတ်တယ် ဆရာ၊ အဲဒီ ရှမ်းနာမည်က မောင်ဖုန်းတဲ့။ အခြေအနေ မကောင်းတော့ဘူး ဆရာ။ သူတို့အဖွဲ့တွေထဲမှာ ဗမာတွေကော၊ ရှမ်းတွေကော၊ ကရင်တွေကော လူမျိုးစုံပါတယ်။ ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ ဆရာ"

မကြောက်မရွံ့ တစ်ချက်ကလေး နောက်တွန့်မှုမရှိဘဲ ဘီလူးတွေ၊ သရဲတွေလို သေနတ်နှင့် တဒိုင်းဒိုင်းပစ်ခတ်နေသည့် သူတို့ပုလိပ်တွေဆီ ချီတက်လာနေသည့် ဂျွန်တပ်ဖွဲ့ဝင်များအား ဗြိတိသျှနယ်ချဲ့သမားများ၏ လက်ပါးစေအခိုင်းခံ ပုလိပ်တပ်ဖွဲ့ဝင် ပုဆိန်ရိုးများမှာ ရင်ဆိုင်ရန် မဝံ့ရဲကြတော့။



ဦးမောင်မောင်လေးဆိုလျှင် အကြောက်လွန်၍ အသားတွေပင် တဆတ်ဆတ်တုန်လာ၏။ နှုတ်မှလည်း အလျှင်စလိုအမိန့်သံ လွှတ်ခနဲထွက်လာတော့၏။

"တို့ဆုတ်မှ ဖြစ်မယ်ဟေ့ ‥ ဆုတ် ‥ ဆုတ်ကြ"

ပုလိပ်တပ်သားများ အလဲလဲအကွဲကွဲဖြင့် အတင်းထ၍ ပြေးကြ၏။ အမှန်မှာ ဦးမောင်မောင်လေးထံမှ ဆုတ်မိန့်မပေးမီမှာပင် ပြေးသည့်ပုလိပ်များ ပြေးကြပြီဖြစ်၏။

သွေးပူနေပြီဖြစ်သောဂျွန်အဖွဲ့သားများကလည်း ဓားတဝင့်ဝင့်ဖြင့် အတင်းဖိလိုက်ကြသည်။ တွေ့သမျှ လက်လှမ်းမီသမျှကို ခုတ်ကြသည်။ သာယာဝတီမြို့၏ အရှေ့မြောက်ဘက်ရှိ လယ်ကွင်းများထဲရှိ ဝါးရွှေနေသည့် ရိုးပြတ်တောထဲတွင် သွေးစက်တွေ စွန်း ထင်းသွားခဲ့ပြီဖြစ်၏။

ဒဏ်ရာရသူများကိုတွဲ၍ အရှက်မဲ့စွာဆုတ်ခွာထွက်ပြေးနေကြသော ဗြိတိသျှအခိုင်းခံပုဆိန်ရိုးများအားတွေ့ရာသချိုင်းဓားမဆိုင်းဘဲ အတင်းဖိတိုက်ခဲ့သော ဂျွန်တပ်ဖွဲ့ဝင်များ၏ သူရသတ္တိနှင့် သံမဏိစိတ်ဓာတ်ကိုဤ ဖားရွှေကျော်တိုက်ပွဲက မှတ်ကျောက်တင်ခဲ့၏။

နယ်ချဲ့၏မတရားဖိနှိပ်မှုအောက်မှ ရုန်းကြွတော်လှန်ခဲ့သော ဗမာ၊ ကရင်၊ ရှမ်းစသည့် တောင်သူလယ်သမားအရေးတော်ပုံဂျွန်တပ်သားတို့အတွက် ဖားရွှေကျော်တိုက်ပွဲသည်



www.burmeseclassic.com

မော်ကွန်းဝင်တိုက်ပွဲပင်ဖြစ်ပါသတည်း။

ဘုန်း ...

ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာရေးနီးသည် ရာဇဝတ်အုပ်ဟာမက်ထံမှရရှိသည့် စာတိုကလေးကို ဖတ်ကြည့်ရင်း ဒေါသဖြစ်လွန်းသဖြင့် စားပွဲကို လက်ဝါးဖြင့် ရိုက်လိုက်သည်။ ဗုံးတစ်လုံးပေါက်ကွဲသွားသလို ဝုန်းဒိုင်းကျဲသွား၏။ စာတိုကလေးမှာ ရာဇဝတ်ဝန်ကလေး ဦးမောင်မောင်လေး အလျင်စလို ရေးသားပေးပို့ခဲ့သောစာဖြစ်၏။ စာထဲတွင် ကျွန်တော်တို့ပုလိပ်အဖွဲ့နှင့် တောင်သူလယ်သမားအရေးတော်ပုံဂျုန်တပ်ဖွဲ့ဝင်များ ဖားရွှေကျော်ရွာအနီးတွင် ယနေ့နံနက် ၇ နာရီကျော်အချိန်ခန့်က ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားသည်ဟု ပါရှိလေသည်။

ရာဇဝတ်ဝန်ကြီး မစ္စတာရေးနီး ဒေါသလည်းဖြစ်သည်။ အံ့လည်းအံ့သြသည်။ မခံမရပ်နိုင်အောင်လည်း ဖြစ်၏။

"ဒီ ဘာမဟုတ်တဲ့ ကျေးကျွန်တွေက ငါတို့နေမဝင်အင်ပါယာအရှင်သခင် ဗြိတိသျှအစိုးရကို လက်နက်စွဲကိုင်ပြီး အံတုတယ်ဆိုတာ တော်တော်မိုက်မဲရာကျတာပဲကွ"

စာလာပို့သော ပုလိပ်ရာဇဝတ်အုပ် ဟာမစ်မှာ ရာဇဝတ်ဝန်ကြီး မစ္စတာရေးနီးကိုကြည့်ရင်း ကြောက်လာသည်။ နဂိုက အသားဖြူသည့် ဗြိတိသျှလူမျိုးမစ္စတာရေးနီး၏ မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖတ်ဖြူရော်ကြီးဖြစ်နေ၏။ ပြာလဲ့လဲ့မျက်လုံးများမှာလည်း ဒေါသကြောင့် မီးခိုးမီးလျှံတွေ ပန်းထွက်မလောက်ပင်။ နှုတ်မှလည်း မိုးချုန်းသံတမျှ ပြင်းထန်လှသော အသံနက်ကြီးဖြင့် ..

"ဟော့ကောင် .. ဟာမစ်"

"ဗျာ .. ဟုတ် .. ဟုတ်ကဲ့၊ အမိန့်ရှိပါ သခင်ကြီး"

ပုလိပ်ရာဇဝတ်အုပ် ဟာမစ်က ကြောက်ကြောက်လန့်လန့်ဖြင့် ဗလုံးဗထွေး တုန်တုန်ယင်ယင်ပြောလိုက်ခြင်းဖြစ်၏။ မစ္စတာရေးနီးက မေးခွန်းတစ်ခုထုတ်လာပြန်၏။

"အဲဒီသူပုန်တွေ လူအင်အားဘယ်နှစ်ယောက်လောက်ရှိသလဲကွဟင်"

"နှစ်ရာသုံးရာလောက်ရှိမယ်လို့ထင်ပါတယ် သခင်ကြီး"

"ဘာကွ"

မစ္စတာရေးနီးထံမှ ပေါက်ကွဲသံကြီး ထွက်လာပြန်၏။

"အဲဒီတိုက်ပွဲမှာ မောင်မင်းကိုယ်တိုင်ပါတယ် မဟုတ်လား"

"ဟုတ် .. ဟုတ်ကဲ့ပါ .. ပါတယ် သခင်ကြီး"

"ဒါနဲ့တောင် မောင်မင်းက ၂၀၀ ၃၀၀ လောက်ရှိမယ်ထင်လို့ ပြောရဲသေးတယ်။ မင်း သေချာခန့်မှန်းပြီး အတိအကျပြောတာမဟုတ်ဘူးပေါ့လေ"

"ကျ .. ကျွန်တော်မျိုးလည်း ကြောက်ကြောက်နဲ့ပြေးခဲ့ရတာဆိုတော့ သေချာမကြည့်ရဲလို့ မကြည့်ခဲ့ရပါဘူး သခင်ကြီး"

"တောက် .. ခွေးမသား ဟာမစ် .. အရူး .. ဖတ်(စ်)"

မစ္စတာရေးနီး အသားတဆတ်ဆတ်တုန်အောင် ဒေါသဖြစ်လာသဖြင့် ဆဲသံနှင့်အတူ ..

"ဒီ ဓားပြလူဆိုးတွေ ဘယ်သူ့အားကိုးနဲ့ အခုလို တော်လှန်တယ်ဆိုတာကိုကော မင်းတို့သိရပြီလား"

"ခေါင်းဆောင်တဲ့လူကိုလည်း ကျွန်တော်တို့ သေချာမသိရသေးပါဘူး သခင်ကြီးရယ်။ ကျွန်တော်မျိုးတို့က ရောက်တာ ညဉ့်နက်မှ ရောက်ပြီး မနက်အစောကြီး တိုက်ပွဲဖြစ်လို့ ပြန်ပြေးခဲ့ရတာဆိုတော့ သတင်းအတိအကျလည်း မရခဲ့ပါဘူး"

မစ္စတာရေးနီး အံကြိတ်သည်။

"မင်းကို မေးရတာ ဘာတစ်ခု ရေရေရာရာသိတယ်ဆိုတာမရှိဘူး။ မင်း အလကားကောင်ပဲကွ။ စိတ်ပျက်စရာတော်တော်ကောင်းတယ်။ မင်း .. ထွက်သွားစမ်း .. Get Out"

မစ္စတာရေးနီးက လက်ညှိုးငေါက်ငေါက်ထိုး၍ ဟာမစ်ကို မောင်းထုတ်လိုက်သည်။ ဟာမစ်ခမျာ မပြေးရုံတမယ်ခြေလှမ်းများဖြင့် ရုံးခန်းအပြင် သုတ်ခြေတင်ထွက်သွား၏။

မစ္စတာရေးနီး ကုလားထိုင်နောက်မှီကို စိတ်ပျက်လက်ပျက်မှီလိုက်ရင်း မျက်စိစုံမှိတ်လျက် ဘာလုပ်ရမည်ကို တွေးသည်။ သက်ပြင်းမောကိုလည်း ရှိုက်ထုတ်၏။ သူ့စိတ်တွေ ချောက်ချားနေသည်။ သာယာဝတီခရိုင်မြို့ကြီးကို သူပုန်များက အကယ်၍ ဝန်းရံလာပါက မြို့တွင်ရှိသည့် ပုလိပ်အင်အားဖြင့် ခုခံနိုင်ပါမည်လားဟူ၍လည်း တွေးမိသဖြင့် ဆောက်တည်ရာမရဖြစ်လာ၏။ မစ္စတာရေးနီးက တစ်

www.burmeseclassic.com

ခုခုတော့ အချိန်မီလုပ်မှရမည်ဟု၍ လည်းတွေးရင်း စိတ်ကူးရလာသဖြင့် ..

"ဟေ့ .. တစ်ယောက်လာစမ်း"

ခရိုင်ရာဇဝတ်ဝန်ကြီးရုံးမှ ရုံးအုပ်ကြီးအခန်းတွင်းဝင်လာ၏။

"အမိန့်ရှိပါ သခင်ကြီး"

"တို့မှာ အသင့်အသုံးပြုနိုင်မယ့် ပုလိပ်အင်အား ဘယ်လောက်ရှိသလဲ"

"စစ်ပုလိပ်အင်အား ၂၀ ရှိပါတယ် သခင်ကြီး"

ရာဇဝတ်ဝန်ကြီး စိတ်ပျက်ရပြန်၏။ ယခုလို အရေးဟဲ့ အကြောင်းဟဲ့ ဖြစ်လာသောအခါ သာယာဝတီလို ဗြိတိသျှအစိုးရ ရုံးစိုက်ရာ ခရိုင်မြို့ကြီးကို ကာကွယ်ဖို့ ပုလိပ်အင်အား ၂၀ သာရှိသည်ဆိုခြင်းမှာ စိတ်ပျက်စရာကောင်းလှသည်။ မတတ်နိုင်တော့ ရှိသမျှအင်အားဖြင့်ပင် ခုခံကာကွယ်ရတော့မည်မို့။

ရိုင်ဖယ်တွေနဲ့
တဒိုင်းဒိုင်း
ပစ်ခတ်နေတာကိုလည်း
အကာအကွယ်မယူဘဲ
ရင်ကော့တက်လာပြီး
ဓားနဲ့ဝင်ခုတ်တယ်။
သေနတ်နဲ့ပစ်နေတဲ့
ပုလိပ်တွေ ကြာတော့
သွေးပျက်လာတယ်
...

"ဒီမှာ .. ငါပြောတာကို သေချာနားထောင်၊ ရှိနေတဲ့ စစ်ပုလိပ်အင်အား ၂၀ ကို ၁ နာရီအတွင်း တိုက်ပွဲဝင်ဖို့အသင့်ပြင်ခိုင်း။ ခွေးမသားသူပုန်တွေ ငါကိုယ်တိုင် အဲဒီရွာတွေသွားပြီး သတ်မယ်"

ရုံးအုပ်ကြီး အခန်းထဲမှ ပြေးထွက်သွား၏။

မကြာမီ ဂျူန်တို့၏ တိုက်ပွဲခေါ်သံကို ရင်ဆိုင်ရပေမည်။

အခန်း(၁၈)

ဖားရွှေကျော်တိုက်ပွဲမှသည်

အလံတောင် ..

တော်သူလယ်သမားအရေးတော်ပုံဂဠုန်တပ်ဖွဲ့ဝင်များ၏ ဌာနချုပ်စခန်းတွင် သူရဲကောင်းပီသစွာ တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရသော(က)ဂဠုန်တပ်သား ကိုအောင်ထွန်းအမည်ရှိ ဂဠုန်တပ်သားအား တောင်ခြေတစ်နေရာတွင် ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ပေးရန် ပြင်ဆင်ကြ၏။

အရေးတော်ပုံတပ်သားတို့ဘက်တွင် ဒဏ်ရာရသူများရှိသော်လည်း ကိုအောင်ထွန်းတစ်ယောက်သာ ကျဆုံးသည်။ ကိုအောင်ထွန်းသည် ၄က်ကြီးတောင်ဓားကို လက်က ဆုပ်ကိုင်၍ ပြောင်မြောက်သောသတ္တိဖြင့် ဂဠုန်တပ်ဦးမှ ချီတက်တိုက်ပွဲဝင်ခဲ့သူဖြစ်၏။

ကိုအောင်ထွန်း၏ တိုက်ပွဲဝင်စိတ်ဓာတ်ဖြင့် ရဲဝံ့စွန့်စားသော သူရသတ္တိကို အားလုံးမျက်မြင်ဖြစ်၏။ ကျဆုံးသူ ကိုအောင်ထွန်းသည် အဖိနှိပ်ခံ တောင်သူလယ်သမားများ၏ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးတိုက်ပွဲတွင် ပထမဆုံး သွေးမြေကျခဲ့ရသော သူရဲကောင်းဖြစ်၏။ အားလုံးအတွက် ကိုအောင်ထွန်းသည် စံပြနမူနာပြခဲ့သူ။

အသက်ပေးသွားရှာသော ကိုအောင်ထွန်းအတွက် ဘဝတူ ဂဠုန်တပ်ဖွဲ့ဝင်များ ကြေကွဲမဆုံးအောင်ပင် နာကျင်ခံစားကြရ၏။ လက်သီးကျစ်ကျစ်ဆုပ်၊ အံတင်းတင်းကြိတ်၍ ကိုအောင်ထွန်းအလောင်းကို မြေချရင်း မျက်ရည်ကျကြ၏။

ကိုအောင်ထွန်းလိုပင် တောင်သူလယ်သမားအရေးတော်ပုံကြီးအား အသက်စွန့်တိုက်ပွဲဝင်သွားကြမည်ဖြစ်ကြောင်း အားလုံးအဓိဋ္ဌာန်ပြုကြ၏။ အလံတောင်ခြေတွင် တက်ခေါက်သံ၊ အံကြိတ်သံများ ပေါက်ကွဲစီးမျောနေ၏။

ဝ ဝ ဝ

ရာဇဝတ်ဝန်ကြီး မစ္စတာရေးနီးက တန်းစီထားသော လက်နက်ကိုင်စစ်ပုလိပ် ၂၀ ကို နောက်ဆုံးစစ်ဆေးပြီးနောက် ထွက်ခွာရန် အသင့်ရပ်ထားသည့် လော်ရီကားကြီးပေါ်သို့ တက်ဖို့အမိန့်ပေးတော့မည် ဆဲဆဲတွင် ပုလိပ်ကျောင်းအုပ် ရာဇဝတ်အုပ်ဦးချစ်ရောက်လာလေ၏။

ဦးချစ်က ဝန်ကြီးကို ခွပ်ခနဲအသံမြည်အောင် ဖနောင့်ချင်းဆော်၍ အလေးပြုလိုက်၏။

"မောင်ချစ် .. မောင်မင်း .. အခု ဒီကို ဘာလာလုပ်တာလဲ"

"ဝန်ကလေးက အစီရင်ခံစာပို့ခိုင်းလို့ လာတာပါ ဝန်ကြီး"

ဦးချစ်က ဦးမောင်မောင်လေးရေးသားပေးပို့သည့် အစီရင်ခံစာကို ပေးလိုက်သည်။ မစ္စတာရေးနီးသည်



www.burmeseclassic.com

www.burmeseclassic.com


ချက်ချင်း စာကိုဖောက်ဖတ်၏။ အစီရင်ခံစာကိုဖတ်ပြီးလျှင်ပြီးချင်း မစ္စတာရေးနိုးက ဦးချစ်ကို မျက်ထောင့်နီကြီးဖြင့်ကြည့်လျက် ..

"မောင်ချစ် .. မောင်မင်းဒဏ်ရာရတဲ့လူတွေကို ဆေးရုံလာပို့တာလား"

"ဟုတ်ပါတယ် ဝန်ကြီး"

"သူတို့အခြေအနေဘယ်လိုလဲ"

"ကျွန်တော်တို့ဘက်က ၅ ယောက် ဒဏ်ရာရပါတယ်။ အခု ကျွန်တော် ခရိုင်ဆေးရုံကြီးကို ပို့ပေးပြီး မကြာဘူး၊ စာသင်ဦးသာဟန်ကတော့ ဆုံးသွားပါတယ်။ ကျန်တဲ့လူတွေကိုတော့ အတွင်းလူနာအဖြစ် ဆေးရုံတင်ခဲ့ရပါတယ် ဝန်ကြီး"

မစ္စတာရေးနိုး၏ ဒေါသမျက်နှာကြီးက ကြမ်းတမ်းခက်ထန်လာခဲ့၏။

"အခု မောင်မောင်လေး ဘယ်မှာလဲ"

"ဝွေးချောင်း ဂရုံထဲမှာ ပုလိပ်တပ်ဖွဲ့နဲ့အတူ စခန်းချရင်း ဝန်ကြီးအမိန့်ကို စောင့်နေပါတယ်"

"ဒါဆိုရင် တို့သွားမယ်"

မစ္စတာရေးနိုးသည် စစ်ပုလိပ် ၂၀ နှင့်အတူ ဝွေးချောင်းဂရုံဆီ ဦးတည်လေ၏။

၆ ၆ ၆

အလံတောင်ထိပ် ဂဠုန်တပ်ဖွဲ့ ဌာနချုပ်။

နယ်မြေထောက်လှမ်းရေးတာဝန်ခံ စံလှသည် ဌာနချုပ်အတွင်း သုတ်သုတ်ဝင်လာလေ၏။ ဗိုလ်ဖိုးစောက ဆီး၍မေးသည်။

"ဘာထူးခဲ့လဲ စံလှ"

"ဒဏ်ရာရတဲ့ကောင်တွေကို ဒီပုလိပ်တွေသယ်ပြီးပြေးတာ သာယာဝတီပြန်ရောက်သွားပြီ ဗိုလ်မင်း။ မြို့ထဲကို ရပ်ဖျက်ပြီး ကျွန်တော်ဝင်စုံစမ်းတော့ ဆေးရုံကို ဒဏ်ရာရထားတဲ့ လူနာ ၅ ယောက် ရောက်လာတယ်လို့ ပြောတယ်"

"မင်း မြို့ထဲလျှောက်ပြီး ဟိုမေးဒီမေး လုပ်တာလား"

"မဟုတ်ပါဘူး ဗိုလ်မင်း၊ မြို့ထဲမှာ မိတ်ဆွေတစ်ယောက်ရှိတယ်။ သူ့နာမည်က ဦးသန်းအောင်တဲ့။ ကျောင်းဆရာတစ်ယောက်ပါ။ ယုံကြည်စိတ်ချရတဲ့၊ ကျွန်တော်တို့ကိုလည်း အပြည့်အဝထောက်ခံတဲ့ မျိုးချစ်တစ်ဦးပါ ဗိုလ်မင်း၊ သူက ပြောတယ်။ ဆေးရုံရောက်လာတဲ့ ပုလိပ်ငါးယောက်ထဲက တစ်ယောက်သေသွားပြီတဲ့ ဗိုလ်မင်း"

ဗိုလ်ဖိုးစောမျက်လုံးများထဲမှာ ကျေနပ်မှုကြောင့် အရောင်လက်သွား၏။

"ပုလိပ်တွေရဲ့ လှုပ်ရှားမှုကရော"

"ဝွေးချောင်းဂရုံထဲမှာ လူစုနေကြတယ် ဗိုလ်မင်း။ မကြာခင် ကျွန်တော်တို့ကို သူတို့ ထိုးစစ်ဆင်လိမ့်မယ်လို့ ယူဆရတယ်"

ဗိုလ်ဖိုးစောက ခေါင်းကိုဆတ်ခနဲ ညိတ်လျက် ..

"လာပလေ့စေ၊ တို့ကလည်း သူတို့ကို တွေ့ချင်နေကြတာပဲ။ (က)ဂဠုန်တပ်ဖွဲ့ဝင်အားလုံး ဓားသွေးပြီး စောင့်နေမယ်"

၆ ၆ ၆

သာယာဝတီဝွေးချောင်းဂရုံ ..

အလယ်ရှိမတောင်တန်းကြီးကို အဝေးဆီတွင် ညိုပြာစိမ်းလဲ့စွာမြင်ရ၏။

ရာဇဝတ်ဝန်ကြီး မစ္စတာရေးနိုးက လက်ကိုနောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ..

"ဟေ့ကောင် မောင်မောင်လေး"

"ဟုတ်ကဲ့ .. အမိန့်ရှိပါဝန်ကြီး"

"အခု .. ငါခေါ်လာတဲ့ ပုလိပ် ၂၀ နဲ့ မင်းဆီက ကျန်တဲ့အင်အား ပေါင်းပြီး ချက်ချင်း အဲဒီဂဠုန်ဆိုတဲ့ မလောက်လေးမလောက်စား ဓားပြတွေကို ငါသွားသတ်မယ် .. မင်းပါ လိုက်ခဲ့"

ဦးမောင်မောင်လေးက ခေါင်းခါသည်။

"မဖြစ်ပါဘူး ဝန်ကြီး။ ဂဠုန်တပ်သားတွေက စိတ်ဓာတ်အရမ်းတက်ကြွနေတယ်။ သတ္တိလည်းရှိကြတယ်။ တိုက်ပွဲဝင်ရင်း အသေခံဖို့ ဆုံးဖြတ်ထားခဲ့ကြတယ်နဲ့ တူပါရဲ့။ နည်းနည်းလေးမှ ကြောက်စိတ်လည်း မရှိဘူး။ ကျွန်တော်တို့ ပုလိပ် ၁၀ ယောက်လောက်၊ ရိုင်ဖယ်တွေနဲ့ တဒိုင်းဒိုင်း ပစ်ခတ်နေတာကိုလည်းအကာအကွယ် မယူဘဲ ရင်ကော့တက်လာပြီး ဓားနဲ့ ဝင်ခုတ်တယ်။ သေနတ်နဲ့ပစ်နေတဲ့ ပုလိပ်တွေ ကြာတော့ သွေးပျက်လာတယ်။ ရင်ဆိုင်ရမှာကြောက်ပြီး ထွက်ပြေးလာလို့အကုန်မသေတာပါ ဝန်ကြီး။ ဒါကြောင့် လူအင်အားများများ လက်နက်အင်အား ကောင်းကောင်းနဲ့ သူတို့ကိုရင်ဆိုင်မှ ဖြစ်မယ်"

ရာဇဝတ်ဝန်ကြီး ရှူးရှူးရှားရှား ဖြစ်သွား၏။

"ဟေ့ .. မင်း ကြောက်သလား"


www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လေး၊ မင်း လူကြောက်မှန်း ပြီ ခုမှသိတယ် ..ဟွန်း''

ဝန်ကြီး၏ အထင်သေးသော မျက်လုံးနှင့် အကြည့်ခံ၊ အပြောအဆို ခံလိုက်ရသဖြင့် ဦးမောင်မောင်လေး ရှက်သွားသည်။

''ဒီစကားမျိုး ဝန်ကြီးပြောထွက်တာ ဂျွန်တွေနဲ့ ပါးတေ့နားတေ့ ရင်ဆိုင်မတွေ့သေးလို့ပေါ့။ သူတို့က ဗြိတိသျှအစိုးရကို တကယ်နာကျည်းနေတဲ့သူတွေ၊ အဖိနှိပ်ခံရလွန်းလို့ သေမထူးနေမထူးဘဝရောက်နေတဲ့ တောင်သူလယ်သမားတွေဗျ။ သူတို့ဟာ ကျွန်တော်တို့တာတွေရဲ့ ရန်သူဖြစ်နေပေမယ့် သူတို့တွေရဲ့ သူရသတ္တိနဲ့ စွန့်လွှတ်စွန့်စားရဲတဲ့စိတ်ဓာတ်ကိုတော့ မလေးစားဘဲ မနေနိုင်ဘူး''

ဦးမောင်မောင်လေးက စကားကို ဖြတ်လျက် မစ္စတာရေးနိုးကို ရင်ဆိုင်ကြည့်လိုက်သည်။ ဦးမောင်မောင်လေး၏ စကားကြောင့် ဝန်ကြီး တွေတွေဝေဝေဖြစ်သည်တော့ အမှန်။ ဦးမောင်မောင်လေးက တင်းထားသည့်စိတ်ကိုလျော့လျက် ..

''ဝန်ကြီးအမိန့်ကို မပြင်နိုင်ဘူးဆိုရင်လည်း ကျွန်တော် အမိန့်နာခံပြီး တာဝန်ပေးတဲ့အတိုင်း သွားပါမယ်။ အန္တရာယ်များလွန်းလို့ ဝန်ကြီးတော့ မလိုက်ပါနဲ့။ တစ်ခုတော့ရှိပါတယ်၊ ကျွန်တော်ကစပြီး အခု အတူသွားကြမယ့် လူ ၂၀ ကျော်ရဲ့ အသက်တွေကိုတော့ ဘယ်လိုမှ အာမမခံနိုင်ဘူးဆိုတာ ကျွန်တော် နောက်ဆုံးတင်ပြခဲ့ပါရစေ''

မစ္စတာရေးနိုးလည်း သူပြောသည့်စကား မှားသွားကြောင်း သတိထားမိသွား၏။ သူ့စကားကို သူပြင်သည်။

''ကောင်းပြီလေ၊ မင်းကို ငါ ရန်ကုန်က အင်အားတောင်းပြီး နောက်ထပ်စစ်ပုလိပ် ၅၀ ထပ်ပို့ပေးမယ်။ ဂျွန်တွေကို အားပေးအားမြှောက်လုပ်တဲ့ အင်းကောက်ကြီး၊ ရေတိုက်နဲ့ ဖားရေကျော်ရွာတွေကို မီးရှို့ပစ်လိုက်။ တွေ့သမျှ ဂျွန်တပ်သားတွေကိုလည်း အကုန်သတ်ပစ်။ မင်းကို ကူညီဖို့ နယ်ပိုင် ဦးစံရှိန်နဲ့ မြို့ပိုင်ဦးခင်တို့ကိုလည်း မင်းနဲ့အတူထည့်ပေးမယ် ကြားလား''

''ကောင်းပါပြီ ဝန်ကြီး''

ရာဇဝတ်ဝန်ကလေး ဦးမောင်မောင်လေးက ဝန်ကြီးကို အလေးပြုလိုက်၏။ သူဆန်စားသည့် ဝန်ထမ်းဖြစ်၍လည်း ..

အခန်း(၁၉)

နိဂုံး

မီးခိုးလုံးကြီးများ ကောင်းကင်ဆီ ဝေ့တက်လာသည်ကို မြင်လိုက်ရ၏။ အလံတောင်ထိပ်ရှိ ဂျွန်တပ်ဖွဲ့ဝင်များ၏ ဌာနချုပ်မှ ဂျွန်တပ်သားများ စိုးရိမ်သွားသည်။

''ဒါ တို့ရွာတွေဆီက မီးခိုးတွေပဲကွ။ ကေန္တ ပုလိပ်တွေ ရွာတွေကို မီးရှို့နေပြီနဲ့တူတယ်''

''ဟုတ်တယ်ဟေ့၊ ခွေးမသား ပုဆိန်ရိုးတွေ ကြွက်မနိုင်လို့ ကျီမီးရှို့နေပြီကွ၊ ဘယ့်နှယ့်လုပ်မလဲ''

''ဆရာကြီး(ဆရာစံ)ဘယ်လိုအမိန့်ပေးမလဲဆိုတာ မသိသေးဘူး။ ခဏစောင့်ကြဦး''

ဂျွန်တပ်သားအားလုံး ဓားတွေကောက်ကိုင်ကြသည်။

နယ်မြေခံ အထောက်တော်တာဝန်ယူထားသူ စံလှ ဌာနချုပ်တောင်ပေါ် အပြေးတက်လာ၏။ ဆရာကြီး(ဆရာစံ)၏ အနီးကပ်ကိုယ်ရံတော်တစ်ဦးဖြစ်သူ ကံရေးက လှမ်းမေးလိုက်၏။

''ဟို မီးခိုးတွေက ဘယ်က မီးခိုးတွေလဲဗျ''

''ကျုပ်တို့ရွာတွေကို ပုလိပ်တွေ မီးရှို့နေတာဗျ။ ဆရာကြီးကို သတင်းပို့ပြီး အမိန့်ခံပေးပါ ကိုကံရေး''

''ခဏစောင့်ဗျာ''

ကံရေး အပြေးထွက်သွား၏။ ကျန်ရစ်ခဲ့သည့် စံလှနှင့် ဂျွန်တပ်သားများ အံတကြိတ်ကြိတ်နှင့် စောင့်နေ၏။ သူတို့ရင်ထဲတွင် နာကျင်ခံပြင်းလို့မဆုံးတော့။ မျက်ဝန်းများမှာလည်း ရွာမီးရှို့ခံရသဖြင့် ရသမျှလေးများကို ဆွဲ၍ ပြေးလွှားနေသူသက်ကြီးရွယ်အိုများ၊ ငိုယိုနေသည့်ကလေးကို ရင်ခွင်ပိုက်၍ ပြေးလွှားနေရှာသည့် သားသည်မိခင်များ၊ ချည်တိုင်မှာ ကြိုးတန်းလန်းနှင့် အိမ်မီးလောင်ခံရသဖြင့် တစာစာအော်ဟစ်ရုန်းကန်နေသည့် ကျွဲနွားတိရစ္ဆာန်များ စသည့် ဒုက္ခရောက်နေသူများကို မြင်ယောင်နေကြ၏။

ထိုစဉ် ဖိုလ်ဖိုးစောနှင့်အတူ ကံရေး ပြန်ပြေးလာ၏။

''ဆရာကြီးက တိုက်မိန့်ပေးလိုက်ပြီဟေ့၊ ချက်ချင်း ထွက်မယ် အသင့်ပြင်ကြ''

**စာမျက်နှာ ၁၇၅ တွင်**
**ဆက်လက်ဖတ်ရှုရန်**



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com


ရိုးမအတွင်း
သားစားကျားကြီးများသည်
အလွန်ပရိယာယ်များ၍
သန်မာလှ၏။
တစ်နည်းဆိုရသော်
ထိုသတ္တဝါများသည်လည်း
တောလိုက်မုဆိုးများပင်
ဖြစ်လေ၏။
တစ်ခါတစ်ရံ
တောတွင်းမုဆိုးနှင့်
လူသားမုဆိုး
ရင်ဆိုင်တိုးသည့်အခါ
လင့်အထက်ရောက်နေသူက
အသာစီးရမြဲဖြစ်၏
...

လွတ်လပ်ရေးရပြီးကာစ၊ ဖဆပလ အစိုးရတက်လာပြီး ရောင်စုံသူပုန်များ ထကြွသောင်းကျန်းနေချိန်၊ ခိုးမှု၊ သတ်မှု၊ ဓားပြမှု အစဉ်မပြတ်ကြားနေပြီး အစိုးရအသစ်ဝယ် ဖွဲ့စည်းပုံက နေရာမကျသေးသဖြင့် ဒေသအာဏာကော်မှာ မခိုင်မြဲသေးဘဲ တောကြောင်များ အကြိုက်တွေ့နေ၏။ နယ်မြေခံစစ်တပ်၏ အစီအမံဖြင့် ကိုယ့်ကျေးရွာကိုယ့်ဒေသ လုံခြုံရေးအတွက် ပြည်သူ့စစ်များဖွဲ့စည်းကာ လက်နက်တပ်ဆင်ပေးထား၏။

ကျေးရွာများတွင် သူ့ရွာနှင့်သူ့ အုပ်စု၊ အုပ်စုခေါင်းဆောင်စုမှူးများ ခန့်ထားပေးပြီး ကျွန်တော်သည် ဆယ်အုပ်စုခေါင်းဆောင်ရသော ခွဲမှူးတာဝန်ယူခဲ့ရပေသည်။ ပြည်သူ့စစ်ဆိုသော်လည်း တူကိုင်သောလက်၊ တံစဉ်ကိုင်သောလက်အား ချက်ချင်း သေနတ်ပေး၍ ကိုင်ခိုင်းခြင်းမဟုတ်။ အဆက်အောက် အပြန်အလှန် ရှိသေလေးစားမှု၊ အမိန့်နာခံတတ်မှု၊ စစ်၏ အခြေခံ သဘာဝတရား၊ လက်နက်များ ကိုင်တွယ်အသုံးပြုမှု စသဖြင့် စစ်သားများနည်းတူ အခြေခံသင်တန်းများ တက်ရောက်ခဲ့ရပေ၏။

ဤသင်တန်းများတက်ရင်းပင် စလူပိုင်းရွာသား ဖိုးချင်းနှင့် ကျွန်တော် ခင်မင်ခဲ့ရ၏။ ခင်မင်သည်ဆိုသော်လည်း ဖိုးချင်းနှင့်ကျွန်တော်သည် သက်တူရွယ်တူမဟုတ်။ ကျွန်တော့်ထက် အသက်ဆယ်နှစ်ကျော် ငယ်သူဖြစ်၏။ မိမိက သူ့အား ညီတစ်ယောက်လို တူတစ်ယောက်လို ခင်မင်ခြင်းဖြစ်ပြီး၊ သူက ကျွန်တော့်အား ဆရာသမားတစ်ယောက်လို ခင်မင်ခြင်းဖြစ်၏။ ခင်မင်ရခြင်းအကြောင်းရင်းမှာလည်း ဝါသနာတူ၍ဆိုလျှင် ပိုမှန်ပေမည်။ ဖိုးချင်းသည်လည်း ကျွန်တော့်နည်းတူ တောလည်ခြင်း ဝါသနာထုံသည့် နယ်မြေခံမုဆိုးတစ်ယောက်ပင် ဖြစ်လေ၏။

လည်တိုးကွင်း၊ ခြေနင်းကိုင်း


www.burmeseclassic.com

www.burmeseclassic.com



ထောင်၍တစ်သွယ်၊ သွားလမ်း လာလမ်း ရှာ၍ ညောင့်ကွင်းချ၍တစ်မျိုး ရသည့်နည်းမျိုးဖြင့် ကျင်လည်သည့် ဓားထမ်း၊ လှံထမ်း မုဆိုးဖြစ်လေ၏။ သားရဲကြီးများနှင့် ရင်ဆိုင်ခြင်းအတွေ့အကြုံ မိမိလောက်မရှိသော်လည်း တောတွင်းဗဟုသုတ အတော်များပြီး ခေတ်ပညာအထိုက်အလျောက် သင်ကြားတတ်မြောက်ထားသည့် လူတော်ကလေးတစ်ဦးပင် ဖြစ်လေ၏။ ထိုခင်မင်မှုအား အကြောင်းပြု၍ ကျွန်တော်သည် စလူပိုင်းရွာသို့ နှစ်စဉ် အလည်ရောက်လေ့ရှိ၏။ ရောက်သည့်အခါတိုင်းလည်း တောလည်ဖြစ်တော့၏။

ဖိုးချင်းနှင့်ကျွန်တော် တောလည်စဉ်ကာလအတွင်း တစ်ခုသောနှစ်တွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ရင်တုန်စရာ အဖြစ်အပျက်တချို့ကား ......။

မုတ်သုန်လေစတင်ဝင်ရောက်၍ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာပြီး၊ ရွက်သစ်များထွက်လာသော တောကင်ပွန်းရွက်နုအား ချေ၊ ဒရယ်၊ ဆတ်ပေါက်ကြီးများ အထူးနှစ်ခြိုက်၏။ ပဲခူးရိုးမတောင်စွယ် ဒရယ်လူးစမ်းဖျားသည် တောကင်ပွန်းချုံများ အုံနှင့်ကျင်းနှင့် ပေါက်တတ်သော စားကျက်ကောင်းတစ်ခုဖြစ်၏။ လင့်စီး၍သော်လည်းကောင်း၊ ချုံခို၍သော်လည်းကောင်း သားကောင်များအား အနီးကပ်ပစ်ခတ်နိုင်သည့် အခင်းအကျင်းမို့ စစ်ရေးအမြင်အရဆိုရသော် ဗျူဟာမြောက် သတ်ကွင်းဟု ဆိုရပေမည်။

ဤအချိန် ဤရာသီရောက်လေတိုင်း ဖိုးချင်းနှင့်ကျွန်တော် ဤနေရာသို့ ရောက်မြဲဖြစ်၏။ လင့်စီး၍တစ်သွယ် ဝပ်ကျင်းချ၍တစ်မျိုး ဆတ်ပေါက်ကြီး နှစ်စဉ်ရတတ်၏။ တစ်ခါတစ်ရံတွင် သင်းကွဲပြောင်ကြီးများပင် ရတတ်၏။

ဖိုးချင်းကား မုဆိုးဖွဲ့နပဲ ကြီးလှ၏။ တောကင်ပွန်းများ အရွက်ဟောင်းချသည့်အချိန် တစ်လအကြိုကပင် သားကောင်များ အလာစိပ်သည်။ စားကျင်းအနီး ဘန့်ပွေးပင်ကြီးအထက်ဝယ် လင့်ကို အခိုင်အမာထိုးထား၏။ သူ၏တွက်ချက်မှုသည်လည်း မှန်ပေသည်။ ယခု ဝါးခုတ်၊ ယခု လင့်ထိုးမည်ဆိုလျှင် တော၏မြေပြင်အခင်းအကျင်းပျက်၍ စူးရှသော ဝါးစိမ်းနံ့ကြောင့် သတ္တဝါများ ရှောင်ကွင်းသွားတတ်၏။

လင့်ထိုး၍ သားကောင်ပစ်ခြင်းသည် ကရိကထ များလှသော်လည်း လုံခြုံရေးအရ စိတ်ချရသည့်အစီအမံတစ်ခုဖြစ်၏။ လင့်ထိုးရာဝယ် ဆင်အားမမြှို၊ ကျားတစ်ခုန်၊ လေစုန်တည်လတ်၊ လင့်ကောင်းမှတ် ဟူ၍ စာချိုးနှင့်အညီ တည်ရ၏။ ဆိုလိုသည်မှာ ဆင်ဦးကင်းဖြင့် တွန်းလှဲလျှင် မလဲနိုင်သည့်အပင် ဖြစ်ရမည်။ ရိုးမအတွင်း သားစားကျားကြီးများသည် အလွန်ပရိယာယ်များ၍ သနမာလှ၏။ တစ်နည်းဆိုရသော် ထိုသတ္တဝါများသည်လည်း တောလိုက်မုဆိုးများပင် ဖြစ်လေ၏။ တစ်ခါတစ်ရံ တောတွင်းမုဆိုးနှင့် လူသားမုဆိုး ရင်ဆိုင်တိုးသည့်အခါ လင့်အထက်ရောက်နေသူက အသာစီးရမြဲဖြစ်၏။

ထိုးထားသောလင့်သည် အင်္ဂါရပ်နှင့်မညီသော် ဘေးတွေ့တတ်ပေ၏။ ကျားသတ္တဝါများသည် စိတ်နှင့်မာန်နှ
အားထည့်၍ခုန်လေလျှင် ပေ ၂၀ အ
မြင့်ရှိသော လင့်ပေါ်သို့ ရောက်လာ
တတ်၏။ ထို့ကြောင့် လင့်ထိုးလျှင် ၂၅
ပေအောက်မလျော့ဘဲ ကျားတစ်ခုန်
အလွတ်ထိုးသင့်သည်။ လင့်စင်သည်
တောတွင်းသတ္တဝါများလာမည့် စာ
ကျင်း၏လေတင်ဘက်တွင် မဖြစ်
လေစုန်ရာဘက်တွင် တည်ရ၏။ တော
တွင်းသတ္တဝါအများစုသည် အနံ့
အာရုံ စူးရှထက်မြက်ကြ၏။ ထူးခြာ
သော အန္တရာယ် အငွေ့အနံ့အသက်
တစ်စုံတစ်ရာရသွားလျှင် မလာတော့
ဘဲ ရှောင်ကွင်းသွားတော့၏။

လင့်ပေါ်ရောက်လျှင် ဆေးလိ
မသောက်ရ၊ ကွမ်းမစားရ၊ ဆေးလိ
အငွေ့နှင့် ဆေးရွက်ကြီးအနံ့သည် ေ
ထဲဝယ် အငွေ့မပြယ်ဘဲ အတော်ေ
သည့်နေရာအထိ စီးမျောသွားတတ်၏
လင့်ပေါ်ဝယ် တစ်ညလုံး အပေါ့မသွာ
ဘဲနေနိုင်ရန် အထူးလေ့ကျင့်ထားရ
ကျင်ငယ်ရေနံ့သည်လည်း အထူးပ
ဆိုးဝါးလှ၏။

ပစ်ခတ်ရသော သေနတ်များမ
BA-၆၃ မောင်းပြန်ရိုင်ဖယ်ကြီးများဖြ
သောကြောင့် သားကောင်ကြီးများအ
အဓိကထား ပစ်ရ၏။ ဂျီ၊ ဒရယ်ကဲ့သ
အကောင်ငယ်များဆိုပါက BA-၆
ကျည် မွှေနှောက်ခြင်းဒဏ် မခံနိုင်
တစ်ခြမ်းသာသာ စားရပေ၏။ ဖိုးချ
နှင့်ကျွန်တော် ညနေ(၃)နာရီက စထွ
လာသောခရီး ရိုးခြေရှိ တောင်ယာ
အား တစ်ကွက်ပြီးတစ်ကွက် ကျေ
ဖြတ်လာရခဲ့ရာ တောင်ကြောနှစ်ခ

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းပြီးချိန်ဝယ် အသူရိန်နေမင်းသည်လည်း ရိုးမတောင်စွယ်အောက်ငုံ့လျှိုးသွားလေပြီ။

နေရောင်ပျောက်၍ လရောင်မရောက်ခင်စပ်ကြားဝယ် တောရိပ်တောင်ရိပ်က ကြီးစိုး၍ အမှောင်ထုကလွှမ်းသွားလေ၏။ နှစ်ဦးသား ခေတ္တနားအပေါ့အပါးရှင်းလိုက်ကြပြီး ခေါင်းစီးမီးတပ်၍ ခရီးဆက်လေ၏။ နှစ်ဦးသားအချိန်လု၍ ခပ်လောလောလှမ်းနေသော ခြေသံခပ်ကြမ်းကြမ်းကြောင့် အိပ်တန်းဝင်စ ၊ ရစ်နှင့်မြေဝပ်ငှက်များအလန့်တကြားထပျံသွားကြ၏။ တောင်နှာမောင်းအတိုင်း ရစ်သီဆင်းလာပြီးသင့်ရှိရာသို့အကူး စမ်းချောင်းလေးခံနေသဖြင့် ရှေ့မှ ဦးဆောင်သွားနေသူဖိုးချင်းက ခုန်ကူးလိုက်ရာ –

''အား ‥ ကျွတ် ‥ ကျွတ်၊ အာစရိရေ ‥ ကျုပ်ကို မကျီးပေါက်ဆူးထိသွားပြီဗျို့ ‥‥''

မကျီးပေါက်ဆူးဆိုသည်မှာ ညှချစ်ဆူးကဲ့သို့ ဆူးကြမ်းကြီးတစ်မျိုးဖြစ်၏။ ပြောပြောဆိုဆိုပင် ဖင်ထိုင်ချလိုက်ပြီး ခြေထောက်အား မြှောက်ပြ၏။ ထိုအခါမှ သူစီးထားသောဖိနပ်ကို ကျွန်တော်သတိထားကြည့်မိ၏။

''မင်းနှယ် ‥ မိုက်ပါ့ကွာ ‥ ဒီလောက်ကြမ်းတဲ့ တောလမ်းခရီးကို ကင်းဘတ်စီးလာရတယ်လို့''

အခြေအနေနှင့် အချိန်အခါအရ အပြစ်ပြောနေရန်လည်း မသင့်သည်မို့ ခေါင်းစီးမီးဖြင့် အသေအချာကြည့်၍ ဆူးအား နှုတ်ပေးလိုက်၏။ ဆူးမှာ အောက်ခံပါးလွှာသော ကင်းဘတ်ဖိနပ်အား ဖောက်၍ ဖနှောင့်သားအတွင်း တစ်လက်မနီးနီး နစ်ဝင်နေသည်မို့ မနည်းနှုတ်လိုက်ရ၏။ ဆူးထွက်သွားသည်နှင့် အနာပေါက်မှ သွေးများ ဒလဟော ထိုးထွက်ကျလာသည်မို့ အတော်စိတ်ပူသွားမိ၏။ တစ်ညတာခရီးမို့ ဆေးဝါးပတ်တီး ဆောင်မလာခဲ့။ အောက်စွပ်ကျယ်ကိုချွတ်ခါ ပတ်တီးအဖြစ် ခပ်တင်းတင်းစည်းလိုက်ပြီး ဖိနပ်ပြန်စီးခိုင်းလိုက်၏။

''ဘယ့်နှယ်လဲ ‥ အခြေအနေကောင်းပါ့မလား''

''ရတယ်အာစရိ ‥ ဒီလောက်ကတော့ အပျော့ပါ ‥ မပူနဲ့''

ဖိုးချင်းသည် မှုဆိုးပီပီ လူပေတစ်ယောက်ပင်၊ တော်ရုံတန်ရုံဒဏ်ရာဂရုစိုက်ပုံမပေါ်။

လင့်ပေါ်ရောက်သည်နှင့် နာရီကြည့်လိုက်ရာ အနုမြူပါသောလက်တံက (၇)နာရီသို့ ပြချေ၏။

နေဝင်သွားပြီးနောက် ညဦးယံပိုင်းဝယ် တောတွင်းသတ္တဝါငယ်များအစာရှာ လှုပ်ရှားသံကြားလာရ၏။ ကြွက်၊ တောကြောင်၊ မြွေပါ စသည့် သတ္တဝါငယ်များသည် ညဥ့်အမှောင်အားကိုးဖြင့် ကျင်လည်သော သတ္တဝါများဖြစ်၏။ ခပ်လှမ်းလှမ်းတောင်ကြောတစ်ခုပေါ်မှချေဖိုတစ်ကောင်၏ဟောက်သံက တိတ်ဆိတ်လွန်းသော ညခင်းဝယ် ကျယ်လောင်စွာ မင်းမူနေ၏။ တစ်တီတူးနှင့် ဒီးဒုတ် ညငှက်များ တဂဲဂဲဖြင့် လျှိုအနီးစမ်းချောင်းအတွင်း





www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပုစွန်လုံးနှင့် ငါးကုတ်ရန် စုန်ခြည်ဆန်ခြည် ပျံသန်းနေကြမြဲ။

လရိပ်သည် တဖြည်းဖြည်းမြင့်တက်လာ၏။ စားပင်များပေါက်နေရာ စားကျက်လွင်ပြင်သည် လရောင်ဝင်လာသည်နှင့် ထင်ထင်လင်းလင်းရှိလာ၏။ ကြွက်ဖိုက်ဖြူများ ခုန်ပေါက်မြူးတူး၍ နွယ်တန်းတစ်လျှောက် တောင်မြောက်ကူးနေ၏။ တော၏ ည အခင်းအား လင့်စင်ပေါ်မှ စိတ်ဝင်စားခြင်းအကြည့်ဖြင့် ကြည့်၍နစ်နေစဉ် ဖိုးချင်းက လက်ကုတ်လိုက်ပြီး –

''ဆရာတွေ့လား ‥ ချေပေါက်တစ်ကောင် စားကျင်းဝင်လာပြီဗျ''

မှန်ပေသည်။ လင့်၏တစ်ဖက် တူရှု မြယာပင်ကြားမှ ပုထွားထွား ချိုကားကားဖြင့် ချေဖိုတစ်ကောင် ချွတ်နင်းဝင်လာ၏။ စောစောက တောင်ကြောပေါ် ဝယ် ဖိုသံပေး မခေါ်နေသည့် ချေဖိုပင်ဖြစ်မည်။ သူတို့၏ ဘာသာဘာဝဖြင့် စားကျင်းဝယ်ဆုံမည်ဟု အချိန်းအချက်ပြုလိုက်သည်လော။ မကြာမီ ချေပျိုမတစ်ကောင် စားကျင်းထပ်ဝင်လာ၏။ ပတ်ဝန်းကျင်အနေအထား သတိထား၍ မရဲတရဲစားနေရာမှ ရဲတင်းလာပြီး ခပ်ကြမ်းကြမ်းစားတော့၏။ ထိုစဉ်–

''ဖူးဖူး ‥‥ ဖူး ‥ ဖူး''

သတ္တဝါကြီးတစ်ကောင်၏ နှာမှုတ်သံ။ ထိုအသံကိုကြားလျှင် ချေငယ်နှစ်ကောင် တစ်ဖက်လျှိုအတွင်းသို့ ဝေါခနဲ ထိုးဆင်းသွား၏။ ထိုအခြေအနေသည်ကား သတ္တလောက၏ အားပြိုင်မှု ပြယုဂ်တစ်ခု။ တစ်နည်းဆိုသော် ရန်မူစိန်ခေါ်ခြင်းဖြစ်သည်။

''ငါလာပြီ ‥ ယှဉ်နိုင်ရင်ယှဉ်၊ မယှဉ်နိုင်ရင်ရှောင် ဟူသည့်သဘော''

တုန့်ပြန်သံ တစ်စုံတစ်ရာမကြားရလျှင် ဆတ်ပေါက်ကြီးသည် စားကျက်အတွင်း ရဲရဲတင်းတင်းဝင်လာပြီး ပတတ်ရပ်၍ ရှေ့လက်နှစ်ချောင်းဖြင့် တောကင်ပွန်းချုံအား ဖိချလိုက်ပြီး စားရန်ဟန်ပြင်လိုက်၏။ ခန္ဓာကိုယ်အား အလျားလိုက်ဆန့်ထုတ်လိုက်သည်တွင်



လင့်ပေါ်မှ ချိန်သားကိုက်ပစ်ကွင်းကောင်းလှသည့်မို့ ညာဘက်လက်ဖြ[…] အား အမိအရချိန်၍ မောင်းညှစ်[…] ဆဲဆဲတွင် –

''ဘုန်း ‥ ဂိုးဂိုး ‥ ခွီးခွီး၊ ဖူး[…] ဝေါ ‥ ဝရော ‥ ဘောင်းဘောင်း''

''ဟိုက် ‥ ကျားသစ်''

ကြားဖြတ်မှုဆိုး။ နည်းနည်းနေ[…] နော အကောင်ကြီးမဟုတ်။ ကျား[…]

ပကတိရှုပသဘောနှင့်
အတွင်းအဇ္ဈတ္တစိတ်သည်
လားလားကြီးဆန့်ကျင်လျက်
ကျားထက်ပင် ကောက်ကျစ်စဉ်းလဲမှုပိုကာ
အလွန်ကြောက်စရာကောင်းသောသတ္တဝါဖြစ်၏

…



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကြီးနီးပါးဖြစ်၏။ ထိုဖြစ်စဉ်ကား မြင်ရခဲသော အနေအထားဖြစ်၏။ ကျားသစ်သည် လျှပ်တစ်ပြက်ချုံခိုနေရာမှ ဟဲခနဲမာန်သွင်းပြီး ဆတ်ပေါက်ကြီးနောက်ပိုင်းအား လှမ်းပုတ်လိုက်၏။ ထိုသားရဲမျိုးသည် သားကောင်အား ဟန်ချက်ပျက်အောင် တွန်းလှဲပြီး လဲသွားမှ လည်မျိုအား ကိုက်ခဲခြင်းဖြစ်၏။ ယခုအခါ ထိုသတ္တဝါ၏တိုက်ကွက်သည် ထင်သလိုဖြစ်မလာ။ ဆတ်ပေါက်ကြီးသည် လန့်၍ နဂါးပျံပတ်ခါ ပန်းစုံချိုကြီးဖြင့် ပြန်ခတ်လိုက်ရာ အထိနာ၍ ကျန်ခဲ့၏။ ဆတ်ပေါက်ကြီးမှာ ကြောက်အားလန့်အားဖြင့် လျှိုအတွင်း ဆင်းပြေးရာ လက်မောင်းလုံးခန့်ရှိသော နဘူးနွယ်များ တဘောင်းဘောင်းပင် ပြတ်ထွက်ကုန်၍ တစ်တောလုံးပင် ညံထွက်သွား၏။

ကျားသစ်အမျိုးအစား လေးမျိုးရှိသည်တွင် ဥရောပဝယ် ကျက်စားသည့် ဂျက်ဂွါများသည် အကြီးဆုံးဖြစ်၏။ ဖီလာစေ ကျားသစ်မျိုးများသည် ကျားပေါက်နီးပါး ကြီး၏။ အိန္ဒိယ၊ မလေး၊ ဂျာဗား၊ ထိုင်း၊ မြန်မာ အာရှဒေသတွင် ကျက်စားသော အပ္ပုပိုင်းကျားသစ်များသည် ဂျက်ဂွါထက်စာလျှင် အကောင်ငယ်သော်လည်း ကြံခိုင်မှုပိုလေ၏။ အဝါရောင်ပေါ်တွင် အနက်ရောင်အမွေးများ အစုလိုက်ဆင့်၍ နှင်းဆီပွင့်ပမာ တစ်ကွက်နှင့်တစ်ကွက် ဆက်ထားသည့်မို့ အတော်လှသည့် သတ္တဝါပင်။ သို့သော် ပကတိရုပသဘောနှင့် အတွင်းအဖွဲ့တွစိတ်သည် သားလားကြီးဆန့်ကျင်လျက် ကျားထက်ပင် ကောက်ကျစ်စဉ်းလဲမှုပိုကာ အလွန်ကြောက်စရာကောင်းသော သတ္တဝါဖြစ်၏။

ဆတ်ပေါက်ကြီးက မထင်မှတ်ဘဲ ချိုကြီးဖြင့် ပြန်ပက်လိုက်သည့်တွင် နာခပိုင်းအမှွန်အား ဖြတ်ရိုက်လိုက်သကဲ့သို့ ဖြစ်သွားပြီး တွေခနဲဖြစ်သွားကာ ယိုင်၍ကျန်ခဲ့လေ၏။ ဖိုးချင်းက လေသံဖြင့် –

"လက်မှာ ကြိုးတန်းလန်းနဲ့ဗျ။ ကိုင်းမိထားတဲ့ သစ်နာဖြစ်မယ်"

ထိုအခါမှ လရောင်မှုန်ပြပြအောက်ဝယ် ကြိုးစား၍ အသေအချာ ကြည့်လိုက်သည့်တွင် ညာဘက်လက်ဝယ် တစ်တောင်ခန့် တွဲလောင်းပါနေသည့် နိုင်လွန်ကြိုးပြတ်အား တွေ့လိုက်ရ၏။ သစ်နာကျားနာဟူသည် တောတောင်အတွင်း လှည့်လည်ကျက်စားသည့် လူသားများအဖို့ အင်မတန်အန္တရာယ်ကြီးသော သတ္တဝါဖြစ်သည်။ နာကျဉ်းချက်ဖြင့် မဲမဲမြင်ရာတိုက်ခိုက်တတ်ပြီး အမြဲပင် သွေးဆာနေသော သတ္တဝါ။

တစ်ခဏအတွင်း တောတွင်းအခြေအနေသည် ငြိမ်သက်သွားပြီးကာမှ –

"ဖြောက် .. ဖြောက် .. ဖြောက်"

လင့်စင်အောက်တည့်တည့်မှ ကြားနေရသော အသံဖြစ်၏။ သစ်နာသည် ထိုအသံအား စိတ်ဝင်စားသွားလျက် အပင်အောက်နား ချဉ်းကပ်ရန်ပြင်၏။ အသံမှာ သစ်ရွက်ခြောက်များပေါ်သို့ မိုးရေ(သို့) နှင်းရေကြည်ဥတို့ တွဲစု၍ ပျောကျသက်ရောက်သံဖြစ်၏။ မှုဆိုး မှုဆိုးချင်း သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား၊ နရီစည်းချက်ကတော့ ပျက်လေပြီ။ ပစ်မည်ဟု ဆုံးဖြတ်လိုက်ပြီး က–၆၃ ပြောင်းဝအား အသေအချာ ချိန်သီးကိုက်ချိန်၍ –

"မီးထိုး"

ဖိုးချင်းက အလိုက်သိစွာ ဖျတ်ခနဲ မီးထိုးလိုက်သည့်တွင် သတ္တဝါ၏ တုံ့ပြန်မှုသည်ကား ကျွန်တော်တွက်ထားသည်နှင့် ဆန့်ကျင်၍သွားလေ၏။ ပစ်ကွင်းမှာ ငြိမ်သက်နေသောအနေအထားမှ စတင်လှုပ်ရှားလာပြီမို့ မီးကြောင်၍ငြိမ်သွားစေရန် မီးထိုးလိုက်သည့်တွင် သစ်နာက မီးလန့်သွားပြီး ဖတ်ခနဲရုတ်ကာ နောက်သို့ဆုတ်၍ မြင်ကွင်းမှ ပျောက်သွားတော့၏။ ထိုတဒင်္ဂက ဆုံးဖြတ်ချက်အမှားသည် နောက်ဆက်တွဲ ချောက်ချားစရာအဖြစ်သို့ ပြောင်းလဲသွားတော့၏။ မိမိတို့နှစ်ဦး လင့်ပေါ်ဝယ် ရှိနေသည်ကို ထိုသတ္တဝါရိပ်စားမိသွားလေပြီ။ အလွန်အန္တရာယ်ကြီးသော အနေအထားပင်တည်း။

လင့်အောက်က တဖြောက်ဖြောက်အသံ ကြားနေရဆဲ။ ပေ ၂၀ အထက် ထိုးထားသော လင့်ပေါ်ဝယ် ရောက်နေ၍သာ တော်သေး၏။ တိတ်ဆိတ်သောတော၏ ညအခင်းဝယ် လင့်အောက်က အသံကား တစ်စထက်တစ်စ ပိုကျယ်လာသည်ဟု ထင်ရ၏။ မယုံသင်္ကာရှိလှသည်မို့ ခပ်ကျဲကျဲခင်းထားသော ကြမ်းခင်းဝါးလုံးကြားမှ ခေါင်းစီးမီး ဖတ်ခနဲဖွင့်၍ကြည့်လိုက်သည့်တွင် –

www.burmeseclassic.com

"ဟိုက် ..ဘုရား ..ဘုရား၊ ဒုက္ခတော့ များပြီ"

ဖိုးချင်းမကြားအောင် စိတ်တွင်း ရေရွတ်လိုက်၏။

"ဘာတွေလဲဆရာ"

"နံ့ကောင်ပုရစ်တွေပါကွာ"

အမှန်မှာ ဖိုးချင်း၏ဖနောင့်ဆူး ဒဏ်ရာမှ သွေးများသည် တစိမ့်စိမ့် ထွက်၍ လည်တိုကင်းဘတ်ကိုလျှံကာ တစ်ပေါက်ပေါက်ကျနေခြင်းဖြစ်၏။ မုဆိုးဖွဲ့နပဲကြီးလှသော ဖိုးချင်းသည် မိမိဒဏ်ရာကိုပင်သတိထားမိပုံမပေါ်။ သားကောင်များဆီကိုသာ အာရုံရောက် နေပုံရ၏။ ဤအနေအထားတွင် သူ့အား အသိပေးလိုက်ပါက လန့်သွား ပြီး အခြေအနေတစ်မျိုးဖြစ်သွားကာ ကျိန်းသေပင် အပတစ်ခုခုဝင်သွားနိုင် ၏။

"ဒီသတ္တဝါကျိန်းသေပြန်လာမှာ ကွ၊ မျက်စိဖွင့် နားစွင့်ထားပေတော့"

လက်မှနာရီကြည့်လိုက်ရာ လက် တံက (၂)နာရီသို့ပြ၏။ တကယ့် အချိန်ကောင်းကြီး။ ဒဏ်ရာကြောင့် သားကောင်မရဘဲ အသားမစားရ၊ သွေးမသောက်ရဖြစ်နေသော သတ္တဝါ သည် အဘယ်နည်းနှင့်မျှ ဤအခွင့် အရေးကို လက်လွှတ်ပေးမည်မထင်။ လင့်စင်အောက်က သွေးညှီနံ့သည်ကား သတ္တဝါအတွက် အာသာငန်းငန်း ဖြစ် စေသည့် ဆွဲဆောင်ချက်ပင် ဖြစ်နေ တော့၏။

**မုဆိုး မုဆိုးချင်း အပေါ်စီး အနေအထားမှပင် ဆုံးဖြတ်ချက် အမှားကြောင့် ချက်ချင်းအချောင်းခံ အနေအထားသို့ မိမိတို့ရောက်သွားလေပြီ ...**

ညဥ့်နက်လာသည်နှင့်အမျှ ကောင်းကင်ပြင်သည် ပို၍ကြည်လင် လာပြီး တောမြင်ကွင်းများ ပို၍ရှင်းလာ ၏။ ညဥ့်ဦးပိုင်းတွင် ကြားနေရသော ပုရစ်အော်သံ၊ နံ့ကောင်အော်သံများ တိတ်ဆိတ်သွား၏။ လေပြည်လေညင်း အစသည် မုန်တိုင်းလာတော့မည့် သဘောပင်လော။

အမှောင်အတွင်း ကျင့်သားရနေ သော မျက်လုံးနှစ်စုံဖြင့် အရပ်ရှစ်မျက် နှာ သတိထားကြည့်နေစဉ်ဝယ် –

"ဖျတ် ..ဖျတ် ..ဖျတ်"

လင့်၏နောက်ကျောဘက်ဆီမှ ကြားရသောအသံဖြစ်၏။ ကြောင်များ ကြွက်ချောင်းသည့်အခါ ခြေကိုဖွ၍ ရွ လေးချဉ်းကပ်လာသည့်နည်းဖြင့် တ ရွေ့ရွေ့လာနေသည်ကို အကင်းပါးလှ သော မုဆိုးအသိဖြင့် ကြားလိုက်ရ၏။ အသံကြားရာသို့ သေနတ်ပြောင်းဝအား ချိန်ထားလိုက်သော်လည်း အပေါ်ပေါင်း ထူနေသည်မို့ မြင်ကွင်းက မရှင်း သတ္တဝါသည် တဖြည်းဖြည်းနှင့် လင့်





www.burmeseclassic.com

www.burmeseclassic.com





အောက်ခြေသို့ပင် ရောက်လာလေပြီ။ မုဆိုး မုဆိုးချင်း အပေါ်စီးအနေအထားမှပင် ဆုံးဖြတ်ချက်အမှားကြောင့် ချက်ချင်းအချောင်းခံ အနေအထားသို့ မိမိတို့ရောက်သွားလေပြီ။

"ပလပ် ..ပလပ် ..ပလပ်"

လင့်အောက်ခြေ ဘန့်ပွေးရွက်ခြောက်များပေါ်မှ သွေးကွက်အား လျှာဖြင့်လျက်နေခြင်းဖြစ်၏။ ဒီတစ်ခါ ပစ်မည်ဆိုလျှင် မီးမသုံးတော့ဘဲ လရောင်အားကိုးဖြင့်ပစ်ရန် ဖိုးချင်းအား မှာထားပြီးဖြစ်၏။

သစ်နာသည် မရဲတရဲလျက်နေသည့် အနေအထားမှ ရှေ့တစ်လှမ်း တက်လိုက်သည်တွင် နှင်းဆီပွင့်အနက်ကြားကြီးများမှာ လရောင်အောက် လင်းခနဲထွက်လာ၏။ လက်ရှိအခြေအနေအရ လင့်၏ညာဘက်အဖျားပိုင်းဝယ် နေရာယူထားသော ဖိုးချင်းဘက်က ပစ်ကွင်းပို၍သာလေ၏။ ဖိုးချင်းသည် BA-၆၃ သေနတ်ပြောင်းဝအား ကြမ်းခင်းဝါးနှစ်လုံးကြားမှ အရှေ့အနောက် စုန်ချီဆန်ချီရွေး၍ချိန်ကာနေလေ၏။

အပေါ်နှင့်အောက် ပစ်ကွင်းကားကိုးရို့ကားယားနိုင်လှ၏။ အလျားလိုက်ပစ်ကွင်းမဟုတ် ဒေါင်လိုက်ပစ်ကွင်းမို့ မြင်ကွင်းကား ကျဉ်းလှ၏။ ထိုအခြေအနေမှပင် ဖိုးချင်းသည် အတတ်နိုင်ဆုံး ကြိုးစားလိုက်ပုံရ၏။ သေချာပြီထင်လျှင် –

"ဗိုင်း ..ဂီး ..ဂီး ..ခွီး"

BA-၆၃ ကျည်ပေါက်ကွဲသံသည် တိတ်ဆိတ်သောတောအတွင်း ဖြို့ခွင်းလိုက်၏။ ကျည်ဖူးသည် ဒဏ်ရာရထားသော လက်ဖျဉ်နှင့်ဆန့်ကျင်ဘက် တစ်ဖက်သောရှေ့လက်ရင်းသားအသားစိုင်ကို ဖြတ်ထွက်သွားပုံရ၏။ ရှေ့လက်တစ်ချောင်းတည်းသာ အားထည့်ထောက်ထားသော အနေအထားမှ ကျည်ဖူး၏မွှေနှောက်သွားသောဒဏ်ရာကြောင့် နှစ်ချောင်းစလုံး ဒဏ်ရာရသွားကာ ရှေ့သို့ ဇိုက်ခနဲကျသွား၏။

တစ်ဖန် ဒေါသကြီးကာ ဟဲခနဲ မာန်သွင်း၍ ထခုန်လိုက်သည်တွင် လင့်ရှေ့ ကွပ်ပြစ်သို့ ရုတ်ခနဲကျသွားတော့၏။ ရှေ့လက်နှစ်ချောင်းစလုံး ဒဏ်ရာရထားသည်မို့ သတ္တဝါသည် စိတ်သွားတိုင်းကိုယ်မပါတော့။ ပြန်အကျတွင် ကြောင်ကျမကျတော့ဘဲ ဟန်ချက်ပျက်ကာ ကိုးယို့ကားယားကျသွား၏။ ကျွန်တော် ထိုအခွင့်အရေးကို လက်လွှတ်မခံ။ ဟဲခနဲ မာန်သွင်း၍ ပြန်ထရန်ပြင်ပြီး လင့်ပေါ်မော့အကြည့်ဝယ် –

"ဒိုင်း"

BA-၆၃ ကျည်ဖူးသည် ညာဘက်လည်တိုင်ရင်းမှ လည်မျိုကိုဖြတ်ကာ ဘယ်ဘက်နားသို့ ထွက်သွားပုံရ၏။ ဟဲခနဲတစ်ချက် မာန်ဖီပြီးလျှင် ငြိမ်ကျသွားတော့၏။ ထိုအခါမှသာ နှစ်ယောက်သားပြိုင်တူ "ဟင်း"ချနိုင်တော့၏။ အရှေ့ဆီမှ အရုဏ်ဦးရောင်ခြည်သည်လည်း ပျို့အန်၍လာချေပြီတည်း။

ဖိုးသဲအောင်(ပန်းမြေ)



www.burmeseclassic.com

www.burmeseclassic.com



# သနှုးသနှုးမှု (မှုခင်း)

## မိုင်ဝက်ပြေးပွဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က စနေနေ့ဖြစ်သည်။

Andrew သည် စက်ရုံအလုပ်သမားတစ်ဦးဖြစ်သည်။ စက်ရုံမှအထွက် Jones ဟုခေါ်သော အလုပ်သမား အဘိုးကြီးက လှမ်းနှုတ်ဆက်ရင်း သူ့အား ..

"Andrew ရေ .. မိုင်ဝက်ပြေးပွဲကို တစ်ချိန်က ငါလည်း ဝင်ပြေးဖူးခဲ့ပါတယ်။ ငါ့ စံချိန် ၁ မိနစ် ၅၈ စက္ကန့်ခဲ့ပါတယ်။ အဲဒီတုန်းက ငါလည်း မှတ်သားကွ" ဟု ပြောပြလေသည်။ Andrew က ..

"ကျွန်တော်ကတော့ ၂ မိနစ်အတွင်းဝင်ရင် တော်ပါပြီဗျာ။ ခုတော့ ၂ မိနစ် ၄ စက္ကန့်ကို မဖြတ်နိုင်သေးဘူး" ဟု ပြောရာ ..

Jones က ..

"ဒါဟာ မင်းအခွင့်အရေးပဲ။ ပထမဆုံး လေကောင်းလေသန့်ကို ဝအောင်ရှူသွင်းလိုက်။ မင်း နိုင်ကို နိုင်ရမယ်ကွာ။ ဩော် .. ဒါနဲ့ ဘယ်သူတွေပါသေးလဲ" ဟု မေးလိုက်သည်။

Andrew က ..

"ဖိုင်နယ်မှာတော့ခြောက်ယောက်ထဲပါ။ Joe က အပြင်က လာပြိုင်မယ့်သူပဲ။ တစ်မိုင်ပြေးပွဲမှာ လေးမိနစ်သုံးဆယ်စက္ကန့်နဲ့ နိုင်ထားတဲ့လူလေ"

Jones က ..

"ဒီလူ နှစ်မိနစ်တော့ လုံးဝမရနိုင်ဘူး စိတ်ချ"

Andrew က ဆက်၍ ..

"Perry က အရင်အပတ်က Derby မှာ နှစ်မိနစ် လေးစက္ကန့်နဲ့ နိုင်ခဲ့သူဘဲ"

Jones က ဘာမှမဝေဖန်၍ Andrew က ဆက်ပြီး ..

"Redbrooke ကတော့ Cambridge အပြာအသင်းကပဲ" ဟု ပြောလိုက်ရာ Jones က ..

"အေး .. သူကတော့ လူတော်ကွ၊ ဒါပေမဲ့ ဒီလူ လေ့ကျင့်ထားမယ်တော့ မထင်ဘူး။ မင်းကော လေ့ကျင့်မှုရှိရဲ့လား" ဟု မေးလိုက်သည်။

Andrew က ..

"ကျွန်တော်တော့ တစ်လလုံး ညနေတိုင်း မှန်မှန်လုပ်ထားပါတယ်" ဟု ပြန်ဖြေလိုက်ရာ Jones က

"ဒီလိုဆိုရင် မင်းသေချာမှတ်ထား၊ Rebrooke ကို မင်း အသေကပ်ကစားပေတော့။ နောက်ဆုံး ၁၅ မိနစ် အလိုမှာ သူ ရှေ့ကို ကျော်တက်လာလိမ့်မယ်။ မင်း သူ့ကို သေသေချာချာ စောင့်ကြည့်ပါ။ တခြားလူကို လုံးဝဂရုမစိုက်နဲ့။ ပြီးတော့ ပြေးလမ်းကိုလည်း အတွင်းစည်းမျဉ်းကိုသာယူပါ။ အပြင်စည်းမျဉ်းကို လုံးဝမရွေးပါနဲ့"

ဟု Andrew အား သေချာစွာ သတိပေးလိုက်သည်။

Andrew နှင့် Jones တို့ အစမ်းပြိုင်ပွဲတွင် Andrew က နှစ်မိနစ်ခြောက်စက္ကန့်ဖြင့် ကပ်နိုင်ခဲ့သည်။ Perry နှင့် Redbrooke ပြိုင်ရာတွင် နှစ်ဦးလုံးပင် နှစ်မိနစ်ငါးစက္ကန့်ဖြင့် ပန်းဝင်ကြသည်။ Andrew သည် ကောလိပ်အသင်းပြိုင်ပွဲမှလွဲ၍ ဤသို့သော အဆင့်အတန်းမြင့် အပြေးသမားများနှင့် တစ်ခါမျှမပြိုင်ဖူးသောကြောင့် အထူးပင်ကြောက်ရွံ့ စိတ်လှုပ်ရှားနေမိပေသည်။



www.burmeseclassic.com

အားကစားကွင်းသို့ Andrew ရောက်လာချိန်မှာ တစ်နာရီခွဲပေပြီ။ အဝတ်လဲခန်းသို့ သူတစ်ဦးတည်းသာ ရောက်နှင့်သေးရကား အဝတ်များကို အေးဆေးစွာ လဲလိုက်သည်။ သံချွန်များပါသော ပြိုင်ပွဲစီးဖိနပ်ကို သေချာစွာစီးလိုက်ပြီး ပြိုင်ကွင်းရှိရာသို့ ထွက်သွားတော့သည်။ ယခုပြေးရမည့်ကွင်းကို လေ့လာလိုက်သည်။ တစ်မိုင်လျှင် သုံးပတ်ပတ်ရမည့်ကွင်းမျိုးဖြစ်၍ ယခင်သူပြေးနေကျ တစ်မိုင်လျှင် ၄ ပတ်ပတ်ရသော ကွင်းမျိုးနှင့်မတူပေ။ ကွင်း၏ ပုံသဏ္ဍာန်မှာလည်း လေးထောင့်ပုံမဟုတ်ဘဲ ဘောင်ရှည်ပုံသဏ္ဍာန်အတိုင်းသွားပြီး အဆုံးတစ်ဖက်စီတွင် စက်ဝိုင်းခြမ်းပုံကဲ့သို့ ကွေ့ဝိုက်သွားသည်။ အားကစားသမားတိုင်းလိုပင် မိမိရင်းနှီးနေကျပုံစံနှင့် ကွဲပြားမှုများတွေ့ရလျှင် စိတ်တွင်း၌ တစ်မျိုးခံစားရပြီး စိတ်လှုပ်ရှားတတ်ကြရကား Andrew ၏ စိတ်တွင်လည်း ထူးခြားမှုတစ်မျိုး ခံစားနေရသည်။

မိုင်ဝက်စပြေးရမည့်နေရာသို့ ရောက်လာသည်။ Andrew လည်း အပြေးလေ့ကျင့်ရန် နေရာယူလိုက်သည်။ ကွင်းတစ်ပတ် ဖြည်းဖြည်းမှန်မှန်ပြေးလိုက်သည်။ တစ်ကြိမ် နှစ်ကြိမ် တရှိန်ထိုးပြေးကြည့်သည်။ ထို့နောက် အသက်ရှူလေ့ကျင့်ခန်းလုပ်သည်။ ဖြည်းဖြည်းတည့်တည့်လျှောက်လိုက်ပြီး အရှိန်ယူ ရှေ့သို့တက်ရမည့်နေရာကို မှတ်သားလိုက်သည်။ ထိုမှတစ်ဆင့် တရှိန်ထိုးဆက်တိုက်ပြေးရမည်ဟုလည်း သေချာစွာမှတ်သားလိုက်သည်။ တရှိန်ထိုးမပြေးမီ အတွင်းစည်းကို ရအောင်ယူရမည်ဟုလည်း ဆုံးဖြတ်မိပြန်သည်။

ပထမပွဲစဉ်ကား နှစ်နာရီခွဲတွင် စမည်ဖြစ်သည်။

အဝတ်လဲခန်းသို့ သူပြန်ရောက်သောအခါ လူတွေပြည့်ကြပ်ပြီး ဆူညံနေလေပြီ။ သူ၏ စိတ်တွင်း၌ တစ်မျိုးချည်းခံစားရသည်။ စားပွဲတစ်လုံးပေါ်တွင်မူ အားကစားသမားတစ်ဦး အနှိပ်ခံနေသည်။ မကြာမီပင် သူ့အလှည့်ရောက်လာသဖြင့် သူ၏ ရှေ့ပိုင်း၊ နောက်ပိုင်း၊ တင်ပါး၊ ပေါင်၊ ဒူးခေါင်း စသည်တို့ကို ပူရှိန်းရှိန်းအနံ့ပြင်းပြင်း ဆီတစ်မျိုးဖြင့် ပူထူလာအောင် နှိပ်ပေးကြသည်။ သူ့အား စကားပြောမည့်သူပင် မရှိချေ။

BURMESE CLASSIC .com

မကြာမီပင် နိုင်ငံတကာ ပြိုင်ပွဲဝင်ဟောင်းကြီး Cliffe က မိုင် ၁၀၀ ပြေးပွဲဝင်မည့်သူများအား လာခေါ်သွားသည်။ မိုင် ၁၀၀ ပွဲပြီးသွားသည်နှင့် မိုင်ဝက်ပြေးပွဲဝင်များကို လာခေါ်ပြန်သည်။ Andrew လည်း ပြေးလမ်းကြောင်းပေါ်သို့ ကျင်လည်ဖျတ်လတ်စွာ ပြေးတက်လိုက်သည်။ လေကောင်းလေသန့်များကို တစ်ဝချည်း ရှူလိုက်ရာ စိတ်များပေါ့ပါးသွားတော့သည်။ အမှတ်မထင် ပရိသတ်များရှိရာသို့ လှမ်းကြည့်လိုက်ရာ အံ့မခန်းလောက်အောင်လူများပြည့်ကျပ်နေသည်ကို မြင်ရပြီး တုန်လှုပ်သွားမိလေသည်။ သူသည် ပြေးလမ်းကြောင်းပေါ်မှ မြက်ခင်းပေါ်သို့ ဆင်းလျှောက်ရင်း စတင်တာထွက်ရမည့်နေရာသို့ လျှောက်ခဲ့လေတော့သည်။ မိုင်ဝက်ပြေးပွဲမှာ ကွင်းတစ်ပတ်ခွဲဖြစ်သည်။ လူကြည့်စင် များနှင့် အဝေးဆုံးနေရာမှ စတင်ပြေ ရမည်ဖြစ်သည်။ ကွင်းတစ်ဝက်က ရောက်သောနေရာမှာ လူကြည့်စင်မျ အနီးရောက်နေသည်ဖြစ်ရကား ပြိုင် ဝင်သူများ အားတက်သရော စတ ပြေးကြရမည့်နေရာလည်းဖြစ်သည် ပန်းဝင်ရမည့်နေရာကား အဓိက ပ သတ်စင်ကြီး၏ ရှေ့တည့်တည့်တွင် ဖြ ပေသည်။ ပြိုင်ပွဲဝင်အပြေးသမားမျ သည် ပြေးလမ်းကြောင်းအတိုင်း မှ မှန်ပြေးကြည့်လိုက်၊ တရှိန်ထိုး ပြေ ကြည့်လိုက်စသဖြင့် လေ့ကျင့်နေကြ သည်။ တာထွက်ရမည့်နေရာသို့ An drew က အရင်ဆုံး ပြန်ရောက်လာ သည်။ ပြိုင်ပွဲဝင်ဟောင်းကြီး Cliffe က Andrew အနီးသို့ လျှောက်လာ ပြီး ..

"မင်းတို့တွေကို တွေ့ရတော့ ရ ထဲမှာ တစ်မျိုးချည်း ခံစားရတယ်ကွာ" ဟု ပြောရာမှ တစ်ဆက်တည်းပင် ..

"အေး မင်းနိုင်ချင်ရင်တော့ ငါပြောတာ သေချာမှတ်ထားပြီးလု ပေတော့၊ Redbrooke ကိုသာ မ သေချာစွာကြည့်ထားပါ။ သူ Joe ဂ အစောကြီး ဖြတ်ချထားခဲ့လိမ့်မယ် ဘာကြောင့်လဲ သိလား .. ဒီကောင် တရှိန်ထိုး မပြေးနိုင်ဘူးကွ" ဟု ပြေ သဖြင့် Andrew လည်း ခေါင်းညိတ် အသိအမှတ်ပြုလိုက်လေသည်။

အေးဆေးစွာပင် သူတို့တစ် ချင်းသည် ၎င်းတို့ဝတ်ထားသော အားကစားအင်္ကျီများကို နေကြ သည်။ Joe က ၎င်း၏ လပ်အသင်



အရေနှင့်ယှဉ်လျှင် သူ၏ ဆံပင် အရောင်ကဖျော့သည်။ သူ၏ လှုပ်ရှားမှုများမှာ မီးတောက်များပမာ အလွန်ပင် မြန်ဆန်ဖျတ်လတ်လေသည်။ သူ့ကိုကြည့်ရင်း Andrew မှာ အလိုလို စိတ်ဓာတ်ကျနေသည်။ များမကြာမီပင် အားလုံးအသင့်ဟူသော အသံကို အားလုံးကြားကြရသည်။ Andrew လည်း တရှိန်ထိုး ပြေးထွက်နိုင်ရန် သူ၏ဒူးမြေပေါ်သို့ ထောက်ချလိုက်သည်။ သေနတ်သံကြားလိုက်သည်နှင့် အား

မည်ကဲ့သို့
လုပ်ရလျှင်
ကောင်းမည်နည်း
စသဖြင့် တွေးရင်း
ဇဝေဇဝါဖြစ်ပြီး
ရင်များ
အရမ်းခုန်နေတော့သည်။
အသက်ကို
မှန်မှန်ရှူရာက
မြန်မြန်နှင့်မှန်မှန်
ပြေးနေလိုက်သည်။
အခြားလူများထက် သူက
အတော်ပင်မြန်နေသည်ကို
သတိပြုမိလိုက်သည်
...

BURMESE CLASSIC .com

မှ နာမည်ကြီးအရောင်ဖြစ်သော ရင်ကိုပတ်လျက် အနီနှင့် အနက်ရောင် ဝတ်စုံ ဖြစ်သည်။ Redbrooke ၏ ဝတ်စုံကမူ Archilles ကလပ်အရောင် ဖြစ်သည်။ Andrew ၏ဝတ်စုံမှာ အဖြူရောင်ရိုးရိုးဖြစ်သည်။ Redbrooke ၏ ဝတ်စုံထက် ပို၍ ရှည်လည်းရှည်၊ ကြပ်လည်းကြပ်သည်။

အပြေးသမားများသည် ပြေးလမ်းပေါ်အရောက် တစ်ဦးနှင့်တစ်ဦး ကြည့်ရှုလေ့လာ အကဲခတ်နေကြသည်။ Redbrooke က Andrew ထက် အနည်းငယ် ပိုမိုအရပ်မြင့်သည်။ ကိုယ်ဟန်အချိုးအစားမှာ ဆိုဖွယ်ရာမရှိ။ သူ၏ ရွှေရောင်ဆံပင်ကို တိုတိုကပ်ကပ်ညှပ်ထားပြီး သူ၏ အသား





www.burmeseclassic.com

လုံးတစ်ပြိုင်တည်း ပခုံးချင်းဝင်တိုက်မိကြပြီး အပြေးနှင်ကြတော့သည်။ Andrew လည်း တရှိန်ထိုးပြေးထွက်လိုက်ရင်းက အတွင်းစည်းမျဉ်းကို ဦးစွာယူလိုက်သည်။ လောလောဆယ်အားဖြင့် အတွင်းစည်းမျဉ်းကို ရထားရုံသာမက ရှေ့ဆုံးလည်း ရောက်နေပေသည်။ မိမိကြိုတင်စဉ်းစား စီစဉ်ထားသည့်အတိုင်းဖြစ်နေသောကြောင့် Andrew ၏ စိတ်ထဲတွင် အလွန်ပင်ကျေနပ်နေမိလေသည်။

Andrew လည်း ယခုကဲ့သို့ပင် ဆက်ပြေးရလျှင် ကောင်းမည်လော။ မည်ကဲ့သို့ လုပ်ရလျှင်ကောင်းမည်နည်း စသဖြင့် တွေးရင်း ဇဝေဇဝါဖြစ်ပြီး ရင်များအရမ်းခုန်နေတော့သည်။ အသက်ကို မှန်မှန်ရှူရာက မြန်မြန်နှင့်မှန်မှန် ပြေးနေလိုက်သည်။ အခြားလူများထက် သူက အတော်ပင်မြန်နေသည်ကို သတိပြုမိလိုက်သည်။ သူသည် အရှိန်ကို အနည်းငယ်လျှော့ချလိုက်ကာ မှန်မှန်ပင်ပြေးနေတော့သည်။ လောလောဆယ်အားဖြင့်ကား သူ၏ မှန်းဆချက်များ မျှော်လင့်သကဲ့သို့ ဖြစ်နေသောကြောင့် သတ္တိသွေးများ အလိုလိုဝင်လာပြီး အားရှိလာလေသည်။ ဆုပေးမဏ္ဍပ်အနီးသို့ ပထမဆုံးအကြိမ် နီးကပ်လာသောအခါ Perry သည် သူ၏ ဘေးစည်းမျဉ်းမှ ကျော်တက်လာနေသည်ကို သတိထားလိုက်မိပြီး အံ့သြသွားရုံမျှမက စိုးရိမ်စိတ်များ ဝင်လာတော့သည်။ သို့သော် သူက တရှိန်တိုးမပြေးဘဲ မှန်မှန်သာပြေးနေလိုက်သည်။ Perry လည်း တရွေ့ရွေ့နှင့် ရှေ့ဆုံးသို့ ရောက်သွားလေသည်။ Andrew သည် ပြေးနှုန်းမတိုးသေးဘဲ မှန်မှန်ဆက်ပြေးနေရာ Perry နှင့် တစ်ကိုက်နှစ်ကိုက်ခန့် ကွာဝေးသွားတော့သည်။

ပြိုင်ကွင်း၏ ကွေ့သို့ရောက်သောအခါ မိမိဘေးမှ ခြေသံလိုလို ကြားလိုက်မိပြီး မကြာမီ Joe သည် မိမိဘေးမှ ဖြတ်ကျော်တက်သွားသည်ကို တွေ့မြင်လိုက်ရသည်။ အခြား အပြေးသမားအားလုံးလိုလိုပင် ပိုမိုလျှင်မြန်စွာပြေးနေကြပြီ။ သို့ဖြစ်သောကြောင့် Andrew လည်း အရှိန်ကိုမြှင့်လိုက်ပြီး Joe ကိုကျော်တက်ရန် ကြိုးစားလိုက်သည်။ ထိုသို့ကျော်တက်ရန်ကြိုးစားနေစဉ်ပင် ပြိုင်ကွင်း၏ရှေ့သို့ရောက်သွားသောကြောင့် ကျော်တက်ရန်မရဖြစ်သွားပေသည်။ ကျော်လိုပါလျှင်လည်း ဘေးမျဉ်းသို့ ဆင်းပြီးမှ ကျော်နိုင်မည်ဖြစ်ရာ အတွင်းမျဉ်းကိုပြန်ရရန်မလွယ်ကူတော့ပေ။ သို့ဖြစ်၍ အတွင်းမျဉ်းကပင် သူသည် နောက်သို့အနည်းငယ် ဆင်းပေးလိုက်သည်။ ထိုသို့အမျိုးမျိုးအဖုံဖုံ စဉ်းစားတွေးတောနေရချိန်အတွင်း သူ၏နောက်မှလူသည် လျင်မြန်လွယ်ကူစွာပင် သူ့အားကျော်တက်ပြီး Joe အနီးသို့ ရောက်သွားလေပြီ။ မိမိယူထားသော အတွင်းမျဉ်းကြောင်းကိုလည်း Redbrooke က ယူသွားပြီးဖြစ်ကြောင်း စိတ်မချမ်းမြေ့စွာတွေ့လိုက်ရ၍ မိမိသာ ဘေးမျဉ်းသို့ ဆင်းပေးလိုက်ရတော့သည်။ နုံချာလွန်းလှသော မိမိကိုယ်ကိုသာ ကြိမ်ဆဲလိုက်မိတော့သည်။ ပွဲကြည့်ပရိသတ်ထဲမှ ဝါရင့် အပြေးသမားကြီးများလည်း Andrew ၏ ညံ့ဖျင်းမှုကို သတိထားမိကြပြီး တစ်ဦးမျက်နှာတစ်ဦးကြည့်ကြရင်း စိတ်ပျက်စွာ သက်ပြင်းများချနေကြတော့သည်။

သို့နှင့်ပင် ၎င်းတို့သည် ကွေ့ကို ပတ်လိုက်ကြလေပြီ။ Perry က ရှေ့ဆုံးမှ ပိုမိုရှေ့သို့ရောက်ရန် ကြိုးစားလျက်ရှိသည်။ Joe က Perry အား အမီ လိုက်လျက်ရှိပြီး ဒုတိယနေရာသို့ရောက်နေသည်။ Redbrooke ကား ဉာဏ်ကောင်းသူပီပီ ထိုနှစ်ဦးနှင့် မနီးမဝေးမှ မှန်မှန်ပြေးနေသည်။ Andrew နှင့် အခြားနှစ်ဦးသာလျှင် Redbrooke ၏ အပြင်ဘက်မျဉ်းကြောင်းမှ စိတ်မသက်သာစွာနှင့် ပြေးနေကြသည်။ ၎င်းတို့ အားလုံး ကွင်း၏ကွေ့ကိုကျော်သွားလျှင်ပင် ပြေးရမည့်အကွာအဝေး၏ တစ်ဝက်သို့ ရောက်သွားကြပြီဖြစ်ပေသည်။ Andrew ၏ စိတ်ထဲ၌ ယခင် ပြေးပွဲတိုင်းတွင် ယခုကဲ့သို့ စိတ်ပူလွန်းသည်ဟူ၍ မကြုံစဖူးခဲ့။ သူသည် အလိုလိုစိတ်တိုလာပြီး အသက်ပင်ရှူ၍မရနိုင်လောက်အောင် ခံစားလာတော့သည်။

သူ၏ ပေါင်အရှေ့ခြမ်းများလည်း ပျော့ခွေနုံးချိလာပြီး ဆက်မပြေးနိုင်လောက်အောင် ခံစားလာမိလေပြီ။ ထိုစဉ် Redbooke ၏ နောက်နား ကပ်လျက် အတွင်းမျဉ်းကြောင်းထဲသို့ ပြန်ဝင်လိုက်မိသည်။ စိတ်ထဲ၌လည်း ကျေနပ်သွားသလိုဖြစ်ပြီး အနည်းငယ် ပျော်ရွှင်ပေါ့ပါးသွားမိတော့သည်။ သ[illegible] တို့ပြေးခဲ့သည်မှာ တစ်မိနစ်ရှိသွားပြီ ဖြစ်သည်။ တစ်သက်တာလုံးပြေး[illegible]



www.burmeseclassic.com

www.burmeseclassic.com




ရသကဲ့သို့ အလွန်ပင်မောနေပြီး ပန်း
ဝင်သည်အထိ ပြေးနိုင်ပါမည်လောဟု
ငေြးစားနေရာမှ တရှိန်ထိုးပြေးရန် ကြိုး
စားကြည့်လိုက်သည်။ ထိုသို့ပြေးရန် သူ့
တွင်အားမရှိတော့ကြောင်း တွေ့လိုက်
ရသည်။ သို့နှင့် တစ်လှမ်းချင်း မှန်မှန်
ပြေးရင်း Redbrooke နောက်မှ ကပ်
လိုက်နေမိတော့သည်။ တဖြည်းဖြည်း
ချင်း Redbooke သည် သူနှင့်ပိုမိုဝေး
သွားပေပြီ။ သူလည်း ကြိုးစားပြီးခပ်
သုတ်သုတ်အမီလိုက်နေသည်။ သို့သော်
ထုံးဝမီအောင် လိုက်မရဖြစ်နေသည်။

Redbrooke သည် ရှေ့သို့ တက်သွားလေပြီ။ ယခုဆိုလျှင် Joe နှင့် တစ်တန်းတည်းဖြစ်နေရာမှ Perry နှင့် တစ်ပြေးတည်းဖြစ်သွားပြန်သည်။

ဟော ယခုဆိုလျှင် Redbooke သည် ရှေ့ဆုံးသို့ ရောက်သွားချေပြီ။ ထိုသို့ Redbooke တဖြည်းဖြည်းကျော်တက်လာပုံတွေမှာ အလွန်ပင်ပညာသားပါလှသဖြင့် ပွဲကြည့်ပရိသတ်အနေဖြင့် အထူးပင်ကြည့်ကောင်းလှပေသည်။ Redbooke **ကျော်တက်သွားသည့်** ထိုနေရာသည်ပင် **Andrew** ကျော်တက်ရန် **မှတ်ထားခဲ့သောနေရာ** ဖြစ်သည်။ Andrew **လည်း မှန်ထွန်ပြီး** သူ၏ အဓိကအစီအစဉ်များကိုပင် လုံးဝမမှတ်မိတော့ချေ။ သူ၏နောက်မှ တစ်ဦးလည်း သူ့ကိုကျော်တက်သွားပြန်ရာ Redbooke နှင့် သူ၏ အကွာအဝေးကြားသို့ ရောက်သွားပြီဖြစ်သည်။ ဆဌမမြောက်အပြေးသမားလည်း သူ၏ဘေးမှကပ်လျက် ကျော်တက်သွားပြန်ရာ သူတစ်ဦးတည်းသာ နောက်ဆုံးတွင် ကျန်ခဲ့တော့သည်ကို သတိထားလိုက်မိတော့သည်။

ယခု သူတို့အားလုံးသည် တည့်တည့်ပန်းဝင်ရမည့်နေရာမတိုင်မီ အကွေ့သို့ ရောက်နေကြပေပြီ။ Andrew ၏ ခြေထောက်များလည်း ဘာမှတတ်နိုင်ပုံမပေါ်။ သူသည် လေကို တစ်ချက် အားပါးတရ ရှူသွင်းလိုက်သည်။ သူ၏ ပေါင်တံများသည် အားနည်းသည်ထက် နည်းလာရာမှ ကြွက်တက်ချင်သကဲ့သို့ ဖြစ်နေသည်။ တစ်ချိန်လုံး သူသည် Redbooke ကို မျက်ချည်မပြတ်ကြည့်ခဲ့ရာ ယခုအခါ Redbooke သည် သူနှင့် ငါးကိုက်အကွာသို့ ရောက်နေချေပြီ။ Perry က Joe ၏နောက်သို့ ကျရောက်သွားပြီ။ Joe က Redbooke ကို မှီအောင်လိုက်နေလေသည်။ Andrew လည်း ၎င်းတို့အသီးသီးကို လေ့လာအကဲခတ်နေရာမှ မိုက်ခနဲဖြစ်သွားပြီး "သည်တစ်ခါ ငါ့အဖြစ်သည် ဆိုးရွားလေစွ၊ ငါရှုံးတော့မယ်ထင်ပါရဲ့" ဟူသော အတွေးများ **ဝင်လာသဖြင့်** သူ၏ **စိတ်တို့ကို** သူ **ထိန်း**လိုက်ရင်း ဟန်မပျက်ဆက်ပြေးနေတော့သည်။ ကိုက်(၅၀)ခန့်သာလျှင် ကျန်တော့သဖြင့် သူ့ကိုယ်သူလည်း ကြိုးစားပြေးရန် အားပေးနေမိသည်။ Redbooke မှာလည်း လေ့ကျင့်ထားမှုမရှိသောကြောင့် အမောမခံနိုင်ဘဲ လေးချိုးတစ်ချိုးခန့် ပြေးပြီးကတည်းကပင် အသက်ရှူမမှန်ချင်တော့ချေ။ ပန်းတိုင်ရောက်အောင်မှ ပြေးနိုင်ပါမည်လောဟု တွေးပူမိပြီး တရှိန်ထိုးပြေးနိုင်စဉ်ကတည်းက Joe နှင့် Perry တို့ကို ငါးကိုက်၊ ရှစ်ကိုက်၊ ၁၀ ကိုက်စသဖြင့် ကွာဝေးအောင် ပြေးထားခဲ့ခြင်းဖြစ်သည်။

အပြေးသမားများသည် ပန်းတိုင်ဆီသို့ရောက်ရန် တည့်တည့်လျှောက်ပြေးပြီး ပန်းဝင်ရုံသာရှိသော အကွာအဝေးသို့ ရောက်နေကြပြီ။ Redbooke ခမျာသည် အသက်ရှူ၍ မရလောက်အောင်ပင် **အမောဆို့နေလေပြီ။** Perry လည်း အမောဆို့ပြီး **မပြေးနိုင်လောက်** **ဖြစ်နေချေပြီ။ Joe ကမူ** Redbrooke ကို **စောစောပိုင်းက မှီအောင်လိုက်**



www.burmeseclassic.com

www.burmeseclassic.com


ထားရ၍ ခြေကုန်လက်ပန်းကျနေလေပြီ။ ပြေးနိုင်စွမ်းရည်ကျန်ရှိနေသူမှာ မိမိတစ်ဦးတည်းသာဖြစ်ကြောင်းကို Andrew ခမျာ မသိရှာချေ။ သူသည် အာရုံကြောများကို ကြိုးစားစုစည်းလိုက်ကာ နောက်ဆုံးကွေ့ကို လွန်အောင်ပြေးလိုက်သည်။ နောက်ထပ် ကိုက် ၄၀ ခန့်သာလိုတော့သည်။ သူလည်း ကြိုးစားပြီး မှန်မှန်ပြေးနေလိုက်သည်။ ကိုက် ၃၀၊ ကိုက် ၂၀ ခန့်သာ ပြေးရတော့မည်။ သို့သော် သူ၏ အာရုံထိန်းသိမ်းမှုစွမ်းအားများ အားလုံးမှာ ပျက်စီးလုဖြစ်နေလေပြီ။ သူသည် ဒေါသကြီးစွာဖြင့် ကိုယ်တွင်းမှ အားများကို စုစည်းလျက်ရှိသည်။

၁၀ ကိုက်ခန့်သာ လိုတော့သည်။ ပြေးပွဲတစ်ခုလုံး၏ ကံကြမ္မာပြောင်းလဲသွားသည်ကို သူမြင်လိုက်ရသည်။ သူ့တွင် တရှိန်ထိုးပြေးအားများ ရှိလာသည်ကို သူသိလိုက်လေပြီ။ သူ့ဘေးမှ အပြေးသမားများကိုလည်း မတွေ့ရတော့။ သူသည် တာတိုတည့်တည့်ပြေးရန်နေရာသို့ ရောက်သောအခါ သူ့ရှေ့မှလူကို ဘေးမျဉ်းကြောင်းမှ ဖြတ်ကျော်တက်လိုက်သည်။ ကိုက်အနည်းငယ် ပြေးလိုက်ပြီးနောက် ပြေးအားမရှိတော့ပြီဖြစ်သော Perry ကို မီလိုက်လေသည်။ ယခုအခါ သူသည် တတိယနေရာသို့ ရောက်နေပေပြီ။ မကြာမီ Joe ကို မီသွားပြီး ကျော်တက်ခဲ့ပြန်သည်။ ယခု သူ ဒုတိယနေရာသို့ ရောက်သွားပြီဖြစ်သည်။ Redbrooke ကို မီလုမီခင် ဖြစ်နေပေသည်။ သို့သော် အချိန်ကော မီပါ့မည်လောဟု တွေး၍ ပူပင်လိုက်သည်။ ပန်းတိုင်ကား သိပ် မဝေးတော့။ သို့သော် သူ၏ တရှိန်ထိုး ပြေးအားလည်း ကုန်သွားချေပြီ။ ပြေး နေသော ခြေထောက်များလည်း တဖြည်းဖြည်း ပျော့လာလေပြီ။ သူ၏ စိတ်ဓာတ်ဖြင့်သာ အတင်းတွန်းလှန် ရင်း တိုက်ပွဲဝင်နေရသည်။ တစ်ပေ ချင်း တစ်လှမ်းချင်း လှမ်းနိုင်အောင် ကြိုးစားနေရသည်။ လက်သီးများကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး အာ ကုန်နေသော ကြွက်သားများကို မှန်မှ လှမ်းနိုင်အောင် ကြိုးစားလျက်ရှိသည် နီးနီးလေးလိုပါလျက် အဝေးကြီးထ နေရသည်။ စက္ကန့်ပိုင်းလေးလိုပါလျ




www.burmeseclassic.com

www.burmeseclassic.com



အကြာကြီးထင်နေမိသည်။ Redbooke ၏ နောက် ပထမ ငါးကိုက်အကွာသို့ ရောက်ခဲ့ပြီ။ နောက် လေးကိုက်၊ ယခု သုံးကိုက်သာ ကွာဝေးတော့သည်။ Redbooke လည်း သူ့ခြေသံကို ကြားလိုက်ပြီး သဘောပေါက်လိုက်သည်။ ယခု သူနှင့် Andrew နှစ်ကိုက်သာ ကွာဝေးတော့ပြီ။ ပခုံးချင်းယှဉ်လုဖြစ်နေပေပြီ။ နှစ်ယောက်အတူ ကိုက် ၁၀၀ မှတ်တိုင်ကို ကျော်ဖြတ်လိုက်ကြသည်။ ပန်းဝင်ရန် ဖဲကြိုးတိတ်နှင့် ၁၀ လှမ်းခန့်သာ ဝေးတော့သည်။ Redbooke လည်း အကြဲထုတ်လိုက်သေးသည်။ သို့သော် ပရိသတ်ကြီးထံမှ အုံးအုံးကြွက်ကြွက် တစ်ခဲနက်လက်ခုပ်သြဘာပေးလိုက်သံများ ကြားလိုက်ရလျှင် မိမိရှုံးပြီဆိုသည်ကို Redbooke နားလည်လိုက်ပါပြီ။ သို့သော် အလျှော့မပေး။ သူသည် ပြေးနေဆဲ။ ယခုဆိုလျှင် Andrew သည် ရှေ့ဆုံးသို့ ရောက်သွားချေပြီ။ သူ၏ အဖြူရောင် အားကစားဝတ်စုံက ဖဲကြိုးနှင့်သွားတိုက်လိုက်သည်နှင့် သူ၏ ရင်ထဲတွင် ဝမ်းသာခြင်းပီတိအပြည့်ကို ခံစားလိုက်ရကာ 'ငါနိုင်ပြီ .. ငါနိုင်ပြီ' ဟု တွေးလိုက်မိပြီး မြေကြီးပေါ်သို့ အပုံလိုက် ထဲကျသွားတော့သည်။ သူ၏ဘေးတွင် လူများဝိုင်းအုံနေကြပြီး ချီးကျူးမဆုံး ဖြစ်နေကြသည်။ Redbooke လည်း ပြုံးရွှင်သော မျက်နှာနှင့်ရောက်လာပြီး ..

"ခင်ဗျား သိပ်တော်တယ်ဗျာ။ ကျွန်တော့်ကို ဗိုပိရိရိလေး အနိုင်ယူလိုက်တာဘဲ" ဟု ချီးကျူးစကားပြောလိုက်ပါသည်။ Andrew က "အချိန် ဘယ်လောက်တဲ့လဲ" ဟု မေးလိုက်ရာ သူက ၁ မိနစ် ၅၉ စက္ကန့်"တဲ့။

ကျွန်တော်က "နှစ်မိနစ်လေ ဝင်ရုံလေးပဲ"

Joe ကလည်း နှစ်မိနစ် နှစ်စက္ကန့် ကျော်ဖြစ်၍ Redbooke နှင့် သိပ်မကွာလှသောကြောင့် အလွန်ပင်ကျေနပ်နေပုံရသည်။

Andrew လည်း စိတ်ရှိလက်ရှိ ပျော်ပစ်လိုက်သည်။ အားရပါးရ လူရောစိတ်ပါ အနားယူလျက်ရှိသည်။ စိတ်ကျေနပ်မှု အပြည့်အဝကို ခံစားရင်း အခြားပြိုင်ပွဲများကို လျှောက်ကြည့်နေတော့သည်။ မိတ်ဆွေသစ်များစွာလည်း ရလိုက်သည်။ ရေနွေးနှင့် ရေစိမ်ချိုးနေကြရင်း သူနှင့် Joe တို့ ပြေးပွဲအကြောင်း စကားလက်ဆုံကျခဲ့ကြသည်။ ပြေးပွဲမဝင်မီကမူ သူ့အား မည်သူကမျှ စကားဖက်ပြောမည့်သူ မရှိခဲ့ပေ။ ယခုလိုဆိုတော့လည်း လောကကြီးက ကြင်နာသားပါကလား။

အပြေးပြိုင်ခြင်းဆိုသည်မှာ လူမျိုးတိုင်းပြုလုပ်လေ့ရှိသော အားကစားတစ်မျိုးပင်။ ဘောလုံးပွဲစသည်တို့လည်း ထိုနည်းအနှင်နှင်ပင်။ မှန်မှန် အမြဲလေ့ကျင့်နေသောအားကစားသမားတစ်ဦး ဖြစ်လာမည်မှာ မလွဲမသွေပင် ဖြစ်ပါသည်။ Andrew သည်လည်း ၁ မိနစ် ၅၉ စက္ကန့်နှင့် စံချိန်သစ်တင်နိုင်ခဲ့သော လူတော်အားကစားသမားတစ်ဦးဖြစ်လာခဲ့ပြီးဖြစ်သဖြင့် အားကစားလောကတွင် လူတော်အားကစားသမားတစ်ဦးတိုးလာခဲ့ပြီမဟုတ်ပါလား။

စာရေးသူ

T.O Beachcroft ၏ The Half Mile ကို ပြန်ဆိုထားပါသည်။ ဤဝတ္ထုသည် တာဝေးအပြေးသမားများကို အဓိက ရည်ရွယ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။ Andrew ကဲ့သို့ပင် ဖွဲ့၊ လုံ့လ၊ ဝီရိယနှင့် သတ္တိတို့ကို ပေါင်းစပ်လိုက်သောအခါ အောင်မြင်မှုသည် ရလဒ်ဖြစ်လာကြောင်း တွေ့မြင်သိရှိနိုင်ပါသည်။

ဤဝတ္ထုတိုလေးကို ဖတ်ရှုသူသည် ဖတ်စကာလတွင် ပျင်းကောင်းပျင်းနေပေလိမ့်မည်။ အကြောင်းကား ကျွန်ုပ်ကိုယ်တိုင် ထိုကဲ့သို့ ခံစားခဲ့ဖူးသောကြောင့် ဖြစ်ပါသည်။ ဤဝတ္ထုတိုလေးပါသော စာအုပ်အတွင်းရှိ အခြားအခြားသော ဝတ္ထုအားလုံးကိုဖတ်ပြီး ဖတ်ရန်မရှိတော့၍သာ ဤဝတ္ထုတိုလေးကို ဖတ်မိခဲ့ခြင်း ဖြစ်ပါသည်။

သို့သော်ငြားလည်း ဤဝတ္ထုတိုကိုဖတ်ပြီးမှ ထိုစာရေးဆရာသည် ဤဝတ္ထုကို မည်သို့သော ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့မှန်း သဘောပေါက်ပါတော့သည်။ သို့ပါသောကြောင့် အားကစားသမားတိုင်းပင် နမူနာယူနိုင်ကြပြီး ဖွဲ့၊ လုံ့လ၊ ဝီရိယနှင့် သတ္တိတို့ကို ပူးပေါင်းပြီး အောင်ပန်းများ အလီလီ ဆွတ်ခူးနိုင်ကြစေရန် စေတနာအပြည့်ဖြင့် ပြန်ဆိုရေးသားလိုက်ရပါသည်။

သန်းသန်းမူ(ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com



## မှန်ထဲက မျက်နှာ

စိတ်ညစ်လို့သောက် ပျော်လို့သောက်
သောက်လို့ရစ်မူး အရှုးပမာ
အရက်သိက္ခာ ကင်းမဲ့စွာနဲ့
အော်ဟစ်ရမ်းရင်း ယိုင်ခွေလဲပေါင်းများခဲ့ပြီ။
မိဘဆရာ ဆွေမျိုးများနဲ့
စာအုပ်စာပေ မိတ်ဆွေတွေက
ဆိုဆုံးမလည်း
အရက်သမား အလင်းကွယ်ပျောက်
အမှောင်နောက်ကို လိုက်နေပြီ။



ဩော် ‥ အရက်သမားတစ်ယောက်
အရှက်တရားပျောက်
ရင်အောင့်ဗိုက်ပူ
နံ့ရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်းနဲ့
မျက်လုံးကလည်း ပြူးနေပြီ။

မိဘမောင်နှမ
မျက်ရည်စမ်းစမ်း တရားလမ်းပြ
ဖျောင်းဖျကြလည်း အရက်သမား
နောင်တများနဲ့ နေဝင်ချိန်ကို ရောက်နေပြီ။

မင်းထက်ဇော်(မုဒုံ)

---

### အမှတ်စဉ်(၁၄၀) ဇွန်လအတွက်

**ရွေးကဗျာစာရင်း**

| | | | |
|---|---|---|---|
| ၁။ | မောင်တည်အေး | – | ပုခန်းကြီး |
| ၂။ | ဌေးကြည်(စလင်း) | – | မိုးပင့် |
| ၃။ | ကိုရွှေရင်အေး | – | ချစ်သူတို့လျှောက်သောလမ်းကလေး |
| ၄။ | ဆောင်းသစ်ခိုင် | – | ကြယ်ရောင်မဲ့ နေ့စွဲများ |
| ၅။ | ဗဟို မောင်မိုးဆွေ | – | သမုဒယဆည်းဆာ |
| ၆။ | လမင်းသစ္စာ | – | အနှစ်မဲ့ ဦးခေါင်းများ |
| ၇။ | ရည်မွန်သင်း | – | ချဉ်ခြင်းက ချစ်ကြည်ခြင်းလို့ပဲ ဆိုကြပါစို့ |
| ၈။ | ဝင်းယုမောင် | – | ပုံကျချေး |
| ၉။ | ညီမိုးဆွေ | – | ကျွန်တော့်မှာ နံရံကြီးတွေရှိတယ် |
| ၁၀။ | မင်းပုံချို | – | ကျောင်းတော်ရာအလွမ်း |



www.burmeseclassic.com

www.burmeseclassic.com

[redacted] ပဟေဠိ
စုံထောက်အတိုသုံး



# စကားနောက်က တရား

## အောင်သွေးလက် (မြစ်ခြေ)

ရခဲလှစွာသော လူ့ဘဝအချိန် ...လေးအတွင်းမှာ လူချင်းတူသော် ...ည်း စိတ်အမျိုးမျိုး ကိုယ်အထွေထွေ ...ပြားကြပြီး ချမ်းသာဆင်းရဲ ခြားနား ...ပြန်သည်။ ထိုအထဲမှ အများလက် ...ခံသည့် ပြောဆိုပြုမူနေထိုင်မှုမျိုးနဲ့ ...ညီစုံသူကို 'အရူး'ဟု ဆိုတတ်ကြ ... သူများတကာထက် နာတစ်ဖျားသာ ...ပြောဆိုပြုမူနေထိုင်တတ်သူဆိုလျှင် '...ကြောင်'စာရင်း သွင်းတတ်ကြလေ ...သည်။

ပတ်ဝန်းကျင်က လက်ခံထားသ ...ရေးသားဖော်ပြရမည်ဆိုလျှင် မကြူ ...ာ စိတ်မှုမမှန်သူလေးတစ်ဦးပေါ့။ ...ခြေအနေကအဆိုးရွားကြီးမဟုတ်။ ...သွယ်သုံးပါးနှင့်မကြူ မသင့်မြတ်ကြ ...သ်လည်း မည်သူတစ်ဦးတစ်ယောက် ... သူ့ကို ဥပေက္ခာပြုမထားကြပါ။

မိသားစုဆိုလို့ မကြူနှင့် သူ့မိခင် နှစ်ဦးတည်း ဝါးထရံ အိမ်ကလေးဖြင့် နေထိုင်ကြ တယ်။ ပေါပင် ကြုံရာကျပန်း လုပ်ကိုင်ရှာပြီး စားအိုးဖြည့် ဆည်းလေတယ်။

မကြူနဲ့ပတ်သက်လို့ ဝါဆိုဦး ဥပုသ်နေ့က ကြုံခဲ့ရတဲ့အဖြစ်ကလေး ဆိုရင် ကျွန်တော် သိပ်သဘောကျမိ ခဲ့တယ်။

မနက်ပိုင်းသီလယူပြီး ဥပုသ် သည်များညနေပိုင်းတရားဆက်နာရန် ဘုန်းကြီးကျောင်းကိုသွားဖို့ နီးစပ်ရာ ဟိုလူဝင်ခေါ် ဒီလူဝင်မေးနဲ့ လေးငါး ခြောက်ယောက်အစုအဝေးဟာ ကျွန် တော်တို့ထိုင်နေသော မန်ကျည်းပင် အရိပ်မှ ဖြတ်လျှောက်သွားကြရာ ထို လူစုထဲတွင် မကြူရဲ့မိခင်လည်း ပါဝင် သည်ကို တွေ့ရပြီး မလှမ်းမကမ်းမှ မကြူ တွန့်ဆုတ်တွန့်ဆုတ် လိုက်လာ ကာ ကျွန်တော့်အနီးရောက်တော့ ရပ် လျက်နေခဲ့တယ်။

ကျွန်တော်နဲ့အတူ စကားထိုင် ပြောနေသူ မောင်ပိုဟာ ရပ်ကွက်ထဲ တွင် အစအနောက်သန်သူဖြစ်သည် နှင့်အညီ သူ့ဇီဇဝိတ်ကို မချုပ်တည်းနိုင် စွာ ..

"မကြူ တရားနာမလိုက်ဘူး လား"

"မလိုက်ပါဘူး။ သူတို့ကမှ မခေါ် တဲ့ဟာ"

"ဟုတ်ပါ့ဗျာ၊ တရားနာသွားတာ လေးတောင်မှ၊ ထမ်းခေါ်ရတာမှတ်လို့"

"ဟုတ်တယ် .. ဟုတ်တယ်"

မကြူလေသံက ဝမ်းပန်းတနည်း။ မောင်ပိုရဲ့ မီးလောင်ရာလေပင့် အဆင်း ဘီးတပ်ပြီးနောက် ..

"သူတို့မခေါ်လည်း ကိစ္စမရှိပါ ဘူး။ ကျွန်တော်ခေါ်ပါ့မယ်"

"မကြူရေ .. တရားနာရအောင် လာဗျို့၊ မကြူရေ တရားနာရအောင် လာဗျို့" ဟု တရစပ်အသံကျယ်ကျယ် ဖြင့် အော်လေသောအခါ ..

"ဟဲ့ကောင် နိမိတ်မရှိ၊ နမာမရှိ။ အဲဒါ အသုဘတွေမှာ ခေါ်သလိုမျိုးဟ။ ဖတ် .. ဖွီ .. ဖွတ် .. လွဲပါစေ .. ဖယ် ပါစေ" လို့ ဆူဆူဆောင့်ဆောင့်ပြောပြီး ပြန်သွားသော မကြူကိုကြည့်ရင်း ကျွန်တော် ရယ်မောခဲ့ရလေသည်။

"ဩော် .. မကြူ .. မကြူ၊ စကားနောက်က တရားကိုတော့ နား လည်သဘောပေါက်ပေသားပဲ"

**အောင်သွေးလက်(မြစ်ခြေ)**



www.burmeseclassic.com

www.burmeseclassic.com





# လက်ကိုင်ဖုန်းနိဒါန်း

ဘုန်းမြင့်ချို (သာယာဝတီ)

"ကလင် ‥ ကလင် ‥ ကလင်"

ဖုန်းမြည်သံက ရိုးရိုးလေး။ ကားစောင့်နေရင်း ကားဂိတ်အတွင်း ထိုင်နေစဉ် ရှေ့တည့်တည့်မှ လူရွယ်တစ်ဦး၏ လက်ကိုင်ဖုန်းမြည်သံ။

"အမိန့်ရှိပါ ခင်ဗျာ"တဲ့။

မဆိုးဘူး။ ဒီလူ ရုံးဝန်ထမ်းဖြစ်ပုံရသည်ဟု ခန့်မှန်းမိသည်။ ဘေးနားတစ်ဦးထံမှ ဖုန်းသံမြည်လာပြန်သည်။ ကြာနီကန်ဆရာတော်၏ တရားသံတစိတ်တစ်ဒေသ။ ဩော် ‥ ဒီလူကတော့ ဖုန်းလာတိုင်းတရားအမြဲအမှတ်ရစေအောင် ဖုန်း Retone ကို လုပ်ထားတာပဲ။ ဒါလည်း အကောင်းသားဟု ထင်မိသည်။

"ဟုတ်ကဲ့ ‥ နားထောင်နေပါတယ်၊ ပြောပါ"

ပြန်လည် နှုတ်ခွန်းဆက်သံက ရိုးရှင်း၏။ လူနေမှုနယ်ပယ်တွင် နေထိုင်တတ်သူတစ်ဦးပေါ့။ မကြာပါ နောက်ဘေးတစ်ဖက်မှ ဖုန်းမြည်လာ၏။ ဖုန်းသံက သီချင်းသံ အပိုင်းအစလေးမို့ အေးချမ်းမှုတော့ အရသား။

"အေး ‥ ပြော"

ခပ်ပြတ်ပြတ် တုံးတိတိ နှုတ်ခွန်းဆက်စကား။ အပိုမပြောတတ်သူ၊ လောကွတ်မရှိ၊ တိုရှင်း လိုရင်းသမားဖြစ်လိမ့်မည်။ စီးရမည့်ကားလာသဖြင့် ကားပေါ်သို့တက်ကာ မိမိထိုင်ရမည့် ထိုင်ခုံနံပါတ်ကို ရှာမိ၏။ တွေ့ပါပြီ။ နံပါတ် ၉ ထိုင်ခုံ။ ဘေးတွင် ၁၀ ရှိ၏။ သို့သော် ၁၀ ခုံ မိန်းကလေးတစ်ဦးမှာ ကျွန်တော့် နံပါတ် ၉ ထိုင်ခုံတွင် ထိုင်နေ၍ ဖယ်မပေးခိုင်းလိုသော်လည်း ကိုယ့်နေရာမှန်းသိအောင်တော့ ‥

"ဒီက ထိုင်ခုံနံပါတ်ဘယ်လောက်လဲ"

"နံပါတ် ၁၀ ပါ။ အဲဒီမှာ ထိုင်လိုက်ပါ" ဟု ဆိုကာ ဘေးသို့ မေးငေါ့ပြလိုက်ပါသည်။

ဩော် ‥ အတူခရီးရှည်ထွက်ရမှာမို့ မပြောသာဘဲ နံပါတ် ၁၀ တွင် ဝင်ထိုင်လိုက်ရပါသည်။ မကြာပါ။ နံပါတ် ၉ ထိုင်သူ အမျိုးသမီးငယ်ထံမှ လက်ကိုင်ဖုန်းမြည်လာသည်မို့ ဖုန်းအိတ်အတွင်းမှ ထုတ်ကိုင်ကာ ‥

"ဘာလဲပြော" ဟု စစခြင်း ဘုတောသည့်အသံဖြင့် ဆိုလိုက်သည်။ ထိုအမျိုးသမီးငယ် စိတ်ခက်ထန်ပုံရသည်။ ပြောသည့်စကားများမှာလည်း တန်ဖိုးမဲ့၊ ခေတ်ပေါ်ဂေါ်စကားတွေ။ ကားစီးစဉ် ဖုန်းဆက်သွယ်မှု သိပ်မကောင်း၍ ထင့်၊ ခပ်ကျယ်ကျယ်ပြောနေသည်။ ကားတစ်စီးလုံးတွင် သူ့ဖုန်းပြောသံက လွှမ်းမိုးသွား၏။ ဘေးမှလူများ အနှောင့်အယှက်ဖြစ်မည်ကို ဂရုမထား။ ဖရုသဝါစာ စကားများပင်ပါ၏။ ဖုန်းချပြီး မိနစ် ၂၀ ခန့်အကြာ ဖုန်းမြည်သံ ထပ်ကြားရပြန်သည်။

"‥‥ စားလေး။ ဘာပြောဦးမလို့လဲ"

မကြားဝံ့မနာသာ မိန်းမခန္ဓာကိုယ်ပစ္စည်းဖြင့် နှိုင်းပြောသော စကားမို့ ခေါင်းနပန်းကြီးမိ၏။ ဘေးပတ်လည်မှ ခရီးသည်များကလည်း သူ့ကို ဝိုင်းကြည့်ကြ၏။ သူ့ကိစ္စကိုသာ ခေါင်းရွက်နေသည်ဖြစ်၍ မည်သူ့မျှ မပြောလိုသော်လည်း ကျေနပ်ပုံမရကြပါ။ ပြောဆိုသောစကားများမှာလည်း မောင်နှမ၊ သားနှင့်အမိ မကြားဝံ့မနာသာများသာ။

ယခင်နေ့တစ်နေ့က ‥

လက်ဖက်ရည်ဆိုင်တွင် သူငယ်ချင်းတစ်ဦးနှင့်ဆုံ၍ ထိုင်နေစဉ် သူငယ်ချင်း၏ ဖုန်းလာမှုကြောင့် ကျွန်တော် အနှောင့်အယှက်ဖြစ်မည်ဆိုကာ ဆိုင်မြင်တစ်နေရာသို့ထွက်၍ ဖုန်းပြောသည်ကို ကြုံရ၏။ ယဉ်ကျေးမှုသဘောပေါ့နော်။ ဖုန်းကိုင်သူတစ်ယောက်အနေဖြင့် လူမှုံသွင်ပြင် မြင့်လာသည်နှင့်အမျှ စိတ်ဓာတ်၊ စည်းကမ်း၊ နည်းလမ်းတွေတော့ ပြင်သင့်ဟု တွေးမိပါသည်။ မိမိသဘောဆန္ဒအရ ပြောဆို၊ ပြုမူဆက်ဆံခြင်းသည် သူတစ်ပါး၊ လူမျိုး ဘာသာ၊ သာသနာ အနှောင့်အယှက် ထိခိုက်မှု မရှိဘို့လိုမည်။

ကားဂိတ်ဆုံးအရောက် ကားရပ်၍ အတွေးစဖြတ်ကာ ကားပေါ်မှဆင်းရင်း နှုတ်မှ တိုးတိုးလေးဖြင့် ‥

"ဖုန်းတွေ ‥ ဖုန်းတွေကြောင့်" ကျင့်သုံးရမည့် နီတိရလိုက်ပါသည်။

နာစေး၊ နားလေးထားမှပဲ ရင်အေးမှာပါလေ။

ဘုန်းမြင့်ချို (သာယာဝတီ)



www.burmeseclassic.com

www.burmeseclassic.com





# ကံကြမ္မာရယ် ဖန်လာတော့

## နွေငြိမ်းချမ်း(အနန်းပင်မြေ)

မျှော်ရတဲ့ဒုက္ခကို ဒေါ်ခင်ထွေးညွန့်ခမျှာ အတော်လေးခံစားနေရတာကြာပြီ။ ဒါပေမဲ့ လင်သားဖြစ်တဲ့ ဦးသူရကိုတော့ တအားချစ်သား။ ဦးသူရက တစ်အိမ်လုံးကို ကားမောင်းပြီး ရှာကျွေးလာခဲ့တာ အသက်ကြီးပြီး ဇရာအိုလို့ ဆံပင်တွေလည်းဖြူ၊ သွားတွေလည်းကျိုးကုန်ပြီ။ ဒါပေမဲ့ ဦးသူရက ကားမောင်းတဲ့နေရာမှာ ကျွမ်းကျင်အဆင့်ရှိတယ်။ ကားမောင်းပြီး တစ်မိသားစုလုံးကို ထိန်းလာခဲ့တာ နှစ်ပေါင်း ၃၀ နီးပါးတောင်ရှိနေပြီ။ အငှားကားမမောင်းခင်ကဆိုရင် မထသလိုင်းကားမောင်းပြီး ငွေရှာတဲ့နေရာမှာ ညီးကမ်းလည်းရှိ၊ စနစ်လည်းကျလွန်းလို့ မထသ(ဗဟို)ကချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ယာဉ်မောင်းလက်မှတ်ကိုတောင် သုံးနှစ်ဆက်တိုက်ရထားတာ။

ဒေါ်ခင်ထွေးညွန့်ဆိုတာ မူလတန်းကျောင်းအုပ်ဆရာမကြီးဘဝနဲ့ အသက်ပြည့်(အငြိမ်းစား)ပင်စင်ယူထားတာကြာရောပဲ။ ဒေါ်ခင်ထွေးညွန့်က ကျန်းမာရေးအလွန်ချူချာလွန်းတယ်။ မွေးထားတဲ့ သားအကြီးဆုံး ဖွဲ့သူရဆိုတာကလည်း အအိပ်အစားကလွဲပြီး ဘာမှကိုသုံးစားမရတဲ့သူ။ ပိုဆိုးတာက ဉာဏ်ရည်သိပ်မမီတော့ ဆုံးမရတာခက်တယ်။ သမီးလတ် ခင်ပန်းသဇင်တစ်ယောက်ပဲ ကူဖော်လောင်ဖက်ရတာ။ ဒါတောင်မှ သူ့အတွက် စိတ်ပူပန်ရသေးတယ်။ အငယ်ဆုံးသမီးလေး ထွေးထွေးသဇင်က တက္ကသိုလ်ဝင်တန်းစာမေးပွဲကို တဖုန်းဖုန်းကျရှုံးပြီး သုံးနှစ်ဆက်တိုက်ဖြေနေရတာဆိုတော့လည်း အားမကိုးရပြန်ဘူး။

+ + +

ဟော . . အခုပဲကြည့် ပြောရင်းဆိုရင်း ဖွဲ့သူရတစ်ယောက် လမ်းထိပ်နားက မစိန်ရဲ့သမီးလေးကို လက်ဆွဲပြီး ရည်းစားစကားပြောလို့ ကာယကံရှင်ဘက်က မကျေနပ်လို့လာတိုင်သွားပြန်ပြီ။ မကြာပါဘူး။ နောက်တစ်ယောက် အငယ်မ သူ့ရည်းစားနောက်ကို ကောက်ကောက်ပါအောင်လိုက်သွားပြန်ပြီ။ အလတ်မကတော့ ခပ်အေးအေးရယ်။ သူလေးတစ်ယောက်ပဲလိမ္မာရေးခြားရှိတာ။ ဦးသူရကြီးတစ်ယောက်ကတော့ မိသားစုအတွက် ကားမောင်းပြီး ငွေရှာနေရရှာတယ်။ ဒီလိုအိမ်မှုကိစ္စတွေများလာတော့ ဒေါ်ခင်ထွေးညွန့်တစ်ယောက် စိတ်တွေကယောင်ချောက်ချားဖြစ်နေတာကို ဘယ်သူမှမသိကြဘူး။ မိသားစုကိစ္စ ထွေပြားနေတဲ့ကြားကနေ သမီးလတ်တစ်ယောက် အိမ်ပြန်လာချိန်ကို စောင့်နေတာ ညဉ့်နက်ချိန်သာရောက်လာတယ်၊ ပြန်ရောက်မလာဘူး။

မနက်မိုးသာလင်းသွားတယ်။ ဦးသူရလည်း ရောက်မလာဘူး။ သမီးလတ်လည်း ရောက်မလာဘူး။ သမီးငယ်နဲ့အတူ သားကြီးလည်းရောက်မလာဘူး။ ဒါနဲ့ နံဘေးကို မျက်လုံးဝေ့ကြည့်လိုက်တော့ အောက်စီဂျင်နဲ့ အသက်ကူပေးခံထားရတဲ့ အဘွားအိုတစ်ဦး။ ဒါနဲ့ ဆရာတွေနဲ့ လူနာရှင်တွေ စုစုရုံးရုံးဖြစ်နေတာကို လှမ်းကြည့်ပြီး နံဘေးက လူနာစောင့်တစ်ယောက်ကို မေးလိုက်တော့ စောစောကပဲ ဆုံးသွားတဲ့ကလေးမလေးတစ်ယောက်ပါလို့ ပြောတယ်။ ဒါနဲ့ဆက်ပြီး ဘာရောဂါနဲ့ဆုံးတာလဲလို့မေးတော့ ညက ကားအတိုက်ခံရပြီး ဒီမနက်ဆေးရုံမှာ ဆုံးသွားရှာတယ်။ ဒီတော့မှ ဒေါ်ခင်ထွေးညွန့်တစ်ယောက် မနေ့က အမောပြန်ဖောက်ပြီး မြောက်ဉက္ကလာပဆေးရုံကြီး သီတာဆောင် အရေးပေါ်ဌာနကို ရောက်ခဲ့တယ်ဆိုတာ သိလိုက်ရတယ်။

ဦးသူရတစ်ယောက်ကတော့ မနေ့ ညက ပဲခူးကနေ ခရီးသည်ပို့ပြီး အပြန်မှာ အောင်မင်္ဂလာအဝေးပြေးကားကြီးဝင်းနားမရောက်ခင် ကောင်မလေးတစ်ယောက်ကို ကားနဲ့ဝင်တိုက်မိလို့ ရဲစခန်းမှာ အချုပ်ခံထားရတယ်။

သမီးလတ် ခင်ပန်းသဇင်ကတော့ သူ့အမေထံကို လုံးဝပြန်မလာနိုင်တော့တာ သေချာတယ်။

နွေငြိမ်းချမ်း(အနန်းပင်မြေ)



# လူတွင်

ဂူးမန်းရိုက်

"တောက် ‥"

ကိုမြသန်းတစ်ယောက် ကြိတ်ပြီး တောက်တစ်ချက်ခေါက်လိုက်သည်။

ခေါက်ရသည့်အကြောင်းရင်းက ချစ်ဇနီးစောဥမ္မာကြောင့်ပေါ့။

ဒီမိန်းမ အခုတလော ဘာတွေ ဘဝင်မြင့်နေသလဲမသိဘူး။ ဘာဖြစ်တယ် ဂူးမန်းရိုက်ဆိုလား ဘာဆိုလား။ အမျိုးသမီးများဟာ အမျိုးသားများနဲ့ တန်းတူအခွင့်အရေးရသင့်တယ်လေး ဘာလေးနဲ့ ‥စာစောင်တွေ ‥ သတင်းစာတွေ ဖတ်ပြီး ကျုပ်ကို ခြေရာလာတိုင်းနေတယ်။

ယောကျ်ားကို အရင်ဆုံး ဦးဦးဖျားဖျားခူးခပ်ကျွေးပြီးမှစားတဲ့ မိန်းမ၊ ယောကျ်ားမအိပ်ခင် ဘယ်တော့မှ အိပ်ရာမဝင်တဲ့မိန်းမ။ အခုတော့ ယောကျ်ားနဲ့မိန်းမ အတူတူပဲဆိုပြီး သူဆာရင် ယောကျ်ားကိုတောင် ဦးမချဘဲ ထမင်းစားလို့စား။ အရင်က ယောကျ်ားကို အိပ်ရာဝင်တိုင်း ရှိခိုးကန်တော့ပြီးမှ အိပ်တဲ့ မိန်းမက အခု ကျုပ်မအိပ်ခင် အရင်ဝင်အိပ်လို့အိပ်နဲ့။ အင်း ‥ ဒီမိန်းမကို ယောကျ်ားနဲ့မိန်းမ ဘုန်းကံခြင်းမတူဘူးဆိုတာကို ပြမှရတော့မယ်။ ဟင်း ‥မပြောလိုက်ချင်ဘူး။ နာမည်ကျော်ဗန်းမော်ဆရာတော်ကြီး ပြောသလို ဒင်းတို့ပေါင်ကြားထဲကို ဟိုဟာအရင်ရောက်အောင်လုပ်လိုက်ဦးလို့ ပြောရမလို။ ဒီမိန်းမကို ပညာပေးမှရတော့မယ်။

+++

"မိန်းမရေ ‥ငါတို့ ဒီနှစ်ကျိုက်ထီးရိုးဘုရား သွားဖူးရအောင်"

"သွားလေ ‥‥ကိုမြသန်း[...] ကောင်းတာပေါ့ ‥ ကျုပ်တို့ ကျိုက်ထီး[...] ရိုးဘုရားကြီးကို မဖူးရတာ ဘယ်[...] လောက်ကြာနေပြီလဲ"

ဒီလိုနဲ့ ကျုပ်တို့လင်မယားနှစ်[...] ယောက် ဘုရားဖူးထွက်ခဲ့ကြတယ်။

ညပိုင်း ဘုရားပေါ်ကိုတက်ပြီး[...] ဘုရားရှိခိုးဝတ်ပြုကြတယ်။ ဘုရား[...] ဝတ်ပြုပြီးတာနဲ့ ကျုပ်လည်း ရွှေသက်န်[...] ကပ်ဖို့ဝယ်ပြီး သူ့ကို တစ်ဝက်ပေးလိုက်[...] တယ်။ နောက် ကျိုက်ထီးရိုးဘုရားကြီး[...] ကို ကိုယ်တိုင်ကိုယ်ကျ ရွှေသက်န်းကပ်[...] ပါလားလို့ ပြောလိုက်တဲ့အခါကျတော့[...] ကျုပ်ကို အကြောင်းသုံးပါးမရှေး[...] နဂါးမျက်စောင်းမျိုးနဲ့ကြည့်ပြီး ‥

"ကျုပ်က မိန်းမလေ ‥မြန်[...] လူမျိုးဖြစ်ပြီး ရှင်နားမလည်ဘူးလား[...] လို့ ကျုပ်ကို စိတ်ဆိုးမာန်ဆိုးနဲ့ [...] အော်တယ်။

ကျုပ်လည်း ပြုံးလိုက်မိရင်း [...]

"ဩော် ‥မင်းက မိန်းမ[...] လား။ ဒါဆိုရင် မိန်းမနဲ့ယောကျ်ားကြား[...] မှာ ချွင်းချက်ကလေးတွေ ရှိနေတ[...] ဆိုတာ မင်းလက်ခံရမယ်ကွ။ ခဏခဏ ဂူးမန်းရိုက်အကြောင်းမပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ရေးထားတဲ့စာတွေကို စွတ်ဆက်အော်ပြီး အလွတ်ကျက်ခဲ့ကြပါတယ်။ သတ်မှတ်ထားတဲ့အတန်းတွေကို မှန်မှန်လေးကျော်ခွလာခဲ့ကြတာပေါ့။ အဲလိုနဲ့ သူတို့ဟာ ဘွဲ့ဆိုတာကြီးကို ရတော့မှာ။ ဒါကြောင့် ...

သူတို့ဟာ စာတွေဖတ်တတ်ခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့တွေဟာ အကောင်းအဆိုးတွေကို ခွဲခြားတတ်တဲ့ အသိတရားတွေ၊ အရှက်အကြောက်တရားတွေ လုံးဝဥဿုံ မရှိခဲ့ပါဘူး။ တကယ်ပါဆို။

+++

ကျောင်းလွှတ်ချိန် မဟုတ်ရပါဘူး။ သူတို့နှစ်ယောက်ဟာ မြို့ထဲကို ပြန်ဝင်မယ့် လိုင်းကားပေါ်ရောက်နေပါပြီ။ ရိုးရာအတိုင်း အတန်းလစ်လာတာ။ နှစ်ယောက်သားရဲ့ နေပုံထိုင်ပုံကို ရှုံ့လိုက်ကြဦး။ ကောက်ညှင်းထုပ်က တောင် ဆလံသရတယ်။ ပူးကပ်ဖက်ထားလိုက်ကြတာ။ လက်တွေကလည်း မော်တာတပ်ထားတဲ့အလား။ ရှုပ်ယှက်ခတ်လို့။

စာတွေအမှန်းကျက်ထားလို့ ထင်ပါရဲ့။ နှစ်ယောက်သားရဲ့ မျက်လုံးတွေဟာ ရီဝေလို့။ ဖီလင်သီချင်းထင်ပါရဲ့ (Ear Phone) တစ်ခုဆီကို နားမှာတပ်ပြီး ဖီးလ်တွေ ဆောင့်တက်နေကြတာ။

တံတားကိုကျော်လာတော့ ခရီးသည်တွေ များသထက်များလာတယ်။ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်တွေပါ ပါတယ်။ စာတွေအားကြီးသင်ထားတဲ့ သူတို့နှစ်ယောက်ဟာ သောက်ဂရုကို မစိုက်တာ။ ဖယ်မပေးကြပါဘူး။ ကဲလို့ကောင်းဆဲ။

ဒီမိုကရေစီခေတ်ကြီးလေ။ လူတိုင်းမှာ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ ဘာလို့ဖယ်ပေးရမှာလဲ။ ထိုင်ခုံနဲ့စီးချင်ရင် သူများလို စောစောလာထိုင်ပေါ့။ သွားပြီး အပြစ်တင်လို့ မရပါဘူး။ ဒါသူတို့ရဲ့ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်လေ။ စွတ်ရွတ်အပြစ်တင်ရင် ဘယ်တရားပါ့မလဲနော့။

လူငယ်လေးတွေရဲ့မျက်နှာဟာ ဘယ်အချိန်ကြည့်ကြည့် ချစ်ဖို့ကောင်းပြီးသားပါ။ လူမြင်ကွင်း ကားပေါ်မှာ ပေါ်တင်ကြီး ဖြစ်ချင်တိုင်းဖြစ်။ (Kiss) ချင်တိုင်း(Kiss)နေကြတဲ့ သူတို့နှစ်ယောက်ဟာ ချစ်ဖို့မကောင်းတော့ပါဘူး။ ကြာလေ ရွံဖို့ကောင်းလေပါပဲ။

သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေကို သန်သန်မာမာလူငယ်လေးတွေဖြစ်တဲ့ သူတို့က နေရာဖယ်မပေးချင်တာ ဘာမှပြောလို့မရပါဘူး။ ဒါပေမဲ့ပေါ့ ရှက်ကြောပြတ် ကဲစခန်းထနေတဲ့ သူတို့လုပ်ရပ်ဟာ ကြည့်မကောင်းပါဘူး။ အင်မတန် ကျက်သရေယုတ်ပါတယ်။

ယိုသူမရှက် မြင်သူရှက်ဆိုတဲ့ စကားပုံက လက်ကညော့ပြီး ရေးခဲ့တာ မဟုတ်ပါဘူးလေ။ တစ်ယောက်ယောက်က လက်စွမ်းပြီး ဖွဘုတ် (Face Book) တင်လိုက်ရင် မိဘတွေခမျာ အရှက်ကို အစိမ်းလိုက်ကွဲမှာ။

ကားပေါ်မှာ ကျောင်းနေချင်ပေမဲ့ မနေနိုင်တဲ့လူငယ်လေးတွေပါ ပါတယ်။ ကျောင်းနေနိုင်တဲ့ ဘဝတူလူငယ်တွေရဲ့ အပူအပင်ကင်းတဲ့ဘဝတွေကို ကြည့်ပြီး အားကျအထင်ကြီးနေကြပါတယ်။ ပညာတတ်တွေပေါ့။

သူတို့အထင်ကြီးတဲ့လူတွေဟာ နေ့ခင်းကြောင်တောင် လူမြင်ကွင်း ဘတ်စ်ကားပေါ်မှာ ဖြစ်ချင်တိုင်းဖြစ်၊ (Kiss) ချင်တိုင်း (Kiss) နေကြဆဲ။

+++

ပန်းဆိုးတန်းမှတ်တိုင်မှာ ကားရပ်ပါတယ်။ သူတို့နှစ်ယောက် ကားပေါ်က ဆင်းလိုက်ကြတယ်။ သာခွေယိုင်စတိုင်လ်နဲ့။ အရှိန်ကမသေသေးဘူးလေ။ ရာသီဥတုကလည်း အလတ်ကြီးရှိသေးတယ်။

ဘိုဘိုက အေမီရဲ့ဖွာလံကြဲနေတဲ့ နီကြောင်ကြောင်ဆံပင်လေးတွေကို မှုတ်ကာ –

"အချိန်တွေ နှမြောစရာကြီး"

အေမီက မိဘစကားနားမထောင်သော ကိုရီးယားမင်းသမီးလေးဟန်ကို တုကာ ရယ်သည်။ ရီဝေဝေမျက်လုံးလေးကို ပေကြောင်ပေကြောင်လုပ်ပြီး

"အဲတော့ ..."

"ရှုပ်ရှင်ဒိုးမယ်လေ"

အေမီက ဘိုဘိုရဲ့ ပိန်တာရိုးလက်မောင်းလေးကို အားမလိုအားမရ



www.burmeseclassic.com

www.burmeseclassic.com



ခြစ်ညှစ်သည်။ ဖီးလ်တက်သံဖလေးဖြင့်

"ယူ့သဘော ... အဟာစ်"

ဘီယာဘူးထည့်ထားသော ကြွပ်ကြွပ်အိတ်လေးကိုဆွဲကာ ရုပ်ရှင်ရုံထဲဝင်လာခဲ့ကြတယ်။ နောက်ဆုံးအတန်း၊ အစွန်ဆုံးခုံပေါ့။ ပြောစရာလားလို့။ ရုပ်ရှင်ပြနေပြီ၊ လုံးဝကိုမကြည့်တာ။ ဘိုဘိုက ဘီယာကိုကစ်ရင်း သူ့ဟန်းဖုန်းကိုဖွင့်တယ်။ ပြီးတော့ အေမီ့ကိုပြတယ်။ အေမီက ဘီယာစုပ်ရင်းကြည့်တယ်။ ဘာကားကြိုက်လဲပြော။ နိုင်ငံခြားလား၊ ဒီကကားလား၊ လယ်ဒီပါဆို။

မီးကလည်း မှိန်လိုက်ဖျော့လိုက်ဆိုတော့ ဘာပြောကောင်းမလဲနော့။ ဘာမှကို ပြောလို့မကောင်းတော့တာ။

+++

ရုပ်ရှင်ရုံထဲကထွက်လာတော့ ကားရှိုင်းသွင်းချိန်ရောက်လို့ မှောင်စပျိုးနေပါပြီ။ ဘာဇာတ်လမ်းလည်း သွားမေးမနေနဲ့၊ ဇာတ်ကားနာမည်တောင်သိဘူး။ နှစ်ယောက်သားရဲ့စတိုင်လ်ဟာ ရောင်းမကုန်တဲ့ စမူဆာလို ပျော့တ်လို့။ အိကြာကွေးလို ခွေခေါက်လို့။ ဒါလောက်တော့ ရှိမှာပေါ့။ အထဲမှာ (၃)နာရီလောက် အညောင်းမိခဲ့ကြတာလေ။

ဒါပေမဲ့ အရှိန်က မသေကြသေးဘူး။ ဘိုဘိုက ငေမာန်သံလေးဖြင့် –

"xxxxxxxxxxxxx"

တိုးတိုးလေးကပ်ဖောတယ်။ အေမီက ရှက်တဲ့အထာလေးဖြင့် –

"အိမ်ပြန်နောက်ကျမှာပေါ့လို့"

"သင်တန်းလို့ ဖိန့်လိုက်ပေါ့"

ဘိုဘိုရဲ့ ချီးရင်အုံကလေးကို ထုတာထုကာ –

"လူဆိုး ... အဟင့် ..."

"နော်လို့ ..."

ဖွတ်ကိုဖွတ်နေတာ။ အေမီက –

"ယူ့သဘော ... အဟင့် .."

ဘိုဘိုက တစ်နေရာသို့ –

"ရမလား ..."

ဖုန်းလှမ်းတောက်တယ်။

"အိုကေ ... အခုပဲလာခဲ့မယ်"

ပြီးတော့ ကကာတစ်စီးကို ဖမ်းတားလိုက်ကြတယ်။ ဂရောင်ဖတ်နေတဲ့ အပျိုဖော်ဝင်စညဟာ ကြောင်တောင်တောင်နဲ့ မှောင်တော့မှာ။

+++

"ဘိုဘို"

"ဘာလဲဟ"

ကြည့် ...။ ထူးပုံက စိတ်မပါလက်မပါကြီး။ အစာကောက်၍ ဝသွားသောဘိုဘိုသည် ဟန်းဖုန်းကိုကလိကာ ဂိမ်းကညော့နေ၏။ အေမီက သက်ပြင်းကိုအဲနေတော်ချကာ ပတ်ဝန်းကျင်ကို ဖမ်းရှိုးသည်။ လေသံပိစိလေးဖြင့် –

"ငါ ... ငါ့မှာလေ ..."

စွတ်ဆက်ကဲခဲ့ကြတယ်။ ခုတော့ ပြောမထွက်ဘူး။ ရှက်တော်မူနေတာ။

"ငါ ... ငါ့မှာ ..."

ဂိမ်းဆော့ရတာ ဖီးလ်ပျက်လို့ ထင်ပါရဲ့။ ဘိုဘိုငြိုငြင်လာတယ်။ နှာကောက်သံကြီးဖြင့် –

"ဘာလဲဟာ"

"ကိုယ်ဝန်ရှိနေပြီ ..."

"ဘာဖြစ်လဲ ... အဲဒါ"

ဘိုဘိုက ရင်မခုန်ပါဘူးဆို။ အေးရာအေးကြောင်းအထာနဲ့ ဂိမ်းဆော့ကို မပျက်တာ။ အေမီ တော်တော်လေးကို ဖုသွားတာ။

"ဟဲ့ ... ကောင်"

ဘိုဘို့အင်္ကျီစကို ဆောင့်ဆွဲလိုက်တယ်။ ဟန်းဖုန်းကိုလုကာ ရေကန်ထဲ လွှင့်ပစ်လိုက်တယ်။ သူ့ဗိုက်ကို လက်ညှိုးထိုးပြီး –

"နင်နဲ့ဆိုင်တယ်လေ"

ဘိုဘိုက ရုန်းထပြီး အေမီ့ကို ဆောင့်တွန်းပြီး –

"ရုပ်ရှင်ထဲကတော်ကီတွေ လာပစ်နေတာလား ...၊ ငါဆိုတဲ့ကောင်က ဂျပိန်းကြီးမဟုတ်ဘူးနော်"

"နင် ... စားပြီးနားမလည်မလုပ်နဲ့၊ နင်နဲ့ပဲ ငါပတ်သက်ခဲ့တာ"

**အေမီက ယောက်ျားပဲခိုက်တာ။**

**ကိုယ်ဆတ်ဆော့လို့**

**လူ့ပြည်ရောက်လာမယ့် ကလေးကြတော့နိုးပဲ။**

**ဒါကြောင့် အေမီ့ဗိုက်ထဲက သန္ဓေသားရဲ့ဘဝဟာ**

**ဆီးရီးယားပြည်တွင်းစစ်ထဲ ရောက်နေသလိုပါပဲ ...**



www.burmeseclassic.com

www.burmeseclassic.com





အေမိရဲ့အသံဟာ ဒေါသကြောင့် တုန်ခါနေပါတယ်။ ဒါပေမဲ့ မျက်နှာက ငိုမဲ့မဲ့။ ပါးပြင်မှာ ပုလဲခနေပြီ။

"ဟား ... ဟား ... ဟား"

"အဲလို ... ရယ်လိုက်မယ်၊ ယောကျ်ားဆိုလို့ ငါပဲရှိတာလားဟင်"

မချိုမချဉ်မျက်နှာပေးကြီးနဲ့ မေးတာ။

"ငါက နင်တို့အဖေရိုက်နေတဲ့ ဂေါက်သီးကြီးမဟုတ်ဘူးနော် ... ပေါက်လိုက်"

"ဘိုဘို ... နင် ... နင်"

"ကောင်မ"

အခေါ်အပြောတွေက ဘတ်ခနဲ ကို ချိုးကုန်တာ။ ညက်နုမနေတော့ဘူး။ ကောင်မတဲ့။

"နင့်ဟာနင် စေတနာဗရပွနဲ့ မြင်မြင်သမျှကို ပေးကျွေးခဲ့တာလေ၊ ကိုယ့်ကိစ္စကိုယ်ရှင်း"

ပြောထွက်တဲ့ပါးစပ်ကြီး။ ဘိုဘို့ စတိုင်လ်က အကြမ်းဖက်သမားစတိုင် ပေါက်လာပါတယ်။ လိုအပ်ရင် အင်အားသုံးတော့မှာ။ အေမိအသားနာမှာတော့ ကြောက်တတ်ပါတယ်။ မျက်လုံးကလေး ပေကြောင်ပေကြောင်နဲ့၊ ဘိုဘိုက မျက်နှာကို မဲ့သထက်မဲ့ကာ –

"ငါ့ကို ခေါင်းစဉ်လာမတပ်နဲ့"

အပြတ်ကောပြီး ဖောင်းဖောင်းနဲ့ သုတ်သွားပါတော့တယ်။ အေမိ ပါးစပ်ကလေးဟစိဟစိနဲ့ ကျန်ခဲ့တယ်။ ဘာမှဆက်မပြောရဲဘူး။ ဘိုဘို့အကြောင်း အေမိအသိဆုံးလေ။ ပြောရင် ပြောတဲ့အတိုင်းလုပ်ခဲ့တာကိုး။ ကျွတ်တာပေါ့။

+++

လောကကြီးမှာပေါ့ သူသူငါငါ လူသားတွေ မချစ်သော်လည်း အောင့် အက်ပြီးတော့ အာဘွားပေးနေရတဲ့ ဆင်းရဲခြင်း (၈)မျိုးရှိပါတယ်။ ပဋိသန္ဓေ နေရခြင်းဟာလည်း ဆင်းရဲဒုက္ခပါ။ ပဋိ သန္ဓေရဲ့ နေထိုင်မှုစတိုင်လ်ကို လူမဖြစ် ခင် သိမြင်နားလည်ခဲ့ပါက နောက်ထပ် တစ်ဖန် လူဖြစ်ချင်စိတ်တွေ ကာလနာ တိုက်ကုန်မှာ သေချာပါတယ်။ ဒီလိုပါ–

သန္ဓေသားဟာ မိခင်ရဲ့ဝမ်းဗိုက် ကို ကျောပေးကာ၊ အစာဟောင်းအိမ် ကို ဖင်ခုထိုင်ထားရပါတယ်။ အစာအိမ် သစ်က သန္ဓေသားရဲ့ခေါင်းကို ဖိထား ပါတယ်။

မှောင်အတိပုတ်ပေါင်း နံစော် နေသော တစ်ထွာပတ်လည်ဝမ်းဗိုက်ထဲ မှာ မလှုပ်မယှက်စတိုင်လ်နဲ့ ကိုးလ ကျော် ဆယ်လနီးပါး နေခဲ့ရပါတယ် သန္ဓေသားရဲ့ ဆင်းရဲဒုက္ခကို တွေး ကြည့်ပေရော့။

+++

အေမိက ယောကျ်ားပဲခိုက်တာ ကိုယ်ဆတ်ဆော့လို့ လှုပြည့်ရောက်လာ မယ့်ကလေးကြတော့ နိုးပဲ။ ဒါကြောင့် အေမိ့ဗိုက်ထဲက သန္ဓေသားရဲ့ဘဝဟာ ဆီးရီးယားပြည်တွင်းစစ်ထဲ ရောက်နေ သလိုပါပဲ။

အေမိဟာ သန္ဓေတားဆေးတွေ သောက်တယ်။ အဲဒီဆေးတွေဟာ သန္ဓေသားအတွက်တော့ လေယာဉ်ပေါ် က ကြဲချလိုက်တဲ့ ဖျက်အားပြင်း ဗုံး တွေလိုပါပဲ။ နားကိုကားတာ။

အိုကေသွားပြီထင်တဲ့ အေမိဟာ ကိုရီးယားကင်၊ တုတ်ထိုးတွေ စား တယ်။ အချဉ်ရေနဲ့ ပယ်ပယ်သိနယ် ကို တွယ်တာ။ အာပူလျှာပူမုန့်တီး



www.burmeseclassic.com

အမီက လွှတ်ပြီးကြိုက်တာ။ ရေပ်သီး ထိစပ်နဲ့ ရှုလူး ရှုလူးပေါ့။ အသုပ်ဆို ည်း ချဉ်ငန်စပ်။ ထမင်းစားတော့ ည်း ငါးပိရည်စပ်စပ်လေးနဲ့မှ မြိန်တာ။

အနေအထိုင် အစားအသောက် လောက်ပက်စက်နေမှတော့ အမေ့ ိုက်ထဲက သန္ဓေသားဟာ သေမယ်ဆို င် သေလို့ရပါပြီ။ ပေါ့ပေါ့နေ ပေါ့ပေါ့ း အမေဟာ အရာရာကို လျှော့တွက် ပါတယ်။

ကိုယ်ဝန်ရင့်လာသော်လည်း ဗိုက် သိပ်မထွက်သဖြင့် အမေဟာသိဘာ သာ နေခဲ့၏။ ကိုယ်ဝန်အတော်ကြီးရင့် ာမှ သတိထားမိတာ။ မိဘတွေပါ မျက်လုံးပြူးကုန်သည်။ အရက်နဲ့လူလုပ် ကြတာဆိုတော့ မထူးဇာတ် ကလေပြီ။ အရပ်လက်သည်လက်ထဲ အမေ့ကို ထိုးအပ်လိုက်တာ။

ဗိုက်ထဲကသန္ဓေသားရဲ့ဘဝဟာ ပြောစရာကို မလိုတော့တာ။ အရပ် လက်သည်လက်ချက်နဲ့ အမေလျှာထွက် နေပြီ။ သွေးလွန်နေပြီ။ ဆေးရုံကို အရေးပေါ်တင်လိုက်ရတာ။ ရှေ့မျက်နှာ နောက်ထားပေါ့။ အချိန်က တော်တော် ကိုလွန်နေပြီ။

ဆရာဝန်ကြီးက –

"မိခင်အသက်နဲ့ ... ကလေး အသက် ..."

ဆရာဝန်ကြီး ပြောမထွက်တော့ ပါ။ ဒါပေမဲ့ပေါ့ အမေ့မိဘတွေက လူ ုပ်တွေလေ။ ပေါက်တာပေါ့။ တိုင်ပင် ရေကိုမလိုတာ။ ပြိုင်တူကို ဖြေကြတာ၊ ဟောသလို –

"သမီးရဲ့အသက်"

ဆိုပြီးပြိုင်တူအဖြေပေးကြသည်။ အမေ့မိဘတွေက ဘောစိတွေလေ။ သူတို့အတွက်က အပေါ်ဆုံးကပိုက်ဆံ။ အမေ့ရဲ့အသက်ကို လုကြတာပေါ့။ သန္ဓေသားရဲ့အသက် အသေထားလိုက်ကြတာ။

တကယ်လည်း သေသွားပါတယ်။

"အောင်မလေး ... ဘေဘီလေးရဲ့"

"မာမီတို့ကိုထားသွားတာလား၊ အီး ... ဝါး"

"ရက်စက်လိုက်တဲ့သေမင်းရဲ့၊ အီး ... ဝါး"

အမေသေသွားတာပါ။ ကုသိုလ်ကံ ခုခံအားကောင်းလွန်းသည့် သန္ဓေသားသည် လူပြည်မှာ လူလာဖြစ်ပါပြီ။ ခများလေး လူလာဖြစ်ရသော်လည်း လူဖြစ်ကျိုးမနပ်ပါ။

သန္ဓေတားဆေးများ၏ ဒဏ်၊ လက်သည်ရဲ့ဒဏ်ကြောင့် လက်နှစ်ဖက်မှာ ငုံးတိတိ။ ဘယ်ဘက်ခြေထောက်လေးမှာ တိုတိုလေးဖြစ်လို့ နေပါတော့သည်။ ပိတ်ဆို့ကာစီးထားသည့်ကြားမှ လူပြည်ရောက်လာသော မြေးကလေးကို အဘိုးအဘွားတွေက မချစ်ကြပါ။ အမုန်းဆင်ကာ အပြစ်တွေတင်ကြပါတယ်။

အမေသေရတာ ဒင်းကြောင့်ဆိုပဲ။

+++

နှင်းပင်မကွဲသေးပါ။

"ဝုတ် ... ဝုတ် ... ဝုတ်"

ခွေးတစ်အုပ်သည် အမှိုက်ပုံကြီးကိုကြည့်ကာ ထိုးဟောင်နေ၏။

"ဝုတ် ... ဝုတ်"

ခွေးဟောင်သံတို့သည် ရပ်မသွားပါ။ ပိုရှည်လာလေ၏။

"ခွေးတွေက ဟောင်ပတော် .. ကိုဘသာ"

ပဲပြုတ်ရောင်းထွက်ရန် ပြင်နေသော ဒေါ်ဘုမက လင်တော်မောင်ကို နှိုး၏။

"ဘာလဲဟ"

"ခွေးတွေ အရမ်းဟောင်တာပဲ"

ကိုဘသာ အိပ်ချင်မူးတူးဖြင့်ထကာ အမှိုက်ပုံကြီးဆီသို့ လျှောက်လာခဲ့သည်။ ကိုဘသာကို မြင်သဖြင့် ခွေးတွေ အဟောင်ရပ်သွား၏။

"ဟာ"

ကိုဘသာ မျက်လုံးပြူးသွား၏။

"အူဝဲ ... အူဝဲ"

ဟုတ်ပ။ မွေးကင်းစကလေးလေး။ နီတာရဲလေး။

လက်နှစ်ဖက်မှာ ငုံးတိတိ။

ခြေထောက်လေးတစ်ဖက်က တိုတိုလေး။

"အူဝဲ ... အူဝဲ"

\+ + +

ဟောဒီကမ္ဘာကြီးမှာ ...

လူသားတွေဟာ အသိဉာဏ်အရှိဆုံးပါ။ အဲဒီ မဟာလူသားတွေ ဖောက်ပြန်လာပြီဆိုရင်တော့ ...

"ကြောက်စရာကြီး"

လှရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ရွှေဝင်း၏
မှတ်တမ်းကို
အသေးစိတ်
ထပ်မံစစ်ဆေးရာ
နခေါင်းချွန်ချွန်၊
ညာဘက်အောက်သွား၌
ရွှေသွားစိုက်ထား၊
ဆံပင်အနက်ရောင်၊
အရပ် ငါးပေဆယ်လက်မ
ရှိကြောင်း တွေ့ရသည်။
သူသည်
သော့ဖွင့်ဝိဇ္ဇာလည်း
ဖြစ်၏ . . .

☐

"နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ" ဟူသော ဆိုရိုးစကားရှိ၏။

ယခု ကျွန်ုပ်ရေးမည့် အဖြစ်အပျက်မှာ အကြွားလွန်သူ၊ နှုတ်မစောင့်ဘဲ ကြွားသောကြောင့် ထောင်ထဲရောက်သွားသူတစ်ယောက်အကြောင်း ဖြစ်သည်။

၁၉၅၀ ခုနှစ်၌ ကျွန်ုပ်မောင်စံပျော်သည် ရန်ကုန် အင်းစိန်စီအိုင်ဒီ စုံထောက်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့က ဖြစ်သည်။

တစ်နေ့တွင် စုံထောက်မင်းကြီးက –

"မောင်စံပျော် . . . ရန်ကုန်မြို့နယ်က တိုက်ခန်းတွေမှာ ဖောက်ထွင်းမှုတွေဖြစ်နေတာ များနေပြီ၊ ခုထိ လက်သည်ကို မမိသေးဘူး၊ အဲဒါ ရန်ကုန်ခရိုင် ရဲမင်းကြီးက ငါ့ဆီ အကူအညီတောင်းတယ်၊ အဲဒါ မင်း . . . ရဲမင်းကြီးနဲ့သွားတွေ့ကွာ၊ ငါ ဖုန်းဆက်ထားလိုက်မယ်"

ဟု ခေါ်ပြောသောကြောင့် ကျွန်ုပ်သည် ရဲမင်းကြီးနှင့် သွားတွေ့ပါသည်။

ရန်ကုန်ခရိုင် ရဲမင်းကြီးသည် ကျွန်ုပ်အား စာရင်းစာရွက်တစ်ရွက်ကို ပေးရင်း –

"အဲဒီစာရွက်ထဲမှာ ဖောက်ထွင်းခံရတဲ့ မြို့နယ်အလိုက် စာရင်းတွေပဲ၊ သက်ဆိုင်ရာမြို့နယ်တွေက မြို့နယ်ပုလိပ်အရာရှိတွေကို ငါအကြောင်းကြားထားလိုက်မယ်၊ မင်းကို ကူညီပါလို့၊ ဖောက်ထွင်းမှုများပြီး လက်သည်တွေကိုမမိရင် ငါတို့ သိက္ခာကျတယ်ကွာ"

ဟု ပြောသောကြောင့် –

"ဟုတ်ကဲ့ . . . ကျွန်တော်အစွမ်းကုန် ကြိုးစားပါ့မယ် မင်းကြီး"

ဟု ပြောကာ အလေးပြုပြီး ထွက်ခွာလာပါသည်။

မင်းကြီးပေးသော စာရွက်ထဲ၌ မြို့နယ်များမှာ ပုဇွန်တောင်၊ ဗိုလ်တစ်ထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊



www.burmeseclassic.com

လသာ၊ လမ်းမတော်၊ မင်္ဂလာတောင်ညွန့်မြို့နယ်များ ဖြစ်လေ၏။ တိုက်ခန်းများသာဖြစ်၍ အရေအတွက်အားဖြင့် ဖောက်ထွင်းခံရသော တိုက်ခန်းများ၏ အရေအတွက်မှာ သုံးဆယ်ဖြစ်ပြီး အများဆုံးမြို့နယ်မှာ ဗိုလ်တစ်ထောင်ဖြစ်ကာ အနည်းဆုံးမြို့နယ်မှာ မင်္ဂလာတောင်ညွန့်မြို့နယ် ဖြစ်၏။ ဖောက်ထွင်းခံရမှုတန်ဖိုး စုစုပေါင်းမှာ ထိုစဉ်က ကာလတန်ဖိုး တစ်ဆယ်သိန်းဖိုးခန့် ဖြစ်သည်။

သုံးလအတွင်း ဗိုလ်တစ်ထောင်တွင် ခုနစ်မှု၊ ပုဇွန်တောင်တွင် ငါးမှု၊ ကျောက်တံတား ငါးမှု၊ ပန်းဘဲတန်း လေးမှု၊ လသာ လေးမှု၊ လမ်းမတော် သုံးမှု၊ မင်္ဂလာတောင်ညွန့် နှစ်မှု ဖြစ်သည်။

ကျွန်ုပ်သည် မြို့နယ်စုံသို့သွား၍ ကျွန်ုပ်သိချင်သော အချက်များကို အသေးစိတ်စုံစမ်း၍ ရက်စွဲများနှင့် အချိန်များကိုလည်း စုံစမ်း၍ ပြက္ခဒိန်ပေါ်၌ စနေ၊ တနင်္ဂနွေနေ့များ၌ လုံးဝဖောက်ထွင်းမှုမရှိ၊ ဖောက်ထွင်းချိန်များမှာလည်း နံနက်ဆယ်နာရီနှင့် မွန်းလွဲနှစ်နာရီအကြားတွင်ဖြစ်သည်ကို တွေ့ရ၏။

ဖောက်ထွင်းခံရသော တိုက်ခန်းများ၌ နေသူအများစုနှင့် တွေ့ဆုံမေးမြန်းရာ၌ အများစုမှာ ဝန်ထမ်းများဖြစ်ကြပြီး၊ အချို့မှာ ဈေးရောင်းသူများဖြစ်ကြပြီး၊ တိုက်ခန်းများကို သော့ခတ်ထားခဲ့ကြသူများ ဖြစ်ကြ၏။

"တစ်ယောက်တည်းလား၊ ဂိုဏ်းအဖွဲ့နဲ့လား ဆိုတာတော့ ဖော်ထုတ်ရမှာပဲ"

ကျွန်ုပ်သည် ထိုသို့ စိတ်ထဲမှ စိတ်ကူးထားလိုက်သည်။

အင်းစိန်စီအိုင်ဒီစာရင်းဝင် ဖောက်ထွင်းဝိဇ္ဇာစာရင်းထဲမှ ဖောက်ထွင်းဝိဇ္ဇာများကို စိစစ်ရာ သုံးယောက်ကို တွေ့ရ၏။ သို့သော် ထိုသုံးယောက်တွင် နှစ်ယောက်မှာ အပြစ်များကြောင့် ထောင်ထဲရောက်နေကြ၏။ ကျန်တစ်ယောက်မှာ အပြင်ဘက်တွင် ရှိ၏။ သူ့အမည်မှာ ရွှေလင်းဖြစ်သည်။ စာရင်းအရ အရပ်ခပ်မြင့်မြင့်၊ ရုပ်ရည်သနားကမား၊ အသက်သုံးဆယ်ဝန်းကျင်။ အခြားအမည်များမှာ စံဖွား၊ ကျော်မြင့် ဖြစ်၏။ သူ့တွင် အိမ်ထောင်မရှိဟု သိရသည်။ သူသည် လွန်ခဲ့သော နှစ်နှစ်မှစ၍ ရန်ကုန်မှ ပျောက်သွား၏။

ကျွန်ုပ်သည် ကျွန်ုပ်၏တပည့်ကျော်များဖြစ်ကြသော တပ်ကြပ်ကြီးစံဝနှင့် တပ်ကြပ်ကြီးတင်ခတို့အား ရွှေလင်း၏ဓာတ်ပုံကို ပွား၍ ရန်ကုန်မြို့လယ်တွင် ခြေရာခံခိုင်း၏။

သို့နှင့် မင်းကြီးက တာဝန်ပေးပြီးနှစ်ပတ်အတွင်း ကျွန်ုပ်သည် မအားမလပ်အောင်ဘဲ အလုပ်လုပ်ရသောကြောင့် ဆံပင်ညှပ်ရန်ပင် မေ့နေ၏။

သို့နှင့် သောကြာနေ့တွင် ကမာရွတ်ရှိ ကျွန်ုပ်ညှပ်နေကြ "ဝင်းဝင်း" ဆံသဆိုင်သို့ ဆံပင်ညှပ်ရန် တပည့်ကျော်စံဝနှင့်အတူ ရောက်သွားသည်။

ကျွန်ုပ်ကို ဆံပင်ညှပ်ပေးနေကြ ဆံပင်ညှပ်သမား ဦးရွှေအား –

"ထုံးစံအတိုင်း ညှပ်မယ်၊ ခေါင်းလျှော်မယ်"

ဟု ပြောလိုက်သည်။

ကျွန်ုပ်ကပ်လျက်နေရာတွင် လူတစ်ယောက် ဆံပင်ညှပ်နေသည်။ သူ့ကို ဆံပင်ညှပ်ပေးသူမှာ မောင်နီဖြစ်သည်။ မောင်နီကို ကျွန်ုပ်သိ၏။ မောင်နီက ဆံပင်ညှပ်ရင်း –

"ဆရာ . . . မြင်းပွဲရောက်သေးသလား"

ဟု မေးသံကို ကျွန်ုပ်ကြားလိုက်သည်။ ဤတွင် အမေးခံရသူက –

"ငါက လေယာဉ်မောင်းတဲ့ ပိုင်လော့ဆိုတော့ မအားဘူး။ အားရက်နဲ့ကြုံမှ ရောက်တယ်"

ဟု ခပ်ကျယ်ကျယ် ပြောရာ ကျွန်ုပ်သည် လေယာဉ်မောင်းသမားဆိုသူကို ခပ်စွေစွေလမ်းကြည့်လိုက်သည်။ ကျွန်ုပ်ကြည့်လိုက်ချိန်နှင့် သူပါးစပ်ဟလိုက်ချိန် တိုက်ဆိုင်သွားရာ သူ၏ညာဘက်အောက်သွားတစ်ချောင်း နေရာ၌ ရွှေသွားစိုက်ထားသည်ကို ကျွန်ုပ် သတိပြုလိုက်မိသည်။ သူ၏ နာခေါင်းမှာလည်း သာမာန်ထက်ပို၍ ... သည်ကိုလည်း ကျွန်ုပ် သတိထားလိုက်မိသည်။

ကျွန်ုပ် ခေါင်းလျှော်ပြီးချိန်တွင် လေယာဉ်မောင်းသမားဆိုသူကို မတွေ့လိုက်ရတော့။

"ခုနက လေယာဉ်မောင်းသမားလို့ပြောတဲ့လူ ဒီမှာ ဆံပင်လာညှပ်နေကျလား"

ကျွန်ုပ်က မောင်နီကိုမေးရာ –



www.burmeseclassic.com

www.burmeseclassic.com



"လာညှပ်နေကျ မဟုတ်ပါဘူး" ဟု မောင်နီကဖြေသည်။

ကျွန်ုပ်သည် ယူဘီအေ(ထိုစဉ်က) လေကြောင်းလိုင်းရှိ ပိုင်းလော့ခေါ် လေယာဉ်မောင်းသမားအားလုံးကို သိထားသူဖြစ်ရာ ခုနကလူကို လုံးဝမသိ။ သူသည် လူအထင်ကြီးအောင် လေယာဉ်မောင်း ပိုင်းလော့ဟု လိမ်ညာသူဖြစ်ရည်ဟု ကျွန်ုပ်ဆုံးဖြတ်ပြီး စီအိုင်ဒီသို့ သွား၍ လူဆိုးမှတ်တမ်းဌာနရှိ ရွှေခင်း၏မှတ်တမ်းကို အသေးစိတ်ထပ်မံစစ်ဆေးရာ နှခေါင်းချွန်ချွန်၊ ညာဘက်အောက်သွား၌ ရွှေသွားစိုက်ထား၊ ဆံပင်အနက်ရောင်၊ အရပ် ငါးပေဆယ်လက်မရှိကြောင်း တွေ့ရသည်။ သူသည် သော့ဖွင့်ဝိဇ္ဇာလည်း ဖြစ်၏။

ကျွန်ုပ်သည် ဓာတ်ပုံပါသော သူ၏မှတ်တမ်းကို ပြန်ပေးရင်း ကျေးဇူးတင်ပါတယ်ဟုပြောပြီး ထွက်လာခဲ့ပါသည်။

ဆံပင်ညှပ်ဆိုင်တွင် အမှတ်မထင် တွေ့လိုက်ရသော လူလိမ်ရွှေခင်းကို ထိုဆံပင်ညှပ်များ၌ပင် ခြေရာခံရန် ကျွန်ုပ် ဆုံးဖြတ်လိုက်သည်။

ဖောက်ထွင်းမှုများကို ဖော်ထုတ်ရန် ကျွန်ုပ်လက်ခံထားစဉ်၌ ရန်ကုန်မြို့ထဲတွင် နေ့ဘက်ဖောက်ထွင်းမှု မဖြစ်၍ ကျွန်ုပ် စိတ်သက်သာရာရ၏။

ထိုစဉ်ကရန်ကုန်မြို့၌ အကောင်းစားဆံပင်ညှပ်ဆိုင် နှစ်ဆယ်ကျော်အစိတ်ခန့်သာရှိရာ ကျွန်ုပ်သည် တပည့်တစ်ယောက်နှင့်အတူ ထိုဆံပင်ညှပ်များသို့သွား၍ မှတ်ဆိတ်မွေးရိတ်၊ ခေါင်းလျှော်ခြင်းဖြင့် စုံစမ်းမှုပြုလုပ်၏။ ကျွန်ုပ်ကိုယ်ကျွန်ုပ် လေယာဉ်မောင်း ပိုင်းလော့ဟု ပရိယာယ်သုံးလိုက်၏။

သို့နှင့် နောက်ထပ်တစ်ဆယ့်ငါးရက်အကြာ၌ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ "စတိုလ်"ဆံသဆိုင်၌ ဆံပင်ညှပ်နေစဉ် ဆံပင်ညှပ်သမားက ထိုအချိန်က ခေတ်စားနေသော ရန်ကုန်မြို့က ဘောလုံးပွဲအကြောင်းမေးရာ ကျွန်ုပ်က –

"ဘောလုံးပွဲမကြည့်အားဘူး၊ ငါက လေယာဉ်ပိုင်းလော့"

ဟု ပြောလိုက်သည်။

ဤတွင် ဆံပင်ညှပ်ပေးသူက –

"ကျွန်တော်တို့ဆိုင်မှာ ဆံပင်လာညှပ်တဲ့လူတစ်ယောက်ကလည်း သူဟာ

## နှုတ်မစောင့်စည်းမှုကြောင့် သူ့ကို ကျွန်ုပ်တို့ရှာဖွေတွေ့ရှိသည်ကို သူသည် နောင်တရသွား၏ ...





www.burmeseclassic.com

www.burmeseclassic.com



ပိုင်းလောက်လို့ပြောတယ်''

ဟု ပြောရာ ကျွန်ုပ်က အံ့သြစွာဖြင့် –

''ဟုတ်လား ... နှာခေါင်းချွန်ချွန်နဲ့ ရှေ့သွားစိုက်ထားသူလား''

ဟု မေးလိုက်သည်။

''ဟုတ်တယ်၊ သူ မကြာခဏ လာတတ်တယ်၊ ဆံပင်မညှပ်ရင်လည်း ခေါင်းလျှော်၊ မုတ်ဆိတ်မွေးရိတ်တယ်''

ဟု ပြော၏။

''သူ လာရင် ဘယ်အချိန်လာတတ်သလဲ''

ဟု ဆံပင်ညှပ်သမားက ဖြေသည်။

ကျွန်ုပ်သည် နာရီကိုကြည့်လိုက်သည်။ ဆယ်နာရီခွဲရန် ငါးမိနစ်ခန့် လိုသေး၏။

''အေးကွ ... ငါ ဆံပင်ညှပ်ပြီးချိန်မှာ သူရောက်လာရင် သိပ်ကောင်းမှာပဲ''

ဟု ပြောလိုက်သည်။

ကျွန်ုပ် ဆံပင်ညှပ်ပြီးသောအခါ ကျွန်ုပ်နှင့် တပည့်ကျော်စံဝသည် သတင်းစာဖတ်ရင်း ဆံပင်ညှပ်သမားပြောသူ လာလိုလာငြား စောင့်နေမိသည်။

ဆယ်နာရီမိနစ်လေးဆယ်ခန့်၌ လူလိမ်ရောက်လာသည်။ ဆံသခုံပေါ်တွင် သူထိုင်လိုက်စဉ် ကျွန်ုပ်သည် တပည့်စံဝအား အချက်ပြလိုက်ပြီး သူ့အနားကပ်သွားပြီး –

''ရွှေဝေါ် စံပွားခေါ် ကျော်မြင့်၊ ငါဟာ စုံထောက်''

ဟု ပြော၍ သူ့ကို ကျွန်ုပ်က



ကပ်ထားလိုက်သည်။ သူ မျက်နှာပျက်သွားသည်။

''လာ ... ငါတို့နဲ့ ဌာနကို ခဏလိုက်ခဲ့''

ဟု ပြောပြီး ကျွန်ုပ်နှင့်စံဝသည် သူ့ကို နှစ်ဖက်ညှပ်၍ တက္ကစီငှားပြီး ကျောက်တံတားစခန်းသို့ခေါ်လာသည်။

စခန်း၌ သူက သူသည်ရွှေဝင်း မဟုတ်ပါဟု ငြင်းသော်လည်း –

''ကဲ ... မင်းဘယ်မှာနေသလဲ၊ မင်းနေတဲ့နေရာကိုသွားမယ်၊ မင်းအိမ်ကို ငါတို့ရှာမယ်''

ဟု ပြောရာ သူငြိမ်သွားသည်။

မတတ်သာတော့၍ သူငှားနေသော ပန်းဘဲတန်း(၃၂)လမ်းရှိ တိုက်ခန်းသို့ ကျွန်ုပ်တို့ကို ခေါ်သွားသည်။

ကျွန်ုပ်တို့သည် ပန်းဘဲတန်းဌာနမှ နယ်ထိန်းနှင့် ရပ်ကွက်လူကြီး အကူအညီဖြင့် သူ့အခန်းကို ရှာရာ သူ့အခန်းထဲမှ သော့တူများစွာ၊ ရန်ကုန်မြို့လည်မြေပုံကြမ်း၊ အချို့တိုက်ခန်းနံပါတ်များနှင့် သူဖောက်ထွင်းထားသော လက်ဝတ်ရတနာအချို့နှင့် အခြား လူသုံး အိမ်သုံးပစ္စည်းများကို တွေ့၍ သိမ်းဆည်းပြီး သူ့ကို ပန်းဘဲတန်းစခန်းသို့ ခေါ်လာခဲ့သည်။

သူ့ကို စစ်ဆေးရာ သူသည် ဆက်မငြင်းနိုင်တော့ဘဲ၊ သူ၏ တစ်ကိုယ်တော်ဖောက်ထွင်းမှု လုပ်ရပ်များကို ဝန်ခံပါတော့သည်။

နှုတ်ကြောင့် နှုတ်မစောင့်စည်းမှုကြောင့် သူ့ကို ကျွန်ုပ်တို့ရှာဖွေတွေ့ရှိသည်ကို သူသည် နောင်တရသွား၏။

သူ့အမှုကို စစ်ဆေးသော တရားသူကြီးသည် သူ့ကို ထောင်ဒဏ်သုံးနှစ် ပြစ်ဒဏ်ချလိုက်၏။


မြသိန်း



www.burmeseclassic.com

www.burmeseclassic.com





**ဓမ္မစရိယ-သန်းထွန်း**

# ရင်ကိုလောင်သောမီး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ဖြစ်တည်လာသော ဘဝတစ်ခုမှ အဆင်တပြေ ရှင်သန်နိုင်ရန်အတွက် လူသားတိုင်းသည် နေ့ညမပြတ် အလုပ်များစွာကို လုပ်ကိုင်လျက်ရှိကြသည်။ အလုပ်သည် ဘဝ၏တန်ဖိုးဖြစ်ကြောင်းကို လူသားတိုင်းလက်ခံကြသည်။ လူတစ်ယောက်သည် အလုပ်မရှိဘဲ ရက်ပေါင်းများစွာ နေထိုင်၍မရ။ စား၊ ဝတ်၊ နေမှုဟူသော ပြဿနာသည် လူသားတိုင်းဆီသို့ အချိန်ပြည့် ချဉ်းကပ်လျက်ရှိသည်။ ထို စား၊ ဝတ်၊ နေမှုပြဿနာကို တိတ်ဆိတ်ငြိမ်သက်စွာ ဖြေရှင်းဖို့ရာ ငွေလိုအပ်လှသည်။ ငွေသည် မည်သည့်အလုပ်ကိုမှ မလုပ်ဘဲ ဖိမ်ခံအိပ်ပျော်နေသူဆီသို့ ရောက်မလာတတ်ပေ။ အလုပ်လုပ်မှ ငွေရသည်။ ငွေရမှ စား၊ ဝတ်၊ နေမှုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

လူသားတိုင်းသည် အလုပ်လုပ်ကြသည်။ လူသားတိုင်းတွင် အလုပ်ရှိသည်။ အလုပ်တိုင်းသည် လူတစ်ယောက်၏ဘဝကို တောက်ပြောင်နိုင်သည်တော့မဟုတ်ပေ။ ဘဝကို တောက်ပြောင်စေနိုင်သော အလုပ်ရှိသလို၊ တောင်ပြောင်နေသောဘဝကို ဖျက်ဆီးတတ်သော အလုပ်တို့လည်း ရှိသည်။ ဘဝကို ဖျက်ဆီးတတ်သော အလုပ်မှာ မကောင်းသောအလုပ်ဖြစ်သည်။ ဘဝကို တောက်ပြောင်စေသော အလုပ်မှာ ကောင်းသောအလုပ်ဖြစ်သည်။ ဤသို့ဖြင့် အလုပ်သည် ကောင်းသောအလုပ်၊ မကောင်းသော အလုပ်ဟူ၍ နှစ်မျိုးရှိသည်။ အလုပ်နှစ်မျိုးရှိသလို လူနှစ်မျိုးရှိလာသည်။ မကောင်းသောအလုပ်ကို လုပ်သောသူသည် လူမိုက်၊ လူဆိုး၊ လူယုတ်မာ ဖြစ်သည်။ ကောင်းသောအလုပ်ကို လုပ်သောသူသည် လူကောင်း၊ လူတော်၊ မြတ်၊ လူသူတော်ဖြစ်သည်။

ဘဝတစ်ခုကို ဖြတ်သန်းနေသော အလောင်းတော်သည် လူမိုက်၊ လူဆိုး၊ လူယုတ်မာ မဖြစ်ချင်ပေ။ မကောင်းသောအလုပ်တို့ကိုလုပ်ပြီး ဘဝကို မရှင်သန်စေချင်ပေ။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ အလောင်းတော်သည် ဘဝကို ကောင်းသောအလုပ်ကို လုပ်လျက်သာ ရှင်သန်ချင်သူဖြစ်သည်။ လူကောင်းဟူသောအမည်ကို အလောင်းတော် လိုချင်သည်။ တောင့်တသည်။ မြတ်နိုးသည်။ တောင့်တသည့်အတွက်လည်း အလောင်းတော်သည် မကောင်းသောအလုပ်တို့ကို ဘယ်တော့မှ မလုပ်ပေ။ ကောင်းသောအလုပ်တို့ကိုသာ လုပ်သည်။

အလောင်းတော်၏ အသက်မွေး ဝမ်းကျောင်းအလုပ်မှာ ကုန်သည် အလုပ်ဖြစ်သည်။ ကုန်သည်အလုပ် သည်လည်း ကြီးကျယ်သော ကုန်သည် တော့မဟုတ်ပေ။ ဈေးရောင်းသည့် ကုန်သည်အလုပ်ဖြစ်သည်။ အလောင်း တော်သည် ကလေးကစားစရာက၊ အဖ တန်းဖိုးရှိသော ပစ္စည်းတို့ကို ရောင်း သည်။ အလောင်းတော်သည် ဈေး သည်များကဲ့သို့ တစ်နေရာတည်းတွင် ထိုင်၍ ဈေးမရောင်း။ ရောင်းကုန် ပစ္စည်းတို့ကို သေချာထည့်ပြီး ထမ်းပိုး ဖြင့်ထမ်းကာ တစ်ရွာဝင် တစ်ရွာထွက် ဈေးလိုက်ရောင်းသည်။ လူတွေက အလောင်းတော်တို့လို ကုန်သည်တို့ကို ရွဲ့ကုန်သည်ဟု ခေါ်ကြ၏။

## အခန်း(၂)

ရွဲ့ကုန်သည်အလုပ်သည် ပင်ပန်း ၏။ လေးလံသောပစ္စည်းများကိုထမ်း လျက် တစ်ရွာဝင် တစ်ရွာထွက်၊ တစ် လမ်းဝင် တစ်လမ်းထွက် သွားလာရ သည်။ ခေါ်သူရှိမှ ရပ်ကြရသည်။ ဝယ် သူရှိမှ နားကြရသည်။ ရွဲ့ကုန်သည် အလုပ်သည် သာမာန်ဝီရိယနှင့်လုပ်၍ မရ။ နဖူးကချွေး ခြေမကျအောင်၊ ခြေ ထောက်တိုအောင် လျှောက်နိုင်သော ဝီရိယရှိမှရသည်။ ဈေးဆစ်တတ်သော ဝယ်သူများနှင့်တွေ့လျှင်လည်း စိတ် ရှည်ရသည်။ ချိုမြိန်သောစကားကို လည်း ပြောတတ်ရသည်။ ထိုသည်တို့ မှာ ရောင်းသူတစ်ယောက်တွင် ရှိ မည့် အရည်အချင်းဖြစ်သည်။ အ လောင်းတော်သည် အရည်အချင်းပြည့်ဝ


www.burmeseclassic.com

www.burmeseclassic.com



သော ရောင်းသူဖြစ်သည်။

ရွှဲကုန်သည်လောကသည် လွယ်ယှက်နှင့်ခက်သည်။ ရှင်းလျက်နှင့်ရှုပ်သည်။ တချို့ရွှဲကုန်သည်တို့သည် ယူသင့် ယူထိုက်သော အကျိုးအမြတ်ဆက်များစွာတင်ကာ ကုန်ပစ္စည်းကိုရောင်းချကြသည်။ တချို့ရွှဲကုန်သည်တို့သည် ကောက်ကျစ်စဉ်းလဲတတ်ကြသည်။ ယူသင့် ယူထိုက်သော အကျိုးအမြတ်ကိုယူကာ ရောင်းချသောကုန်သည်က ရှားသည်။ ရှားသောကုန်သည်များထဲတွင် အလောင်းတော် ရွှဲကုန်သည်သည် နံပါတ်တစ်ဖြစ်၏။ အလောင်းတော်သည် ဝယ်သူတို့၏အကျိုးကို ကြည့်သည်။ မိမိ၏အကျိုးကို ကြည့်သည်။ ဝယ်သူတို့ ဝယ်ရကျိုးနပ်သောဈေး၊ ထမ်းယူလာခဲ့ရသော မိမိ၏ ပင်ပန်းရကျိုးနပ်လောက်သော လုပ်အားခကို ကြည့်ကာ အမြတ်စွန်းတင်သင့်သလောက်တင်၍ ရောင်းသည်။

ကောက်ကျစ်သောရွှဲကုန်သည်တို့သည် ရိုးသားသောရွှဲကုန်သည်တို့ကို နှစ်သက်ကြ။ အဘယ်ကြောင့်ဆိုသော် ရိုးသားသောရွှဲကုန်သည်တို့သည် ပုံမှန်ဈေးနှုန်းဖြင့် ကုန်ပစ္စည်းကိုရောင်းချနေ၍ သူတို့လိုချင်သလောက် အမြတ်ကိုယူ၍ ကုန်ပစ္စည်းရောင်းမရနိုင်သောကြောင့် ဖြစ်သည်။ ရိုးသားသောရွှဲကုန်သည်တို့ကို အခွင့်သာ သာသလို အနိုင်ယူတတ်ကြသည်။ အလောင်းတော်သည် ကောက်ကျစ်သောရွှဲကုန်သည်တို့၏ရန်ကို မကြောက်ပေ။ စီးပွားရေးလုပ်ရာ၌ အခက်အခဲသည် ရှိတတ်စမြဲဖြစ်သည်။ ပြိုင်ဆိုင်မှုသည် ရှိတတ်စမြဲဖြစ်သည်။ အန္တရာယ်ကို ကြောက်တတ်လျှင် စီးပွားရေးလုပ်၍မဖြစ်။ အန္တရာယ်ကို ကျော်လွှားနိုင်သော စွမ်းရည်သတ္တိရှိမှ စီးပွားရေးလုပ်၍ ဖြစ်မြောက်သည်။ အလောင်းတော်သည် ထိုသဘောထားကို နားလည်သည်။

**အားငယ်သူတို့သည် အားပေးဖော်ကို အလိုရှိကြသည်။**
**မာထန်သောသူ၊ ရက်စက်ယုတ်မာသောသူတို့ကို**
**အလိုမရှိပေ။ အားငယ်သောသူတို့၏**
**နှလုံးသားသည် နူးညံ့လျက်ရှိသည်။**
**စိတ်သည် ပျော့ပျောင်းလျက်ရှိသည်။**
**ထိုလွယ် ရှုလွယ်သော နှလုံးသားပိုင်ရှင်များ ဖြစ်သည်…**

အလောင်းတော်ကြောက်သည်မှာ ဝယ်သူကို ရက်စက်သလိုဖြစ်သွားမည်ကို ဖြစ်သည်။ သူတစ်ပါး ပါးစပ်ဖျား၌ ဈေးကြီးသောကုန်သည်၊ မကောင်းသောကုန်သည်ဟူသောစကား စွဲသွားမည်ကို ကြောက်သည်။ အလောင်းတော်သည် သမိုင်းကောင်းဖြင့် ဘဝကို ရှင်သန်ချင်သူ ဖြစ်သည်။ ကုန်ရောင်းသည့်လောက၌ အလောင်းတော်သည် နာမည်ကောင်းရ၏။ စိတ်စေတနာကောင်းသူဟူသော စကားက ဝယ်သူတိုင်း၏ပါးစပ်ဖျား၌ စွဲနေကြသည်။

အခန်း(၃)

အလောင်းတော်သည် ရိုးသားစွာ ကုန်ပစ္စည်းများကို ရောင်းချလျက် သွားလာခဲ့သည်မှာ ရွာတစ်ရွာသို့ ရောက်လာခဲ့သည်။ ရွာငယ်ကလေးသည် သဘာဝအားဖြင့် သာယာသည်။ ရွာပြင်ပတွင် မြစ်ငယ်တစ်ခုရှိသည်။ အလောင်းတော်သည် မြစ်ငယ်ကိုကူးပြီးမှ ရွာငယ်သို့ရောက်လာခြင်းဖြစ်သည်။ ရွာတဲသို့ ကုန်ရောင်းဝင်ဖို့ရာတွင် အလောင်းတော်အတွက် မဆိုစလောက်သော အခက်အခဲ ရှိနေသည်။ ထိုမှာ အခြားရွှဲကုန်သည်သည်တစ်ယောက်နှင့် ဆုံနေခြင်းဖြစ်သည်။ ရွာထဲသို့ နှစ်ယောက်အတူ တစ်လမ်းတည်းဝင်ဖို့ရာ မဖြစ်နိုင်ပေ။ ရောင်းကုန်ပစ္စည်းချင်းတူနေတော့ စီးပွားရေးဈေးကွက် လုယူနေသလို ဖြစ်နိုင်သည်။ ကုန်သည်နှစ်ယောက် ဈေးရောင်းဖို့အကွက်ကို သဘောတူ ရွေးချယ်ကြသည်။

"ဒီမှာမိတ်ဆွေ … ကျုပ်တို့နှစ်ယောက်ဟာ ရောင်းကုန်ချင်းတူနေတဲ့အတွက် ရွာထဲကို နှစ်ယောက်အတူဝင်ပြီး ရောင်းလို့တော့ မသင့်တော်ဘူးထင်ရဲ့ဗျာ"

"မှန်ပါတယ်မိတ်ဆွေ … ကျုပ်က တောင်ဘက်လမ်းကဝင်ရောင်းမယ် မိတ်ဆွေက မြောက်ဘက်လမ်းကဝင်ပေါ့၊ ဒါဆိုရင် ကျုပ်တို့နှစ်ယောက် ထိပ်တိုက်တွေ့စရာ မရှိတော့ပါဘူး"



www.burmeseclassic.com



"ကောင်းပါ့မိတ်ဆွေ"

ကုန်သည်နှစ်ယောက်၏ သဘော တူရွေးချယ်ခြင်းမှာ ရွာထဲသို့ တစ်ယောက်တစ်လမ်းစီဝင်ဖို့ ဖြစ်သည်။

"တကယ်လို့ တစ်ယောက်ဝင်တဲ့ လမ်းကို တစ်ယောက်ဝင်ချင်တယ်ဆို ရင် ဝင်သွားတဲ့သူ ထွက်လာမှ ဝင်ရ မယ်"

ဤသို့ စည်းကမ်းတစ်ခုကို နှစ်ဦးသဘောတူ ထုတ်ကြခြင်းဖြစ်သည်။ စည်းကမ်းချက်အတိုင်းပင် အလောင်းတော်နှင့် အခြားကုန်သည်တို့သည် တစ်ယောက်တစ်လမ်းစီ ဝင်သွားကြသည်။

"အရုပ်တွေပါတယ်၊ ရွှဲလုံးတွေပါ တယ်၊ ဝယ်ကြမလားဗျို့"

အခြားရွှဲကုန်သည်သည် ရောင်းကုန်များထွက်သွားအောင်အတွက် ချို သာသောအသံဖြင့် အော်လာခဲ့သည်။

"ဘွားဘွား ..သမီးကို အရုပ် ဝယ်ပေး"

ရွှဲကုန်သည်၏အော်သံကို ကြားရသောသမီးလေးတစ်ယောက်သည် သူ့အဘွားကို ပူဆာသောအသံဖြစ်သည်။ သမီးလေးတွင် မိဘများ မရှိတော့ပါ ပေ။ အဘွားနှင့်သာ နေသူလေးဖြစ်သည်။ သမီးလေးတို့ ဘဝက သနား စရာကောင်းသည်။ ရွာတွင် သူတို့မိသားစုသည် အတော့်ကို ချမ်းသာခဲ့ ကြသည်။ ကံတရား၏ အနိမ့်အမြင့်တွင် သူတို့မိသားစုဘဝ ပျက်စီးခဲ့လေ သည်။ အချမ်းသာဆုံးဘဝမှ စားစရာ မရှိသောဘဝသို့ ရောက်ခဲ့ရသည်။ စိုစိုပြည်ပြည်ရှိခဲ့သော အိမ်ကြီးသည် ခြောက်ခြောက်ကပ်ကပ်ဖြစ်သွားသည်။

အဘွားသည်
တုန်ရီသော
လက်များဖြင့်
လွင့်စင်သွားသော
ရွှေခွက်ကို
ကောက်ယူသည်။
အဓိပ္ပာယ်မဲ့စွာ
ဖုန်သုတ်နေမိသည်။
ဆင်းရဲသည့်ဘဝက
အကျည်းတန်လွန်းသည်
...

တိတ်ဆိတ်မှုတို့က ဆွေးမြည့်စရာ၊ လွမ်းမောစရာ ဖြစ်နေသည်။ တစ်နေ့ နှစ်နပ် ထမင်းအတွက် အဘွားသည် မနည်းကြိုးပမ်းနေရသည်။ မြေး အဘွားတို့တွင် ငွေပို၊ ငွေလျှံဆိုတာ အိပ်မက်ထဲမှာသာ ရှိတော့သည်။ သမီး လေးသည် လောကအကြောင်းကို ဘာ ဆိုဘာမျှ နားမလည်သေး။ လိုချင်သည် ကို မျိုသိပ်ထားရမည့်အသိဉာဏ်လည်း မရှိသေး။ လိုချင်သည်ကို အရှိတိုင်း ပူဆာခြင်းဖြစ်သည်။

"သမီးလေး ...အဘွားတို့က အရင်လို မချမ်းသာတော့ဘူး၊ စားစရာ မရှိအောင် ဆင်းရဲသွားပြီ၊ သမီးကို အဘွားဝယ်ပေးချင်တာပေါ့၊ အဘွားမှာ ဝယ်ပေးစရာငွေမှ မရှိဘဲ၊ မလိုချင်ပါနဲ့ မြေးလေးရယ် ..."

အဘွားသည် သူ၏မြေးမလေး အား ဝယ်ပေးချင်သည်။ မြေးလေး၏



www.burmeseclassic.com

www.burmeseclassic.com



ချင်မှုများကို ဖြည့်ပေးချင်သောဆန္ဒ ည် အဘွားတွင် အပြည့်အဝရှိသည်။ ဆန္ဒသည်ပင် အဘွားအား ဝမ်း ည်းမှုသောကကို ဖြစ်ပေါ်စေသည်။ ဘွားသည် အတိတ်ကို သတိရမိ ည်။ အတိတ်က ဘဝအခြေအနေ င် ရှိနေမည်ဆိုလျှင် အဘွားသည် စကားကို ပြောလိမ့်မည်မဟုတ်ပေ။ ြေးလေး ပါးစပ်ဟလိုက်သည်နှင့် က်ရှိလာအောင် ဆောင်ရွက်မည် သည်။ ဘာမှမတတ်နိုင်သော အခြေ နေဖြစ်၍ မပြောချင်သောစကားကို ပြာလိုက်ရခြင်းပင်။ စကားသံထဲတွင် ကျင်နေသံတို့သည် ရောယှက်လျက်။ ၏ထုထောင်းမှုကြောင့် ချောင်ကျ သောမျက်လုံးအိမ်ထဲတွင် ရမ်းရော် သော မျက်ရည်စက်တို့က လိမ့်တက် က်။ အဘွားသည် မြေးမလေးအား ရှုဏာသက်သော မျက်လုံးဖြင့် စိုက် ည့်နေသည်။

အဘွား၏ခံစားချက်ကို မြေးမ းမသိ။ မြေးမလေးသည် ကလေးပီ လိုချင်သည်ကိုသာ တတွတ်တွတ်ပူ လျက် ရှိသည်။ မြေးမလေး၏ ပူ သောစကားကို ကြားရတိုင်း ွားရင်နာသည်။ ရင်နာသောစိတ် အဘွားသည် နေမထိ ထိုင်မသာ ရသည်။ နေရာမှထကာ တစ်အိမ် ကို မွှေနှောက်ကာ တစ်စုံတစ်ရာ ့လိုတွေ့ငြား ရှာဖွေသည်။ ကံ ာင်းသည်ဟု ဆိုရပါမည်။ ချောင် သောနေရာတစ်ခုတွင် ခွက်တစ်ခွက် တွေ့သည်။ အဘွားသည် ခွက်ကို သာခဲ့၏။ ခွက်သည် အသုံးမပြု ည်မှာ ကြာမြင့်လှပြီဖြစ်၍ ချေး အလိမ်းလိမ်းကပ်လျက် အရောင် ပျောက်နေသည်။ မည်သို့ပင်ဆိုစေ အဘွားသည် ခွက်ကိုရ၍ပျော်သွားသည်။ ရွှဲကုန်သည်ကို အကျိုးအကြောင်း ပြောပြကာ ခွက်နှင့်တန်သော အရုပ် တစ်ရုပ်ကို တောင်းယူမည်ဟု အဘွား ဆုံးဖြတ်လိုက်သည်။ အဘွားသည် မြေးမလေး ရှိရာသို့ ရောက်သောအခါ၌ ရွှဲကုန်သည်သည် အိမ်ရှေ့သို့ရောက်လာ သည်နှင့် အခန့်သင့်ပင်။ အဘွားသည် ရွှဲကုန်သည်အား လှမ်းခေါ်လိုက်လေ သည်။

အခန်း(၄)

''မောင်ရင်လေးရယ် ... ဒီခွက် နဲ့တန်တဲ့ အရုပ်ကလေးများပါရင် အဘွားမြေးလေးကို ပေးလိုက်ပါကွယ်''

ရွှဲကုန်သည်သည် အဘွားပေး သောခွက်ကို လှမ်းယူသည်။ ဟိုဘက် သည်ဘက် လှန်ကြည့်သည်။ ချေးများ အလိမ်းလိမ်းကပ်နေသည်ဖြစ်၍ ခွက် ၏အခြေအနေကို ရွှဲကုန်သည်ခန့်မှန်း၍ မရနိုင်။ ခွက်၏အခြေအနေကို သိရ အောင် ရွှဲကုန်သည်သည် ခွက်ပေါ် ကပ်နေသော ချေးတို့ကို အနည်းငယ် ချွတ်ကြည့်သည်။ ချေးကျွတ်သွားသော နေရာ၌ ခွက်၏မူလအရောင်သည် ပီသ စွာထွက်ပေါ်လာသည်။ ခွက်မူလ အရောင်မှာ ရွှေရောင်ဖြစ်သည်။ ခွက် ၏အမျိုးအစားမှာ ရွှေဖြစ်သည်။ ရွှဲကုန် သည်က ရွှေခွက်ဖြစ်မှန်း ကောင်းစွာ သိသွားသည်။ ရွှေခွက်ဖြစ်မှန်းသိသော အခါ၌ ရွှဲကုန်သည်သည် ရွှေခွက်ကို မြေကြီးပေါ်သို့ ပစ်ချလိုက်သည်။

''ဘာမှ တန်ဖိုးမရှိတဲ့ခွက်ကို ငါ ဘာလုပ်ရမှာလဲ ...၊ ခွက်ရဲ့တန်ဖိုးနဲ့ သင့်လျော်တဲ့အရုပ် ငါ့မှာမပါဘူး''

ရွှဲကုန်သည်သည် ရိုးသားစွာ ဘဝရှင်သန်နေသူမဟုတ်။ ကောက် ကျစ်စဉ်းလဲသူဖြစ်သည်။ ကိုယ်အသာရ မည်ဆိုလျှင် တစ်ခြားသူတို့ မည်မျှပင် ဒုက္ခရောက်ရောက် မသနားတတ်သူ ဖြစ်သည်။ အမှန်ဆိုလျှင် ရွှဲကုန်သည် သည် ရွှေခွက်၏တန်ဖိုးကို သိသည်။ ရွှေခွက်၏တန်ဖိုးမှာ အနည်းဆုံး အသ ပြာတစ်ထောင်တန်သည်။ မြေးအဘွား တို့သည် ခွက်ကို ရွှေခွက်မှန်းမသိကြ။ မြေးအဘွားနှစ်ယောက် လိုချင်သည်မှာ အသပြာငွေတစ်ထောင် မဟုတ်၊ အရုပ် ကလေးတစ်ရုပ်သာဖြစ်သည်။ အသ ပြာငွေတစ်ထောင်တန်သော အရုပ် သည် ရွှဲကုန်သည်မှာမရှိ။ အသပြာ တစ်ကျပ်လောက်တောင် တန်ဖိုးမရှိ သော အရုပ်ကလေးတစ်ရုပ်ကို ပေး လိုက်ရုပ်ဖြင့် အသပြာတစ်ထောင် တန် ဖိုးရှိသော ရွှေခွက်ကို ရွှဲကုန်သည် ပိုင် ဆိုင်ရမည်ဖြစ်သည်။ ရွှဲကုန်သည်အနေ နှင့် မုတ်ဆိတ်ပျားစွဲခြင်း ဖြစ်သည်။

ခက်သည်က အတောမသတ်နိုင် သော လောဘစိတ်ဖြစ်သည်။ ရွှဲကုန် သည်သည် သူများဆီက ရသမျှကို လို ချင်သည်။ ကိုယ့်ဆီကမူ တတ်နိုင်သမျှ မပေးရအောင် ခြိုးခြံသည်။ ဘာမှမသိ သော မြေးအဘွားနှစ်ယောက်ကို ရွှဲကုန် သည်သည် ဘာကိုမှ မပေးချင်ပေ။ ရွှေ ခွက်ကို အလကားသာ ယူချင်သည်။ သို့ကြောင့် ရွှဲကုန်သည်သည် ရွှေခွက် ကို တန်ဖိုးမရှိသောဟန်ဖြင့် ပြောဆို ကာ ရွှေခွက်ကို လွှင့်ပစ်လိုက်ခြင်းဖြစ် သည်။ လွှင့်ပစ်ပြီးသည်နှင့် ရွှဲကုန်သည်



www.burmeseclassic.com

သည့် နေရာမှ ထွက်ခွာသွားလေ၏။

အားငယ်သူတို့သည် အားပေးဖော်ကို အလိုရှိကြသည်။ မာထန်သောသူ၊ ရက်စက်ယုတ်မာသောသူတို့ကို အလိုမရှိပေ။ အားငယ်သောသူတို့၏ နှလုံးသားသည် နူးညံ့လျက်ရှိသည်။ စိတ်သည် ပျော့ပျောင်းလျက်ရှိသည်။ ထိလွယ် ရှလွယ်သော နှလုံးသားပိုင်ရှင်များ ဖြစ်သည်။ ရွှေကုန်သည်၏လုပ်ရပ်သည် သာမန်လူတွေအတွက် ရိုင်းစိုင်းသည်။ အားငယ်နေသော မြေးအဘွားနှစ်ယောက်အတွက်မူ ရက်စက်သလိုဖြစ်နေသည်။ ယဉ်ကျေးသောလူ့ဝန်းကျင်၌ မပြုကောင်းသောလုပ်ရပ် ဖြစ်နေသည်မဟုတ်ပါလော။

အဘွားသည် တုန်ရီသောလက်များဖြင့် လွင့်စဉ်သွားသောရွှေခွက်ကို ကောက်ယူသည်။ အဓိပ္ပာယ်မဲ့စွာ ဖုန်သုတ်နေမိသည်။ ဆင်းရဲသည့်ဘဝက အကျည်းတန်လွန်းသည်။ လူတို့သည် ဆင်းရဲသောသူတို့အား နှိမ်ချင်ကြသည်။ လူ့ဝန်းကျင်က ပထုတ်ချင်ကြသည်။ ဆင်းရဲသောသူတို့ကို လူဟုပင် မသတ်မှတ်ချင်ကြ။ မြေးလေးသည် လူတို့၏စိတ်နေသဘောထားကို သိသူမဟုတ်သော်လည်း ပူဆာခြင်းကိုတော့ ရပ်ထားလိုက်သည်။ လူမဆန်စွာ ပြုလုပ်ခဲ့သော ရွှေကုန်သည်၏လုပ်ရပ်ကြောင့်လည်း မြေးလေး မှင်သက်နေသည်။ မြေးလေးဆီက မည်သို့သောအသံမှ ထွက်မလာတော့ပေ။ အဘွားသည် ပြောချင်သောစကားများကို ရင်ထဲမျိုသိပ်ထားရသည်။ နာကျင်သောဝေဒနာတို့ကို ရင်ထဲထိုးထည့်ထားရသည်။ မာကြောသောရင်သည် ဝမ်းနည်းပူလောင်မှုတို့ကြောင့် အရည်ပျော်ကျသကဲ့သို့ အဘွား၏မျက်နှာပြင်၌ မျက်ရည်စက်တို့သည် ရေတံခွန်ဖြစ်နေတော့၏။

## အခန်း(၅)

"အရုပ်တွေပါတယ်၊ ရွှေလုံးတွေပါတယ်၊ ဝယ်ကြမလားဗျို့"

တိတ်ဆိတ်ငြိမ်သက်နေသော မြေးအဘွားနှစ်ယောက်ဆီသို့ ရွှေကုန်သည်တစ်ယောက်၏အသံသည် ဝင်ရောက်လာပြန်သည်။ ငြိမ်သက်နေသော မြေးကလေးသည် လှုပ်ရှားလာ၏။ အရုပ်လိုချင်ကြောင်း ပူဆာသည်။ ဝမ်းနည်းပက်လက်နှင့် အားအင်ကုန်ခမ်းနေသောအဘွားသည် မြေးမလေးအား ချော့မော့ရပါသည်။

"မြေးလေးရေ ... အဘွားတို့မှာ အရုပ်ဝယ်စရာ ငွေမရှိဘူးလေ။ အဘွားတို့မှာ ချမ်းသာတာဆိုလို့ ဒီခွက်လေးတစ်ခွက်ပဲရှိတာ၊ ဒီခွက်ကလည်း မြေးလေးသိတဲ့အတိုင်းပဲ ဘာမှ အဖိုးမတန်ဘူးလေ၊ စောစောကရွှေကုန်သည် လွှင့်ပစ်လိုက်တာလည်း မြေးလေးအသိပဲ မဟုတ်လား ...၊ မလိုချင်ပါနဲ့ မြေးလေးရယ် ..."

ငိုသံပါသော အဘွား၏စကားသည် ရင်နာစရာဖြစ်သည်။ အဘွား၏ခံစားချက်ကို မြေးလေးသည် မသိ။ ကလေးသဘာဝအတိုင်းပင် လိုချင်သည်ကိုသာ သိသည်။ အဘွားချော့မော့သော်လည်း မြေးမလေးသည် မရ။ ပူဆာလျက် ပူဆာမြဲဖြစ်သည်။ မြေးမလေးပူဆာလျှင် အဘွားမှာ ဒုနမထိ ထိုင်မသာ ဖြစ်ရသည်။ ရွှေကုန်သည်သည်လည်း တဖြည်းဖြည်းနှင့် အိမ်နားသို့ရောက်လာသည်။ အဘွားသည် ရွှေကုန်သည်ကို ခေါ်ချင်သည်။ ခွက်နှင့် တန်ကြေးညီမျှသော အရုပ်တစ်ရုပ်ကို တောင်းချင်သည်။ သို့သော် မဝံ့ရဲပါ။ ပထမရွှေကုန်သည်သည် သူတို့အား မောက်မာခဲ့သည် မဟုတ်ပါလော။ ခဲလုံးထိမှန်ဖူးသော ငှက်ငယ်သည် နာကျင်မှုဝေဒနာကို မှတ်ထားတတ်သည်။ နောက်တစ်ခါ ခဲလုံးမထိမှန်ရအောင် ရှောင်ဖယ်တတ်သည်။ အဘွားသည် ခဲလုံးထိမှန်ထားသူ၊ နောက်တစ်ခါ ခဲလုံးမထိမှန်ရအောင် ရှောင်ဖယ်ချင်သူ သို့သော် မြေးမလေးအပေါ်ထားသော ချစ်ခြင်းမေတ္တာအားက ပြင်းပြနေသည်။ ယခုရောက်လာသောကုန်သည်သည် စောစောက ကုန်သည်လိုမဟုတ်ဘဲ အရုပ်ကလေးတစ်ရုပ်တစ်လေ လျှင်ဖြင့် ကောင်းရဲ့ဟုသော မျှော်လင့်ခြင်းကြီးစွာဖြင့် –

"ရွှေကုန်သည် လာပါဦး"

ချစ်ခြင်းမေတ္တာ၏ တွန်းကန်အားကြောင့် အဘွားဆီက စကားထွက်သွားသည်။ အဘွားစကားကို ရွှေကုန်သည် ကြားသည်။ ကြားသည်နှင့် ရွှေကုန်သည် အိမ်သို့ဝင်လာခဲ့သည်။

"အမောင် ... ဒီခွက်နဲ့တန် အရုပ်ကလေးများပါရင် အဘွားမြေး လေးကို ပေးလိုက်ပါလားကွယ် ..."

အဘွားသည် ကိုင်ထားသောခွက်ကို အလောင်းတော်အား ပေးလိုက်သည်။ အလောင်းတော်သည် အဘွား ပေးသောခွက်ကို ယူလိုက်သည်။ အဘွား၏လက်တို့သည် တုန်ရီ ကုန်သည်က အဖိုးမတန်သောခွက်



www.burmeseclassic.com

www.burmeseclassic.com



ဆို၍ ဘယ်အချိန် လွှင့်ပစ်လိုက်လေ လဲဟူသော စိုးရိမ်စိတ်တို့ လွှမ်းကဲနေ၏ အဘွားရင်ထိတ်နေမှန်း အလောင်းတော်ကောင်းစွာ သိနေသည်။ မြေးမလေးသည် အလောင်းတော်တွင်ပါသော အရုပ်တို့ကို လိုချင်သောမျက်လုံးတို့ဖြင့် ငေးကြည့်နေသည်။

အလောင်းတော်သည် ခွက်ကို ဟိုဘက်သည်ဘက် လှန်ကြည့်သည်။ ချေးအလိမ်းလိမ်းကပ်နေသည်ဖြစ်၍ ခွက်၏အခြေအနေမှန်ကို အလောင်းတော်မသိ။ ကပ်နေသောချေးကို အနည်းငယ်ခွာကြည့်မှ ရွှေခွက်ဖြစ်နေမှန်း အလောင်းတော်သိသည်။ အလောင်းတော်သည် ရွှေခွက်၏တန်ဖိုးကို ခပ်မှန်းကြည့်သည်။ ရွှေခွက်၏တန်ဖိုးမှာ အသပြာတစ်ထောင်မျှ တန်ဖိုးရှိနိုင်မှန်း သိသောအခါ၌ အလောင်းတော်သည် တွန့်ဆုတ်သွား၏ အလောင်းတော်မှာ ရောင်းပြီး၍ရသောငွေနှင့် ကျန်နေသော ကုန်ပစ္စည်းတန်ဖိုးကို ရေတွက်လျှင်ပင် အသပြာငါးရာကျော်လောက်သာ ရှိသည်။ ထို့ကြောင့် –

"အဘွား ... ဒီခွက်က သာမန်ခွက်မဟုတ်ဘူး၊ ရွှေခွက်ဖြစ်တယ်၊ ရွှေခွက်က အသပြာတစ်ထောင်ထိ တန်ဖိုးရှိတယ်၊ ကျွန်တော် ဒီရွှေခွက်ကို ယူနိုင်ပါဘူး၊ ကျွန်တော့်မှာ ရင်းထားတဲ့ကုန်ပစ္စည်းတွေနဲ့ ပါလာတဲ့ငွေတွေကို ပေါင်းလိုက်တာတောင် အသပြာငါးရာကျော်မျှသာ ရှိပါတယ်"

အလောင်းတော်သည် ရိုးသားသူဖြစ်၍ အမှန်အတိုင်းပြောသည်။ အလောင်းတော်၏စကားကို ကြားရသော မြေးအဘွားနှစ်ယောက်သည် အတိုင်းမသိ ဝမ်းသာသွားသည်။ ဝမ်းသာမှု၏နောက်တွင် သတိကပ်လိုက်သောအခါ၌ အဘွားသည် အလောင်းတော်အား အတိုင်းမသိ ကျေးဇူးတင်မိသည်။ အလောင်းတော်သာ မပြောလျှင် အဘွားသည် ခွက်ကို တန်ဖိုးရှိသော ရွှေခွက်ဖြစ်မှန်း မသိနိုင်။ အလောင်းတော်ပြော၍ သိခြင်းဖြစ်သည်။ အဘွားသည် အလောင်းတော်၏ ရိုးသားသောစိတ်ကို လေးစားသွားသည်။

"သားရဲ့စိတ်ကို အဘွားလေးစားတယ်၊ ပထမရွဲကုန်သည်ဟာ ကောက်ကျစ်တဲ့စိတ်ရှိတယ်၊ ရွှေခွက်မှန်းသိပေမဲ့ အဘွားတို့ကို လှည့်စားပြီး ထွက်သွားတယ်၊ အဘွားတို့ဟာ အသပြာတစ်ထောင်ကို အလိုမရှိဘူး၊ အရုပ်ကိုပဲ အလိုရှိတာ၊ ရွှေခွက်ဟာ သားနဲ့ထိုက်လို့ သားရတာ၊ သားယူသွား၊ အဘွားတို့ကို အရုပ်တစ်ရုပ်ပဲ ပေးခဲ့"

အဘွား၏စကားသည် ပြတ်သား၏။ ရွှေခွက်ကို အလောင်းတော်အား ကြည်ဖြူစွာပေးသည်။ အလောင်းတော်သည်လည်းကြည်ဖြူစွာပေးသော ရွှေခွက်ကို ယူသည်။ အလကားပေးသော ရွှေခွက်ကို အလကားယူသည်တော့ မဟုတ်၊ ပါလာသမျှသော ငွေတွေကိုလည်းပေးခဲ့သည်။ ရင်းထားသမျှသော ကုန်ပစ္စည်းတို့ကိုလည်း ပေးခဲ့သည်။ ပေးခဲ့သောပစ္စည်းနှင့် ငွေ၏တန်ဖိုးမှာ အသပြာငါးရာကျော်သည်။ ဆင်းရဲသော မြေးအဘွားနှစ်ယောက်သည် စားနိုင်သောက်နိုင်သောအဆင့်သို့ ရောက်သွား၍ အကျိုးရှိသည်။ ရွှေခွက်ကိုယူသွားသော အလောင်းတော်အတွက်လည်း အကျိုးရှိသည်။ အလောင်းတော်သည် နှစ်ဦးနှစ်ဖက် အကျိုးရှိသောအလုပ်ကို သမ္မာအာဇီဝနည်းဖြင့်လုပ်ကာ ထွက်ခွာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၆)

ကောက်ကျစ်သောရွဲကုန်သည်သည် အလောင်းတော်ထွက်သွား၍ မကြာခင် အဘွားတို့အိမ်သို့ ထပ်မံရောက်လာသည်။ ရောက်လာခြင်းသည် ရွှေခွက်ကိုယူဖို့ဖြစ်သည်။ သူသည် ရွှေခွက်ကို အလကားတောင်းယူမည်ဟု ရည်ရွယ်ချက် ရှိခဲ့သည်။ အလကားတောင်း၍မရလျှင် တန်ဖိုးမရှိသော၊ ရောင်းမစွံသောအရုပ်တစ်ရုပ်နှင့် လဲယူမည်ဖြစ်သည်။ စိတ်ကူးဖြင့် သူသည် အရမ်းပျော်ရွှင်နေခဲ့သည်မှာ အိမ်ကိုရောက်သည့်ချိန်ထိဖြစ်သည်။ သူသည် အိမ်ရှေ့၌ ဟန်ပါပါ ရပ်လိုက်သည်။ အမိန့်သံပါပါဖြင့် ရွှေခွက်ကိုတောင်းသည်။

"ဗျို့ အဘွားကြီး ... ဟိုခွက်ကို ယူခဲ့"

"မင်းက တန်ဖိုးမရှိဆိုပြီးလွှင့်ပစ်ခဲ့တဲ့ခွက်ကို အခြားရွဲကုန်သည်တစ်ယောက်က အသပြာငါးရာကျော်ပေးပြီး ယူသွားပြီ၊ ငါတို့ဆီမှာ မရှိတော့ဘူး"

"ဟင်"

နှုတ်မှ အာမေဋိတ်သံမျှသာထွက်သွား၏။ အဘွား၏စကားက သူ၏ ပျော်ရွှင်မှုတို့ကို ဖျက်ဆီးပစ်ပါပကော။

သူသည် လောဘကြီးသူတစ်ယောက်ဖြစ်သည်။ လိုချင်သည်ကို ရသောအခါ၌ လောဘသည် ပျော်ရွှင်မှုကို ပေးတတ်သည်။ လိုချင်သည်ကို မရသောအခါ၌ လောဘသည် ပူလောင်မှုကို ပေးတတ်သည်။ သူ၏ လောဘသည် သူ၏ရင်ထဲသို့ ဆောင့်ဝင်လာသည်။ အစကတည်းက မယူလိုက်မိခြင်းဟူသော နောင်တကလည်း သူ့ရင်ထဲသို့ ဆောင့်ဝင်လာသည်။

သူ့ရင်တစ်ခုလုံးသည် ငရဲမီး လောင်ခံရသည့်အလား ပူပြင်းလာ သည်။ ပူပြင်းသောဝေဒနာတို့သည် အသိတရားကို ဖျက်ဆီးပစ်သည်။ သူ့ အသိစိတ်ထဲ၌ ရွှေခွက်သည်သာ လွှမ်း မိုးလျက်ရှိသည်။ သူ့၏ခန္ဓာကိုယ်ထဲ စိတ်သည် လွင့်ထွက်သွားသည်ကို သူ မသိတော့ပေ။ သူသည် ပခုံးပေါ် ပစ္စည်းများကို ပစ်ချလျက် ထမ်းပိုး ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီးလျှင် ရွှေ ခွက်ကိုယူသွားသော အလောင်းတော် နောက်သို့ တဟုန်ထိုးလိုက်လေတော့ သည်။ ရွာပြင်သို့ ရောက်သောအခါ အလောင်းတော်သည် လှေကြီးတ စင်းနှင့် မြစ်လယ်သို့ရောက်နေပြီ ...

"ဟေ့ ... ကူးတို့လှေ ... ပြ လှည့်လာခဲ့"

သူသည် ငယ်သံပါအောင် အော် ခေါ်၏။ လှေသည် နောက်သို့ပြန်မလှ တော့ပေ။ သူ၏လောဘသည် သူ နှလုံးအိမ်ဆီသို့ ကြွေကျသွားခဲ့ပြီဖြစ် ဆောက်တည်ရာမဲ့ ဟာစ်အော်ခုန်ပေါ် နေသဖြင့် သူ၏ပါးစပ်မှ သွေး အလိပ်လိပ်ထွက်ကျလာသည်။ သူ သည် ရပ်နေရာမှ ဒူးတွေ့ညွတ်ကျေ သွားသည်။ လက်ထဲမှာ ဆုပ်ကိုင်ထာ သော ထမ်းပိုးကိုလည်း မြဲမြဲတင်း စွာ ဆုပ်ကိုင်မထားနိုင်တော့။ ဤသ မှာ သူ့ဘဝနိဂုံး ဖြစ်ပါသတည်း။



ဓမ္မာစရိယ-သန်း
ကျမ်းကိုး
ဇာတက
သုတ္တ
ဝိဂါထော

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



"ကိုကမ်းနော်ရေ ... ညတုန်းက ကောက်ညှင်းအရက်ကလည်း ကောင်း၊ မျောက်ချေးခါးဟင်းကလည်း မစားရတာကြာလို့ ကောင်း၊ နောက်တစ်ခါ ခင်ဖျား လန့်ဖျား ဖျားသွားရတဲ့ ကြောင်ကလေးကလည်း စိတ်ဝင်စားဖို့ကောင်းဆိုတော့ မိုးလင်းတာတောင် ကောက်ညှင်းအရက်တန်ခိုးကြောင့် ထတောင် မထချင်တော့ပါဘူးဗျာ ..."

မိုးလင်းတော့ စောဂျိမ်းက ကိုကမ်းနော်ကို တောင်းပန်လိုက်သည်။ ကိုကမ်းနော်က အိမ်ရှေ့တွင် စောင်ခြုံကလေးနှင့် ငုတ်တုတ်ထိုင်ကာ –

"ဟား ... ဟား ... ဟား အိပ်ပါဗျာ၊ ခင်ဗျားကို ဘယ်သူကမှ ဒုက္ခမပေးပါဘူး၊ ကိုယ့်အိမ်လိုသဘောထားစမ်းပါ"

စောဂျိမ်း အိပ်ရာက လူးလဲထလိုက်ချိန်တွင် ကိုယ်လုံးတီး လုံချည်တိုတိုနှင့်လူတစ်ယောက် အပြေးရောက်လာသည်။ စကားသံကဝဲဝဲဖြင့် –

"ကိုကမ်းနော် ... ကိုကမ်းနော်"

"ဟေ ... ဘာလဲကွ"

"ညက ပါသွားပြန်ပြီ"

"ဟေ ဘာတွေပါသွားတာတုန်း"

"ကျုပ်အိမ်က ဆိတ်တစ်ကောင် ပါသွားပြန်ပြီ"

"ညက ဘာသံမှတောင် မကြားလိုက်ပါလား"

"ဟုတ်တယ် ...၊ မီးထွန်းပြီး မသင်္ကာလို့ထကြည့်လိုက်တော့မှ အဝါနဲ့အနက်စင်း အကောင်ကြီး ဆွဲသွားတာ တွေ့လိုက်ရလို့ပါ"

"ခြံစည်းရိုးကို ကျော်ဝင်လာတာပေါ့"

"အေး"

"အေး ... အေး၊ ဟုတ်ပြီ၊ ဒီ
ကောင်ကြီးကို တို့ရှင်းပေးပါ့မယ်၊ ဒီမှာ
လည်း မုဆိုးတွေရောက်နေပါတယ်"

"အားကိုးပါတယ်ဆရာကြီးတို့
ရယ် ...၊ ကျွန်တော့်ခြံထဲက ဆိတ်
လေးကောင်တောင် ရှိသွားပြီ၊ ရွာသား
တွေလည်း အတော်ကြောက်နေကြ
တယ်၊ ညမှောင်ရင် အောက်ကိုတောင်
မဆင်းဝံ့ကြတော့ဘူး"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ နည်း
နည်းတော့ သည်းခံကြပါကွာ၊ ငါက
လည်း သိပ်နေကောင်းတာမဟုတ်ဘူး
ဒီက ငါ့မိတ်ဆွေတွေက ကူညီကြပါလိ
မယ်၊ ကဲ ... ကဲ ... ပြန်ကြတော့"

ကိုကမ်းနော်က စောဂျိမ်းတို့ကို
ကြည့်လိုက်သည်။ စောဂျိမ်းတို့ ထ
အကြည့်ကို သဘောပေါက်လိုက်သည်

"စိတ်ချ ကိုကမ်းနော်၊ ခင်ဗျာ
အေးအေးဆေးဆေး အနားယူပါ၊
ကိစ္စကို ကျုပ်တို့ရှင်းပေးမယ်၊ မပူနဲ့
လောလောဆယ် စောစောကလာတဲ့
ရဲ့ ဆိတ်ခြံအခြေအနေကို သွားကြည့်
ချင်တယ်"

"သွားကြည့်လေ ...၊ ရွာလမ်း
အတိုင်း တည့်တည့်လျှောက်သွား၊ ရွာ
ဆုံးရင် တွေ့တဲ့အိမ်ပဲ၊ ဆိတ်တွေ
တယ်"

"ဒါဆိုရင် ကျော်စိုးရော တင်ဝ
ရော လိုတာတွေပြင်ဆင်ထား၊ ဆိတ်
အခြေအနေကြည့်ပြီး ခြေရာခံမိ
နောက်ကလိုက်ကြရအောင်"

သိပ်မရှာလိုက်ရ၊ ရွာလမ်းမ
ဆုံးသည်နှင့် ဆိတ်အော်သံများန
ဆူညံနေသောအိမ်ကို ရောက်သည်၊



www.burmeseclassic.com

www.burmeseclassic.com


…မ်းနော်၏အိမ်ကို လာသွားသောလူ …ာ ထွက်လာသည်။

"ညက ကျွန်တော်တွေ့လိုက်တာ …ီနားမှာပါ"

ဆိတ်ခြံထောင့် တစ်နေရာကို …စောဂျိမ်းတို့အား ပြသည်။ မြက်ခြောက်များအကြား သဲမြေပွပွပေါ်တွင် …ထင်ထင်ရှားရှားခြေရာများ အခွက်ကြီး တစ်ခွက်ပါသော ဟင်းမျိုးကြီး ခြေရာများ။ စောဂျိမ်းက ခြေရာများကို …ုန်းပြီးကြည့်နေရင်း ကျော်စိုးနှင့် …တင်ဝင်းကို တစ်နေရာသို့ လက်ညှိုးထိုး ပြလိုက်သည်။

"ဟော့ကောင်တွေ ဒီခြေရာကို ကြည့်စမ်း၊ နည်းနည်းထူးဆန်းတယ် …ွ"

ကျော်စိုးက –

"ဟုတ်တယ်စောဂျိမ်း၊ အဲဒီတစ်နေရာတည်း မဟုတ်ဘူး၊ ဒီခြေရာတွေ …ာလည်း အဲဒီလိုပဲ။ ကျွန်တော့်အထင် …တော့ ခြေထောက်တစ်ချောင်း ဒဏ်ရာ ရထားတယ်၊ ခြေချောင်းလေးတစ်ချောင်းလည်း ပြတ်နေပုံရတယ်"

"သိပ်သေချာတာပေါ့ကွာ၊ အဲဒီ …တော့ …"

"မြန်မြန်မပြေးနိုင်ဘူး စောဂျိမ်း၊ ခြေရာခံလိုက်ရင် မီနိုင်သေးတယ်"

"အေး …ဒါဆို လိုက်ကြရအောင်၊ လမ်းကြောင်းကတော့ ဒီအောက်ဘက်ကို ပြနေတယ်"

တဲပေါ်ကဆိတ်ပိုင်ရှင်က အပြေးကလေးဆင်းလာကာ –

"ရော့ … ရော့ ဆရာတို့ လမ်းမှာ ရိက္ခာအတွက်ယူသွားပါ၊ အန္တရာယ်ကောင်ကြီးအတွက် ကိစ္စတုံးပြီးရင် နောက်ထပ် ပြုစုပါဦးမယ်"

ဆိတ်သားများကို အမြောင်းလိုက်ခွဲကာလုမ်းထားသော ဆိတ်သားခြောက်များဖြစ်သည်။

"ကောင်းတယ်ဗျာ …၊ ရိက္ခာတော့ရပြီ၊ ကျုပ်တို့လည်း ကမန်းကတန်းထွက်လာရတော့ ရိက္ခာမပြည့်စုံဘူး၊ အခုတော့ အဆင်ပြေသွားပြီ၊ ကဲကဲ … သွားလိုက်ပါဦးမယ်"

> "စကားပုံ တစ်ခု ရှိတယ်ကွ၊ ချော(ဂျီ)စွယ်နဲ့ ကျားပေါင်ပဲ့ ဆိုတာ ကြားဖူးလား"

ခြေရာများနှင့် ဆိတ်ကိုဒရွတ်တိုက်ဆွဲသွားသော စွတ်ကြောင်းကြီးက ရွာ၏မြောက်ဘက်ကို ပြနေသည်။ ရွာမြောက်ဘက် ကိုက်(၁၀၀)လောက် ဆင်းသွားသည်နှင့် မြေကြောက တဖြည်းဖြည်းနိမ့်ဆင်းသွားသည်။ ဆိတ်ချိုနွယ်၊ ကြေးနွယ်၊ ပါတ်နွယ်ချုံများအကြားမှ ဆိတ်ကိုဆွဲသွားသောကြောင့် လမ်းတစ်လျှောက် ဆိတ်မွေးများ၊ အသားစများက ချုံများတွင်ကပ်ကာကျန်နေသည်ကို တွေ့နေရသည်။ ညကတည်းက ဆိတ်ကိုဆွဲသွားသောကြောင့် သွေးစ၊ အသားစများက ခြောက်နေသည်။ စောဂျိမ်းက –

"ဒီကောင်ကြီးက ခြေတစ်ဖက်သာ မကောင်းတာ၊ ခြေကတော့ ရှည်တုန်းကွ၊ ဘယ်အထိတောင် လိုက်ရဦးမယ်မသိဘူး၊ နေတောင် တော်တော်မြင့်နေပြီ"

ဆင်ခြေလျှောအတိုင်း ကိုက်(၂၀၀)လောက် ဆင်းသွားပြီး မြေကြောက ပြန်ညီသွားကာ ကြိမ်တောကြီးတစ်ခုကို တွေ့လိုက်ကြရသည်။ စောဂျိမ်းက ခြေရာကောက်ကာ လမ်းရှာနေချိန်တွင် ကျော်စိုးနှင့်တင်ဝင်းက တောလိုက်ဓားမြှောင်များဖြင့် ကြိမ်ဖူးများကို ခုတ်ကာ နွယ်ကြိုးများဖြင့်စည်း၍ ဆွဲလာကြသည်။ ကြိမ်တောအလယ်လောက် အရောက်တွင် ရှေ့ကသွားနေသော စောဂျိမ်းက တုံ့ခနဲရပ်လိုက်သည်။ နောက်ကလိုက်လာသော ကျော်စိုးနှင့် တင်ဝင်းပါ စောဂျိမ်းနောက်တွင် ရပ်လိုက်ကြသည်။

ရှေ့ကိုက်(၃၀)အကွာလောက်ရှိ ကြိမ်ပင်များအောက်တွင် အနားယူနေသော ဒရယ်ဖိုမနှစ်ကောင်။ စောဂျိမ်းတို့ဘက်ကို လုံးဝလှည့်မကြည့်ဘဲ အေးအေးဆေးဆေး လှဲနေကြသည်။ စောဂျိမ်းက လေသံတိုးတိုးဖြင့် –

"ဆော်ချင်တာတော့ လက်ကိုယားနေတာပဲ၊ တစ်မနက်လုံး ဟင်းစားကောင် တစ်ကောင်မှတောင် မတွေ့ဘူး


www.burmeseclassic.com

တွေ့တော့လည်း ... ဟင်း ..."

"အေးဗျာ ... နှစ်ကောင်စလုံး ဝဖီးနေတာပဲ၊ ဟင်းမျိုးကြီးကိုစွက အခိကဆိုတော့ လက်လျှော့လိုက်ပါစောကျိမ်းရာ ..."

ဟင်းမျိုးကြီးနောက်ကိုလိုက်ရန် သဲလွန်စများက ဒရယ်ဖိုနှစ်ကောင်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ စောကျိမ်းတို့အဖွဲ့ အေးဆေးစွာဖြင့် ချီတက်လာကြသည်။ ကြိမ်တောကို ဖြတ်ထွက်လာကြပြီး ရေမရှိသော သဲချောင်းကလေးတစ်ခုဆီ ရောက်လာကြသည်။ သဲချောင်းကို ဖြတ်ထွက်သွားသော ဟင်းမျိုးကြီး၏ ခြေရာနှင့် စွတ်ကြောင်းကြီးက ထင်ထင်ရှားရှားကြီး။ တင်ဝင်းက -

"စောကျိမ်း ... နေကတော့ ခေါင်းပေါ်တည့်တည့်ရောက်နေပြီ၊ တစ်မနက်လုံးလည်း ဘာမှမစားရသေးဘူး၊ ခဏနားပြီး ဗိုက်ဖြည့်ရအောင်ဗျာ"

"အေး ... ဟုတ်တယ်၊ ငါလည်း ဆာနေပြီ၊ ဒီသဲချောင်းမှာပဲ ခဏနားလိုက်ကြရအောင်ကွာ ..."

ခပ်လှမ်းလှမ်းတွင် သုံးပြီးသား မီးဖိုဟောင်းတစ်ခုကို တွေ့ကြ၍ ကျော်စိုးနှင့်တင်ဝင်းက စစ်သုံးထမင်းချိုင့်တွင် ဆန်ထည့်ကာ ရေဘူးများမှရေကို ထည့်၍ ထမင်းချက်သည်။ ထမင်းချက်နေရင်း ဆိတ်သားခြောက်များကို မီးဖုတ်သည်။

စောကျိမ်းက သဲချောင်းနံဘေးတွင် ပေါက်နေသော မြူရွက်များကိုချိုးကာ သုပ်သည်။ နာရီဝက်အတွင်း ဆိတ်သားခြောက်ဖုတ်၊ မြူရွက်သုပ်နှင့် ထမင်းဝိုင်းကြီး ဖြစ်သွားသည်။ ကျော်စိုးက စစ်သုံးရေဘူးကလေးနှင့် ထည့်လာသော ရမ်အရက်များကို ငှဲ့လိုက်သည်။ ထမင်းဝိုင်းက ပိုမြိုင်သွားသည်။

ကျော်စိုးက အရက်တစ်ခွက်ကို မော့ ဆိတ်သားခြောက်ဖုတ်ကိုဝါးရင်း တစ်စုံတစ်ခုကို သတိရကာ ထသွား၍ မီးဖိုနားတွင် အလုပ်ရှုပ်နေပြန်သည်။ ခဏကြာတော့ ပြန်ရောက်လာသည်။ သူ့လက်ထဲတွင် မီးဖုတ်ထားသော ငပိဖုတ်နံ့ သင်းနေသည့်စားစရာ။ စောကျိမ်းက နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ရင်း–

"ဘာလဲကွ ... မွှေးလှချည်လား"

"ထမင်းပူပူကလေးနဲ့ စားကြည့်စမ်းပါ"

စောကျိမ်းရော တင်ဝင်းပါ ကျော်စိုးဆီကယူ၍ ထမင်းပူပူနှင့်နယ်ကာ စားကြည့်ကြသည်။ ထို့နောက် ဆိတ်သားခြောက်ဖုတ်ကိုဝါးကာ တစ်ခွက်ပြီး တစ်ခွက်။

"စောကျိမ်း ... ဘယ့်နယ်လဲ"

"ဟာ ... ကောင်းကွာ၊ အသား ဟင်းတွေထက်တောင် ခံတွင်းတွေ့နေ သေးတယ်၊ ငပိနဲ့ရော ... နောက် အနံ့တစ်မျိုးရော"

"မနက်က ရွာထဲကဖြတ်လာ ရင်း ငရုတ်သီးစိမ်းတွေတွေ့လို့ ခူးလာ တာ စောကျိမ်းရ၊ ငပိကတော့ အရပ် ကတည်းက တောလိုက်သွားရင် အနံ့ မထွက်အောင် ဖန်ပုလင်းနဲ့ အလုံပိတ် ပြီး ယူနေကြလေ၊ အခု ဒီနားမှာ ယားပင်တွေ့တာနဲ့ အတော်ပဲ ဟင် တစ်ခွက်တော့ ရပြီဆိုပြီးလုပ်လိုက်တာ ဒီလိုဗျ ... ငရုတ်သီးစိမ်းကို ထောင်းပြီး မျှင်ငပိနဲ့ရောနယ်၊ ပြီးရ ငပိလုံးကလေးတွေကို ခြယားရွက် ထုပ်ပြီး မီးဖုတ်လိုက်ရင် မွှေးကြိုင် တဲ့ ဟင်းတစ်မယ်ရတာပေါ့ဗျာ၊ ထမင်း ပူပူလေးနဲ့ဆိုတော့ ပိုလိုက်တာပေါ့"

"အေး ... ကောင်းတယ်ကွ စားပြီးရင်တော့ ခရီးဆက် ကြရအောင် ဟိုကောင် ကြီးကို အမိလိုက်ရ မယ်"



စားသောက်ပြ နောက် စောကျိမ်း ခရီးဆက်လာ သည်။ ဟင်းမျ ကြီးကတော့ ရှည်တုန်း ဖြစ်သည် သွေးစသေ နှင့် ဆိ မွှေးရှာ ပင်းကြော


www.burmeseclassic.com

www.burmeseclassic.com



# ကိုကမ်းနော်တို့ ရွာထဲမှာ ဒုက္ခပေးတာ ဒီကောင်ကြီးဆိုတာတော့ သေချာပြီ၊ ကျွန်တော်တို့ ပစ်လိုက်တဲ့ ကျည်ရာတွေလည်းတွေ့တယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ ဗိုက်ကကွဲနေရတာလဲ•••

ကိုပြနေသလို၊ စောကျိမ်းတို့က ထပ် ချပ်မကွာ လိုက်လာကြသည်။ နိမ့်ဆင်း ါလာသော တောင်ကြောအတိုင်း ကိုက်(၂၀၀)လောက် လျှောက်လာကြ အပြီးတွင် ရေစီးသံသဲ့သဲ့ကို ကြား လိုက်ကြရသည်။

"အောက်ဘက်မှာ စမ်းချောင်းရှိ မယ်ကွ၊ ဟင်းမျိုးကြီးရဲ့ လမ်းကြောင်း ကလည်း အောက်ဘက်ကိုပြနေတယ်၊ သိပ်တော့မဝေးဘူး၊ သတိရှိပစေနော်"

"စိတ်ချ၊ စောကျိမ်း"

စိမ်းစိုသော ငှက်ပျောပင်များကို လှမ်းမြင်နေရပြီ။ ဆယ့်နှစ်ရာသီ ရေ ပြတ်စီးနေသော စမ်းချောင်းကလေး ကြောင့် ငှက်ပျောပင်များက သန်မာ ထွားကျိုင်းလှသည်။ ကြခတ်ဝါးရုံတော က စမ်းချောင်းတစ်ဖက်တစ်ချက်တွင် ပေါက်နေကြသည်။ ဝါးရုံတောက လေ အငွေ့တွင် ယိမ်းကသလို ရှိနေသကဲ့ သို့ ငှက်ပျောတောကလည်း စည်းချက် ညီညီ လှုပ်ရှားနေကြသည်။

စောကျိမ်းတို့အဖွဲ့ လက်နက်များ ကို အသင့်ကိုင်ကာ လျှောက်လာကြ ခင်း တစ်နေရာအရောက်တွင် –

"ဟဲ •••ဟဲ •••ဂရုး"

ဟင်းမျိုးကြီး၏ ဒေါသမာန်သွင်း ာ အော်သံနှင့်အတူ မပီမသ အော်သံနှင့် သတ္တဝါတစ် ကောင်၏ နောက်ဆက် တွဲအော်သံကိုပါ ကြား လိုက်ကြရသည်။


စောကျိမ်းက

သမ ၅၀၀ နှစ်လုံးပြူး ရိုင်ဖယ်ကြီးကို အသင့်အနေ အထားနှင့်ကိုင်၍ ကြခတ်ဝါးရုံ၏ ဝဲဘက်မှ ထွက်လိုက်သလို ကျော်စိုးက ၃၀၃သမ ဝ၆ ရိုင်ဖယ်ကြီးကိုကိုင်၍ ယာဘက်မှ ပတ်၍ ထွက်လိုက်သည်။ ကျော်စိုး နောက်တွင် တင်ဝင်းက ကပ်ပါသွား သည်။

ရှေ့(၁၅)ကိုက်အကွာလောက်ရှိ ကျိုးတိုးကျဲတဲပေါက်နေသော ဝါးရုံတစ် ဖက်မှ မြင်လိုက်ရသော မြင်ကွင်းတစ်ခု၊ ဟင်းမျိုးကြီးက ချေ(ဂျီ)တစ်ကောင်ကို လက်နှင့် ဟန်ဆောင်ပြ၍ ပုတ်ခတ်နေ သလို သေဘေးမှလွတ်အောင် ကြိုးစား နေသော ချေ(ဂျီ)ကလည်း ဝါးပင် သုံး လေးပင်ကို ဖင်ပေးကာ အော်ဟစ်၍ ထွက်ပေါက်ကိုရှာနေသည်။ မလှမ်းမ ကမ်းရှိ ဝါးရုံအောက်တွင် ဆိတ်သေ တစ်ကောင်။

ကျော်စိုးနှင့် စောကျိမ်းက ဝါးပင် များအကြားမှ တစ်ယောက်ကိုတစ် ယောက် ကြည့်လိုက်ကြသည်။ တစ် ယောက်အကြည့်ကို တစ်ယောက်သိနေ သည့်အလား ပစ်ကွင်းကောင်းရာသို့ ဝါးပင်များအကြားမှ တစ်ယောက်တစ် နေရာစီ ရွေးလိုက်ကြသည်။

ထိုအချိန်တွင် ချေ(ဂျီ)က ဝဲဘက် သို့ ခုန်ပေါက်၍ ပြေးယောင်ပြကာ ယာဘက်သို့ ခေါင်းလှည့်လိုက်သည်။





www.burmeseclassic.com

သို့သော် မျက်ခြေမပြတ်ချောင်းနေသော ဟင်းမျိုးကြီးက ယာလက်နှင့်လှမ်း အပုတ်တွင် ချေ(ဂျီ)က သွက်လက်စွာ ရှောင်ထွက်သွားသောကြောင့် ဝဲဘက် လက်နှင့် ထပ်အပုတ်တွင် ချေ(ဂျီ)၏ ခေါင်းကို မိမိရရထိသွားကာ ခွေကျ သွားသော ချေ(ဂျီ)၏ကိုယ်ပေါ်သို့ ကိုယ်လုံးနှင့်ဖိလိုက်သည်။

အသက်လုနေရသော ချေ(ဂျီ)က အသံကုန်အော်ကာ ကုန်းရုန်း၍ထနေ သည်။ ဟင်းမျိုးကြီးနှင့်ချေ(ဂျီ) လုံး ထွေးနေချိန်တွင် မတူညီသောသေနတ် သံနှစ်ခုက စက္ကန့်ပိုင်းလောက်ခြားကာ ထွက်သွားသည်။

''ဖောင်း''

''ဒိုင်း''

နှစ်ကောင်ထပ်ကာ လဲကျနေချိန် တွင် အောက်ကိုရောက်နေသောချေ(ဂျီ) က ကုန်းရုန်းထနေသလောက် အပေါ် က ဟင်းမျိုးကြီးက ချက်ကောင်းမှန် ကာ အကြောဆွဲနေသည်။ ချေ(ဂျီ)က ဟင်းမျိုးကြီး၏ဗိုက်အောက်မှ ခေါင်း ထောင်ကာ ထလာပြီး ခွေခနဲ ပြန်လဲ ကျသွားသည်။ နှစ်မိနစ်လောက် အကြာ ခတ်နေပြီးမှ စောဂျိမ်းနှင့်ကျော်စိုးက အနားကို ရောက်လာသည်။

ဇက်ပိုးတွင် တစ်ချက်၊ လက်ပြင် တွင်တစ်ချက်နှင့် ကိစ္စချောသွားခြင်း ဖြစ်သည်။ ကျည်ဝင်ပေါက် ကျဉ်းသ လောက် ကျည်ထွက်ပေါက်မှ သွေးများ ဒလဟောကျနေသည်။ ချေ(ဂျီ)က မသေသေး။ ဟင်းမျိုးကြီး၏ ကုတ်ဖဲ့ ကိုက်ခဲထားသော ဒဏ်ရာကြောင့် သွေး အလူးလူးနှင့် မသေမရှင်ဖြစ်နေခြင်း ဖြစ်သည်။

စောဂျိမ်းက ဟင်းမျိုးကြီးကို လှည့်ပတ်ကြည့်ပြီး –

''ကျော်စိုး ... ဒီမှာကြည့်စမ်း''

ဟင်းမျိုးကြီး၏ဗိုက်တွင် တစ်ထွာ လောက် ကွဲထွက်နေသောနေရာမှ အူ များ တစ်ပိုင်းတစ်စ ထွက်နေခြင်းဖြစ် သည်။

''ဝဲဘက်လက်ချောင်းကလေး တစ်ခုလည်း ပြတ်နေတယ်၊ ဒါကြောင့် မို့ ခြေရာမှ တစ်ခုထူးခြားနေတယ်လို့ တွက်ထားတာ''

''စောဂျိမ်း ... ကိုကမ်းနော်တို့ ရွာထဲမှာ ဒုက္ခပေးတာ ဒီကောင်ကြီးဆို တာတော့ သေချာပြီ၊ ကျွန်တော်တို့ ပစ် လိုက်တဲ့ ကျည်ရာတွေလည်းတွေ့တယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ ဗိုက်ကွဲနေရတာ လဲ''

''မင်း ... ဘယ်လိုထင်လို့လဲ''

''မစဉ်းစားတတ်အောင်ပဲဗျာ''

''စကားပုံတစ်ခုရှိတယ်ကွ၊ ချေ (ဂျီ)စွယ်နဲ့နဲ့၊ ကျားပေါင်ပဲ့ဆိုတာ ကြား ဖူးလား''

''ဟာ ... စောဂျိမ်း၊ ကျွန်တော် သဘောပေါက်ပြီ၊ စောစောက ချေ(ဂျီ) နဲ့ ဟင်းမျိုးကြီး လုံးထွေးနေတုန်းက ချေ(ဂျီ)က ကြောက်ကန်ကန်ပြီး အ စွယ်နဲ့ခုတ်လိုက်တာဖြစ်မယ်၊ ကျား ပေါင်ပဲ့ မဟုတ်ဘူးဗျို့၊ ဒီတစ်ခါ ကျား ဗိုက်ပွင့်တာဗျ''

''ကျော်စိုး ... တို့ ကျည်နှစ် တောင့်လုံးက ဟင်းမျိုးကြီးဆီမှာပဲတွေ့ တယ်၊ ချေ(ဂျီ)ကိုတော့ မင်းဘာလို့ မပစ်တာလဲ''

''စောဂျိမ်းရယ် ... သူ့မှာ အန္တ ရာယ်တွေ့နေလို့ မနည်းထွက်ပေါက်ရှာ နေရတာ၊ မလုပ်ရက်ပါဘူး၊ ဒါဆို စော ဂျိမ်းကရော''

''မင်းအဖြေနဲ့ အတူတူပါပဲ၊ ဒါ ပေမဲ့ ဟင်းမျိုးဆိုတဲ့ကောင်က ကိုကမ်း နော်တို့ရွာကို ဒုက္ခပေးနေတော့ ဒီ ကောင်ကြီးကို ရှင်းပစ်ချင်နေတာ''

တင်ဝင်းက ရေဘူးများကို အောက်ဘက်စမ်းချောင်းတွင် ရေဖြည့် ကာ တက်လာသည်။ ပြီးမှ –

''ထမင်းချက်လိုက်တာ ရေကုန် သွားလို့ ရေသွားခပ်တာ၊ အခု ... ဒေ လည်းရပြီ၊ ဇာတ်လမ်းလည်းဆုံးပြီ၊ ထ လက်ကျန်လေး ရှင်းလိုက်ကြရအောင်''

''ဟေ ... လက်ကျန်ရှင်းတော့ ဘာမြည်းစရာရှိလို့လဲ''

''စောဂျိမ်းကလည်း ကျားပေါ မပဲ့ပေမဲ့ ချေ(ဂျီ)ပေါင်တစ်ချောင်း ဖဲ့လိုက်ပေါ့ဗျာ၊ ချေလည်း အသက်မ တော့ပါဘူး''

''ကောင်းကွာ''

''စောဂျိမ်းက စိတ်မပါလို့လား''

''ပါချင်နေတာ ကြာပြီကွ''

''ဟား ... ဟား ... ဟား''

စောဂျိမ်းစကားကြောင့် ကျော်စိုး နှင့်တင်ဝင်းရယ်သံက ကျေးငှက်သာ ကာများပင် လန့်ဖျတ်၍သွားပါတော့ သည်။

**မောင်မြင့်မား(ဗိုလ်ကတော)**



www.burmeseclassic.com

www.burmeseclassic.com


# ဒဂုံကြည်ဇော်

## နလုံးသားတစ်နေရာမှ ပဲ့ကြွေလွင့်စဉ်သွားရခြင်း





www.burmeseclassic.com

www.burmeseclassic.com



မုန့်စားကျောင်းဆင်းချိန် ကလေးတွေ ဆော့ကစားနေတာကို ပြူတင်းပေါက်က ငေးကြည့်ရင်း တို့ရဲ့ငယ်ဘဝလေးကို သွားသတိရမိတယ်။

သင်းသင်းဆိုတဲ့တို့ရယ်၊ ငြိမ်းချမ်းရယ်၊ ဇော်ဇော်ရယ်က သိပ်ခင်ကြတဲ့ သူငယ်ချင်းတွေနော်။ တို့မှတ်မိနေသေးတယ်။ ငယ်ငယ်တုန်းက တို့တစ်တွေ ကျောင်းသွားတိုင်း လမ်းမှာရှိတဲ့ ခရေပင်ကြီးက ခရေပန်းလေးတွေ ကောက်ကောက်နေလို့ ကျောင်းနောက်ကျတာကိုလေ။ တစ်နေ့ မိုးတွေရွာနေလို့ တို့နဲ့ဇော်ဇော် ကျောင်းကို စောစောလာတာနဲ့ ခရေပန်းမကောက်ခဲ့ရဘူး။ ဒါပေမဲ့ ကျောင်းကို မိုးရေစိုရွှဲရွှဲနဲ့ နောက်မှရောက်လာတဲ့ ငြိမ်းချမ်းက တို့အတွက် ခရေပွင့်လေးတွေ ကောက်လာခဲ့တယ်လေ။ ကျောင်းနောက်ကျတဲ့ ငြိမ်းချမ်းကို ဆရာမကဆူတော့ ဒို့စိတ်မကောင်း ဖြစ်ခဲ့ရပါသေးတယ် ငြိမ်းချမ်းရယ် ...။ ငြိမ်းချမ်းပေးတဲ့ အဲဒီ ခရေပွင့်လေးတွေကိုလည်း တို့ အမြတ်တနိုး သိမ်းထားဆဲပါပဲ။

ဆင်းရဲလို့ မုန့်ဖိုးမပေးနိုင်တဲ့ ငြိမ်းချမ်းရဲ့မေမေက ငြိမ်းချမ်းကို အမြဲ ထမင်းချိုင့်ထည့်ပေးတယ်လေ။ ငြိမ်းချမ်းရဲ့ထမင်းကို တို့သုံးယောက်အတူစားကြသလို တို့နဲ့ဇော်ဇော်တို့ အိမ်ကပါလာတဲ့ မုန့်တွေကိုလည်း သုံးယောက် အမြဲ ဝေစားစမြဲနော်။ အဲဒီအချိန်လေးတွေတုန်းက တို့သိပ်ပျော်ခဲ့ရပါတယ် ငြိမ်းချမ်းရယ် ..။ ဒို့သုံးယောက်ထဲမှာ ငြိမ်းချမ်းက အချို့တဲ့ဆုံးဆိုတဲ့အသိနဲ့ ငြိမ်းချမ်းအမြဲအားငယ်နေတတ်တယ်လေ။ တကယ်တော့ ငြိမ်းချမ်းရယ် ..၊ ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတာ ရှေးဘဝကုသိုလ်ကံတွေပါ။ ဆင်းရဲ ချမ်းသာဖို့ထက် စိတ်ထားကောင်းဖို့ပဲ လိုတယ်လို့ တို့တော့ ယူဆတယ်။ ဒါကြောင့်လည်း ဆင်းရဲပေမဲ့ စိတ်ထားကောင်းတဲ့ ငြိမ်းချမ်းကို တို့ ချစ်ခင်နေမိတာပေါ့။

နာမည်ကသာ ငြိမ်းချမ်းလို့ပေးထားပေမဲ့ ငြိမ်းချမ်းဘဝက မငြိမ်းချမ်းဘူးနော် ...။ ပထွေးအရက်သမားရဲ့ နှိပ်စက်မှုဒဏ်ကို ခံနေကြရတယ်။ ဒါကြောင့်လည်း တို့နဲ့ဇော်ဇော် ငြိမ်းချမ်းအပေါ်မှာ ကြင်နာစိတ်နဲ့ ခင်မင်တွယ်တာနေရတာပေါ့ သူငယ်ချင်းရယ်။ ငြိမ်းချမ်းဘဝ မငြိမ်းချမ်းပေမယ့် အမူအရာနဲ့စိတ်သဘောထားကတော့ တည်ငြိမ်အေးချမ်းလှတယ်။ သူတစ်ပါး ကိုလည်း ကူညီတတ်တယ်လေ။ ဇော် ဇော်ကတော့ ငြိမ်းချမ်းလိုမဟုတ်ဘူး။ မဟုတ်မခံ ဇတ်ဇတ်ကြဲသမား၊ တို့လိုပဲ ရန်ထောင်ကောင်းတယ်လေ။ ဒါကြောင့် လည်း ကျောင်းက အခြားကျောင်း သားတွေက ငြိမ်းချမ်းကို မာမရှိန်း- မိန်းမလျှာလို့ နောက်ပြောင်တိုင်း တို့နဲ့ ဇော်ဇော် ငြိမ်းချမ်းကိုယ်စား ရန်စွာပေး ရတယ်လေ။ ငြိမ်းချမ်းကတော့ လူ တိုင်းကို အားငယ်စိတ်နဲ့ သည်းခံခွင့် လွှတ်တတ်တယ်နော် ...။ ဒို့လေ အဲ ကတည်းက ငြိမ်းချမ်းကို သနားစိတ်နဲ့ သံယောဇဉ်ပိုခဲ့ရတယ်ကွယ် ...။

တို့သိပ်ချစ်ခင်ခဲ့ရတဲ့ ငယ်သူငယ် ချင်း မင်းတို့နှစ်ယောက်ကို အမြဲသတိရ မိပါတယ်။ နွေကျောင်းပိတ်ရက်တစ်နေ့ မှာ တို့သုံးယောက် တို့ခြံဝင်းထဲမှာရှိတဲ့ ပိတောက်ပင်ကြီးအောက်မှာထိုင်ပြီး ပြောခဲ့ကြတဲ့စကားတွေ မှတ်မိနေသေး တယ် ...။

"ဟေ့ ... သင်းသင်း၊ နင်ကြီး လာရင် . ဘာလုပ်မှာလဲ၊ ငါကတော့ ဆရာဝန်ကြီးလုပ်မယ်၊ နင်တို့ဖေဖေလို ပေါ့ ...၊ ဒေါက်တာဇော်ဇော်လေ .. ဟဲ ... ဟဲ ..."

လက်မတထောင်ထောင်နဲ့ စပ်ဖြ ဖြပြောနေတဲ့ ဇော်ဇော်ကိုကြည့်ပြီး ငြိမ်း ချမ်းက အားကျမခံ –

"ငါကတော့ စစ်ဗိုလ်ကြီးလုပ်

www.burmeseclassic.com



မယ်ကွ . . .၊ သင်းသင်း နင်ရောပြော လေ"

"ငါက ကျောင်းဆရာမလုပ်မှာ၊ ငါတို့သုံးယောက် ကြီးအထိ အတူတူ ဆိုရင် သိပ်ကောင်းမှာနော် . . ."

သံယောဇဉ်အမျှင်တန်းပြီး ပြော လိုက်တဲ့ တို့စကားကို ငြိမ်းချမ်းက ထောက်ခံတယ်လေ။

"အေးနော် . . . ငါတို့တွေ ကြီး အထိ အတူတူဆို ပျော်စရာကြီး"

တို့နဲ့ငြိမ်းချမ်းကို ငေးကြည့်နေ တဲ့ ဇော်ဇော် မျက်နှာညှိုးသွားတယ်။ ပြီးတော့ –

"အေးကွာ . . . ဒါပေမဲ့ ငါ့ဖေဖေ ပြောင်းရမယ်လို့ မေမေ့ကိုပြောနေသံ ကြားတယ်၊ ဟုတ်,မဟုတ်တော့ မသိ သေးဘူး၊ ငါကတော့ မင်းတို့နဲ့ ကြီး အထိ အတူတူနေချင်တာပေါ့"

ဝမ်းနည်းသံပါနေတဲ့ ဇော်ဇော်ရဲ့ အသံကြောင့် တို့နဲ့ငြိမ်းချမ်း စိတ်မ ကောင်းဖြစ်ခဲ့ရတယ်။ ပြန်တွေးတိုင်း လွမ်းစရာတွေပါပဲကွယ် . . .။

ဒီလိုနဲ့ တို့တစ်တွေ (၉)တန်းစာ မေးပွဲကြီးဖြေပြီး ကွဲသွားကြတယ်နော်။ ဇော်ဇော်ကတော့ သူ့အဖေ တပ်ရင်း ပြောင်းတဲ့ တောင်ကြီးကို ရောက်သွား တယ်။ တို့နဲ့ငြိမ်းချမ်း နှစ်ယောက်ကျန် ခဲ့ပေမဲ့ (၁၀)တန်းနှစ်ရောက်တော့ ငြိမ်းချမ်းအတွက် မြေပူရာကင်းမှောင့် ဆိုသလို မိခင်ကြီး ဦးနှောက်သွေးကြော ပြတ်ပြီး ရုတ်တရက်ဆုံးသွားတယ်။ ဒါ ကြောင့် မြောင်းမြက အဒေါ်တွေဆီ သွားနေရတယ်လေ။ ရန်ကုန်မှာ သင်း သင်းဆိုတဲ့ တို့တစ်ယောက်တည်းလေ။ ကြောပါဘူး တို့လည်း ဖေဖေအလုပ် ပြောင်းတဲ့ ပြည်မြို့ကို ပြောင်းရွှေ့နေ ထိုင်ရတယ်လေ။ အဲဒီက,စလို့ အဆက်အသွယ် လုံးလုံးပြတ်နေကြတဲ့ တို့တွေ ခုဆိုရင် တိုင်းပြည်တာဝန်ကို တစ်ဖက်တစ်လမ်းက အသီးသီး တာဝန်ယူပြီး နိုင်ငံတာဝန်ကို ထမ်း ဆောင်နေကြ ရောပေါ့နော်။

တို့လည်း ဝါသနာပါတဲ့ ကျောင်း ဆရာမအလုပ်နဲ့ နောင်အနာဂတ်မှာ ထွန်းတောက်လာမယ့် လူငယ် 'ချင်း' တိုင်းရင်းသားလေးတွေကို ပညာရေး တိုးတက်ဖို့အတွက် ဆောင်ရွက်နေ တယ် သူငယ်ချင်းတို့ရယ်။ တို့အခု တာဝန်ထမ်းဆောင်နေတဲ့ 'ချင်းပြည် နယ်'က တောင်တန်းတွေပေါ်များပြီး အေးချမ်းသာယာတဲ့ နေရာတစ်ခုပါပဲ။ ရောက်စ,ကတော့ ရာသီဥတုအပြောင်း အလဲတွေနဲ့မို့ အတော့်ကို ဒုက္ခရောက် ခဲ့ပေမဲ့ တိုင်းရင်းသား ချင်းလူမျိုး တွေရဲ့ ဖော်ရွေကြင်နာမှု၊ ဆရာမတစ် ယောက်ဆိုတဲ့ အသိနဲ့ လေးစားခင်မင် မှုတွေကြောင့် အခုတော့ အရမ်းကို အဆင်ပြေနေပါပြီ။

တို့စာသင်တဲ့ အခန်းပြတင်း ပေါက်က ကြည့်လိုက်ရင်လေ မှိုင်းညို့ ညို့တောင်တန်းကြီးတွေက ကာဆီးလို့ ဒီတောင်ကြီးတွေကို မှီတွယ်ပြီး ကပ် ပေါက်နေတဲ့ တောင်ဇလပ်ပန်း ရောင်စုံ တွေက ပန်ရလှတဲ့ ရှုခင်းတွေပဲပေါ့ ကွယ်။ နေရာဒေသလေးက အေးချမ်း သာယာသလို သူတို့တွေရဲ့ စိတ်ထား တွေကလည်း ငြိမ်းအေးလှပါတယ်။ လောဘကင်းပြီး တောင်ခြေမှာ ပန်း သီး၊ လက်ဖက်၊ လိမ္မော် စတဲ့စိုက်ခင်း တွေကို လှေခါးထစ် စိုက်ပျိုးနည်းနဲ့

တို့အနှစ်သက်ဆုံးက
ပန်းနုရောင်သွေးဖြာနေတဲ့
ပန်းချယ်ရီတွေပါပဲ။
တို့နေခဲ့တဲ့ မြေပြန့်မှာမရှိတဲ့
ပန်းတစ်မျိုးပေါ့။
တို့နေတဲ့ အဆောင်ကနေ
ကျောင်းကိုလာတဲ့လမ်းမှာ
ချယ်ရီပင်တွေက
တောက်လျှောက်ပဲမို့
တလောကလုံး
ပန်းနုရောင်
လွှမ်းခြုံနေကြလို့
လှပဝေဆာနေတယ်လေ
. . .



www.burmeseclassic.com

အများဆုံးစိုက်ပျိုး လုပ်ကိုင်စားသောက်ကြတယ်။ တချို့ကတော့ အမဲလိုက်တဲ့အလုပ်ကို လုပ်ကြတယ်။ သူ့ခလေ့နဲ့သူတော့ အံ့ဩစရာ ချစ်စရာကောင်းတာတွေ ရှိပါတယ်။ တို့ကိုလည်း တလေးတစားနဲ့ ရှိသေကြတယ်။

တို့အနှစ်သက်ဆုံးက ပန်းနုရောင်သွေးဖြာနေတဲ့ ပန်းချယ်ရီတွေပါပဲ။ တို့နေခဲ့တဲ့ ဗမြေပြန့်မှာမရှိတဲ့ ပန်းတစ်မျိုးပေါ့။ တို့နေတဲ့ အဆောင်ကနေကျောင်းကိုလာတဲ့လမ်းမှာ ချယ်ရီပင်တွေက တောက်လျှောက်ပဲမို့ တလောကလုံး ပန်းနုရောင် လွှမ်းခြုံနေကြလို့လှပဝေဆာနေတယ်လေ။ ချယ်ရီပွင့်ကြွေတွေကို လမ်းသွားရင်းကောက်မိတတ်တယ်။ အဲလိုအခါမျိုးမှာ တို့ငယ်ဘဝက ခရေပန်းတွေကောက်ခဲ့တာပြန်သတိရနေမိတယ်။ ခရေပင်အောက်မှာ ခရေပွင့်တွေကောက်ခဲ့သလို ဒီချင်းတောင်ဒေသက ချယ်ရီပင်အောက်မှာချယ်ရီပွင့်ကြွေတွေ အတူကောက်ချင်လိုက်တာ သူငယ်ချင်းတို့ရယ် ...။

အတွေးလေးတွေနဲ့ ငေးနေတဲ့တို့စာသင်ခန်းပေါက်ဝက ခေါ်သံကြားလို့လှည့်ကြည့်တော့ ပြုံးတူးပြာတာနဲ့ကလေးနှစ်ယောက် အလန့်တကြားနဲ့

"ဆရာမ ... ဆရာမ၊ လျှန်ကျင်ပေါင် ကစားရင်း ငုတ်စူးသွားလို့သွေးတွေအများကြီးထွက်နေတယ်။ ဟိုသစ်ပင်အောက်မှာ ထိုင်ငိုနေတယ်ဆရာမ ..."

"ဟယ် ... ဟုတ်လား၊ ဘယ်လိုဖြစ်တာတုန်း"

တို့လည်း စိုးရိမ်တကြီးနဲ့ ကျောင်းသားလေးရှိရာ အပြေးသွားပြီးကြည့်လိုက်တဲ့အခါ ဒဏ်ရာက အတော်ကြီးတာမို့ ကျောင်းသားတစ်ယောက်ကိုကျောင်းအုပ်ကြီးကိုအကြောင်းကြားခိုင်းပြီး တို့ကတော့ အခြားဆရာမတစ်ယောက်နဲ့အတူ ငုတ်စူးတဲ့ကျောင်းသားကိုခေါ်ပြီး တိုက်နယ်ဆေးရုံကို ထွက်ခဲ့ကြတယ်။

ဆေးရုံရောက်တော့ အခြားလူနာတစ်ယောက်ကို စမ်းသပ်နေလို့ ခဏစောင့်နေကြရတယ်။ ကိုယ့်တပည့်အတွက် စိတ်ပူလွန်းစွာနဲ့ အခြားအရေးကြီးလူနာကို စမ်းသပ်နေတဲ့အခန်းထဲ ခန်းဆီးစကိုလှစ်ပြီး မြန်မြန်ပြီးစေချင်တဲ့ဇောနဲ့ လှမ်းကြည့်လိုက်မိတယ်။ လူနာကို စမ်းသပ်နေတဲ့ ထောင်ထောင်မောင်းမောင်း ဥပတိရုပ်ကောင်းကောင်းနဲ့ ယောကျ်ားပီသတဲ့ ဆရာဝန်ရဲ့မျက်နှာကို မြင်ဖူးသလိုလိုပါပဲ။ သူက



တော့ သူ့ရဲ့လူနာကို ဂရုတစိုက် သေ
သေချာချာ စမ်းသပ်နေတယ်။ သွက်
လက်နေတဲ့ သူ့ရဲ့ဟန်ပန်အမူအရာတွေ
ကလည်း တို့သူ့ကို သိနေသလိုပါပဲ
ဘယ်မှာ မြင်တွေ့ဖူးပါလိမ့် ... လို့
တွေးနေစဉ်မှာပဲ လူနာကိုစမ်းသပ်ပြီးလို့
အပေါက်ဝကိုလှမ်းအကြည့် ခန်းဆီး
လှစ်ပြီး ကြည့်နေတဲ့ တို့နဲ့ မျက်နှာချင်း
ဆိုင်ဆုံမိကြတယ်။ သူက ပြုံးရယ်ပြီး

"နောက်တစ်ယောက် ဝင်လာလို့
ရပြီ"

လို့ ပြောလိုက်တော့ တို့ ဧ
ကြောင်ကြည့်နေမိတယ်။ တို့မှတ်မိ
လိုက်တယ်။ သူ့အသံ သူ့အမူအရာ
ဒါနဲ့ အားရဝမ်းသာ ခေါ်လိုက်မိတယ်
သူ .. သူ .. တို့ရဲ့ငယ်သူငယ်ချင်း
ဖော်ဖော်လေ။ တို့ခေါ်လိုက်တော့ သူ
လည်း တော်တော်အံ့ဩသွားတယ်
ပြီးတော့ ..

"သင်းသင်းမော်ပေါ့ ဟုတ်လား"

လို့ ပြုံးပြီးမေးတယ်လေ။

"အေး ... ဟုတ်တယ်၊ အလ
(၁)ဒဂုံက သင်းသင်းလေ၊ ဝမ်းသ
လိုက်တာဟယ် ..."



www.burmeseclassic.com

www.burmeseclassic.com


"ငါလည်း ဝမ်းသာတာပါပဲဟာ၊ ငါရောက်လာတာ ရက်ပိုင်းပဲရှိသေးတယ်၊ နင်က ငယ်ရုပ်တော့မပျောက်ဘူး၊ လူကြီးဖြစ်လာတာ တစ်ခုပဲ ..."

"အံမယ် ... နင်ကတော့ ဆရာဝန်ကြီးပါပဲ၊ ဒါပေမဲ့ ငါမှတ်မိတယ် သိလား"

အားရဝမ်းသာပြောနေကြတဲ့ တို့နှစ်ယောက်ကို အနားကလူတွေက ငေးကြည့်နေကြတယ်။ ရင်ထဲမှာလည်း အတိုင်းမသိ ဝမ်းသာနေကြတာပေါ့။ ချင်းတိုင်းရင်းသားတွေရဲ့ ကျန်းမာရေးအတွက် ဆရာဝန်တိုးလာတာဟာလည်း ဝမ်းသာစရာပါပဲ။ ဒီလိုနဲ့ ကျောင်းသားလေးရဲ့ ဒဏ်ရာကို သေချာဆေးထည့် ကုသပေးပြီး ပြန်လာတော့ တို့ရင်ထဲမှာ ငယ်သူငယ်ချင်းနဲ့ ပြန်တွေ့လိုက်ရလို့ အတိုင်းမသိ ကြည်နူးနေမိတယ်။

ဒါပေမဲ့ အဲဒီကြည်နူးမှုနဲ့အတူ သတိရမှုက ပိုလာပြန်တယ်။ သတိရတယ် ငြိမ်းချမ်းရယ် .. ငြိမ်းချမ်းတစ်ယောက် ဘယ်ရောက်နေလဲဟင် ... တို့ သိပ်သိချင်တယ်။ ငြိမ်းချမ်းသတင်း ဖော်ဖော့်ကိုမေးကြည့်တော့ သူလဲမသိဘူးတဲ့။ ဖော်ဖော်လည်း တို့နဲ့အတူ ငြိမ်းချမ်းကို သတိရနေလေရဲ့ ငြိမ်းချမ်းရယ် ငယ်ဘဝလေးမှာ ချစ်ခင်တွယ်တာခဲ့တဲ့ တို့သုံးယောက်ရဲ့သံယောဇဉ်က ထာဝရမြဲနေမှာပါနော် ...။

ငြိမ်းချမ်းကရော တို့တွေကိုသတိရရဲ့လားဟင်။ ငယ်စဉ်ကာလကတည်းက ငြိတွယ်ခဲ့ရတဲ့ တို့ရဲ့သံယောဇဉ်ကြိုးလေးကတော့ ထာဝရရှင်သန်လျက်ပါပဲ ငြိမ်းချမ်းရယ်။ ငြိမ်းချမ်းရဲ့ဘဝအခြေအနေကို တို့ သိပ်သိချင်နေတယ်ကွယ်။ ငြိမ်းချမ်းရဲ့ဘဝ ငြိမ်းချမ်းနေပြီလား။ ငယ်ငယ်က မငြိမ်းချမ်းခဲ့ရတဲ့ ငြိမ်းချမ်းရဲ့ ဘဝလေးကို တို့ သနားခဲ့ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ တို့တွေကို ငြိမ်းချမ်းသတိရနေရင်ဖြင့် တို့ကျေနပ်ပါတယ်ကွယ်။

+++

ငြိမ်းချမ်းမပါဘဲ တို့နဲ့ဖော်ဖော်နှစ် ယောက်တည်း ချယ်ရီပွင့်လေးတွေကောက်ရတော့ ပျင်းစရာကြီးပေါ့ကွယ်။ ဒို့နေတဲ့နေရာနဲ့ ဖော်ဖော်နေတဲ့နေရာက သိပ်မဝေးလှဘူး။ ဒါကြောင့် အားတဲ့ညနေခင်းတွေမှာ ဒို့နှစ်ယောက် လမ်းလျှောက်ဖြစ်ကြတယ်။ လမ်းလျှောက်ရင်း ဒို့နှစ်ယောက်အမြဲထိုင်လေ့ရှိတဲ့ ချယ်ရီပင်အောက်ကနေ ကြည့်လိုက်ရင်လေ မြင့်မားလှတဲ့ တောင်တန်းကြီးတွေက ညို့မှိုင်းပြီး မြူနှင်းတွေဆိုင်းနေတာ တွေ့ရတော့ လွမ်းစရာပေါ့ဟယ် ...။ ဒီလိုအချိန်မှာ ငြိမ်းချမ်းကို ပိုလို့သတိရမိတယ် သိလား ...။

"ဟေ့သင်းသင်း ... ငါခေါ်နေတယ်လေဟာ ... ဘာတွေငေးပြီး ဘာ တွေဆွေးနေတာလဲ"

"ငေးပြီး ဆွေးနေတာမဟုတ်ပါဘူးဟာ ... ငြိမ်းချမ်းကို သတိရမိလို့ပါ"

"ဟုတ်တယ်နော် ... ဒီကောင်လဲ ဘယ်ရောက်နေလဲမသိဘူး၊ ခုဆို သူလဲ သူငယ်ငယ်ကပြောခဲ့သလို စစ်ဗိုလ်ကြီး ဖြစ်နေရောပေါ့ ..."

"ငါတော့ မထင်ဘူးဟ ...၊ သူက ခပ်ပျော့ပျော့ရယ်"

"နင်ကလဲ ဘယ်ပြောနိုင်မလဲဟာ၊ ခု ကြီးလာတော့ ပုံစံပြောင်းသွားမှာပေါ့"

ဖော်ဖော်ပြောသလို ငြိမ်းချမ်းတစ်ယောက် တပ်မတော်သားကြီးဖြစ်နေပြီလားဟင် ...။ တို့နဲ့ဖော်ဖော်ကတော့ ကိုယ်ရည်မှန်းထားတဲ့အတိုင်း အသီးသီး ဖြစ်လာကြသလို ငြိမ်းချမ်းလည်း ငြိမ်းချမ်းဖြစ်ချင်တဲ့ တပ်မတော်သားကြီးဖြစ်နေပြီလားဟင်။ သေနတ်ကြီး ကိုင်ဆွဲပြီး ပြည်တွင်းပြည်ပရန်တွေကို တော်လှန်ကာကွယ်နေမယ့် ငြိမ်းချမ်းရဲ့ ပုံသဏ္ဌာန်ကိုတွေးပြီး မြင်ယောင်နေမိတယ်။ တို့သူငယ်ချင်း ငြိမ်းချမ်းလည်း တို့လိုပဲ နိုင်ငံ့တာဝန်ကို ကျေရာနေရာက တာဝန်ယူထမ်းဆောင်နေမှာပဲလို့ တို့ယုံကြည်မိတယ် ငြိမ်းချမ်းရယ် ..။

"သင်းသင်း ဘာလို့ ငိုင်သွားရပြန်တာလဲ၊ ငါပြောမယ့်စကားတောင် ဘယ်ရောက်သွားပါလိမ့်"

"ပြောလေ ... နင်က ဘာပြောမလို့လဲ"

တို့စကားပြောရင်း ဖော်ဖော့်ဘက် လှည့်ကြည့်လိုက်တယ်။ စူးစူးစိုက်စိုက် ကြည့်နေတဲ့ ဖော်ဖော်မျက်ဝန်းတွေက တောက်ပနေတယ်။ အဲဒီမျက်ဝန်းတွေရဲ့ အဓိပ္ပာယ်ကိုလည်း တို့သိနေတယ်။ ဒါပေမဲ့ ရင်မခုန်မိဘူး။ ဖော်ဖော်က နှုတ်ခမ်းလေးတွန့်ရုံ ပြုံးပြီး –

"တို့စေ့စပ်ပြီး လက်မထပ်ဖြစ်ခဲ့တာလည်း သင်းသင်းကိုပြောပြီးပြီနော်၊ နောက် တို့အကြောင်းအားလုံးလည်း ပြောပြထားပြီးပြီနော် ...၊ ခု တို့ခြေ


www.burmeseclassic.com



ချင်တာက သင်းသင်းကို လက်ထပ်ချင်တယ်၊ တို့ သင်းသင်းကို ချစ်မိနေပြီ''

ဇော်ဇော်စကား ကြားနေရပေမယ့် တို့စိတ်က ဟိုး ... အဝေးမှာ။ ဖြစ်နိုင်ရင်လေ တို့အနားမှာ ငြိမ်းချမ်းရှိနေစေချင်တယ်ကွယ်။ ဇော်ဇော်အတွက် ပြန်ပြောရမယ့်စကား နှလုံးသားက ထွက်လာတာကတော့ –

''ဇော်ဇော်ရယ် ... တို့တွေ သူငယ်ချင်းလိုပဲ ဆက်ချစ်ကြပါစို့ဟယ်၊ နော် ...''

အားနာတိုးလျှိုးမှုနဲ့အတူ လေသံတိုးလျစွာ ပြောလိုက်တဲ့တို့စကားကို ကြားလိုက်ရလို့ ခေါင်းငိုက်စိုက်ကျသွားတဲ့ ဇော်ဇော်ကိုကြည့်ပြီး တို့ စိတ်မကောင်းဖြစ်မိပေမယ့် ဒို့ရင်ထဲမှာ သူ့ကို လက်မခံနိုင်တာ ... တို့က တစ်ယောက်ကို မျှော်လင့်နေမိတာ ...။

+++

ကျောင်းသားလေးတွေကို စာသင်လို့အပြီး မုန့်စားကျောင်းဆင်းအချိန် နားမယ်လုပ်မှာ လူတစ်ယောက်တို့ စာသင်ခန်းအပေါက်ဝ ရောက်လာတယ်။ ပြီးတော့ –

''ဆရာမ ဒေါ်သင်းသင်းမော်ဆိုတာ ...''

''ဟုတ်ပါတယ်ရှင် ... ဘာကိစ္စရှိလို့ပါလဲ''

''ဪ ... ဆေးရုံက ဒေါက်တာဦးဇော်ဇော် ခေါ်ခိုင်းလိုက်လို့ပါ။ အရေးကြီးလို့ အမြန်လိုက်ခဲ့ပါတဲ့''

''ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ခဏနော် ...''

ကျောင်းအုပ်ကြီးကို အကျိုးအကြောင်းပြောပြီး လာခေါ်တဲ့လူရွယ်နဲ့ ဇော်ဇော်ရှိရာ ဆေးရုံကိုလိုက်ခဲ့တယ်။ လမ်းတစ်လျှောက် စိုးရိမ်ပူပန်စိတ်အပြည့်နဲ့ ဘာအကြောင်းအရာရယ်လို့ မသိရပေမဲ့ ရင်ထဲမှာ ပူလောင်နေသလိုပဲ။ ဒီလိုနဲ့ ဆေးရုံရောက်ခဲ့တယ်။ အရေးပေါ်လူနာခန်းလို့ စာကပ်ထားတဲ့ အခန်းရဲ့အပြင်ဘက်မှာ ညှိုးနွမ်းနေတဲ့ မျက်နှာနဲ့ ဇော်ဇော့်ကို တွေ့လိုက်ရတယ်။

ငြိမ်းချမ်းရဲ့
ဘဝအကြောင်းစုံကို
သိလိုက်ရတော့
တို့ တကယ်ပဲ
ရင်နာမိပါတယ်။
တပ်မတော်သားကြီး
လုပ်မယ်ဆိုတဲ့
ငြိမ်းချမ်း၊
ခုတော့
ပြည်သူ့ရန်ဘက်သမား
ဖြစ်နေပါပေါ့လား
...



www.burmeseclassic.com

www.burmeseclassic.com


"ဘာကိစ္စ အရေးကြီးလို့လဲ ဖော်ဖော်"

တို့အမေးကို ဖော်ဖော်က နှုတ်က မဖြေဘဲ အခန်းထဲကို မေးငေါ့ပြလိုက်တယ်။ တို့ ခန်းဆီကို အသာဖယ်ပြီး တုန်ရီစွာနဲ့ အခန်းထဲမှာရှိတဲ့ တစ်ခုတည်းသောခုတင်နား လျှောက်သွားပြီး ကြည့်လိုက်တော့ လူတစ်ယောက် ညည်းညူရင်း အသက်ကို မနည်းအားယူရှူနေတယ်။ အဲဒီလူကို သေချာကြည့်လိုက်တော့ တို့ ဘယ်တော့မှ မေ့လို့မရနိုင်ခဲ့တဲ့ ညာဘက်ပါးပြင်ပေါ်မှာ မိန်းမဆန်ဆန် မှဲ့နက်လေး –

"အို ... ငြိမ်းချမ်းပါလား"

အံ့သြမှု ဝမ်းသာမှုတွေ ရောပြွန်းစွာနဲ့ တို့နှုတ်က အသံထွက်သွားတယ်။ ပြီးတော့ သူ့လက်မောင်းကို ကိုင်လှုပ်ရင်း –

"ငြိမ်းချမ်း ... သင်းသင်းလေ၊ နင့်သူငယ်ချင်း သင်းသင်းလေ၊ မျက်လုံးဖွင့်ကြည့်ပါဦး"

အသံကြားတော့ မျက်ခွံကို တဖြည်းဖြည်းပင့်တင်လို့ မျက်လုံးဖွင့်ကြည့်တယ်။

"သင်းသင်းလေ ... သင်းသင်း မှတ်မိတယ်မဟုတ်လား ..."

တုန်ရီနေတဲ့အသံနဲ့ ပြောနေတဲ့ ဒို့ကို ငြိမ်းချမ်းက ရီဝေနေတဲ့မျက်လုံးအစုံနဲ့ကြည့်ပြီး –

"သင်း ... ငါ နင့်ကို အမြဲသတိရ ..."

စကားဆုံးအောင် မပြောလိုက်ရဘဲ ငြိမ်ကျသွားတယ်။

အို ... တို့ရင်မှာ ဆောက်တည်ရာမရ မွန်းကြပ်နေတယ်။ ငြိမ်းချမ်းရဲ့လက်ကို ကိုင်လှုပ်ရင်း အခန်းထဲမှာ အားရအောင် ရှိုက်ငိုနေမိတယ်။ ဒို့ရဲ့ ငိုရှိုက်သံကြောင့် ဖော်ဖော် အခန်းထဲ ဝင်လာတယ်။ ပခုံးကို ကြင်နာစွာဆုပ်ကိုင်ပြီး –

"နင် ဘယ်လိုခံစားရမယ်ဆိုတာ ငါသိပါတယ် သင်းရယ် ...၊ ဒါပေမဲ့ မငိုပါနဲ့တော့၊ ငါလည်း ဘယ်စိတ်ကောင်းပါ့မလဲ၊ ဒါပေမဲ့ ဒီကောင့်အတွက်တော့ ကောင်းပါတယ်၊ သူ့ဘဝ ငြိမ်းချမ်းသွားတာပေါ့လေ ..."

တို့ကိုစကားပြောရင်း အခန်းအပြင်ဘက်ကို ခေါ်ခဲ့တယ်။ တို့လည်း ငိုနေရင်းကြားက ငြိမ်းချမ်းအကြောင်း သိချင်တာနဲ့ –

"ငြိမ်းချမ်းက ဘယ်ကဘယ်လို ဒီကိုရောက်လာတာလဲဟင် ..."

"သင်းသင်းရယ်၊ သူ့အကြောင်းကြားရတာတော့ စိတ်မကောင်းစရာပါပဲ၊ သူ ဘိန်းဖြူစွဲနေတယ်လေ၊ စွဲရုံတင်မကဘူး ဘိန်းကုန်လည်း ကူးတယ်၊ လားရှိုးဘက်မှာ သူ့လူတွေ မိကုန်တယ်လေ၊ သူကတော့ ဒီချင်း တောင်ဘက်ရှောင်ပြေးလာတာနေမှာ ပေါ့၊ ခုတော့ သူ့သတင်းရလို့ ရဲတွေလည်း လိုက်လာနေပြီ၊ မကောင်းမှုဆိုတာ စိတ်ကွယ်ရာမရှိပါဘူးဟာ၊ ခုလည်း သူ ဆေးထိုးအပ်နဲ့ မေ့နေတာတွေ့လို့ ဒီကလူတွေခေါ်လာကြတာ ...၊ ဘိန်းဖြူကို ဆေးထိုးအပ်နဲ့ အသားထဲ သူ့ဟာသူထိုးတာလေ၊ ဆေးလွန်သွားတာပေါ့ဟာ ...၊ ငါတို့လည်း ဘာမှမတတ်နိုင်တော့ဘူးလေ၊ လွန်မှရောက်လာတာကိုး၊ သူ့အဖြစ်က ဆိုးပါတယ်ဟာ၊ ငါလည်း နင့်လိုပဲ ခံစားရပါတယ် ..."

လွင့်ကြွေ ထွက်ခွာသွားတဲ့ ငယ်သူငယ်ချင်းတစ်ယောက်အတွက် စိတ်မကောင်းခြင်းများစွာနဲ့ ပြောနေတဲ့ ဖော်ဖော့်အသံတွေ တုန်ခါနေတယ်။ ငြိမ်းချမ်းရဲ့ဘဝ အကြောင်းစုံကိုသိလိုက်ရတော့ တို့ တကယ်ပဲ ရင်နာမိပါတယ်။ တပ်မတော်သားကြီး လုပ်မယ်ဆိုတဲ့ ငြိမ်းချမ်း၊ ခုတော့ ပြည်သူ့ရန်ဘက်သမား ဖြစ်နေပါပေါ့လားကွယ်၊ ဘိန်းဖြူကို ကိုယ်တိုင်သုံးစွဲရုံမက အနာဂတ်လူငယ်တွေရဲ့ဘဝကို ဖျက်ဆီးတဲ့ လူတစ်ယောက်ပါလား။ တို့သူငယ်ချင်း ငြိမ်းချမ်းတစ်ယောက် ဒီလောက် စိတ်ဓာတ်ယိမ်းယိုင်နိမ့်ကျလိမ့်မယ်လို့ ဘယ်တုံးကမှ မထင်မိခဲ့ဘူး။ တို့ပါးပြင်မှာ ကျန်ရှိနေတဲ့ မျက်ရည်တွေကို လက်ကိုင်ပုဝါနဲ့ သုတ်လိုက်တယ်။ ငြိမ်းချမ်းအတွက် မျက်ရည်မကျချင်တော့ဘူး။ အချစ်ဆုံး ငယ်သူငယ်ချင်း ... ပြီးတော့ နှလုံးသားတစ်နေရာမှာ အမြဲရှိနေခဲ့တဲ့သူ ဆုံးရှုံးသွားလို့ ဝမ်းနည်းကြေကွဲမိပေမဲ့ ... ဘိန်းဖြူရဲ့သားကောင်၊ မျိုးဖျက်သားကောင်တစ်ယောက် အသေဆိုးနဲ့ သေသွားတဲ့အတွက်တော့ တို့ရင်မှာ ...။

တို့လေ ငြိမ်းချမ်းကို အမြဲမျှော်လင့်ခဲ့ပါတယ်။ တို့ရဲ့ နှလုံးသားတစ်နေရာမှာ ငြိမ်းချမ်း ထာဝရရှိနေခဲ့ပါတယ်။ ဒါပေမဲ့ .. ခုတော့ တို့ရဲ့ အဲဒီနှလုံးသားနေရာလေး ပဲ့ကြွေလို့ ... ဟိုး အဝေးကို လွင့်စဉ်သွားခဲ့ပါပြီကွယ်။

အံ့ကြည်ဇော်


www.burmeseclassic.com



# စုံထောက်နိုင်ယာဂိ

## မောင်ယဉ်ကျော်

လုံခြုံရေးနဲ့ပတ်သက်လာရင်
ယောက်ျားလေးထက်
မိန်းကလေးတွေက ပိုစိတ်ချရတယ်ဆိုတဲ့
ရွှေသေနတ်ပိုင်ရှင် ကာဒါဗီ
သတင်းတစ်ပိုင်းတစ်စနဲ့
ကမ္ဘာ့ထူးခြားသတင်းများ



www.burmeseclassic.com

www.burmeseclassic.com


ခြသေ့်ကေ၊ ဖျိုင်းမှာတစ်ချက်၊
ကြက်မှာလေးအင်၊
ကျိုးတွင်ငါးဖြာ၊
ခွေးမှာခြောက်နည်း၊
မြည်းမှာသုံးပါး၊
အပြားနှစ်ဆယ်၊
ကျင့်စဖွယ်ကို၊
ရာသွယ်သက်ရှည်၊၊
မင်းတို့သည်လည်း၊
ကောက်အိုးစွကျင့်အပ်လှသည်
တဲ့။

သတ္တဝါဟူသမျှ အချစ်နဲ့မကင်းကြပေ။ ကျိုးတွေဟာ အချစ်နဲ့ပတ်သက်လာရင် သိုသိပ်ဆုံးပဲ။

ကျိုးကန်းတွေရဲ့ ချစ်ခြင်းမေတ္တာ ဘယ်သူမြင်ဖူးသလဲ၊ ဘယ်သူမှမမြင်ဖူးကြဘူး။ အချစ်နဲ့ပတ်သက်လာရင် လူတွေက ကျိုးတွေလိုကျင့်ရင် ကောင်းမယ်တဲ့။

(၂)

ဒီ အချစ်ဌေပါတဲ့ သတင်းတွေပြီးတော့ ခုတလော စစ်ဌေ့ပါတဲ့ ထူးခြားစွာရေးလာကြတဲ့ သတင်းလေးတွေ ဆက်ပြောရရင် လိင်တူနေခြင်းနဲ့ပတ်သက်ပြီး ဒီလိုက်စားမှုမျိုးကို အရမ်းမုန်းပြီး ကမ္ဘာမှာ အရမ်းဆုံး၊ အကြမ်းဆုံး၊ အထူးခြားဆုံး၊ အမျိုးသမီးတွေ အားအကိုးဆုံးလို့ ကမ္ဘာက ရေးကြပြောကြတဲ့ လစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီရဲ့ မသေခင်က ထူးခြားချက်တွေ ခုတလော မီဒီယာသမားတွေက ပြန်ဖော်ရေးနေတာတွေ့ရတယ်။

ကမ္ဘာမှာ လှို့ဝှက်တတ်တဲ့ ခေါင်းဆောင်တွေက စုံထောက်တွေရဲ့ စွမ်းအားကြောင့် နောက်ဆုံး ဇာတ်သိမ်း မလှဖြစ်ခဲ့ရပုံတွေ ဖွင့်ရေးထားတာတွေ့ရလို့ ဒီနှစ်က ကမ္ဘာ့စုံထောက်တွေရဲ့

□

ခုတလော လိင်တူအချစ်တွေနဲ့ ပတ်သက်ပြီး သူတို့ရဲ့ စွဲလမ်းမှုတွေ ပွဲကြမ်းလာလို့ ပုဒ်မ ၃၇၇ တွေ မျက်ခုံးလှုပ်လာသလို အပိုင်ရဲစခန်းတွေက လည်း ဘာလုပ်ရမှန်းမသိ။

၃၇၇ ဆိုတာ ရဲအရေးပိုင်တဲ့ကိစ္စ။ ကိုယ့်မြို့နယ်ထဲမှာလုပ်ရင် အရေးယူလို့ရတယ်။ ယူပေါ့ တဲ့ ..။

တချို့ကလည်း လိင်တူမင်္ဂလာဆောင်တာ တရားဝင်တယ် .. မဝင်ဘူး။ နိုင်ငံတကာမှာ ဥပဒေတွေ ဘယ်လိုရှိပေမဲ့ ဒါက မြန်မာနိုင်ငံလေ။ ပြီးတော့ ဗုဒ္ဓဘာသာအများဆုံးရှိတဲ့ တိုင်းပြည်။ မရှက်မကြောက် လိင်တူမင်္ဂလာဆောင်သတင်းကို ဖတ်လိုက်ရတော့ လက်ဝဲနော်ရထာ ဦးမြတ်သာ ရေးခဲ့တာ သွားသတိရတယ်။




www.burmeseclassic.com

www.burmeseclassic.com





အရည်အချင်းဖော်ထုတ်တဲ့နှစ်လို့ ပြောရင်လည်း ရမှာပါ။

ကဒါဖီဟာ နှစ်ပေါင်း ၄၂ နှစ်ကြာ လစ်ဗျားနိုင်ငံကို ဖိနှိပ်အုပ်ချုပ်ခဲ့သူဖြစ်ပြီး အင်မတန် ရုပ်ပြောင်းရုပ်လွဲ အရှောင် အတိမ်းအပြေးတော်သူဖြစ်ပြီး အောက်တိုဘာ ၂၀-၁၀-၁၁ နေ့မှ ၎င်း၏ ဇာတိဖြစ်တဲ့ ဆာတီမြို့တွင် ခိုအောင်းနေတုန်း စုံထောက်တွေက သတင်းအစရပြီး အသေဖမ်းမိခဲ့ကြခြင်းဖြစ်တယ်။

ကဒါဖီရဲ့ ထူးခြားချက်မှာ သူ့လူယုံတော် အနီးကပ်တပ်မှာ အမျိုးသားများမဟုတ်ဘဲ အမျိုးသမီးများသာဖြစ်ပြီး သူ့လုံခြုံရေးအတွက် အမျိုးသားများထက် အမျိုးသမီးတွေကို အားကိုးသူဖြစ်၏။

ကဒါဖီသည် ရက်စက်ကြမ်းကြုတ်သလောက် အလှအပမြတ်နိုးသူဖြစ်ကာ သူ့လုံခြုံရေးအတွက် ကိုယ်ရံတော်အဖြစ် မိန်းမချောများသာ ရွေးခန့်လေ့ရှိပြီး သူခန့်သော ကိုယ်ရံတော်တပ်ဖွဲ့တွင် အရွေးခံရသော အမျိုးသမီးများသည် လှရမည်၊ ချောရမည့်အပြင် သူနာပြုလည်း တတ်ရမှာဖြစ်၏။

**ကဒါဖီသည် မိန်းကလေးများကို အထင်ကြီးသလို ရွှေကိုလည်းမက်မောသူ ဖြစ်သဖြင့် သူသေသည့်အခါ ရွှေအစစ်နှင့် ပြုလုပ်ထားတဲ့ ရွှေသေနတ်ကို ကိုင်ဆောင်ရင်း သေသွားရရှာ၏ ...**

လုံခြုံရေးတွေခေါ်ရင် အားကောင်းသူကို ဦးစားပေးထားလေ့ရှိပြီး သူ့နားတွင်အမြဲနေရသော အမျိုးသမီးမှာ ယူကရိန်းသူနာပြုမယ် ဂယ်လီနာကိုလော့နက်စကာဖြစ်ကြောင်းလည်း ဓာတ်ပုံနှင့်ဖော်ရေးကြပြီး အကြမ်းဖက်တိုက်ခိုက်ရေးဆိုသည်မှာ အမျိုးသားများနှင့်သာ ကမ္ဘာဦးကတည်းက အစဉ်အလာဖြစ်ခဲ့ရာ ထိုသို့ အမျိုးသားများ တာဝန်ယူရမည့်ကိစ္စမျိုးကို အမျိုးသမီးများအား တာဝန်ပေးမိခြင်းကြောင့် ကဒါဖီကျဆုံးရကြောင်းကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။

ကဒါဖီသည် မိန်းကလေးများ အထင်ကြီးသလို ရွှေကိုလည်းမက်မော သူဖြစ်သဖြင့် သူသေသည့်အခါ ရွှေ အစစ်နှင့်ပြုလုပ်ထားတဲ့ ရွှေသေနတ် ကိုင်ဆောင်ရင်း သေသွားရရှာ၏။

ကမ္ဘာ့ခေါင်းဆောင်များတွ အမျိုးသမီးများကိုသာ ယုံကြည်အ ထားပြီး ရွှေကိုတပ်မက်ခြင်းသည် နိုင် ရေးအရ ဆုံးရှုံးမှုများနှင့်သာ နိဂုံးချ တတ်ကြောင်း အသိပေးသတိပေး သားကြ၏။

ကဒါဖီသည် ၁၉၄၂ ခုနှစ်တွ အာဖရိကမြောက်ပိုင်း ဆာတီမြို့အ ရှိ သဲကန္တာရထဲတွင် မွေးဖွားခဲ့ပြီ ၁၉၆၉ ခုနှစ်၊ သူ့အသက် ၂၇ တွင် လစ်ဗျားဘုရင် အိုင်းရစ်ကို ထွက်သံယိုမရှိဘဲ နန်းချခေါင်းဆော အဖြစ် နေရာလုရင်း လူဦးရေ ခြော သန်းခွဲရှိပြီး ရေနံကြွယ်ဝသောလစ် နိုင်ငံခေါင်းဆောင်ဖြစ်လာခဲ့သူဖြစ်

(၃)

နောက် ပေါ်ပြူလာဖြစ်နေ သတင်းက လေယာဉ် ၃၅ စင် ရေယာဉ် ၁၀ နဲ့ နိုင်ငံပေါင်း ၉ နိုင် ပူးပေါင်းရှာတာမတွေ့ဘဲ ပဟေဠိဆ စွာပျောက်ဆုံးနေတဲ့ ခရီးသည် ၂ ဦးပါတဲ့ မလေးရှားလေကြောင်းလိုင်း လေယာဉ်ကြီး ထူးဆန်းစွာ အဆ အသွယ်ပြတ်သွားပြီး ပျောက်ဆုံးသွ တဲ့သတင်းပါ။

၈-၃-၂၀၁၄ ရက်နေ့က ပျော သွားတာဖြစ်ပြီး ထူးခြားမှုမှာ လေယ ခရီးသည်များထဲတွင် ခိုးယူ ပတ်စပို့နှင့် လိုက်ပါသွားသော

www.burmeseclassic.com

www.burmeseclassic.com





ည် ၂ ဦးကို ခုမှစစ်ဆေးတွေ့ရတာ
ကြောင့် အမျိုးမျိုးတွေးစရာဖြစ်နေပုံ
သားကြ၏။ လေယာဉ်ပေါ်တွင်
မာခရီးသည်တစ်ယောက်မှမပါဘဲ
တ် ၁၅၃ ဦး၊ မလေးရှား ၃၈ ဦး၊
ဒိုနီးရှား ၇ ဦး၊ သြစတြေးလျ ၆
အိန္ဒိယ ၅ ဦး၊ အမေရိကန်
ငံသား ၅ ဦး၊ ပြင်သစ်နိုင်ငံသား
ဦး၊ နယူးဇီလန်၊ ယူကရိန်း၊
နေဒါနိုင်ငံတို့မှ ၂ ဦးစီ၊ ရုရှား၊
ဝမ်၊ အီတလီ၊ နယ်သာလန်နှင့်
တြီးယားနိုင်ငံသားတို့ တစ်ဦးစီ ပါ
ကြောင်း ကြေညာပေး၏။

(၄)

နောက်သတင်းတစ်ခုကတော့ ယောကျ်ားတွေမပါရတဲ့ မိန်းမတွေချည်းပဲ ကဲရတဲ့ပွဲ။

ဘရာဇီးနိုင်ငံမှာ နှစ်စဉ်ပြုလုပ်တဲ့ အကြီးကျယ်ဆုံးပွဲတွေထဲမှာ အမျိုးသားတွေအကြိုက်ဆုံး ပွဲကြီးပဲတဲ့။

ပွဲတော်အမည်က ဘရာဇီး ကာနီဗယ်ပွဲတော်တဲ့။ ဖေဖော်ဝါရီ ၂၇ ရက်နေ့ရောက်တိုင်း ဘရာဇီးနိုင်ငံ ရီယို ဒီဂျန်နဲရီး မြို့မှာ



ကျင်းပလေ့ရှိတဲ့ ပွဲတော်ပေါ့။ ဒီပွဲတော်ကြီးမှာ ဆမ်ဘာအကမယ်ဇလေးတွေက ကိုယ်တစ်ပိုင်း ဝတ်လစ်စလစ် ဆေးရောင်စုံချယ်ပြီး ကရတဲ့ပွဲပဲ။

အဲဒီမြို့မှာ လမ်းပေါင်း ၄၇၀ ရှိကာ အဲဒီလမ်းအားလုံးက စုပြီးလုပ်တဲ့ပွဲပဲ။ ဒီပွဲကို တချို့နိုင်ငံတွေ အချိန်ကိုက်လာရောက်ကြပြီး ပါဝင်ကပြကြတာတွေတောင် ရှိသတဲ့။

ဒီလမ်းပေါ်မှာ ကိုယ်တစ်ပိုင်း ဆေးရောင်စုံချယ်ထားတဲ့ ဝတ်လစ်စလစ်မိန်းမပျိုလေးတွေက တေးသီချင်းတွေနဲ့ ကရင်း လမ်းသွားလမ်းလာတွေ ပတ်ဝန်းကျင်ကလူတွေ အိမ်ထဲမှာ အိမ်တွင်းအောင်းနေကြတဲ့လူတွေ၊ သူတို့နဲ့လာကဖို့ အမျိုးမျိုးဆွယ်ကြ၊ ကကြတာ။ သီချင်းတွေ တွဲဆိုကြ၊ မိုးလင်းပေါက်ပဲ ပျော်ကြအော်ကြတာ။



ဒီနှစ် မိုးလင်းကကြတယ်။ လူတွေက နိုင်ငံတကာက ညှိသည်အမျိုးသမီးတွေအပါအဝင် လူပေါင်း ၅ သောင်းကျော်တဲ့အထိ တစ်မြို့လုံးဆူညံနေတာပဲ။ ဒေသခံတွေက ဒီနှစ် ခါတိုင်းနှစ်တွေနဲ့မတူ ပိုလူများလာလို့ ဒီအကမျိုး အခြားနိုင်ငံတွေမှာပါ ကျယ်ပြန့်သွားအောင် စွမ်းဆောင်ကြမယ်လို့လည်း ပြောနေကြကြောင်း MIRROR 1-3-2014 မှာပါလာတဲ့ ပွဲတော်တစ်ခုပါ။

ကဲ…ဒီလတော့ ဒီမျှနဲ့ နားပါဦးမယ်။
စုံထောက်ဖတ်သူများ
ဖဟုသုတပြည့်စုံကြပါစေ
မောင်ယဉ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



# မောင်လွင်မြင့်

## မိစ္ဆာအာဇီဝဆိုသော်လည်း သစ္စာရှိရမည်



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် သည်ဆိုင်မရောက်ခင် အခြားသောအရက်ဆိုင်တွင် အလုပ်လုပ်ခဲ့ဖူးပါသည်။ ကျွန်တော့်နာမည် ဝင်းမောင်ဟုခေါ်သည်။ အသက်က (၁၇)နှစ်၊ အညာတွင် ကိုင်းအလုပ်လုပ်ရသည်မှာ ပင်ပန်းလွန်း၍ သူငယ်ချင်းတစ်ယောက် အခေါ်ကောင်းသဖြင့် ရန်ကုန်ရောက်ခဲ့ရသည်။ ထိုသူငယ်ချင်းကပင် စီစဉ်ပေးသဖြင့် ရန်ကုန်မြို့လယ်ကောင်က အရက်ဆိုင်တစ်ဆိုင်တွင် စရိတ်ငြိမ်း ကျပ်(၁၅၀၀)ဖြင့် အလုပ်စလုပ်ခဲ့ရသည်။

ကျွန်တော် သည်ဆိုင်ရောက်တော့ အတန်အသင့် စားပွဲထိုးကျွမ်းကျင်နေပြီ။ သည်ဆိုင်က အဖြူရော၊ အနီပါရောင်းသည်။ အဖြူအတွက် သီးသန့်နေရာ၊ အနီနှင့်ဘီယာသမားတွေအတွက် သီးသန့်နေရာ ခွဲထားသည်။ ကျွန်တော်တို့ စားပွဲထိုးတွေကတော့ သီးသန့်ခွဲထားခြင်းမရှိ ခေါ်သမျှဝိုင်းဆီသို့ အပြေးသွားသည်။ သည်ဆိုင်သည် လူတော်တော်ရှုပ်သည်။ အဖြူသမားတွေအတွက် မနက်စောစောဖွင့်ပြီး ည(၁၁)နာရီကျော်မှ ဆိုင်သိမ်းသဖြင့် ကျွန်တော်တို့အိပ်ရေးပျက်ရသည်။ ညဘက်ဆိုလျှင် မြေကြွက်ကြီးများ တရုန်းရုန်းဖြင့် လွန်စွာသောင်းကျန်းသည်။ ကျွန်တော်တို့သည် ပင်ပန်းလွန်းသောကြောင့် ကုလားသေကုလားမျှော အိပ်ပျော်သွားကြသော်လည်း မြေကြွက်ကြီးများကြောင့် မကြာခဏဆိုသလို လန့်နိုးကြရသည်။ ကျွန်တော်တို့အိပ်ရာကား စားပွဲများကို ဆက်ပြီး အိပ်ရသောအိပ်ရာများဖြစ်သည်။ ဆိုင်သိမ်းပြီးပါသော်လည်း ဝိုင်းမသိမ်းသေးသူရှိပါက ချော့မော့ပြီး ဝိုင်းသိမ်းခိုင်းရသည်။

ကျွန်တော့်သူငယ်ချင်း လုပ်နေသည့်ဆိုင်သည် အရက်ဆိုင်ကောင်းဖြစ်၏။ ဝင်စတွင် လစာကျပ်(၂၀၀၀)ပေးသည်။ တစ်ဆင့်ပြီးတစ်ဆင့် တိုးပေးသည်။ ဆိုင်ရှင်သဘောကျအောင် လုပ်ပြလျှင် လစာထိုးတက်သွားသည်။ အချို့စားပွဲထိုးများ စားပြီးသောက်ပြီး (၃၀၀၀)ထိရကြသည်။ ယင်းဆိုင်တွင် အပေါ်ထပ်အခန်းကို အဲယားကွန်းတပ်ထားသည်။ အောက်ထပ်နှင့်အပေါ်ထပ် ဘယ်မှာသောက်သောက် ဈေးပိုမယ့်။

ကျွန်တော်လုပ်သော ဆိုင်တွင် ကျွန်တော့်အတွက် အဆင်မပြေသည်က ညဆိုင်သိမ်းပြီဆိုလျှင် လက်ကျန်စာရင်း အကုန်စစ်ခြင်းဖြစ်သည်။ ကျွန်တော်က စာသိပ်မတတ်သောကြောင့်

**“ ဒီဆိုင်မှာ ငါကလွဲပြီး**
**ဘယ်သူ့ကိုမှ ဆရာမခေါ်ရဘူး..၊**
**ဘောက်ဆူးရရင် ဟိုဒီတိတ်ထဲမှာ စုထည့်။**
**ဆိုင်သိမ်းတာနဲ့ အားလုံးခွဲယူရမယ် ”**

လွန်ခဲ့သောနှစ်(၃၀)ကျော်က ရန်ကုန်မြို့တော်၏ အရက်ဆိုင်စီးပွားရေးနှင့် အရက်ဆိုင်များလုပ်ငန်း လည်ပတ်ပုံအကြောင်းကို ကျွန်တော့်ဆရာက မှတ်တမ်းတင်ထားခဲ့သည်။ မှတ်တမ်းတင်ပုံမှာ သူသွားသွားသောက်နေကျ အရက်ဆိုင်များ၏ အခြေအနေမှန်ကို တစိမ့်စိမ့်အရက်သောက်ရင်း မှတ်သားထားခဲ့ခြင်းဖြစ်သည်။ သူ မှတ်တမ်းတင်ထားပုံမှာ ဝတ္ထုဇာတ်လမ်းတစ်ပုဒ်မှာ ရေးဖွဲ့ထားသည့်အတွက် ဖတ်၍အလွန်ကောင်းပါသည်။ သူ့မှတ်တမ်းထဲတွင် အရက်ဆိုင်စားပွဲထိုးလေးတစ်ယောက်ကို ဇာတ်ကောင်အဖြစ်တည်ထားပြီး ရေးဖွဲ့သွားသည်မို့ အရက်ဆိုင်စီးပွားရေး၊ လုပ်ငန်းလည်ပတ်ပုံနှင့် စားပွဲထိုးလေးများ၏ ရပ်တည်ခဲ့ရသော လွန်ခဲ့သည့်နှစ်ပေါင်း(၃၀)ကျော်က ဘဝအခြေအနေကိုလည်း လေ့လာခွင့်ရခဲ့ပါသည်။ ကျွန်တော့်ဆရာ၏မှတ်တမ်းကို ကျွန်တော်က အနည်းငယ်မွမ်းမံပြီး ပြန်လည်တင်ဆက်ရလိုက်ပါသည်။

+++


www.burmeseclassic.com

စာရင်းအတွက်အချက် နားမလည်။ ပိုင်းမှားချမိလျှင် စာရင်းမကိုက်တာရှိလျှင် လျော်ရသည်။ ကျွန်တော် ဆိုင်ပြောင်းချင်သည်။ ထိုကြောင့် အဆက်အသွယ်ရှာသည်။ ကံကောင်းချင်တော့ ဆိုင်တစ်ဆိုင်က စားပွဲထိုးခေါ်နေသည်ဟု သိရသည်။ ကျွန်တော်သွားလျှောက်သည်။ အဖြူကောင်တာ၊ အနီကောင်တာ အတွေ့အကြုံရှိ၍ ကျွန်တော့်ကို ခန့်သည်။ လစာက စရိတ်ငြိမ်း(၁၈၀၀)ကျပ်။ အရင်လုပ်ခဲ့သည့်ဆိုင်ထက်တော့ ပိုကောင်းသည်ထင်သည်။ သို့သော် အရင်ဆိုင်လောက်တော့မကျယ်။



အနီသက်သက်ပဲ ရောင်းသည်။ အမြည်းစုံသည်။ ဟင်းလျာပါ ထည့်ရောင်းသည်။ အိမ်မှာ ဟင်းမချက်သူများ လာဝယ်ကြသည်။ ကျွန်တော်လုပ်ခဲ့သော ဆိုင်ကိုတော့ အညာခဏပြန်ဦးမည်ဟု ပြောပြီး တချိုးတည်း လစ်လာခဲ့ခြင်းဖြစ်သည်။ ဆိုင်သစ်ကပိုင်ရှင်က ရောက်ရောက်ခြင်း ကျွန်တော့်ကိုပြောသည်မှာ

"မင်း ... ဒီဆိုင်မှာ ငါကလွဲပြီး ဘယ်သူ့ကိုမှ ဆရာမခေါ်ရဘူး ...၊ ဘောက်ဆူးရရင် ဟိုအိတ်ထဲမှာ စုထည့်။ ဆိုင်သိမ်းတာနဲ့ အားလုံးခွဲယူရမယ် ...၊ ငါ့အရိပ်အကဲကိုကြည့်၊ ရေခဲအဆစ်တောင်းတာတို့၊ သံပုရာသီး၊ ရှောက်သီးစိတ်နည်းနည်းပါးပါးတောင်းရင် မသိသလိုလုပ်နေ၊ မရမကတောင်းလာရင် ငါခေါင်းငြိတ်ပြမှပေး၊ ခေါင်းမညိတ်ရင် ကုန်သွားပြီလို့ အပြတ်ပြောလိုက် ..."

ကျွန်တော့်ကို သည်ဆိုင်၏သဘောသဘာဝတွေ ရှင်းပြသည်။ ဆိုင်က သမ်တလင်းကို ဘာမှထပ်ပြီးခင်းမထား၊ စားပွဲများက ဖော်မီကာစားပွဲများဖြစ်သည်။ ကျွန်တော်တို့ကို ထမင်းစားလျှင် တစ်နေ့ဘယ်လောက်ဖိုးသာ စားရမည်ဟု သတ်မှတ်ထားသည်။ ပိုစားခွင့်မရှိ။ အစားအသောက်များသည် ယခင်ဆိုင်ထက် ညံ့သည်။ ယင်းဆိုင်သည် ရေခဲဆိုလျှင် ရေသန့်၊ ရေခဲမဝယ်၊ ရိုးရိုးရေခဲကိုသာ ထုခွဲရောင်းချ

သည်။ အရက် စစ်မစစ်တော့ ကျွ
တော်မခွဲခြားတတ်၍ မသိ။ ပက်ခွ
ခွက်ကတော့ သေးသည်ကို ကျွန်တေ
သိသည်။ ထိုချင်ခွက်ကလေးနှင့် ပ
ချင်လျှင် ရမ်တစ်လုံးကို ပက်(၂၀)ကျေ
ထွက်သည်။ တစ်ပတ်ရောင်းဈေးက
အခြားဆိုင်များနှင့် အတူတူပင်။ ဆို
ရှင်သည် လူသစ်အသောက်သမားမျ
ကိုသာ ဘောက်ချာပေးသည်။ ပုံ
သောက်နေကျဆိုလျှင် ဗလာစာရွ
အပိုင်းကလေးဖြင့် ရေးပေးသည်
ဘောက်ချာက,အစ ခြိုးခြံသည်။

ဆိုင်သို့ အချိန်မှန်လာသော
ကြသော ဖောက်သည်များသည် ဆို
ရှင်နှင့် နဂိုကတည်းက ရင်းနှီးပြီးသ
လူများဖြစ်သည်။ ဆိုင်ရှင်သည် ပုံ
သုံးစွဲသူ ဖြစ်သည်။ ည(၇)နာရီကျေ
လျှင် ကောင်တာအောက်မှာ အရ
ခွက်ထားပြီး တစ်ကျိုက်မော့ နှစ်
မော့ သောက်တတ်သည်။ လူရှင်းချ
တော့မှ သူ့ဘော်ဒါများနှင့် စားပွဲဝိုင်း



www.burmeseclassic.com

သို့ ဆင်းပြီးသောက်တော့၏။ သည်ဆိုင်တွင် ဘောက်ဆူးအရနည်းသည်။ လာသောက်သည့်သူများကလည်း အရက်သာအဓိကထား သောက်သောအသောက်သမား သက်သက်ချည်းကများသည်။ အသောက်အစားတွင် ဖြုန်းဖို့လာခြင်းမဟုတ်။

ကျွန်တော်တို့ဆိုင်တွင် ပင်တိုင်အသောက်သမားသက်သက် တစ်ဦးရှိသည်။ ဆိုင်၏ဖောက်သည်များထဲမှ တစ်ဦးဖြစ်သည်။ ကိုထွန်းလင်းဟုခေါ်သည်။ မိန်းမပွေသည်။ ရည်းစားပွေသူမဟုတ်။ ဆိုင်သို့ ကြေးစားမိန်းမများ ဟောတစ်ယောက် ဟောတစ်ယောက် ခေါ်ခေါ်လာသည်။ ဆိုင်၏ထောင့်ခန်းစားပွဲတွင် ထိုင်ပြီး နောက်တီးနောက်တောက်စကားတွေပြောသည်။ ချက်အောက်ပိုင်းစကားလုံးများနှင့် ရယ်ပွဲဖွဲ့သည်။ ပြီးလျှင် ခေါက်ဆွဲကြော်တစ်ပွဲမှာပြီး ဟိုကိုင်ဒီကိုင် ကိုင်သည်။ ပြီးလျှင် ငွေရှင်းပြီး နှစ်ယောက်သားထွက်သွားတော့သည်။ ကျွန်တော်တို့အရက်ဆိုင်ရှိသော လမ်းထဲတွင် အခန်းကိုနာရီနှင့်ငှားစားသော တိုက်ခန်းတစ်ခန်းရှိသည်။ ယင်းတိုက်ခန်းရှိသော အဆောက်အအုံသည် ကိုလိုနီခေတ်လက်ရာဖြစ်၍ ဟောင်းအိုနေပြီ။ ဟောင်းပေသည့် တော်တော်တောင့်သေးသည်။ ငှားစားသောအခန်းက အပေါ်ဆုံးထပ်တွင် ရှိသည်။ ဘဲလ်ကို အထာနှင့်တီးရသည်။ တစ်၊ နှစ်၊ သုံး စနစ်ဖြစ်သည်။ တီ၊ တီတီ၊ တီတီတီ ဟု နှိပ်မှ တံခါးဖွင့်ပေးသည်။ ကိုထွန်းလင်းသည် သဘော်သားဖြစ်သည်။ ဘယ်သဘော်လိုင်းကလည်း ကျွန်တော်မသိ။ သဘော်ပြန်တက်ဖို့စောင့်ရင်း အရက်၊ မိန်းမတို့နှင့်အတူ နေ့ရက်များကို ဖြုတ်သန်းနေသည်။

သူသည် ဆိုင်ပိတ်ပါပြီဆိုမှ ပြန်တတ်သူဖြစ်သည်။ အရက်တစ်ပက်ထဲတွင် ရေများများရောထားကာ အကြာကြီး ဇိမ်ဆွဲသောက်တတ်သည်။ အမြည်းတော့ သိပ်မစား။ အရက်သမားစစ်စစ်ဖြစ်၏။ အသက်က(၃၈)(၄၀)လောက်ရှိမည်ထင်သည်။ ညဆိုလျှင် ဆိုင်တွင် နောက်ဆုံးကျန်သူမှာ ကိုထွန်းလင်းဖြစ်သည်။ နောက်ဆုံး ဆိုင်ရှင်နှင့် ကိုထွန်းလင်း နှစ်ယောက်တည်းထိုင်သောက်ကာ စကားပြောကြ၊ ငြင်းကြခုံကြနှင့် ပြောရင်းပြောရင်း စကားများကြသည်။ စကားပြောလျှင် စကားနိုင်လုကာ အော်ကြီးဟစ်ကျယ် ထဖြစ်တတ်သည်။ ထိုးသည့်ကြိတ်သည့် အဆင့်တော့ မရောက်။ ဆိုင်ရှင်က စကားများလျှင် ညာဉ်ဆိုး၏။ စိတ်ဆိုးလွယ်၏။ ဒေါသထွက် ပေါက်ကွဲတတ်ကာ ဟိုဖန်ခွက်ခွဲ၊ သည်ပုလင်းခွဲ လုပ်တတ်သည်။ ကျွန်တော်တို့မှာ သူတို့စကားများလျှင် အလုပ်ရှုပ်ရတော့သည်။

နောက်ဆုံးပိတ် သူတို့၏ပွဲသိမ်းစကားမှာ 'ခင်ဗျား မနက်ဖန်ကျုပ်ဆိုင်မလာနဲ့' ဟု ဆိုင်ရှင်က ပြောသည်။ ထိုအခါ အေးအေးဆေးဆေးပင် ကိုထွန်းလင်းသည် ထထွက်သွားသည်။ ကျွန်တော်တို့ ကိုထွန်းလင်းတစ်ယောက် ဆိုင်ရှင်မောင်းထုတ်သည်ကို စိတ်နာပြီး မလာတော့ဟု ထင်ထားသည်။ ဆိုင်က မနက်(၉)နာရီလျှင် ဖွင့်သည်။ သို့သော် ကိုထွန်းလင်းသည် (၁၀)နာရီထိုးသည်နှင့် ဆိုင်သို့ရောက်ချလာသည်။ အရက်မှာသောက်သည်။ ဆိုင်ရှင်သည်လည်း ပြုံးပြုံးပျော်ပျော်နှင့် မနေ့ညက ဘာမျှမဖြစ်ခဲ့သည့်အတိုင်း စကားပြောနေသည်။ ဤသို့လျှင် တစ်ဂတ်သုံးခါလောက် ဖြစ်နေကြသော သူတို့၏ရန်ပွဲသည် ကြာလာသောအခါ ကျွန်တော်တို့ ရိုးသွားကြသည်။ အရက်သမားများသည် ဤသို့ဖြစ်နေရခြင်းမှာ အရသာတစ်မျိုးခံစားနေခြင်းလား၊ တမင်စတန်းထွင်နေတာပဲလား ကျွန်တော်မခွဲခြားတတ်။

ဆိုင်ရှင်နှင့်ကိုထွန်းလင်း မကြာခဏ ရန်ဖြစ်ကြပေသည့် အခင်မပျက်ကြသည်ကို အံ့ဩသည်။ ကိုထွန်းလင်းသည် ဆိုင်ရှင်က ခဏခဏနှင်ချသော်လည်း အရှက်မရှိမနာတတ်။ ဆိုင်ရှင်အား မူးနေလို့ပဲဟု သဘောထားကာ ခွင့်လွှင့်လေသည်လားတော့ မသိ။ ကိုထွန်းလင်း အမှတ်မရှိပေသည့် အခြားအရက်သမားများကတော့ အမှတ်ရှိသည်။ ဆိုင်ရှင်နည်းနည်းမူးလာလျှင် ဆိုင်ထဲတွင် တစ်ခုမဟုတ်တစ်ခုတော့ ပြဿနာတက်တော့သည်။ ဥပမာ– အရက်သမားတစ်ယောက် မတော်တဆ ဖန်ခွက်ကျကွဲသည် ဆိုပါစို့၊ အရက်သမားစစ်စစ်ဟူသည် မူးလျှင်လက်မငြိမ်၍ ဖန်ခွက်ကျကွဲနိုင်သည်။ သို့မဟုတ် လက်ဟန်ခြေဟန်ဖြင့် စကားပြောလျှင် ဖန်ခွက်ကျကွဲနိုင်သည်။ ဒါမှမဟုတ် ဖန်ခွက်ကို စားပွဲစွန်းပေါ်တင်ထားမိ၍ တိုက်မိလျှင်လည်း ကျကွဲနိုင်သည်။ ထိုအခါ ဆိုင်ရှင်သည် ထပေါက်ကွဲတော့သည်။ အရက်သောက်ပြီး ဖန်ခွက်ကျကွဲရကောင်းလား၊ အရက်သမားသိက္ခာကျရကောင်းလား ဟူသောသဘောမျိုး



www.burmeseclassic.com

ဖြင့် ဗျစ်တီးဗျစ်တောက် လုပ်တော့သည်။

"ဟော့လူ ... ခင်ဗျား အရက်သောက်လာတာ သေသေတော့မယ်၊ ဒီခွက်လေးတောင် မနိုင်တော့ဘူးလား၊ ကိုယ့်သိက္ခာလည်း ကိုယ်ထိန်းဦး ...၊ အေး .. ဖန်ခွက်ဖိုးတော့ ခင်ဗျားလျော်ရမယ် ..."

ဟု ဆိုပြီး ရစ်တော့သည်။

မတော်တဆဖြစ်သွားသူက ပျာပျာသလဲတောင်းပန်သည်။ လျော်ပေးပါ့မယ်ဟု ပြောသည်။ ဆိုင်ရှင်က စကားကြီးစကားကျယ်တွေပြောပြီး ရစ်နေတာ မပြီးတော့။ ကြာတော့ ထိုဝိုင်းငွေရှင်းပြီး ထပြန်သွားသည်။ နောက်ပိုင်း ထိုလူများသည် ဆိုင်သို့မလာကြတော့။

ဆိုင်ရှင်သည် အရက်သိပ်မသောက် အစားချည်းစားသော၊ တစ်ခါတစ်ရံမှပဲ လာတတ်သော ဧည့်သည်များကို ပို့ဂရုစိုက်တတ်သည်။ ကျွန်တော်တို့ကိုလည်း ထိုတူပုဂ္ဂိုလ်များလာလျှင် ဂရုစိုက်ရန် မှာထား၏။ ကျွန်တော်ထင်သည်မှာ အစားအသောက်က အရက်ထက်ပိုမြတ်လေမလားမသိ။

**အရက်ချည်းသောက်တဲ့သူဆို ခပ်ပြတ်ပြတ်ဆက်ဆံကြ။ အမြည်းရောအရက်ပါသောက်သူကိုသာ ဂရုစိုက်၊ ဧည့်သည်အသစ်တစ်ခါမှမလာဖူးတဲ့လူတွေကို ပိုဂရုစိုက်၊ နေ့တိုင်းလာနေကျလူတွေက သိပ်အရေးမကြီးဘူး ...**



အရက်ချည်းသောက်သူကို ဆိုင်ရှင်က သိပ်မကြည်။ အမြည်းကို အပြင်ကဝယ်လာမိလျှင်လည်း သူကမကြိုက်။ သူ့ဆိုင်တွင်မရနိုင်သော အမြည်းဖြစ်နေလျှင်လည်း မကျေနပ်။ သူသည် အပြင်က သူ့ဆိုင်တွင်မရသော အမြည်းကို ဝယ်လာသူများအား မှတ်ထားသည်၊ သူမူးလာလျှင် ပြောတော့သည်။

"ခင်ဗျားတို့အမြည်းကို အပြင်ကဝယ်လာတာ နည်းလမ်းမကျဘူးဗျာ"

"ရတယ်လေ ..၊ ခင်ဗျားဒီအမြည်းကို ဘီလ်ထဲမှာ ထည့်ပေါင်းထား လိုက်"

"ဒီလိုလည်း ကျွန်တော်မလုပ်ချင်ဘူး၊ အရက်ချည်းသောက်ချင်ရင် ဒီဆိုင်မှာ မသောက်ပါနဲ့"

"ဩော် ... ရတယ်၊ ရတယ် ငွေရှင်းမယ် ...၊ ဘယ်လောက်ကျ လဲပြော"

ထိုလူများသည် စားရင်းသောက် ရင်း ပစ္စည်းတွေသိမ်း၊ အရက်ပုလင်း သိမ်းကာ ငွေရှင်းပြီး ထွက်သွားကြ သည်။ နောက် ထိုလူများ ဤဆိုင်သ လုံးဝပေါ်မလာကြတော့။

+++

တစ်ခါတော့ ကျွန်ုပ်တော်တို့ဆိုင် ဘေးတွင် နတ်ကသည်။ ထိုနတ်ပွဲသ ကိုထွန်းလင်းတို့ နတ်ဝင်ကကြ၏။ ကို ထွန်းလင်းက –

"ဟော့ ... ဒီမိန်းမလျာတွေဟ မိန်းမလျာအစစ်မဟုတ်ဘူးဗျ ...၊ ည ကျရင် ကျွန်တော် နောက်ပြမယ်"

ဟု ဆိုသည်။ ထိုနေ့က ကိုထ လင်းနှင့် ဘော်ဒါသုံးယောက် ကရင်း ရွှေမိုးငွေမိုးကြဲကြသည်။ တ



www.burmeseclassic.com

www.burmeseclassic.com



ယောက်က မိန်းမလျာနတ်ကတော် ဘရာစီယာထဲသို့ နှိုက်ပြီး ငွေမိုးထည့်သည်။ နတ်ကတော်က ထိုလူ့ပုဆိုးကို ဆွဲချွတ်ပြီး ပေါင်ကြားထဲသို့ အတင်းလိုက်နှိုက်၏။ တော်သေးသည်။ ထိုလူ အောက်ခံဘောင်းဘီဝတ်ထား၍။ ထို့နောက် နတ်ကတော်ကလိုက် ထိုလူက လှည့်ပတ်ပြေးနှင့် နတ်ပွဲသည် စိန်ပြေးတမ်းကစားနေကြသည်။ နတ်ဒိုးကလည်း ဗိန်းဗေါင်းတိုက်ပေးသံ ပြောင်းတီးပေးသည်။ နတ်ပွဲတစ်ပွဲလုံး တဝါးဝါး တဟားဟား ပွဲကျကုန်သည်။ နတ်ကတော်ရော နတ်ဝင်ကသူများပါ မူးနေကြသည်ကိုး။ လမ်းဘေးရပ်ကြည့်သူများပါ အုန်းတိုက်သွားကြသည်။

ညနေစောင်းသောအခါ နတ်ပွဲပြီးသွားသည်။ ကိုထွန်းလင်းသည် မိန်းမလျာများကို သွားခေါ်သည်။ နတ်ပွဲမှ မိန်းမလျာများ အရက်ဆိုင်သို့ရောက်လာ၏။ ညီမလေးတို့ကို အစ်ကို ထမင်းကျွေးမယ်၊ ဘာနဲ့စားကြမလဲ ဆိုပြီး ချိုချဉ်ကြော်၊ အစိမ်းကြော်များမှာပြီး ကျွေးသည်။ ကျွေးရင်းနှင့် အရက်ပါ ချော့တိုက်သည်။ မိန်းမလျာများ စားလိုက်သောက်လိုက်နှင့် ပျော်ပါးနေကြသည်။ ထိုအခါ အရက်ကုန်သွားပြီဟူသော ဆိုင်ရှင်၏အသံ ထွက်လာ၏။ အရက်ကုန်၍ဖြစ်ပါ့မလားဟူ၍ ဆိုင်ရှင်ကို ဝိုင်းရစ်ကြ၏။ နောက်သော် မိန်းမလျာများထဲမှ တစ်ယောက်က သူတို့တွင်ရှိသော ဂျော်နီဝါးကားတစ်လုံး သွားယူချလာ၏။ ဂျော်နီဝါးကားပုလင်းဆက်ဖွင့်ပြီး သောက်ကြလေသော် သူတို့အဖော်ကြီးကိုမူးပြီး ပြကုန်ကြသည်။ ကိုထွန်းလင်းသည်လည်း မူးမူးနှင့်မိန်းမလျာများကို ဖက်နမ်းလိုက်၊ ကိုင်လိုက်နှိုက်လိုက်နှင့် အတော်သောင်းကျန်းလေ၏။

စားသောက်ပြီးသောအခါ ကိုထွန်းလင်းက သူ့ပိုက်ဆံအိတ် အိမ်မှာ မေ့ကျန်ခဲ့ပြီဆိုပြီး အော်ကြီးဟစ်ကျယ် ထပြောသည်။ ထိုအခါ မိန်းမလျာသုံးဦးက –

"ဟဲ့ ...အေရယ်၊ အလန့်တကြား သိပ်လုပ်တာပဲ ...၊ ပိုက်ဆံအိတ်မေ့ကျန်ခဲ့တာများ သောက်သည်းယားစရာကျနေတာပဲ၊ အမလေး သူ့အစေ့ ကင်းကိုက်တာလိုက်လို့ ..၊ လူဖြင့် ဖိုးသိုးဖတ်သပ်နဲ့ အော်ကြီးဟစ်ကျယ် မလုပ်ပါနဲ့ ...၊ ဒီမှာ ဗီလင်ပျက်ရတဲ့အထဲ"

ဟု ပြောသောအခါ ဝိုင်းဟားကြပြီး ကိုထွန်းလင်းကို ဝိုင်းပြီးလှောင်ကြတော့၏။ နောက်သော် တစ်ဝိုင်းလုံးကျသမျှကို မိန်းမလျာများက 'ရှင်းမယ်ဟေ့'ဟု အသံကုန်ဟစ်ကာ ရှင်းသွားကြလေသည်။ သည်အခါတွင် ကိုထွန်းလင်းသည် ဆိုင်ရှင်အား မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်ကို ကျွန်တော် လှစ်ခနဲမြင်တွေ့လိုက်သည်။

ထိုညက ကိုထွန်းလင်းသည် မိန်းမလျာသုံးယောက်နှင့် သွားအိပ်ဖြစ်သည် ဆို၏။ နောက်တစ်နေ့သော် ကိုထွန်းလင်း မောနင်းပက်လာချရင်း ပြန်ပြောပြ၏။ သူတို့ မည်သို့အိပ်စက်ကာ စခန်းသွားလေသနည်းကို ခန့်မှန်း၍မရသော်လည်း ကိုထွန်းလင်းဟူသည်မှာ သဘောသားတစ်ဦးဖြစ်နေ၍ သူ့ဇာတ်လမ်း သူကြည့်ကတတ်ပါသည်ဟု ဆိုင်ရှင်ကပြောသည်။ မိန်းမလျာသုံးဦးထဲမှ နှစ်ဦးကတော့ နောက်တစ်နေ့ နတ်က,စရာရှိသည်ကို မကနိုင်တော့ဘဲ ဆေးခန်းပြေးပြပြီး ဆေးထိုးခဲ့ရသည် ဆို၏။ အရက်နာကျ၍ ဆေးတောင်ထိုးရသည်လား၊ ဘာဆေးများ သွားထိုးလေသည်လဲ မစဉ်းစားတတ်ပါ။


ဆိုင်ရှင်သည် ကျွန်တော်တို့အား မကြာခဏရှင်းပြပါသည်။

"မင်းတို့ ဘာနားလည်လို့လဲ၊ ဒီပတ်ဝန်းကျင်မှာ အလုပ်မလုပ်တတ်လို့ အရက်ဆိုင်တွေ ပြုတ်ကုန်တာများပြီ၊ အရက်ချည်းသောက်တဲ့သူဆို ခပ်ပြတ်ပြတ် ဆက်ဆံကြ။ အမြည်းရောအရက်ပါ သောက်သူကိုသာ ဂရုစိုက်၊ ညှိသည်အသစ် တစ်ခါမှမလာဖူးတဲ့လူတွေကို ပိုဂရုစိုက်၊ နေ့တိုင်းလာနေကျလူတွေက သိပ်အရေးမကြီးဘူး၊ နောက်လည်း လာမှာပဲ"

ဟူ၍ ဆို၏။ သူပြောတာတွေ ကျွန်တော်နားသိပ်မရှင်းပါ။ ကျွန်တော်သိသည်ကတော့ ကျွန်တော့်ဆိုင်ရှင်သည် အရက်သမား၊ အရက်ရောင်းစားပြီး အရက်သမားအချင်းချင်းကို စော်ကားနေသည်။ သူသည် သစ္စာမဲ့သော အရက်သမားဖြစ်သည်။ သစ္စာမဲ့သူတို့၏ သွားရာလမ်းအတိုင်း သူ့ဆိုင်သည်လည်း မကြာသောတစ်နေ့တွင် ပြုတ်ရဦးတော့မည်ဟု ကျွန်တော့်စိတ်ထဲက ရေရွတ်နေပါသည်။

မောင်လွှမ်းပြင်

www.burmeseclassic.com



သရုပ်ဆောင်မိုးယုစံကတော့
မြန်မာ့အကကို
မြတ်နိုးသူတစ်ယောက်လို့ဆိုတယ်။
ရုပ်ရှင်ဇာတ်ကားများ၊
ဗီဒီယိုဇာတ်ကားများ၊ တီဗွီကြော်ငြာများ
ရိုက်ကူးနေပေမယ့်လည်း အကကို
မြတ်နိုးသူတစ်ယောက်ဖြစ်တာမို့
ဒါရိုက်တာမောင်မျိုးမင်းစီစဉ်တဲ့
"နှင်းဆီ" အဖွဲ့မှာလည်း
အငြိမ့်ကနေတာတွေ့ရတယ်။
ပြည်ပဖျော်ဖြေရေးခရီးစဉ်တွေ
သွားရမယ့် မိုးယုစံနဲ့ တွေ့ဆုံခဏမှာ
မေးဖြစ်တာကတော့
...

# မြန်မာ့အကတွေကို မြတ်နိုးသူ မိုးယုစံ

www.burmeseclassic.com

www.burmeseclassic.com


**၂၀၁၄ မှာ အနုပညာရှင်အတော်များများ မင်္ဂလာဆောင်တာများတော့လေ မိုးယုကကော ထူးခြားမှုရှိနိုင်မလား။**

ထူးခြားမှုတွေကတော့ မိုးယုအတွက် ဒီနှစ်မှာမရှိပါဘူး။ ပုံမှန်ပါပဲ။ ဒီနှစ်မှာ ထူးခြားတာက မိုးယု ဒီနှစ်အစမှာ ဒါရိုက်တာပန်းချီစိုးမိုးရိုက်ကူးတဲ့ "ကျွန်တော့်ရည်းစား ဘုရားမှာနေသည်" ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ထားတယ်။ မင်းသားကတော့ စိုးရန်အောင်၊ မိုးယုနဲ့ ခင်ဝင့်ဝါတို့ အတူ သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားထွက်လာရင်လည်း ပရိသတ်တွေ အားပေးစေချင်ပါတယ်။

**အခုကော ဘာတွေဆောင်ရွက်ဖြစ်နေသလဲဆိုတာလည်း ပြောပြပါ။**

အနုပညာလှုပ်ရှားမှုတွေအနေနဲ့ကတော့ မိုးယု ဒီရက်ပိုင်းတွေမှာ တီဗွီကြော်ငြာတွေ၊ ဓာတ်ပုံကြော်ငြာတွေ ရိုက်ကူးတာများနေပါတယ်။ ဒီနှစ်ထဲမှာလည်း မိုးယု နှင်းဆီအဖွဲ့သားများနဲ့အတူ အမေရိကားကို တစ်လ ဒါမှမဟုတ် တစ်လခွဲလောက်ကြာ ဖျော်ဖြေရေးခရီးစဉ်သွားဖို့ရှိပါတယ်။ ဟိုမှာ အငြိမ့်ကရမယ်၊ သီချင်းလည်း ဆိုရမှာဆိုတော့ လေ့ကျင့်ဖြစ်နေပါတယ်။



**ပြည်ပမှာ အငြိမ့် ဘယ်နှကြိမ်လောက် ကပြီးသွားပြီလဲ။ ဘယ်နိုင်ငံတွေရောက်ရှိခဲ့ပြီလဲ။**

အငြိမ့်အနေနဲ့ ပြည်ပနိုင်ငံတွေမှာ သွားရောက်ဖျော်ဖြေရတာကတော့ များပြီ။ စင်ကာပူကတော့ နှစ်တိုင်းလိုသွားဖြစ်ပါတယ်။ ဥရောပဖျော်ဖြေရေးခရီးစဉ်ကတော့ မိုးယု အခုတစ်ကြိမ်နဲ့ဆို သုံးကြိမ်လောက်ရှိသွားပြီ။

**သရုပ်ဆောင်တစ်ယောက်အနေနဲ့အငြိမ့်ကရာမှာကော အခက်အခဲတွေရှိသလား။**

မိုးယုကတော့ မြန်မာ့အကတွေကို အရင်ကတည်းက မြတ်နိုးတယ်။ ကရတာလည်း ဝါသနာပါတယ်။ ပြည်ပနိုင်ငံတွေမှာ သွားရောက်ဖျော်ဖြေတဲ့အခါမှာ ဟိုက ပရိသတ်တွေကလည်း မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးကြတယ်ဆိုတာ သိရတယ်။ ဘယ်



www.burmeseclassic.com





အလုပ်ဖြစ်ဖြစ် အခက်အခဲဆိုတာ ရှိတာပဲလေ။ အငြိမ့်ကတာရော၊ သရုပ်ဆောင်သက်ကော နှစ်ခုစလုံးကတော့ ခက်ခဲပါတယ်။ သရုပ်ဆောင်အလုပ်ကို မိုးယု အမြဲလုပ်နေတဲ့အတွက် အတွေ့အကြုံတွေကတော့ ရှိတယ်။ အက,က တော့ သိပ်ကျွမ်းကျွမ်းကျင်ကျင်မဟုတ်တဲ့အတွက် အကကို သေသေချာချာလေ့ကျင့်ရတယ်။

**ပြည်ပမှာ သွားရောက်ဖျော်ဖြေရမှာဆိုတော့ အကပိုင်းတွေကိုကော ဘယ်လိုပြင်ဆင်ထားပြီလဲ။**

သွားရမှာကလည်း နှင်းဆီ[illegible] သားတွေနဲ့ပဲဆိုတော့လေ ပြင်ဆင်[illegible]အပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ ကိုယ်က အငြိမ့်သီချင်းဆိုရမှာပဲလေ။ အဲဒါကြောင့် သီချင်းကတော့ မိုးယု ဟိုမှာဆိုမယ့် သီချင်းတွေကို ဒီမှာကတည်းက လေ့ကျင့်သွားတယ်။ အကကတော့ ဒီမှာကတည်းက ကပြီးသားဆိုတော့ ပြန်နွေးရုံပါပဲ။ အငြိမ့်ကတာက ပရိသတ်တွေနဲ့ တိုက်ရိုက်ထိတွေ့ရတာဆိုတော့ မှားလို့တော့မရဘူး။ ကိုယ်သင်ထားတဲ့အကတွေ မေ့သွားရင် တစ်ခြား ကကွက်တွေလည်း ပြန်မကတတ်တော့ဘူး။ ဒါကြောင့် မိုးယုအကကို သေသေချာချာ မှတ်ရတယ်။ သေသေချာချာလေ့ကျင့်ရတယ်။



**သကြိန်ရောက်တော့မှာဆိုတော့ ဒီနှစ်ကော သကြိန်မှာ ဘာတွေဆောင်ရွက်ဖို့ရှိသလဲ။**

မိုးယုကတော့ ဒီနှစ်မှာလည်း ပရိသတ်တွေကို ဖျော်ဖြေဖို့အတွက် သီချင်းဆိုဖို့ပဲရှိတယ်။ မနှစ်ကတော့ မန္တလေး Alpine မဏ္ဍပ်မှာ သီချင်းဆိုတယ်။ အနုပညာအလုပ်တွေ စလုပ်ကတည်းက သကြိန်မှာ ရေပက်ခံမထွက်ရတာကြာပြီ။

**သကြိန်မှာကော ဘယ်လို Fashinon တွေ ဝတ်ရတာကြိုက်လဲ။**

သကြိန်မှာကတော့ မိုးယု အင်္ကျီလက်ရှည် ဘောင်းဘီရှည်တွေပဲ ဝတ်ရတာကြိုက်တယ်။ ဒါမှလည်း အသားအရေတွေက နေလောင်ဒဏ် မခံရဘူး။ သကြိန်မှာက နေဒဏ်ရေဒဏ်တွေကြောင့် အသားအရေပိုပြီး ပျက်စီးစေတယ်လေ။ Lotion တွေကတော့ လိမ်းတာပဲ။ ဒါပေမဲ့ လုံလုံခြုံခြုံဝတ်ဖို့ အရေးကြီးတယ်။ မိုးယုကတော့ ပေါ့ပေါ့ပါးပါး Free Style တွေဝတ်တယ်။ အနက်ရောင်တွေကတော့ မိုးယုသိပ်မဝတ်ဖြစ်ဘူး။

**ဒီနှစ်မှာ ပရိသတ်တွေအတွက်ဆုတောင်းစကား လေးပြောပေးပါဦး**

မင်္ဂလာနှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ စီးပွားရေးတွေလည်း အဆင်ပြေကြပါစေ၊ မိုးယုကို အားပေးကြတဲ့ ပရိသတ်များကိုလည်း ကျေးဇူးတင်ပါတယ်။ မိုးယုကို ဆက်ပြီး အားပေးကြပါ။ ဝေဖန်အကြံပေးကြပါလို့။

ငြိမ်းချမ်းအောင်



www.burmeseclassic.com

www.burmeseclassic.com





# စုဝေနှင်း စိတ်ဖိစီးမှုကြောင့် အလှမပျက်ရလေအောင်

သင်သည် မနက်ဖြန် အလုပ်အစည်းအဝေးတွင် အရေးကြီးသည့်တင်ပြချက် ပြုလုပ်ရမည်ဖြစ်၍ ယနေ့ညတွင် ယင်းအတွက် လိုအပ်သည်များကို စုစည်းပြင်ဆင်ရမည်။ အိမ်တွင်လည်း သိမ်းဆည်းဆေးကြောရန် အလုပ်များ တစ်ပုံတစ်ပင်ရှိနေသေးသည်။ အလုပ်ခွင်ဝင်နေသောသူ၊ ပညာသင်နေသောသူ၊ အိမ်မှုကိစ္စဆောင်ရွက်နေသူစသည့် သူတို့တွင် ကိုယ်စီဖိအားများရှိနေကြသည်။ ထိုဖိအားတို့သည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်နှင့်မျက်နှာသွင်ပြင်တို့ကို ထိခိုက်စေပါသည်။ သို့သော် ဖိအားဆိုသည်မှာလည်း ကျွန်ုပ်တို့၏ အောင်မြင်ရေးအတွက် အတိုင်းအတာတစ်ခုအထိ လိုအပ်သည့်အရာလည်း ဖြစ်ပါသည်။ ရှိသင့်သောပမာဏထက်လွန်သွားပါမှ လူကိုထိခိုက်စေခြင်း ဖြစ်ပါသည်။ ဆေးပညာအရဆိုလျှင် လွန်ကဲသော စိတ်ဖိစီးမှုကို ခံစားရပါက အက်ဒရီနယ်လင်း (Adrenaline) နှင့် အခြားသောဟော်မုန်းများကို ထုတ်လွှတ်ရှိပါသည်။ ထိုကဲ့သို့သော ပြောင်းလဲမှုများကြောင့် သင်၏သွေးကြောများ ကျုံ့သွားခြင်း၊ ကျယ်လာခြင်းအပေါ် မူတည်၍ မျက်နှာပြင်ကို ပြောင်းလဲစေပါသည်။ အရေးအကြောင်းများကိုလည်း ဖြစ်စေနိုင်ပါသည်။ ထို့ပြင် ဝက်ခြံပေါက်ခြင်း၊ နှင်းခူဖြစ်ခြင်းတို့ကို ဖြစ်စေသည့်အပြင် ဆံပင်ကိုလည်း ကျွတ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ စိတ်ဖိစီးမှုသည် အလှအပကိုလည်း ထိခိုက်စေပါသည်။ ထိုဖိစီးမှုများကို ထိန်းချုပ်နိုင်ပါက ကျန်းမာသွက်လက်စေသည့်အပြင် ပိုမိုလှပကြည့်ကောင်းစေပါလိမ့်မည်။ ထို့ပြင် လူတစ်ဦးချင်းစီ၏ဖိစီးမှုကို ခံနိုင်ရည်စွမ်းသည် မတူညီကြဟုလည်း သိရှိရပါသည်။ သို့ဖြစ်၍ စိတ်ဖိစီးမှုများနေလျှင် ဖြစ်နိုင်သည့်အခြေအနေများနှင့် ဖြေရှင်းနည်းများကို စုစည်းဖော်ပြလိုက်ပါသည်။

အလုပ်ကိစ္စနှင့်ဖြစ်စေ၊ မိသားစုရေးရာနှင့်ဖြစ်စေ ပူပန်စရာများနေပါက မျက်နှာကို သေချာစွာဆေးကြော၍ သခွားသီးစိပ်လေးများကို မျက်နှာပြင်အနှံ့တင်၍ ငြိမ်သက်အေးဆေးသောနေရာတွင် လဲလျောင်းနေပါ။ လဲ
လျောင်းနေချိန်တွင် အသက်ကိုရှူသွင်းပါ။ ပြီးလျှင် ချက်ချင်း
ပြန်ရှူမထုတ်ဘဲ အသက်ကို အောင့်ထားလိုက်ပါ။ ပြီးမှ
အသက်ကို ပြန်ရှူထုတ်ပါ။ မိနစ် ၂၀ ပြည့်ပါက သခွားသီး
များကို ခွာပြီး ရေအေးအေးဖြင့် မျက်နှာသစ်ပေးပါ။ ထိုသို့
လဲလျောင်းနေချိန်တွင် အသက်ရှူသည့် အရာမှလွဲ၍ အခြား
အရာများကို မတွေးမိပါစေနှင့်။ သင်၏ လက်ရှိအခြေအနေ
ပြဿနာများကိုလည်း ခေတ္တခဏ မေ့ထားလိုက်ပါ။ ပြီးလျှင်
နောက်မှီပါသောခုံတွင် ပြေလျော့စွာထိုင်ပါ။ ပြီးလျှင် နဖူး
စ၍ မေးစေ့အထိ တစ်ပိုင်းချင်းစီရှိ ကြွက်သားများကို တင်း
လိုက်၊ တစ်စက္ကန့်ခန့်ကြာလျှင် ပြန်လျော့လိုက်ဖြင့် ပြုလုပ်
ပေးပါ။ ပြီးလျှင် လက်ခလယ်နှင့်လက်သူကြွယ်ကို အသုံးပြု၍
မျက်နှာပြင်အနှံ့ကို နှိပ်နယ်ပေးပါ။ ထိုနေ့ညဘက်တွင်
ခါတိုင်းထက်ပို၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သည်ကို
လက်တွေ့ခံစားရပါလိမ့်မည်။

စိတ်ဖိစီးမှုကြောင့် ညဘက်တွင် ကောင်းစွာ အိပ်
မပျော်ခြင်း၊ အိပ်မက်ဆိုးများ မက်တတ်ပါသည်။ ထိုသို့
ညဘက်အိပ်မပျော်ပါက မျက်နှာအသားအရေ မကြည်လင်
ခြင်း၊ ဝက်ခြံပေါက်ခြင်းအပြင် အစာစားချင်စိတ် ပိုမိုပြင်း
ထန်လာ၍ အဆီပိုများကို လောင်ကျွမ်းနိုင်စွမ်း ကျဆင်း
လာပါလိမ့်မည်။ အကျိုးဆက်အနေဖြင့် ခန္ဓာကိုယ်အလှ
ပျက်စေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဘက်တွင် နှစ်ခြိုက်စွာအိပ်ပျော်စေရန် –

(၁) ညအိပ်ရာဝင်မီ ဗိုက်ဝအောင်စားခြင်းကို ရှောင်ရှားရပါမည်။

(၂) ညအိပ်ရာဝင်ခါနီးတွင် ရေနွေးနွေးဖြင့် ရေချိုးပေးပါ။

(၃) ပြီးလျှင် နွားနို့ပူပူတစ်ခွက် သောက်သုံးပေးနိုင်ပါသည်။

(၄) အိပ်ခန်းအတွင်းတွင် လျှပ်စစ်ပစ္စည်းများကို ပိတ်ထားရပါမည်။ တတ်နိုင်သမျှ မီးလုံးဝပိတ်ထားသင့်ပါသည်။ အလင်းရောင်သည် နှစ်ခြိုက်စွာ အိပ်ပျော်မှုကို နှောင့်ယှက်နိုင်သောကြောင့် ဖြစ်ပါသည်။

ထို့ပြင် မွှေးရနံ့ကုထုံးကိုလည်း စိတ်ပြေလျော့ပြီး အနားရစေရန် အသုံးပြုနိုင်ပါသည်။ မိမိ၏အခန်းထဲတွင် ယူကလစ်ဆီဖြစ်စေ၊ လက်ဖက်စိမ်းဆီဖြစ်စေ၊ လာဗင်ဒါဆီ ဖြစ်စေ မိမိကြိုက်နှစ်သက်ရာ ပင်ပန်းမှု ပြေလျော့စေသည့်အဆီတစ်မျိုးမျိုးကို အနံ့ထုတ်ပေးသည့် ပေါင်းအိုး (သို့မဟုတ်) စက်ထဲတွင်ထည့်၍ အခန်းထဲတွင် မွှေးပျံ့အောင် ပြုလုပ်ပေးရပါမည်။ ပြီးလျှင် ထိုအခန်းထဲတွင် အသက်ကို ခပ်မှန်မှန် ရှူသွင်း၊ ရှူထုတ်လုပ်ပြီး အနားယူပေးရပါမည်။ ထိုဆီရနံ့တို့ကြောင့် အသက်ရှူအင်္ဂါစနစ်ကို ပြေလျော့စေနိုင်ပါသည်။ Peppermint ဆီကမူ အစာခြေစနစ်ကို အနားရစေပါသည်။

စိတ်ဖိစီးမှုကြောင့် အဆီဓာတ်များသော အစားအစာနှင့် အချိုဓာတ်များသော အစားအစာတို့ကို ပိုမိုစားချင်စိတ် ပြင်းပြနေတတ်ပါသည်။ သင်စားသော အစားအစာတို့သည် သင့်ဦးနှောက်လုပ်ဆောင်ချက်တို့ကို သက်ရောက်မှုရှိစေပါသည်။ ခန္ဓာကိုယ်အတွက် လိုအပ်သောစွမ်းအင်များကို မိမိစားသုံးလိုက်သော အာဟာရတို့မှ အဓိကရရှိပါသည်။ ထို့ပြင် အလုပ်များ၍ စိတ်ဖိစီးမှုများကြောင့် တစ်နပ်ကျော်စားမိခြင်း၊ အလွန်အကျွံစားမိခြင်းကဲ့သို့သော အစာ စားသောက်မှုပုံမမှန်ဖြစ်ခြင်းတို့ ဖြစ်တတ်ပါသည်။ ထိုအခါ စွမ်းအင်မညီမျှမှုဖြစ်၍ ခန္ဓာကိုယ်ကို ထိခိုက်ကာ အားအင်ကုန်ခန်းမောပန်းလွယ်စေပါသည်။ ထိုသို့ဖြစ်ပါက လုပ်စွာနေထိုင်နိုင်တော့မည် မဟုတ်ပါ။ လူတစ်ယောက်၏ လှပခြင်းအတွက် ကျန်းမာခြင်းသည် အခြေခံပင် ဖြစ်ပါသည်။ ကျန်းမာခြင်းအတွက် ကိုယ်ခန္ဓာစွမ်းအားပြည့်ဖြိုးရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိတ်ဖိစီးမှုကိုနှိမ်နင်းနိုင်သည့် မှန်ကန်သောစားသောက်မှုပုံစံကို လိုက်နာကျင့်သုံးသင့်ပါသည်။

အလုပ်များလွန်း၍ အိမ်မှစောစောထွက်နိုင်ရန် မနက်စာမစားမိခြင်းသည် မဟာအမှားကြီးဖြစ်ပါသည်။ မနက်စာမစားမိခြင်းကြောင့် တစ်နေ့တာလုံးတွင် အစာဆာလွန်းခြင်းဖြစ်တတ်ပါသည်။ သို့ဖြစ်၍ တစ်နေကုန်အစာတစွပ်စွပ် စားမိတတ်ပါသည်။ သို့ဖြစ်ပါ၍ နံနက် ၇း၄၅ မိနစ်တွင် နံနက်စာကို စားသုံးပေးရပါမည်။ နံနက်စာတွင် နွားနို့၊ သစ်သီးတစ်မျိုးမျိုးတို့အပြင် ပရိုတင်းဓာတ် တစ်မျိုးမျိုးပါအောင် စားသုံးပေးရပါမည်။ ပြီးလျှင် နေ့လယ်စာမစားခင် ကြားချိန်ဖြစ်သော ၁၀ နာရီဝန်းကျင်ခန့်တွင် အဆာပြေအသီးတစ်မျိုးမျိုး (သို့မဟုတ်) အမြန်စာမဟုတ်သည့် မုန့်တစ်မျိုးမျိုးကို စားသုံးပေးသင့်ပါသည်။ နေ့လယ်စာကိုမူ အသား (သို့မဟုတ်) ငါးတစ်မျိုးမျိုးနှင့် အရွက်တစ်မျိုးမျိုးပါအောင် စားသုံးပေးပါ။ ဟင်းရည်တစ်ခွက်ပါနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

ပြီးလျှင် နှစ်နာရီခွဲချိန်တွင် ဒိန်ချဉ်ကို သောက်သုံးပေးပါ။ သို့မဟုတ် လတ်ဆတ်သော အသီးအနှံတစ်မျိုးမျိုးကို စားသုံးပေးသင့်ပါသည်။ ညစာကို ည ငါးနာရီခန့်ထက် နောက်မကျစေဘဲ အရွက်သုပ်တစ်မျိုးမျိုးနှင့် ဟင်းရည်တစ်မျိုးမျိုး (သို့မဟုတ်) ခေါက်ဆွဲပြုတ်ကဲ့သို့သော အစာကြေလွယ်သော ဗိုက်မဆာစေသောအစာများကို ရွေးချယ်စားသုံးပေးရပါမည်။ ပြီးလျှင် ထိုနေ့အတွက် နောက်ဆုံးအနေဖြင့် ညအိပ်ရာဝင်ခါနီးတွင် နွားနို့တစ်ခွက် (သို့မဟုတ်) ငှက်ပျောသီးတစ်လုံးကို စားသုံးပေးသင့်ပါသည်။ အဆိုပါစားသုံးမှုမျိုးဖြင့် တစ်နေ့တာလုံး စွမ်းအင်ညီမျှစေသည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်သည့် အသီးအရွက်နှင့် အဆီနည်းနို့နှင့် ဒိန်ချဉ်တို့ကြောင့် စိတ်ဖိစီးမှုကိုလည်း လျှော့ချနိုင်မည် ဖြစ်ပါသည်။

အဆီများသည့် ပင်လယ်ငါး၊ ပင်လယ်စာ၊ ကမာနှင့် ဒိန်ချဉ်၊ ထောပတ်၊ ချိစ်နှင့် ခရမ်းချဉ်သီး၊ လိမ္မော်သီး၊ ဂရိတ်ဖရုတ်သီးတို့သည်လည်း စိတ်ဖိစီးမှုကို လျော့ကျစေသည့်အပြင် ခုခံအားစနစ်ကိုပါ သန်စွမ်းစေနိုင်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအစာနှင့် အသီးအနှံတို့ကို ဦးစားပေးရွေးချယ်သင့်ပါသည်။ လက်ဖက်ရည်ကိုလည်း နွားနို့မရောဘဲ ရုံဖန်ရံခါ နံနက်ပိုင်းတွင် သောက်သုံးပေးသင့်ပါသည်။

အဆိုပါ အစားအစာတို့ကို တစ်ပြိုင်တည်း တစ်ချိန်တည်းတွင် များများစားခြင်းထက် လေးနာရီခြားလျှင် တစ်ကြိမ်ခန့်စားသုံးပေးသင့်ပါသည်။

အထက်ပါ စိတ်ပြေလျော့နည်း၊ ကြွက်သားများပြေလျော့နည်းနှင့် မှန်ကန်သော စားသောက်နည်းတို့ဖြင့် မိမိကိုယ်ကို ကျန်းမာလှပအောင် နေထိုင်နိုင်ကြပါစေ။

*Ref : Stress Book*


ရှငယ်



www.burmeseclassic.com

www.burmeseclassic.com





# ဂျပန်နိုင်ငံ နန်းတွင်းအချစ်ဝတ္ထုအား မြန်မာဘာသာသို့ ပြန်ဆိုရေးသားနေသူ ဆရာမခိုင်ခင်အင်ကြြင်း နှင့် စကားဝိုင်း

**မြန်မာပြည်နဲ့ မြန်မာစာပေကို ချစ်မြတ်နိုးတဲ့အတွက် ဂျပန်နိုင်ငံသား မခံယူဘဲ မြန်မာနိုင်ငံသို့ တစ်နှစ်တစ်ခေါက် အရောက်လာလေ့ရှိသော စာရေးဆရာမ ခိုင်ခင်အင်ကြြင်းနဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များမှာ . . .**

**ဆရာမ ခိုင်ခင်အင်ကြြင်းအနေနဲ့ ဂျပန်ကနေ မြန်မာပြည်ကို ခဏပြန်လာတဲ့အချိန်မှာ ဘာတွေလုပ်ဖြစ်နေပါသလဲ။**

မြန်မာနိုင်ငံကို ပြန်လာတဲ့အခါတိုင်း လာဘ်မိုးရွှေစာပေတိုက်ကိုအများဆုံးရောက်ပါတယ်။ လာဘ်မိုးရွှေစာပေတိုက်ကနေ ခိုင့်ကို ချီးမြှင့်ပါတယ်။ အခြားစာပေတိုက်တွေကလည်း ချီးမြှင့်ပါတယ်၊ ပို့တဲ့စာပေတိုက်တိုင်းကလည်း ခိုင့်ကို အားပေးကြ ကူညီကြပါတယ်။ စာမူတွေကိုလည်း သုံးပေးကြပါတယ်။ များသောအားဖြင့်ကတော့ လာဘ်[...] ရွှေ စာပေတိုက်ပေါ့။ သူတို့တိုက်[...] ပထမဆုံးစာအုပ်ထုတ်ဖြစ်တာဆိုတော[...] ကျွန်မရဲ့ ကျေးဇူးရှင်တွေပေါ့နော်။ [...] နာမည်တက်လာတဲ့အခါ[...]တော[...] အခြားမဂ္ဂဇင်းတိုက်၊ ဂျာ[...]ယ်တိုက်[...]

www.burmeseclassic.com



...နဲ့လည်း ဆက်သွယ်ဖြစ်လာပါတယ်။ ...ခင်းမဂ္ဂဇင်း၊ စုံထောက်မဂ္ဂဇင်းက ...အယ်ဒီတာများဖြစ်ကြတဲ့ ဆရာဘ ...ဆက်ဆွေ၊ ဆရာဦးသစ်နွယ်တို့ပေါ့ နော်။ ခိုင့်စာမူတွေကို ဖော်ပြပေးကြပါ တယ်။ ဒီ မြန်မာပြည်ရောက်လို့ရှိရင် ...ထမဆုံး ခိုင်က စာပေလောကမှာ ...ကျင်လည်တာပေါ့နော်။ ဒုတိယအနေနဲ့ ...ကတော့ ဘုရားဖူးသွားပါတယ်။ ဘုရား ...လျှောက်ဖူးတာပေါ့နော်။

**...ဆရာမအနေနဲ့ ဘာစာတွေရေးဖြစ်ပါ သလဲ။ များသောအားဖြင့်ပေါ့။**

ခိုင်က အများဆုံးရေးတာက တော့ ဘာသာ၊ သာသနာနဲ့ ပတ်သက် တဲ့ ဆောင်းပါးတွေပါပဲ။ ပြီးတော့ အချစ်ဝတ္ထုတွေလည်း ရေးပါတယ်။ များသောအားဖြင့်တော့ ခိုင်က အချစ် ကဗျာတွေ ရေးဖြစ်ပါတယ်။

**အခုဆို ဆရာမအနေနဲ့ ဂျပန်မှာ နေ ထိုင်တာ ဘယ်လောက်ကြာခဲ့ပြီလဲ။**

ခိုင်က အခုအချိန်ထိဆိုရင် ၂၅ နှစ်ရှိသွားပါပြီ။ ဂျပန်နိုင်ငံသားတော့ ခံယူမထားပါဘူး။ မြန်မာပြည်ကို ...ခွဲခွာသွားဖို့ဆိုတာကို ခိုင် မလုပ် နိုင်ပါဘူး။ မြန်မာပြည်ကို မခွဲနိုင်လို့ပါ။

**ဆရာမ မြန်မာပြည်ကို တစ်နှစ်တစ် ခေါက်လောက် ပြန်လာတတ်တယ် ...င်တယ်။**

ဟုတ်ပါတယ်။ တစ်နှစ်တစ်ခေါက် ပြန်လာနိုင်ဖို့အတွက် ဟိုမှာ တစ်နှစ် လုံးအလုပ်တွေ အသေအလဲလုပ်ပြီး ပိုက်ဆံကို အသေအလဲစုထားပါတယ်။

**စာပေနဲ့ပတ်သက်ပြီး ဂျပန်နိုင်ငံရဲ့ စာပေအပေါ် စိတ်ဝင်စားမှုနဲ့ မြန်မာ နိုင်ငံရဲ့စာပေအပေါ် စိတ်ဝင်စားမှု။ အဲဒီနှစ်ခုကိုယှဉ်ပြီး ဆရာမရဲ့ အမြင် လေးကို ပြောပြပါဦး။ စာပေလေ့လာ လိုက်စားမှုတွေပေါ့နော်။ ဂျပန်နိုင်ငံ က ကျွန်မတို့နိုင်ငံထက် အစစ အရာရာ တိုးတက်နေတဲ့ နိုင်ငံဆို တော့ပေါ့။ စာပေနဲ့ပတ်သက်ပြီး ဂျပန်ပြည်ရဲ့ လူထုနဲ့စာပေအပေါ် စိတ်ဝင်စားမှုတွေကိုပေါ့။**

ခိုင့်အနေနဲ့ ဒီမြန်မာနိုင်ငံကို ရောက်လာတဲ့အခါကျတော့ အမြဲတစေ လေ့လာကြည့်တဲ့အခါမှာ မြန်မာလူမျိုး တွေဟာ အရင်ကတော့ စာဖတ်အား တော်တော်ကောင်းပါတယ်။ ဒါပေမဲ့ ခု နောက်ပိုင်းမှာတော့ လူငယ်တွေဟာ စာမဖတ်ကြတော့တာကို စိတ်မကောင်း စွာနဲ့ တွေ့မြင်နေရပါတယ်။ အင်တာ နက်ကိုပဲ တစ်ချိန်လုံးကြည့်ကြ၊ ဂိမ်း တွေ ကစားနေကြတယ်။ ဒီလို ဖြစ် ပြီးတော့ စာအုပ်တွေလည်း အရောင်း ရထိုင်းပြီး မဂ္ဂဇင်းတွေလည်း တော် တော်ပျက်ကုန်တာ တွေ့ရတယ်။ အဲဒီ အတွက် ဒီစာပေလောကအတွက် စိတ်ပူမိပါတယ်။ ဒီလိုပါပဲ ဂျပန်နိုင်ငံ ရဲ့ အနေအထားကိုပြောရမယ်ဆိုရင် လည်း ဂျပန်ပြည်နဲ့ ဂျပန်လူမျိုးတွေ ဟာ အရင်ကဆိုရင် စာအဖတ်ဆုံးနိုင်ငံ လို့တောင် ပြောလို့ရပါလိမ့်မယ်။ သူ တို့ဟာ အရင်တုန်းကဆိုရင် စာဖတ် တာကိုပဲ အလေးထားပြီး စာကိုပဲ ဖတ် နေကြတာပါပဲ။ အခုတော့ ဂျပန်နိုင်ငံ မှာလည်း အင်တာနက်ကြည့်မယ်၊ ဂိမ်း တွေကစားမယ်။ စာဖတ်တဲ့သူတွေ တော်တော်နည်းလာပါတယ်။ ဒါပေမဲ့ မြန်မာပြည်လောက်တော့ အခြေအနေ မဆိုးသေးပါဘူး။ ဒါပေမဲ့လည်း သူတို့ ဆီမှာ နောက်ပိုင်းတော့ အခြေအနေ ဆိုးလာမယ့် သဘောမျိုး ရှိပါတယ်။ ဘာလို့လည်းဆိုတော့ ကလေးလေးတွေ သေးသေးလေးတွေကအစ ဒီဂိမ်းတွေ ပဲ ကစားနေကတာကို တွေ့ရပါတယ်။

**အဲဒီလို ကလေးတွေ၊ လူငယ်တွေ၊ စာပေမှာ အားနည်းပြီး ဂိမ်းတွေကို စိတ်ဝင်စားကြတဲ့အပေါ်မှာ ဆရာမ ရဲ့ သုံးသပ်ချက်လေးတွေကို သိပါရ စေ။**

စာပေလောကနဲ့ပတ်သက်လို့ရော လူ့လောကနဲ့ပတ်သက်ပြီးပါ လေ့လာ သုံးသပ်မိတာလေးကို ခိုင်ပြောပြချင်ပါ တယ်။ ဒီလို ကွန်ပျူတာဂိမ်းတွေ ကစား နေကြတဲ့အပေါ်မှာ ဂျပန်နိုင်ငံက လူ ကြီးပိုင်းတွေက သူတို့ရဲ့ သားမြေးတွေ အပေါ်မှာ ဝေဖန်ကြတာကို ပြောချင် ပါတယ်။ ဒီ ဂိမ်းတွေကို ကစားတဲ့အခါ မှာ ချမယ်၊ နှက်မယ်၊ ထိုးမယ်၊ ပစ် မယ်၊ အနိုင်ယူမယ်၊ အနိုင်တိုက်မယ်။ ဒီသဘောတွေချည်းပါပဲ။ အဲဒီအခါကျ တော့ သူတို့ရဲ့ စိတ်တွေက ဂိမ်းတွေ ထဲက သရုပ်တွေကူး။ အပြင်လောက ထဲ ကူးစက်လာပြီး သူတို့ဟာ စက်ရုပ်



www.burmeseclassic.com

www.burmeseclassic.com





တွေလို ဖြစ်လာတယ်။ ခံစားချက်မရှိဘူး။ နှလုံးသားခံစားချက်တွေနည်းလာတယ်။ ကြမ်းတမ်းလာတယ်။ အနိုင်ယူမယ်၊ နိုင်ဖို့ဆိုရင် ဘာကို ဘယ်လိုပဲ လုပ်ရလုပ်ရ လုပ်ဖြစ်ဖို့တောင် ဝန်မလေးကြသလို ဖြစ်လာကြတယ်ပေါ့။

နောင်လာနောက်သားတွေအတွက် ရင်လေးစရာပါပဲ။ ခု မြန်မာပြည်မှာလည်း ဒီလိုမျိုး၊ ဒီစိတ်တွေ ဝင်နေကြပြီ။ ဒီမှာလည်း ဂိမ်းတွေကို ကလေးတိုင်းလိုလို ကစားနေကြပြီမဟုတ်လား။ ခုဆို မှုခင်းသတင်းတွေ၊ ဂျာနယ်တွေမှာ ဖတ်ရ၊ ကြားရတာတွေကလည်း တော်တော်လေးကို ကြောက်စရာကောင်းနေပါပြီ။ ကြောက်လည်း ကြောက်မိပါတယ်။ ဒီတော့ နောက်လာမယ့် လူ့ဘောင်လောကကြီးအတွက် တော်တော်လေးကို စိုးရိမ်မိပါတယ်။

**ဒီလိုမျိုး ဖြစ်နေတာတွေကို ဆရာမအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေဖြစ်လာဖို့ ဘယ်လိုများ အကြံပြုချင်ပါသလဲ။**

နိုင်တို့အနေနဲ့ စာပေလောကသမားတွေပေါ့။ အားလုံးဟာ ညီညွှတ်းတိုင်ပင်ပြီး ကလေးတွေရဲ့ အနာဂတ်ကို အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်နိုင်ကြမယ်ဆိုရင် ကောင်းလိမ့်မယ်လို့ နိုင်ထင်မိပါတယ်။ နိုင် စဉ်းစားမိသလို တစ်ယောက်နဲ့တစ်ယောက် ဒီစာပေလောကကြီးထဲမှာ စည်းလုံးညီညွတ်မှုတွေ၊ စည်းလုံးတဲ့ စိတ်လေးတွေကို သေသေချာချာမွေးမြူကြပြီး နောင် အနာဂတ်ကောင်းမွန်ဖို့အတွက် ဝိုင်းဝန်းအကျိုးပြုကြမယ် စာပေနဲ့ အနာဂတ်သားကောင်းတွေရဲ့ဘဝတွေကို ထိန်းကြောင်းတည့်မတ် ပဲ့ပြင်ပေးနိုင်မယ်ဆိုရင် နိုင်တို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်မိမှာပါ။


**စာဖတ်ပရိသတ်အပေါ်မှာ ကောင်းသောအကြံလေးပေးပါဦး။**

ဟုတ်ကဲ့။ နိုင့်အနေနဲ့ကတော့ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်သူမို့လို့ အရာရာကို မေတ္တာထားပြီး မေတ္တာစိတ်ကို မွေးမြူဖို့ပဲ ပြောချင်ပါတယ်။ ဘယ်လိုပြုပြင်ပြောင်းလဲမှုမျိုးမဆို မေတ္တာတရားကို ရှေ့ထားပြီး ခရီးဆက်ကြမယ်ဆိုရင် ဗုဒ္ဓဘာသာထွန်းကားတဲ့ နိုင်တို့မြန်မာပြည်ကြီးနဲ့ ပြည်သူပြည်သားတွေ တိုးတက်ကောင်းမွန်သင့်မြတ်လာမှာ မလွဲဘူးလို့ နိုင်ထင်ပါတယ်။ ဒါကြောင့် ယခုသတ်အားလုံးကို မေတ္တာတရားရှေ့ထားပြီး ကောင်းကျိုးကိုရှာကြပါလို့ ပြောချင်ပါတယ်။

စန္ဒီမြ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


## ကြိုးသမားဘဝ,အစ

ရွာထိပ်ထန်းတောလေးတွင် ထန်းရည်သောက်နေကြသူများဖြင့် စည်ကားနေသည်။ ထန်းရည်ဝိုင်းမှာ ကိုယ့်အုပ်စုနှင့်ကိုယ် သောက်စားနေကြလေသည်။ ထိုထန်းရည်သောက်နေကြသူများထဲတွင် မောင်ကြီး၊ မောင်လတ်၊ မောင်ငယ်တို့ ညီအစ်ကိုသုံးဦးလည်း အပါအဝင်ဖြစ်ပါသည်။

"အစ်ကို ...ကျွန်တော်တို့မှာ မိဘတွေအမွေအဖြစ် ချန်ထားရစ်ခဲ့တဲ့ လယ်ကေနှစ်ဆယ်ကို အဒေါ်ဆီက ပြန်တောင်းကြရင် ကောင်းမယ် ..."

"ဟုတ်ပါတယ် အစ်ကိုကြီး ..၊ မောင်ငယ်ပြောသလိုပဲ ကျွန်တော်တို့မှာ ကိုယ့်လယ်ကိုယ့်ယာတွေ ရှိနေပါလျက် အဒေါ်က မတရားလက်ဝါးကြီးအုပ် အပိုင်သိမ်းထားခဲ့တော့ ကျွန်တော် နည်းနည်းမှ မကျေနပ်ဘူးဗျာ၊ ထို့ ..."

မောင်ငယ့်အပြောကို ထောက်ခံသည့်သဘောနှင့် မောင်လတ်ကလည်း ထန်းရည်ခွက်ကို တရှိန်ထိုး မော့သောက်ချလိုက်ရင်း အစ်ကိုကြီးဖြစ်သူ မောင်ကြီးအား ရင်ထဲမကျေနပ်ချက်ကို ထုတ်ဖော်ပြောဆိုနေသည်။ အစ်ကိုအကြီးဆုံး မောင်ကြီးကတော့ ညီငယ်များ၏စကားကို ချင့်ချင့်ချိန်ချိန်တွေးတောစဉ်းစားနေဟန်တူသည်။

"ဟုတ်ပါတယ် ညီလေးတို့ရာ၊ အဒေါ်ကလည်း တို့မိဘနှစ်ပါးမရှိ ကတည်းက တို့ညီအစ်ကိုသုံးယောက်အပေါ် သားသမီးတွေနဲ့မခြား ရင်အုပ်မကွာ ပြုစုစောင့်ရှောက် ကျွေးမွေးလာခဲ့တာဆိုတော့ ...အဒေါ့်အပေါ်မှာ ငဲ့ညှာထောက်ထားရဦးမယ်ကွ ..."

"ဒါတော့ဗျာ ...ကျုပ်တို့က လူမမယ်အရွယ်မှာ မိဘနှစ်ပါးစလုံးကလည်း ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့တော့ ...ဘာမှမလုပ်တတ် မကိုင်တတ်အရွယ်မှာ အမေ့ညီမဖြစ်တဲ့ အဒေါ်ကပဲ စောင့်ရှောက်တာဝန်ယူပေးရမှာပေါ့ဗျာ ...၊ ခုဟာက ကျုပ်တို့တွေလည်း အရွယ်ရောက်နေပြီလေ၊ ကျုပ်တို့အတွက် တစ်အိုးတစ်အိမ် ထူထောင်နိုင်အောင် လုပ်စားကိုင်စားခွင့်တော့ ပေးသင့်တာပေါ့"

"မှန်တယ် ...၊ အစ်ကိုလတ်ပြောသလို ကျုပ်တို့အားလုံး အရွယ်ရောက်နေပြီ၊ ဒါကို အဒေါ်တစ်ယောက်တည်း လက်ဝါးကြီးအုပ် အပိုင်စီးထားနေတော့ အမွေခွဲမပေးချင်တာပဲ ဖြစ်မယ်"

"ဒီလိုမပြောရဘူး မောင်ငယ်ရ၊ အဒေါ်ဆိုတာကလည်း ကိုယ့်သွေးသားရင်းတွေအပေါ်မှာ အချိန်မကျသေးလို့ ဖြစ်မှာပါ ...၊ တစ်နည်းနည်းနဲ့တော့ စီစဉ်ပေးပါလိမ့်မယ်"

"ခက်တယ် ...၊ အစ်ကိုကြီးက အဒေါ်ဘက်ကနေ ကာဆီးကာဆီးလုပ်နေ ...တော်ကြာ ကျုပ်တို့ကို အမွေတစ်ပြားမှခွဲမပေးဘူးဆိုရင် ဘယ်လိုလုပ်ကြမလဲ ..."

မောင်လတ်က မကျေနပ်သဖြင့် ထပ်ကွန့်ပြောဆိုနေသည်။ ဤကဲ့သို့ ညီအစ်ကိုသုံးယောက်သည် ထန်းရည်သောက်နေကြရင်း မိမိတို့မိဘလက်ထက် ချန်ထားရစ်ခဲ့သော အိမ်နှင့်ခြံကိုလည်းကောင်း၊ လုပ်ကိုင်စားသောက်နေသော လယ်မြေကေ(၂၀)ကို လည်းကောင်း မိမိတို့ညီအစ်ကိုတွေ တစ်အိုးတစ်အိမ် သီးခြားစီခွဲလုပ်စားနိုင်ရန် အဒေါ့်ထံမှ မိဘအမွေကို ခွဲဝေပေးစေလိုသောဆန္ဒကိုယ်စီ ရှိနေကြသည်။

အမှန်တော့ အဒေါ်ဖြစ်သူ ဒေါ်မြင့်သွယ်သည် မိမိအစ်မရင်းဖြစ်သူ ဒေါ်မြသွယ်၏ ညီမဖြစ်သည်။ အစ်မဒေါ်မြသွယ်သည် လယ်သူရင်းငှားဖြစ်သူ ဦးဖိုးထယ်နှင့် အိမ်ထောင်ကျစဉ်ကတည်းက အတူတူနေထိုင်လုပ်ကိုင်စားသောက်ကြခြင်းဖြစ်သည်။

ဒီအိမ်နှင့်ခြံမြေတွေ ဆိုတာကလည်း မိမိတို့မိဘနှစ်ပါးလက်ထက်မှာကတည်းက ပိုင်ဆိုင်ထားသောပစ္စည်းများ ဖြစ်သည်။ သူရင်းငှားဦးဖိုးထယ်နှင့် အစ်မဒေါ်မြသွယ်တို့နှစ်ဦး အကြောင်းဆက် ပေါင်းဖက်ခဲ့ကြစဉ်မှာ မိဘလက်ထက်ပွား ပစ္စည်းများသာဖြစ်သည်။

စောစောပိုင်းက ငယ်ငါးကေ


www.burmeseclassic.com

လောက်သာ ပိုင်ဆိုင်နေရာမှ ဦးဖိုးထယ်၏ လုပ်ရည်ကိုင်ရည်ဖြင့် ဦးစီးဦးဆောင် လုပ်ကိုင်လာခဲ့သဖြင့် လယ်ဧက(၂၀)ထိ ပိုင်ဆိုင်လာခဲ့သည်။ ဦးဖိုးထယ်မှာ ရိုးသားသူ အေးအေးဆေးဆေးနေတတ်သူဖြစ်သည်။ မိမိဇနီးသည်နှင့် လက်ထပ်ပေါင်းသင်းပြီးမှ လယ်မြေများကို အားကျိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်လာသဖြင့် လယ်ဧက(၂၀)ခန့်ထိ ပိုင်ဆိုင်နိုင်အောင် ပံ့ပိုးကူညီ၍ တိုးတက်အောင်မြင်လာခြင်းဖြစ်သည်။

ထိုစဉ်အခါက မောင်ကြီး၊ မောင်လတ်၊ မောင်ငယ်တို့ ညီအစ်ကိုသုံးဦးမှာ အသက်အရွယ်မတိမ်းမယိမ်းနှင့် နှစ်နှစ်ကြီးနှစ်နှစ်ငယ်စီ ရှိနေသည်။ မောင်ကြီးအသက်ပင်လျှင် (၁၂)နှစ်ခန့်ပဲ ရှိသေးသည်။ မိဘများဆုံးပါးသွားပြီးနောက် လူမမယ်ကလေးသုံးဦးအား အဒေါ်မှပင် ဆက်လက်ထိမ်းသိမ်း စောင့်ရှောက်ကျွေးမွေးလာခဲ့ရသည်။

"နေစမ်းပါဦးကွ ...၊ မင်းတို့ကဘာဖြစ်လို့များ အဒေါ်အရင်းခေါက်ခေါက်ကို သတ်ပစ်ချင်လောက်အောင် ခံပြင်းဒေါသ ဖြစ်လာခဲ့ကြတာလဲ .."

ကြိုးတိုက်တာဝန်ခံ ထောင်မှူးလေး စိုးဝေက ကြိုးတိုက်အတွင်းဝယ် သေဒဏ်ကျခံလာခဲ့ကြသော ကြိုးသမားညီအစ်ကိုသုံးယောက်အနက် အစ်ကိုကြီးဆုံးမောင်ကြီးကို မေးမြန်းစပ်စုကြည့်နေသည်။

ထိုအချိန်က ကြိုးတိုက်ခန်းထဲဝယ် ကြိုးသမားနှစ်ဆယ်ခန့်ရှိနေသည်။ ယင်းကြိုးသမားအားလုံးလိုလိုမှာ ဗဟိုတရားရုံး၏ အယူခံပလပ်ခြင်းကို ခံနေကြရသည်။ ကြိုးသမားများအတွက် ပထမအဆင့် အယူခံရှုံးနိမ့်သွားကြသဖြင့် စိတ်ဓာတ်ချောက်ချားယိမ်းယိုင်နေကြသည်။

အမှန်တော့ ကြိုးသမားတစ်ယောက်အဖြစ်ဖြင့် ဆယ်ပေပတ်လည်ခန့်ရှိသော ကြိုးတိုက်လေးထဲဝယ် လုံခြုံရေးအခြေအနေအရ တစ်နေ့တာကာလပတ်လုံး အခန်းသံတိုင်တံခါးသော့ခတ်ပိတ်ထားခြင်း ခံနေရသည်။

ထိုအခါ တိုက်ခန်းလေးထဲဝယ် တစ်ယောက်တည်း ယောင်လည်လည်နှင့် အချိန်များကုန်းဆုံးလွန်မြောက်နေရသည်။ ယင်းသို့ တိုက်ခန်းလေးထဲဝယ် တစ်နေ့လုံးပိတ်လှောင်ထားခဲ့သည်မဟုတ် ပြင်ပသို့ တစ်ကြိမ်သာ ထွက်ခွင့်ရလေသည်။

ယင်းမှာ ကြိုးသမားရေချိုးထုတ်ပေးချိန် ဖြစ်သည်။ ရေချိုးခွင့်ကို ရသည်နှင့် ကြိုးသမားများမှာ ဝမ်းသာပျော်ရွှင်နေကြသည်။ အဘယ့်ကြောင့်ဆိုသော် ကြိုးတိုက်ခန်းမှာချည်း တစ်နေ့လုံး၊ တစ်ညလုံး သော့ခတ်ပိတ်လှောင်ထားခံရသဖြင့် ယခုလိုအခိုက်အတန့် လွတ်လပ်မှုကို အခွင့်အရေးရသွားခြင်းကြောင့် ဖြစ်သည်။

ကြိုးတိုက်စောင့်ဝန်ထမ်းမှ တစ်ခန်းလျှင် တစ်ယောက်ကျစီသာ အပြင်ဘက်ရေချိုးရန်ရေကန်ဆီ ခေါ်ဆောင်လာစဉ် ပြင်ပမှလေကို တစ်ဝကြီးရှူသွင်းကာ လန်းဆန်းပေါ့ပါးသွားသလို ခံစားကြရသည်။

အပြင်မှာ နာရီဝက်ခန့် ကျန်းမာရေးလုပ်ရင်း လမ်းလျှောက်ခွင့်ပေးသည့် ဆယ့်ငါးမိနစ်ခန့်လုပ်ပြီးမှ ရေချိုးရသည်။ ပြီးမှ အုတ်ကန်ကြီးထဲက ရေကို တစ်ဝခပ်ချိုးခွင့်ပြုသည်။ မည်သို့ပင် အချိန်ကြန့်ကြာအောင် ဆွဲနေလည်း နာရီဝက်သာခွင့်ပြုပေးထားသည်။

ထို့နောက် တိုက်ခန်းထဲပြန်လည်သော့ခတ်ပြီးနောက် အခန်းများကို တစ်ခန်းချင်းစီဆက်ဖွင့်ပြီး ရေချိုးထုတ်ပေးသည်။ ရေချိုးပြီးသွားသော ကြိုးသမားများကတော့ ထမင်းစားချင်လျှင်စား၊ မစားချင်သေးလျှင် မိမိအိပ်ရာကွပ်ပျစ်လေးပေါ်မှာ လဲလျောင်းအိပ်စက်လျက် ဆေးလိပ်ဖွာရင်း စဉ်းစားနေသလို၊ အပမ်းဖြေရင်း အနားယူနေတတ်သည်။

ကြိုးသမားများအတွက် အနီးဆုံးအဖော်မှာ ဆေးပေါ့လိပ်ပင်ဖြစ်သည်။ မိမိတို့အချိန်များ မြန်မြန်ကုန်သွားစေရန် ဆေးလိပ်ကိုသာ တစ်လိပ်ပြီးတစ်လိပ် ဖွာရှိုက်လျက် အချိန်ဖြုန်းကြသည်က များသည်။

တနည်းအားဖြင့် မိမိတို့၏ ပူလွင့်နေသောစိတ်ကို တည်ငြိမ်မှုရစေရန် ထိမ်းသိမ်းသည့်သဘောဖြင့် ဆေးလိပ်ကိုသာ အဖော်သဟဲပြုနေကြခြင်း ဖြစ်သည်။ ဆေးလိပ်ကိုလည်း တစ်လိပ်ကုန်သွားသည်နှင့် နောက်ထပ်တစ်လိပ်မီးကူးကာ အဆက်မပြတ်သောက်နေတတ်သည်။ တစ်နေ့တာလုံးဆိုလျှင် ဆေးပေါ့လိပ်အလိပ်(၂၀)ခန့်ထိ ကုန်အောင်သောက်တတ်ကြသည်။

ထိုသို့မှ သောက်မနေရလျှင် တစ်ယောက်တည်း အခန်းထဲမှာ အောင်းပြီး ဟိုတွေးဒီတွေးနှင့် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကယောက်ကယက်ဖြစ်ကာ အတွေးသံသရာလည်နေတတ်လေသည်။ မိမိတို့ဘဝတွေက သေလူပါလားဆိုသော စိတ်အသိက ပိုမိုချောက်ခြားစရာ ဖြစ်နေသည်။

တစ်ခါတစ်ရံ စကားပြောဖော် အနီးမှာမရှိသောအခါ တစ်ယောက်နှင့်တစ်ယောက် မမြင်ရဘဲ အသံပြုနှုတ်ဆက်ခေါ်ငင် စကားပြောဆိုနေတတ်သည်။ ယခုလည်း ကြိုးတိုက်ထောင်မှူးက ကြိုးသမားများ ရေချိုးထုတ်နေချိန် လုံခြုံရေးအရ လာရောက်စောင့်ကြပ် ကြည့်ရှုနေရင်း ကြိုးသမားများနှင့် စကားစမြည်ပြောဆိုကာ လက်ဆုံကျနေခြင်း ဖြစ်သည်။

ယခုလည်း ကြိုးသမား အယောက်(၂၀)ထဲမှ အဒေါ်အရင်းကို သတ်ဖြတ်မှုဖြင့် သေဒဏ်ကျခံလာကြသော ညီအစ်ကိုသုံးဦးအနက် အစ်ကိုကြီးဖြစ်သူ ကြိုးသမားမောင်ကြီးနှင့် အမှုဖြစ်စဉ်ကို အထက်ပါအတိုင်း မေးမြန်းဖြေဆိုနေချိန် ဖြစ်သည်။

"အမှန်တော့ ... ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် အမွေကိစ္စဆွေးနွေးကြရင်း ကျွန်တော့်ညီငယ်နှစ်ယောက်က လူငယ်ပီပီစိတ်တိုစိတ်ဆတ်ကြတော့ မဖြစ်သင့် မဖြစ်ထိုက်ပါပဲ ကိုယ့်ကျေးဇူးရှင် အဒေါ်အရင်းခေါက်ခေါက်ကို. မိဘအမွေလိုချင်လို့ စိတ်လိုက်မာန်ပါ သတ်ပစ်ခဲ့ကြတာပါပဲ"

"နောက် ... ဘယ်လို သတ်ဖြစ်သွားတာလဲ ..."

"ကျွန်တော်ကလည်း အစ်ကိုကြီးတစ်ယောက်နေနဲ့ ကြားကစေ့စပ်ပြောဆိုပေမဲ့ သူတို့က နားမဝင်ကြဘူးလေ ..၊ အဒေါ်ရဲ့ မတရားခေါင်းပုံဖြတ်ထားမှုအပေါ် အခဲမကြေနိုင်ဘဲ ကိစ္စတုံးပစ်လိုက်မှ အေးမယ်လို့ချည်း ဖွတ်ပြောနေကြတယ်၊ ပိုဆိုးတာက အလတ်ကောင်မောင်လတ်က သူ့ကောင်မလေးဘက်က လက်ထပ်ဖို့ တင့်တောင်းတင့်တယ် တောင်းယူနိုင်ဖို့ ငွေကြေးက လိုအပ်နေတယ်၊ ဒီတော့ ... ဒီကိစ္စ အဒေါ့်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောညှိနှိုင်းမယ်ဆိုပြီး အိမ်ကိုသွားခဲ့ကြတယ် ..."

ကြိုးမားမောင်ကြီးက ၎င်းတို့ လူသတ်မှုကျူးလွန်လာခဲ့ရသည့် အမှုဖြစ်စဉ်ကို လေးလေးကန်ကန် အသေးစိတ် ဆက်လက်ပြောပြနေလေသည်။

**ကြိုးစင်ပေါ်သို့ လျှောက်သောလမ်း**

"နင်တို့သုံးယောက်စလုံး ငါက ဒီအရွယ်ထိ လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် ပြုစုပျိုးထောင်လာခဲ့ရတာ၊ ငါ့ရဲ့ကျေးဇူးတရားကို နားမလည်ဘူး၊ ခုမှ လူရာဝင်လို့ ... လူလားမြောက်လာမှ ခြေရာတိုင်းလာလို့ တစ်ပြားမှ မပေးနိုင်ဘူး"

"ခင်ဗျားကြီး ကျုပ်တို့မိဘလက်ထက် ရှာဖွေထားတဲ့ပစ္စည်းတွေကို တစ်ယောက်တည်း မောင်ပိုင်စီးထားတာကို ကျုပ်တို့ညီအစ်ကိုက လုံးဝလက်မခံနိုင်ဘူး ..."

"အောင်မလေး ... ခွေးကောင်နင်ကများ ဘယ်တုန်းက ငါ့ကို ခင်ဗျားကြီးလေး ဆက်ဆံပြောဘူးသလဲ ...၊ ကံကြီးထိုက်မယ့်ကောင်တွေ ...၊ နင့်လုပ်စာ တစ်ပြားသားရှိသလား၊ ရှာရိုးကိုးပေါက် လျှောက်လည် ...၊ အရက်သောက် ဖဲရိုက်နေတဲ့ကောင်က"

"ဟေ့ကောင် မောင်လတ် ...၊ မင်းကလည်း ကိုယ့်အဒေါ်အရင်းတစ်ယောက်ကို ဒီလိုမလေးမစား မခေါ်မ ပြောရဘူးလေကွာ ..."

"အို ... အလကားမိန်းမကြီးပါ ဗျာ ..၊ ကျုပ်တို့ညီအစ်ကိုတွေ ငယ်ငယ်လေးထဲက ကျွဲကျောင်း၊ နွားကျောင်း၊ မြက်ရိတ်ခိုင်းစားလာပြီး လူ ကြားကောင်းအောင် ကြည့်ရှုစောင့် ရှောက်လာသလိုလို ဂုဏ်ဖော်ပြောနေ တာပါ"

"အေးအေး ... စော်ကားကြပါ စော်ကားကြပါ ...၊ ငါ့မှာတော့ ဒင်း တို့လေးတွေ မိမဲ့ဖမဲ့လေးတွေမို့ သနား ပြီး တစ်သက်လုံး ကျွေးမွေးစောင့် ရှောက်ခဲ့ရတာ ...၊ ခုတော့ ခွာချင် တိုင်းလာပြီပေါ့လေ ...၊ နင်တို့အား လုံးမှတ်ထားကြ ... ဟောဒီအိမ်နဲ့ခြံ က ငါ့မိဘအိမ်နဲ့ခြံ ..၊ နင်တို့အဖေက ငါ့အစ်မနဲ့ညားပြီးမှ အိမ်ပေါ်ရောက်လာ တာ ...၊ ငါ့မိဘလယ်မြေတွေကို လင် မယားတွေ ဒိုးတူပေါင်ဖက် လုပ်စား လာခဲ့ကြတာ ... နင့်မိဘပစ္စည်း ပိုင် တာဆိုလို့ တစ်ပြားမှမရှိဘူး၊ ငါ့မိဘ အမွေမို့ ခွဲမပေးနိုင်ဘူး"

ဆိုပြီး ကျွန်တော်တို့ညီအစ်ကို အပေါ် ခါးခါးသီးသီး ငြင်းလွှတ်ခဲ့တယ် ကျွန်တော်လည်း ညီငယ်တွေနဲ့ဆက်ပြီး အကျယ် ကျယ် မငြိမ်းဖွယ်ဖြစ်မှာစိုး အိမ်ပေါ်ကနေ ညီငယ်တွေကို ဆွဲ မော့ခေါ်ထုတ်လာခဲ့ရတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ညီအစ် တွေ မကျေမနပ်ဖြစ်နေကြ အိမ်ခြံမြေနဲ့ပတ်သက်တဲ့ စာရွက်

www.burmeseclassic.com


တမ်း၊ ဂရန်တွေအားလုံး အဒေါ်က သိမ်းဆည်းထားခဲ့တာ။ ကျွန်တော်တို့ ဘက်ကဘာမှ လုံလောက်တဲ့အထောက် အထား မရှိဘူးလေ။

ကျွန်တော့်ညီနှစ်ယောက်ကတော့ လွယ်လွယ်မရနိုင်ရင် အဒေါ်ကိုသတ် ပြီး လုယူမယ်ချည်း ဖွတ်ပြောနေတယ်။ ကျွန်တော်ကတော့ နှစ်ဦးနှစ်ဖက် မျှမျှ တတဖြစ်အောင် ဆောင်ရွက်စေချင် တယ်။ ဒီအိမ်နဲ့ခြံမှာ မွေးကတည်းက အတူတူနေထိုင် လုပ်ကိုင်စားသောက် လာကြပြီး ဘာတစ်ခုမှ ခံစားခွင့်မရှိဘူး ဆိုတော့ ဘယ်ကျေနပ်နိုင်ပါ့မလဲ။

နောက်ဆုံး အဒေါ့်ဘက်က ခပ် ပြတ်ပြတ်လုပ်လာတယ်။ အမွေကိစ္စနဲ့ ပတ်သက်ရှုပ်ယှက်လာမှာစိုးလို့ ကျွန် တော်တို့ညီအစ်ကိုသုံးယောက်စလုံးကို အိမ်ပေါ်ကနေ မောင်းထုတ်ပစ်ခဲ့တယ်။ ကျွန်တော်တို့ကလည်း မိဘတွေရှိစဉ် ကတည်းက ဒီအိမ်ဒီခြံမှာပဲ နေထိုင်ပြီး ကြီးပြင်းလာခဲ့ကြတော့ မိဘအမွေဆိုင် လို့ပဲ မှတ်ထင်ခဲ့တယ်။

နောက်ပိုင်း ကျေးရွာမှာရှိတဲ့ ရပ် မိရပ်ဖ အိမ်နီးနားချင်းတွေကို ကျွန် တော်တို့အခက်အခဲကို တင်ပြအကူအ ညီတောင်းခဲ့တယ်။ ရပ်မိရပ်ဖတွေနဲ့ ကျေးရွာလူကြီးကိုယ်တိုင် အဒေါ့်ဆီ သွားပြီး ညှိနှိုင်းပြောဆိုကြပေမဲ့ လုံး ဝလက်သင့်မခံခဲ့ဘူး။

ဒါကြောင့် ဘယ်လိုမှညှိနှိုင်းမရ နိုင်ဘဲ လက်လျှော့ပြန်လာခဲ့ရတယ်။ အ ဒေါ်ကလည်း တစ်ဦးတည်းအပျိုကြီးပီပီ လောဘရမ္မက်တွေတက်ပြီး ခွဲမပေးချင် ခဲ့တာပါ။ သူ့မိဘလက်ထက်ကတည်း က ပိုင်ဆိုင်လာခဲ့တာမို့ သူ့ပစ္စည်းဥစ္စာ ချည်းပဲလို့ ဖွတ်ငြင်းတယ်။

"တိုက် ... ထမင်းဆွဲမယ်ဟေ့"

ဆိုတဲ့ ကြိုးတိုက်ခန်းဝကနေ တိုက်တန်းစီး'တိုက်ရင်'ဆိုသူရဲ့ အော် သံကြောင့် စကားစပြတ်သွားသည်။ ကြိုးတိုက်ခန်းလေးထဲက ကြိုးသမား အားလုံး ထမင်းထည့်ဖို့ ဒန်ပန်းကန် ပြားနှင့် ဒန်ဇလုံလေးတွေ အဆင်သင့် ကိုင်စောင့်နေကြသည်။ တိုက်တန်းစီး တိုက်ရင်က ဦးဆောင်၍ တိုင်ကီပြတ် ထမင်းပုံးကို အကျဉ်းသားနှစ်ယောက် ထမ်းလာသည်။

"မသေထမင်း မသေဟင်းစား ပြီး အားမွေးထားကြဟေ့ ..."

ကြိုးတိုက်ခန်းအမှတ်(၅)ထဲက ကြိုးသမားကျော်တိုင်ဆိုသူရဲ့ အော် ဟစ်ပြောလိုက်သံကြောင့် ကြိုးသမား အားလုံး တဝါးဝါးနှင့် ပွဲကျသွားသည်။ တန်းစီးတိုက်ရင်က သံစည်ပြတ်ထဲက ထမင်းများကို ဂေါ်နှင့်ဖွနေပြီး ပန်းကန် ပြားတွေပေါ် ပုံပေးနေသည်။ သံတိုင်ကို သော့ခတ်ထားသဖြင့် သံတိုင်တံခါး အောက်က ပြန်သွင်းပေးနေသည်။

ကြိုးသမားများကို ကျွေးသည့် ထမင်းပုံစံမှာ ထိုခေတ်ထိုအခါက (B. Class) အစားအစာများဖြစ်သည်။ ကြိုးသမားများ၏ ခန္ဓာကိုယ်အလေး ချိန် လျော့နည်းမသွားစေရန် ထမင်းကို ဆန်ဖြူဖြင့် ချက်ကျွေးသည်။ အသား အတွက် အမဲသား၊ ငါး၊ ဘဲဥ စသည် ကျွေးပြီး တစ်ခါတစ်ရံ ကြက်သားလည်း ကျွေးသည်။ တစ်ယောက် လေးအောင် စနှုန်း။

ထို့ပြင် ကြိုးသမားများအတွက် အာဟာရဖြစ်စေရန် နို့၊ ကြက်ဥ၊ ပေါင် မုန့်လည်း ကျွေးမွေးသေးသည်။ ယင်း အစားအစာများမှာ ကြိုးသမားအား လုံးကို နေ့စဉ်နေ့တိုင်း ကျွေးမွေးသော အစားအစာများ ဖြစ်သည်။

ယင်းကဲ့သို့ အကျဉ်းထောင်မှ ကျွေးမွေးသည့် အစားအစာများကို ကြိုးသမားအများစုက ကြိုးပေးအ သတ်မခံရမီ မသေထမင်း၊ မသေဟင်း ကျွေးပြီး အားမွေးခိုင်းထားသည်ဟု မှတ်ယူနေကြသည်။

ကြိုးသမားအများစုမှာ ကြိုးတိုက် ထဲကို ရောက်လာစဉ်အချိန်မှစ၍ အယူ ခံဝင်ထားပြီးသူများ ဖြစ်သည်။ မိမိတို့ တင်သွင်းထားသော အယူခံလွှာ ဘယ် နေ့မှာရှုံးသွားပြီး ဘယ်အချိန်ကြိုးတိုက် ထဲမှထုတ်ကာ ကြိုးစင်ပေါ်တက်ရမည့် အရေးကို ရင်ဖိုမောဗွာ စောင့်စားနေ ကြရသူများ ဖြစ်သည်။

"မောင်ကြီး ... မင်း ထမင်း စားတော့မလား ..."

"မစားချင်သေးဘူးဆရာရယ်၊ စားချင်စိတ်လည်း မရှိသေးဘူး"

"အားရှိနေအောင် ထမင်းတော့ စားရမှာပေါ့ကွာ ...၊ မင်းတို့တွေ အတွက် သေခြင်းတရားဆိုတာ ချက် ချင်းလက်ငင်း ရောက်လာဦးမှာမှ မဟုတ်တာ ...၊ မင်းတို့အတွက် အ ယူခံအဆင့်ဆင့် ဝင်ထားပြီးပြီပဲ ...၊ ဒီကြားထဲမှာ ကံကောင်းထောက်မလို့ နိုင်ငံတော်လွတ်ငြိမ်းခွင့်ဝင်လာရင် သေ ကံမရောက် သက်မပျောက်နိုင်သေးပါ ဘူးကွာ ..."

"ဟုတ်တော့လည်း ဟုတ်ပါ တယ် ...၊ ကျွန်တော်က ဒီအမှုမှာ ပါဝင်ပတ်သက်ခဲ့တယ်ဆိုပေမဲ့ ကိုယ်

www.burmeseclassic.com

ထိလက်ရောက် ကျူးလွန်ခဲ့တာမဟုတ်ပါဘူး ...၊ ညီတွေကို မဖြစ်သင့်တာ မဖြစ်အောင် ဝင်ထိန်းရင်း ခုလိုပြစ်မှုကြီး ဖြစ်ပွားလာတော့ ကျွန်တော်က ကြံရာပါအမှုတွဲဆိုပြီး ရောသေဒဏ်ကျခံလာခဲ့ရတာပါ ...''

''မင်းညီတွေကလည်း အမွေခွဲမပေးဘူးဆိုတော့ ဒေါသပေါက်ကွဲပြီး သတ်ချင်ဖြတ်ချင် ဖြစ်ကြမှာပေါ့ ...''

''ဒါပေါ့ဆရာရယ် ...၊ သူတို့ဘက်ကြည့်တော့လည်း မှန်တာပေါ့ ..၊ ကိုယ့်မိဘတွေ ကျွဲလိုနွားလို ရုန်းကန်လုပ်ကိုင် ကြိုးစားလာလို့ ကြီးပွားချမ်းသာလာချိန်မှာ အဒေါ်က အားလုံးအခန့်သင့် လက်ဝါးကြီးအုပ်ယူထားတယ် မြင်နေကြမှာပေါ့ ...''

''ဒါနဲ့ ... မင်းတို့တွေ အဒေါ်ကို ဘယ်လိုဘယ်ပုံ သတ်လိုက်ကြတာလဲ''

''ဒါက ဒီလိုပါဆရာ ...''

ဟု အစချီလျက် ကြိုးသမားမောင်ကြီးက အခင်းဖြစ်ပွားသည့်နေ့က သူတို့ညီအစ်ကိုတွေ လူသတ်မှုကျူးလွန်လာခဲ့ပုံကို ဆက်လက်ပြောပြရန် ဟန်ပြင်လိုက်သည်။ မောင်ကြီးက လက်ထဲမှာ ဖွာနေသောဆေးပေါ့လိပ်ကို သံတိုင်တံခါးပေါ် လှမ်းတင်လျက် ..။

အဲဒီနေ့က ကျွန်တော်တို့ညီအစ်ကိုသုံးယောက်သား ထုံးစံအတိုင်း ရွာထိပ်ကထန်းရည်ဆိုင်မှာ ထန်းရည်သောက်နေကြတယ်။ အဒေါ်ဆီက အမွေကို ပြန်မရနိုင်မှန်းသိနေကြတော့ မကျေမနပ်နဲ့ တောက်တစ်ခေါက်ခေါက် ဖြစ်နေတယ်။

''အစ်ကိုကြီး ... ဘယ်လိုလုပ်ကြမလဲ ...၊ ကျွန်တော်တော့ လုံးဝ သည်းမခံနိုင်ဘူး၊ ဒီအဘွားကြီးကို သတ်ပစ်မှ ကိစ္စပြတ်မယ် ...''

''ဟုတ်တယ် ...၊ ကျွန်တော်လည်း လုံးဝမကျေနပ်ဘူးဗျာ၊ ကိုလတ်ပြောသလို အဘွားကြီးကို သတ်ပစ်ပြီး မိဘအမွေကို ပြန်ယူရမယ်ဗျ ...''

မောင်လတ်နှင့်မောင်ငယ်တို့နှစ်ယောက်မှာ အရှိန်မြင့်လာသည်နှင့်အမျှ ရင်ထဲမှာ ကြိတ်မနိုင်ခဲမရ ဒေါသပေါက်ကွဲနေကြတယ်။

''နေစမ်းပါဦး ... နေ့လယ်တုန်းက အဒေါ် ဝါးခမောက်ဆောင်းပြီး ဘယ်သွားတာလဲ ကိုလတ်''

''ဟိုဘက်ရွာမှာ ကြွေးသွားတောင်းတာနေမှာပေါ့ ...၊ ခုလောက်ဆို ပြန်လာလောက်ပြီ ...''

''ကဲ ... ဒီလိုလုပ်ကွာ၊ မင်းတို့ငါတို့ မိဘအမွေကို အသာတကြည် တောင်းခံပေမဲ့ လုံးဝခွဲမပေးနိုင်ဘူး ဖွတ်ငြင်းနေမှတော့ ကြောက်အောင်လန့်အောင်လို့ ဓားထုတ်ပြပြီး ခြိမ်းခြောက်တောင်းကြည့်မယ် ...၊ ခြေလွန်လက်လွန် မဖြစ်စေနဲ့ ကြားလား''

''ကောင်းတယ် ... အစ်ကိုကြီးပြောသလို ကြိမ်းမောင်းခြောက်လှန့်ပြီး တောင်းကြည့်ကြတာ ကောင်းမယ်''

''ကဲ ... လာကွာ၊ ဗိုင်းကို လက်စသတ်ပြီး အဒေါ်ပြန်လာမယ့် ရွာလမ်းရိုးပြတ်နားက သွားစောင့်ကြမယ်''

ကျွန်တော်တို့ညီအစ်ကိုတစ်စု အဒေါ်ပြန်လာမယ့် လမ်းနေရာကနေ သွားစောင့်နေကြတယ်။ ညနေစောင်းအချိန်မှာ အဒေါ် ဒေါ်မြင့်သွယ်ဟာ တစ်ဖက်ရွာကနေ ကြွေးတောင်းပြီးပြန်လာတယ်။

ကျွန်တော်တို့သုံးယောက်လည်း လူသွားလူလာပြတ်လပ်နေခဲ့တာကို အ ခွင့်ကောင်းယူပြီး နောက်ကနေ ကျွန် တော်က ပါးစပ်ပိတ် ချုပ်ကိုင်လိုက် တယ်။ မောင်လတ်ဟာ ထင်မှတ်ထား သလို ခြောက်လှန့်ရုံတင်မဟုတ်ဘဲ ဝမ်းဗိုက်ဆီ ခါးကြားကဓားမြှောင်ကို ထုတ်ပြီး ထိုးထည့်လိုက်တယ်။

မောင်ငယ်ကလည်း ကိုလတ် လက်ထဲက ဓားမြှောင်ကိုယူပြီး ထပ် ထိုးတယ်။ ကျွန်တော်လည်း ညီနှစ် ယောက်ရဲ့ ဒေါသပေါက်ကွဲထွက်သွား သည်အထိ အဆုံးစီရင်မှုကို မြင်ပြီးလန့် ဖျတ်သွားတယ်။ ဒါကြောင့် ကြောက် အားလန့်အားနဲ့ ချုပ်ကိုင်ထားတဲ့လက် နှစ်ဖက်ကို လွှတ်လိုက်တော့ အဒေါ် ဟာ ပုံလဲကျသွားတယ်။ ဝမ်းဗိုက်ဆီက သွေးတွေချင်းချင်းနီအောင် ထွက်ကျ လာနေလို့ ကြောက်ရွံ့စိုးရိမ်စိတ်နဲ့ အ ခင်းဖြစ်နေရာက ထွက်ပြေးခဲ့ကြတယ်။

နောက်ပိုင်း ရွာဆီပြန်လာနေကြ တဲ့ ခရီးသွားတွေက အဒေါ်လဲကျနေ တာကို တွေ့မြင်သွားကြလို့ ဆေးရုံ အမြန်တင်ပို့ ကုသခဲ့ကြတယ်။ အဒေါ် ကလည်းအသက်ပြင်းတယ်။ ဒီလောက် ဒဏ်ရာဒဏ်ချက်တွေ ရနေလျက် သေ လောက်တဲ့ဒဏ်ရာ မဟုတ်လို့ထင် တယ်၊ အသက်မသေသေးဘဲ သ လစ်နေတယ်။ ဒါကြောင့် ဆေးရုံ ဆေးဝါးကုသပေးနေတယ်။

ကျွန်တော်တို့သုံးယောက်လည်း အဒေါ် အသက်မသေသေးဘူးဆိုတာ ကို သိရတော့ စိုးရိမ်ချောက်ချားသ ကြတယ်။ အဒေါ်သတိရလာ ကျွန် တော်တို့ညီအစ်ကိုသုံးယောက် ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး သတ်ကြတာလို့ ဖွင့်ဟပြောဆိုမှာကို တွေးကြောက်နေကြတယ်။

"ဒါဆို ... မင်းတို့အဒေါ်က အသက်မသေသေးဘဲ ဆေးရုံပေါ်မှာ အသက်ပြန်ရှင်လာခဲ့တာပေါ့"

"ဟင့်အင်း ... သေသွားတယ်"

"ဟင် ... ဘယ်လိုဖြစ်ပြီး သေသွားရတာလဲ ..."

"ဒီလိုပါ ဆရာ ..."

ဟု အစချီလျက် မောင်ကြီးက အမှုဖြစ်စဉ်ကို ဆက်ပြောနေပြန်တယ်။

ကျွန်တော်တို့ညီအစ်ကိုလည်း ကြံရာမရဖြစ်ပြီး စိတ်အိုက်နေခဲ့ကြတယ်။ ဒီကိစ္စ အမှုမှန်ပေါ်ပေါက်သွားရင်တော့ မိးနိုးကြွက်လျှောက်လိုက်ပြီး ထောင်ကျမှာကို စိုးရိမ်ပူပန်နေကြတယ်။

"အစ်ကိုကြီး ... ထောင်ကျမယ့် အတူတူ တစ်ခါတည်း နှုတ်ပိတ်လိုက်မှအေးမယ် ..."

"ဘယ်လိုလုပ်ပြီး ... ဆေးရုံပေါ်တက် လုပ်ကြမလို့ဖြစ်မလဲ ...၊ ဆေးရုံပေါ်မှာက လူနာတွေနဲ့၊ လူနာစောင့်တွေ အများကြီးကွ ..."

"ဖြစ်ပါတယ်ဗျာ ... ဘာမှမပူနဲ့၊ ကျွန်တော်ကိုယ်တိုင် ဆေးရုံပေါ်ကို တိတ်တိတ်ခိုးဝင်သွားပြီး သတ်ပစ်ခဲ့မယ်ဗျာ ..."

"မောင်လတ်ရာ ... စဉ်းစဉ်းစားစားလည်း လုပ်ပါဦးကွာ၊ တော်ကြာမိသွားမှ အကုန်ဒုက္ခရောက်နေပါ့မယ်"

နောက်ည လူခြေတိတ်ချိန်အထိ ဆေးရုံပတ်ဝန်းကျင်နေရာမှာ စောင့်ဆိုင်းနေကြတယ်။ ဆေးရုံထဲက အခြေအနေကို စောင့်ကြည့်အကဲခတ်နေခဲ့ကြတယ်။ ညကြီးမိုးချုပ်မှ ဆေးရုံပေါ်က လူနာနဲ့လူနာစောင့်တွေ အိပ်ချိန်လောက်ရောက်မှ မောင်လတ်က ခါးကြားမှာ ဓားမြှောင်ဝှက်ပြီး ဆေးရုံပေါ် တိတ်တဆိတ်တက်သွားခဲ့တယ်။

မကြာမီမှာ ဆေးရုံပေါ်ကနေ ကမူးရှူးထိုးပြေးဆင်းလာနေတဲ့ မောင်လတ်ကို မြင်ရပြီး ကိစ္စတုံးစီစဉ်ခဲ့ပြီဖြစ်ကြောင်း ပြောပြတယ်။ ကျွန်တော်တို့ သုံးယောက် ဆေးရုံနားကနေ ခြေရာဖျောက် လစ်ခဲ့ကြတယ်။

နောက်ပိုင်းမှာရဲတပ်ဖွဲ့ဝင်တွေက အဒေါ်သေဆုံးသွားရခြင်းဟာ အမွေကိစ္စနှင့် သက်ဆိုင်မယ်လို့ ပတ်ဝန်းကျင်ကလူတွေ ပြောပြချက်အရ ကျွန်တော်တို့ကို လိုက်လံစုံစမ်း ရှာဖွေရင်း အမှုမှန်ပေါ်ပေါက်သွားခဲ့တယ်။ နောက် အမှုကို တရားရုံးမှာစွဲတင်ပြီး သေဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်တယ်။

**ကံကြမ္မာလမ်းခွဲ**

ကြိုးတိုက်ကြီးထဲမှာ ကြိုးသမားအားလုံး လှုပ်လှုပ်ရွရွဖြစ်နေတယ်။ တစ်နေ့က ကြိုးသမား'ရဲမောင်'ဆိုသူကို သူ့မိန်းမ ထောင်ဝင်စာလာတွေ့စဉ်မှာ ကြားလာခဲ့ရတဲ့သတင်းဖြစ်တယ်။ တစ်ခါတလေတော့လည်း ထောင်ထဲက ကောလာဟလက မှန်တတ်တယ်။

အဲဒါကတော့ နိုင်ငံတော်က ထောင်ထဲမှာရှိနေတဲ့ အကျဉ်းသားအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးမယ်ဆိုတဲ့သတင်းပဲဖြစ်တယ်။ အဲဒီသတင်းထူးကို ကြားခဲ့ရတဲ့ ကြိုးသမားအားလုံး မှန်ပါစေလို့ ပိုင်းဆုတောင်းရင်း လှုပ်လှုပ်ရွရွဖြစ်နေတယ်။

နောက်တစ်ပတ်လောက်မှာ ကြိုးတိုက်ထဲမှာ သေဒဏ်ကျခံနေရတဲ့ ကြိုးသမားညီအစ်ကိုသုံးဦးအတွက် ကံဆိုးမိုးမှောင်ကျမယ့် သတင်းဆိုးကြီးကို ရုတ်တရက် ကြားခဲ့ကြရတယ်။

သို့သော်လည်း တကယ်သတင်းအစစ်အမှန်က ကြိုးတိုက်ထဲမှာရှိနေတဲ့ ကြိုးသမားသုံးဦးထဲက တစ်ဦး ကွင်းလုံးကျွတ်လွတ်သွားတဲ့သတင်း ဖြစ်နေတယ်။ အဲဒီကြိုးသမားသုံးဦးကလည်း အရွယ်မရောက်သေးတဲ့ ကောင်မလေး ညီအစ်မကို မုဒိန်းကျင့် သတ်ဖြတ်မှုနဲ့ သေဒဏ်ကျခံနေရတယ်။

ဒီလို သုံးယောက်ထဲက ကြိုးသမား'တင်ထွန်း'ဆိုသူဟာ အခင်းဖြစ်ပွားချိန်မှာ သူ့လေ့ကို ငှားစီးသွားပြီး ပြစ်မှုကျူးလွန်ခဲ့ကြပေမဲ့ ဒီအမှုအခင်းထဲမှာ သူမပါဘဲ ကျန်နှစ်ဦးကသာ ပြစ်မှုကျူးလွန်ခဲ့ကြလို့ အယူခံမောင်ကျောက်တံက အယူခံလွှာမှာ ထောက်ပြရေးသားပေးခဲ့လို့ ဗဟိုတရားရုံးကနေ အမှုမှာ မပါဝင်ဘူးဆိုတာ စစ်ဆေးလက်ခံလို့ သေဒဏ်က ကွင်းလုံးကျွတ် လွတ်သွားခဲ့တာဖြစ်တယ်။

ဒီလို သေအံ့ဆဲဆဲအခြေအနေကနေ ကြိုးသမားတစ်ယောက် အယူခံနိုင်လို့ ကွင်းလုံးကျွတ်လွတ်သွားတယ်ဆိုတဲ့သတင်းဟာ တောမီးပမာ ကြိုးတိုက်ထဲမှာပျံ့နှံ့သွားခဲ့တော့တယ်။

ကြိုးသမားအားလုံး ပျော်ရွှင်ကြည်နူးနေတဲ့မျက်နှာတွေနှင့် ဝမ်းသာပျော်ရွှင်နေကြတယ်။ ထမင်းဘုတ်က ထမင်းလာဝေပေးနေချိန်မှာတောင် –

"ငါတို့အတွက် ဒီတိုက်ထမင်းဟင်းကို စားစရာမလိုတော့ဘူး၊ နိုင်ငံ



www.burmeseclassic.com

တော်လာတော့မှာကွာ ...ဟား .. ဟား ...''

နဲ့ ပျော်ပျော်ပါးပါး နောက်ပြောင်ကျီစယ်နေခဲ့ကြတာများ ကြိုးတိုက်ခန်းထဲမှာ အသံဗလံတွေ အုန်းအုန်းထနေတာပဲ။ ဘဝတူကြိုးသမားတစ်ယောက် ကြိုးတိုက်ခန်းထဲက လွတ်မြောက်သွားခြင်းဟာ ကျန်ကြိုးသမားတွေအတွက်တော့ နိမိတ်ကောင်းတစ်ခုလို့ မှတ်ယူနေကြတယ်။


ညဘက်အိပ်ချိန်ပေးပြီးချိန်ထိတိုင်အောင် ကြိုးတိုက်ခန်းလေးထဲမှာ နိုင်ငံတော်လာမယ်ဆိုတဲ့ သတင်းထူးကိုပဲ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်နေကြတယ်။ ကြိုးတိုက်စောင့်ဝန်ထမ်းတွေဆိုတာလည်း ကြိုးသမားအများစုလို ပျော်ရွှင်ကြည်နူးနေခြင်းကြောင့် အန္တရာယ်မရှိနိုင်ဘူးဆိုပြီး စိတ်ချမ်းမြေ့နေကြတယ်။

ဘာပဲဖြစ်ဖြစ် ထောင်စည်းကမ်းဥပဒေအရ အိပ်ချိန်ပေးထားပြီးချိန်မှာ ဆူဆူညံညံ စကားပြောဆိုနေခြင်းကို ပိတ်ပင်တားမြစ်ပြီး တိတ်တိတ်ဆိတ်ဆိတ်နှင့် နေထိုင်ကြရန် လိုက်လံတားမြစ်နေရတယ်။

ကြိုးသမားအားလုံးရဲ့ မျှော်လင့်ချက်ရောင်ခြည်ကတော့ နိုင်ငံတော်လာမှ သေဒဏ်ကနေ ချက်ချင်းလွတ်မြောက်ကြမည်ဆိုတာကို နားလည်သဘောပေါက်နေကြတယ်။ ညဘက်ဘုရားရှိခိုးနေကြသူတွေ၊ ပုတီးစိပ်နေကြသူများမှာ နိုင်ငံတော်လာဖို့အရေး ဆုတောင်း မေတ္တာပို့သသံတွေနှင့် ဝေဝေစည်စည် ကြားနေရတယ်။

များသောအားဖြင့် ကြိုးသမားတော်တော်များများက သတင်းထူးကို စောင့်မျှော်နေကြရင်း ဝမ်းသာပျော်ရွှင်မှုနှင့် အိပ်မပျော်စားမဝင်နိုင်ဘဲ ကြိုးသမားအားလုံး အပျော်ကူးဆက်ကာ ပျော်မြူးနေကြတယ်။

တချို့ကလည်း နံနက်ထောင်ဖွင့်ပြီးသွားသည်နှင့် မည်သည့်သတင်းထူးများ ကြားလာရမလဲဆိုသည်ကို မျှော်လင့်စောင့်စားနေကြတယ်။ ဆေးလိပ်သောက်တတ်သူတွေက ကြိုးတိုက်ခန်းထဲမှာ မီးခိုးတွေမှိုင်းမွှန်အောင် သောက်လျက် နိုင်ငံတော်လာမည့် သတင်းကိုပဲ မြိန်ရည်ယှက်ရည် ပြောဆိုနေခဲ့ကြတယ်။



**ကံဆိုးသူတို့ရဲ့ ကံကြမ္မာ**

၁၉၈၀ ခုနှစ် ဧပြီလထဲကိုသာ ရောက်လာသည်။ နိုင်ငံတော်ဆိုသည်က ဘယ်ဆီမှန်းမသိနိုင်၊ မကြားနိုင်သေးဘဲ ကြိုးသမားအများစုရဲ့ မျှော်လင့်ချက်ရောင်ခြည် မှေးမှိန်စပြုလာနေတယ်။ စိတ်ဓာတ်တွေ ယိမ်းယိုင်ချောက်ချားလာနေကြတယ်။

တကယ့်တကယ် လာမယ့်လာတော့လည်း နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်က ရောက်ရှိမလာဘဲ အယူ ရုံးနိမ့်သွားကြသော ကြိုးသမား(၃)ဦး အတွက် နိုင်ငံတော်သမ္မတကြီးရဲ့ထံ အထူးအသနားခံစာ ပယ်ချလွှာက ဦးစွာရောက်ရှိလာခဲ့တယ်။

သူတို့ကတော့ ကိုယ့်အ... အရင်းကို မသေမချင်းလုပ်ကြသ... ဖြစ်ခဲ့ကြတဲ့ မောင်ကြီး၊ မောင်လ... မောင်ငယ်တို့ ညီအစ်ကိုသုံးယောက် ဖြစ်တယ်။ ကြိုးဒဏ်ကနေလွတ်မြောက်ပြီး တစ်သက်တစ်ကျွန်းပြစ်ဒဏ်... ပြောင်းလဲပေးမလားဆိုသည့် မျှော်လ... ချက်နှင့် စောင့်စားနေစဉ်မှာ ကြိုး... တင်၍ ကြိုးကွင်းစွပ် သတ်စေဆိုသ... အမိန့်က ဦးစွာရောက်လာတယ်။

ဒီလို သေမင်းတမန်စာအိတ်... ရောက်ရှိလာခဲ့ချိန်မှာ ကြိုးတိုက်တ... ခံ ထောင်မှူးလေးရင်ထဲ စိတ်မကော... ခြင်းကြီးစွာဖြင့် နွမ်းခွေယိုင်သွားတယ... ဒီအမင်္ဂလာသတင်းဆိုးကို ကာယ... ရှင် ညီအစ်ကိုသုံးယောက်ကို ဖွင့်ပြော... မှာ မဝံ့မရဲဖြစ်သွားတော့တယ်။

''မောင်ကြီး ...မင်းတို့ညီ... ကိုသုံးယောက်စလုံး နိုင်ငံတော်သ... ထံ အထူးအသနားခံစာ တင်သွင်း...

www.burmeseclassic.com

မှာ ပယ်ချခံလိုက်ရပြီကွ …”

“ဗျာ …၊ ဘယ်လိုဖြစ်သွားရတာလဲ ဆရာရယ် …၊ ကျွန်တော်တို့မှာ နိုင်ငံတော်လာမယ်ဆိုတဲ့သတင်းကိုကြားပြီး ပျော်ရမယ်မကြံသေးဘူး၊ ခုတော့ …အယူခံရှုံးသွားပြီတဲ့လားဗျာ”

“ကုသိုလ်ကြမ္မာမမီခဲ့လို့ပဲ ဆိုရတော့မှာပေါ့ တပည့်ရယ် …၊ တကယ်တော့ မင်းတို့တွေဟာ ကိုယ့်အဒေါ်အရင်းခေါက်ခေါက်တစ်ယောက်လုံးကို ကာယကံမြောက် ကျူးလွန်မိခဲ့ကြလို့လည်း ကျေးဇူးရှင်အပေါ် ကျေးစွပ်ခဲ့ကြလို့ ခင်ပွန်းကြီးဆယ်ပါးကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြလို့ ကံကြီးထိုက်ခဲ့တာပဲ …”

“ဟုတ်ပါတယ် ဆရာ …၊ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်လုံး မိဘအမွေကို လိုချင်တပ်မက်ပြီး မိုက်တွင်းနက်ခဲ့ကြလို့ ကိုယ့်ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးရှင် ကျွေးမေမေကို ပြစ်မှားမိခဲ့တဲ့ ဝဋ်ကြွေးဆိုက်ခဲ့တာလို့ပဲ မှတ်ယူလိုက်ပါ့မယ် …”

“အဲဒီတော့ နက်ဖြန်နံနက်အရုဏ်မတက်ခင် အချိန်လောက်မှာ မောင်လတ်နဲ့မောင်ငယ်ကို အရင်ဆုံးကြိုးပေးကွပ်မျက်ရမယ်၊ နောက်တစ်နေ့မှ မောင်ကြီးကို ကြိုးပေးမယ်”

ကြိုးတိုက်တာဝန်ခံ ထောင်မှူးလေးက ကြိုးပေးစီရင်မည့် အစီအစဉ်ကို ကြိုးသမားမောင်ကြီးနှင့် မောင်လတ်ကို အသိပေးပြောကြားတယ်။ မိမိနှင့်အတူ ကြိုးတိုက်ခန်းထဲမှာ ရက်ရှည်လများ ဆက်ဆံလာခဲ့ရသော မောင်ကြီးအပေါ်တွင် သံယောဇဉ်တွယ်

**တပည့်တော်တို့**
**ညီအစ်ကိုဟာ**
**ကိုယ့်ကို**
**ငယ်စဉ်ကတည်းက**
**ကျွေးမွေး**
**စောင့်ရှောက်လာခဲ့တဲ့**
**အဒေါ်အရင်းခေါက်ခေါက်ကို**
**ကာယကံ၊**
**ဝစီကံအမှု**
**ကျူးလွန်ပြီး**
**သတ်ဖြတ်ခဲ့ကြလို့**
**ကံကြီးထိုက်သောကြောင့်**
**…**

တာစိတ်ဖြင့် စိတ်မကောင်းကြီးစွာဖြစ်ပေါ်ခံစားနေရသည်။

“မင်းတို့အနေနဲ့ အပြင်ဘက်ကတွေ့လိုသူ ဆွေမျိုးသားချင်းများ ရှိနေရင်လည်း တွေ့ဆုံခွင့်ရအောင် စီစဉ်ပေးမယ် …”

“ကျွန်တော်တို့မှာ အဖေအမေကလွဲလို့ တွေ့ဆုံရမယ့်လူ မရှိပါဘူး …၊ အဲ … ဒါပေမဲ့ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ကို လိမ္မာရေးခြားရှိလာအောင် သွန်သင်ဆုံးမပေးခဲ့တဲ့ ရွာဦးကျောင်းဆရာတော် ဦးဇောတိကကိုတော့ နောက်ဆုံးအနေနဲ့ ကန်တော့သွားချင်ပါတယ် …”

“ဒါအတွက် မပူပါနဲ့ ..၊ ဆရာတတ်နိုင်သမျှ ကူညီပေးပါ့မယ်ကွာ”

ကြိုးတိုက်တာဝန်ခံ ထောင်မှူးလေးသည် ကြိုးသမားမောင်ကြီး၏ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန် ထောင်ပိုင်ကြီးထံ သွားရောက်သတင်းပို့လေသည်။ အကျဉ်းထောင်မှ ရုံးအော်ဒလီဝန်ထမ်း တပ်ကြပ်မြအေးကို အမြန်ဆုံးစေလွှတ်လိုက်သည်။

ကြိုးတိုက်ခန်းထဲမှာလည်း ကြိုးသမားသုံးဦးကို အနီးကပ်စောင့်ကြပ်ကြည့်ရှုထားရန် လုံခြုံရေးအင်အားကို တိုးမြှင့်ချထားရန် စီစဉ်ခဲ့လေသည်။ ပြီးမှ နောက်တစ်နေ့နံနက် ကြိုးပေးစီရင်ရမည့် ကြိုးသမားသုံးဦးအတွက် ကြိုးကျစ်ဘုတ်မှ မနီလာကြိုး ကျပ်လုံးခန့်သုံးချောင်းကို အလျင်အမြန်ကျစ်ထားရန် စီစဉ်ရလေသည်။

နောက် လက်သမားဘုတ်မှာ ခေါင်းတလားသုံးလုံးကို အဆောတလျင် စပ်ခိုင်းထားရသည်။ ယင်းသို့ ကြိုးသမားများနှင့်သက်ဆိုင်သော ကိစ္စရပ်များကို ရေပက်မဝင်အောင် စီစဉ်ခဲ့ပြီး ကြိုးတိုက်ဆီသို့ ပြန်လာခဲ့သည်။

ညနေမှောင်ရီချုပ်စ အချိန်ခန့်မှာ တပ်ကြပ်မြအေးနှင့်အတူ ရွာဦးကျောင်းဆရာတော်ဦးဇောတိကပါ တစ်ပါးတည်း

www.burmeseclassic.com

ပါလာသဖြင့် ကြိုးတိုက်ခန်းထဲတွင် တွေ့ဆုံခွင့် ပြုပေးခဲ့သည်။

ဆရာတော်မှာ ကြိုးတိုက်ခန်းထဲတွင် ဝမ်းနည်းအားငယ်နေရှာသော တပည့်ကျောင်းသားများကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွားသည်။ ထို့နောက် ထောင်မှူးလေးက ဆရာတော်ကို မိမိတပည့်များအတွက် သရဏဂုံဆောက်တည်ပေးရန် မေတ္တာရပ်ခံသည်ကို ကြည်ဖြူစွာဖြင့် သရဏဂုံဆောက်တည်ပေးနေသည်။

"အရှင်ဘုရား ... တပည့်တော်တို့ ညီအစ်ကိုဟာ ကိုယ့်ကိုယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့ အဒေါ်အရင်းခေါက်ခေါက်ကို ကာယကံ၊ ဝစီကံအမှု ကျူးလွန်ပြီး သတ်ဖြတ်ခဲ့ကြလို့ ကံကြီးထိုက်သောကြောင့် ကြိုးစင်ပေါ်ကို ရှောင်လွှဲမရနိုင်ဘဲ တက်ရောက်ကြရတော့မှာပါ ဘုရား"

"အိမ်း ... ဒကာလေးတို့ လူဆိုတာ သေမျိုးချည်းပါပဲ၊ သို့သော်လည်း မိမိတို့သေသင့်သေထိုက်ချိန် သက်တမ်းစေ့၍ သေသွားရခြင်းမျိုးမဟုတ်ဘဲ၊ မသေသင့် မသေထိုက်သေးတဲ့ အရွယ်ကောင်းအချိန်အခါမှာ ရှေးဘဝက ဝဋ်ကြွေးမလွတ်ကင်းလို့ ဥပစ္ဆေဒကကံနဲ့ သေကြရခြင်းဖြစ်တယ် ...၊ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် မိမိတို့ကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးရှင်ကို စော်ကားတာဟာ မိဘဂိုဏ်းသင့်ခဲ့ကြတာပဲ၊ ဒါကြောင့် အဒေါ်အပေါ်မှာ ကာယကံ၊ ဝစီကံနဲ့ ပြစ်မှားကျူးလွန်မိခဲ့ကြတာကို အပြစ်ပြေရာပြေကြောင်း ရှိခိုးတောင်းပန်လိုက်ကြပြီး ဒီဝဋ်ကြွေးကို ဒီဘဝဒီမျှနဲ့ပဲ ကြေပါစေလို့ ဆုတောင်းကြပေါ့ ကွယ် ..."

"တင်ပါ့ဘုရား ..."

ရွာဦးကျောင်းဆရာတော် ဦးဇောတိကမှ မိမိလက်အောက်တပည့် ဖြစ်ခဲ့ဖူးသော ညီအစ်ကိုသုံးယောက်ကို တရားရေအေး တိုက်ကျွေးဆုံးမကာ ပြောဆိုနေစဉ် ညီအစ်ကိုသုံးဦးစလုံး မျက်ရည်လည်ရွဲဖြင့် နာယူမှတ်သားနေကြသည်။

ယခုလို မျက်ရည်စိုရွှဲနေခဲ့ခြင်းမှာ မိမိတို့အဒေါ်အပေါ်မှာ ကာယကံမြောက် ကျူးလွန်မိခဲ့ခြင်းအပေါ် ယူကြုံးမရ နောင်တအခါခါရနေ၍လား၊ မိဘအမွေအပေါ် လိုချင်တပ်မက်စိတ်ဖြစ်ပေါ်ခဲ့မိသော တဒင်္ဂလောဘတရားကြောင့် ကြေကွဲဝမ်းနည်းနေရသည်လား ဆိုသည်မှာ ကာယကံရှင်များမှလွဲ၍ မသိနိုင်ပေ။

နောက်ဆုံး ကြိုးတိုက်ထောင်မှူး၏ မေတ္တာရပ်ခံချက်ကြောင့် ဆရာတော်ဦးဇောတိကသည် ညီအစ်ကိုများကို အရှင်လတ်လတ် သရဏဂုံတည်ပေးနေသည်ကို ကြိုးတိုက်ခန်းထဲမှာ ရှိနေကြသော ကြိုးသမားများ ကြားလိုက်ရသောအခါ မိမိတို့အလှည့် ဘယ်တော့ရောက်လာလေမလဲ ဆိုသည်ကို တွေးယူကာ သံဝေဂတရား ရနေကြလေသည်။

## မရဏကြိုးစင်ပေါ်ဝယ်

နံနက်ခင်း ဝေလီဝေလင်းအချိန်အခါသမယဝယ် ကြိုးတိုက်ခန်းထဲမှာ ကြိုးသမားများ စိတ်မကောင်းစွာဖြင့် မိမိတို့ ဘဝတူကြိုးသမားညီအစ်ကိုများအတွက် ဝမ်းနည်းကြေကွဲနေကြလေသည်။

ကြိုးတိုက်တာဝန်ခံ ထောင်မှူးလေးကိုယ်တိုင် ကြီးကြပ်ကွပ်ကဲလျက် ကြိုးသမားသုံးဦးကို အစောင့်ဝန်ထမ်းများခြံရံကာ ကြိုးတိုက်ထဲမှ ခေါ်ဆောင်လာသည်။

ကြိုးစင်ကြီးသို့သွားရာ မြေနီလမ်းကလေးတစ်လျှောက်မှာ နီယွန်မီးချောင်းအလင်းရောင်အောက်ဝယ် ရှေ့မှဝန်ထမ်းတစ်ဦးက ကြေးစည်သေးသေးလေးကို ခပ်အုပ်အုပ်ထုနှက်လျက်သွားနေပြီး နောက်မှ ဥပသကာလိုဝတ်ဆင်ထားသော ဝန်ထမ်းတစ်ဦးမှ ကြေးဆင်းတုတော်လေးကို ခေါင်းပေါ်ရွက်မိုးထားလေသည်။

အနောက်ဘက်နေရာဆီမှာတော့ ဝန်ထမ်းအစောင့်အရှောက်များ ခြံရံလျက် ကြိုးသမားနှစ်ဦးဖြစ်သော မောင်လတ်နှင့် မောင်ငယ်တို့နှစ်ဦးအား ကြိုးသမားများ ကြိုးပေးမခံရမီ ဝတ်ဆင်ထားသော ဝတ်စုံဖြူရှည်ကို နောက်ပြန်ဝတ်ဆင်လျက် လက်ထိပ်ခတ်ကာ ခေါ်ဆောင်လာသည်။

မြေနီလမ်းကလေးပေါ် လျှောက်လှမ်းလာကြရာလမ်းတစ်လျှောက်မှာ မောင်လတ်တစ်ယောက် ကြောက်ရွံ့ရုန်းကန်ကာ ဝန်ထမ်းများကြားမှ ချုပ်ကိုင်ခေါ်လာရသည်။ ကြိုးတိုက်ထဲမှ လျှောက်လာနေသော မြေနီလမ်းအလွန်မှာတော့ ကြိုးစင်ကြီးမှာ အမှောင်ထုအောက်ဝယ် ထီးထီးကြီး လှမ်းမြင်နေရသည်။

ကြိုးစင်ကြီးရှေ့ ကိုက်(၂၀)ခန့်အရောက်မှာ ကြိုးစင်ကြီးပေါ်မှ ယက်



www.burmeseclassic.com

မတန်းများဝယ် ချိတ်ဆွဲထားသော မနီလာကြိုးနှစ်ချောင်းမှာ လေအဝှေ့ဝယ် ရှေ့နောက်ယိမ်းထိုးနေသော အသွင်သဏ္ဍာန်မှာ မြင်ရသူအဖို့ စိတ်ချောက်ချားစရာ ကောင်းလှသည်။

ဤကဲ့သို့ ကြိုးစင်နားနီးကပ်လာလေ ကြိုးသမားနှစ်ယောက်စလုံး မည်သို့ပင် သတ္တိကောင်းသူဖြစ်ပါစေ ထိတ်လန့်တုန်လှုပ်စမြဲ ဖြစ်ပါသည်။ ကြိုးစင်ကြီးမှာ ကြိုးပေးစီရင်မှု မပြုလုပ်ချိန်တွင် ဘေးမှယက်မတန်းများကို ဖြုတ်သိမ်းထားရသည်။

ယခုလို ကြိုးသမားအယူခံ ရှုံးနိမ့်သွားပြီး ကြိုးပေးစီရင်ရတော့မည်ဆိုမှ ချက်ချင်း ယက်မတန်းများတပ်ဆင်ခြင်း၊ ကြိုးပေးနေစဉ် ချွတ်ချော်မှုမဖြစ်စေရန် အံဖုံးတံခါးများကို ပြုပြင်ခြင်း၊ ဒေါက်မောင်းတံဆွဲမည့်နေရာအား ဆီပြည့်ပေးခြင်း စသည်တို့ ပြင်ဆင်ထားရသည်။

ကြိုးစင်ကြီး၏အမြင့်ပေမှာ ခုနစ်ပေခန့်လောက်မြင့်ပြီး ကြိုးစင်ပေါ်သို့ တက်ရောက်ရမည့် လှေကားထစ်မှာ (၁၃)ထစ်ခန့် ရှိနေခြင်းမှာ ယခင်ကိုလိုနီအစိုးရ အုပ်ချုပ်စဉ်က နိမိတ်မကောင်းသော (၁၃)ဂဏန်းကို ရွေးခဲ့ဟန်တူလေသည်။

ကြိုးစင်ကြီးပေါ်ဝယ် ကြိုးသမားနှစ်ဦးအား တစ်ပြိုင်တည်းကြိုးပေးနိုင်ရန်စီစဉ်ထားသည်။ ကြိုးစင်ကြီးဘေးခပ်လှမ်းလှမ်းနေရာမှ ထောင်ပိုင်ကြီးနှင့် ထောင်ဆရာဝန်ကြီး၊ တရားသူကြီးမင်းနှင့် အကျဉ်းဦးစီးဌာနမှ အရာရှိများ စုံညီ ရှိနေသည်။

ကြိုးပေးစီရင်ရမည့် ညီအစ်ကိုနှစ်ဦးအနက် အစ်ကိုလတ်ဖြစ်သူ မောင်လတ်ကို ဦးစွာ ကြိုးစင်ပေါ်ခေါ်ဆောင်လာသည်။ ကြိုးစင်ပေါ်ရှိ ယက်မတန်းအောက်ဝယ် ရပ်စေပြီး မနီလာကြိုးကို လေထဲဝဲနေရာမှ လှမ်းဖမ်းယူကာ ထောင်မှူးလေးက လည်ပင်းတွင် စွပ်ပေးလိုက်ပြီး ကြိုးထုံးဘုနေရာမှ မေးရိုးဆီထောက်ထားလိုက်သည်။ ပြီးမှ ခေါင်းစွပ်အမည်းကို စွပ်ချပေးလိုက်သည်။

နောက်အငယ်ဆုံးမောင်ငယ်ကို ကြိုးစင်ကြီးပေါ် ခေါ်ဆောင်လာစဉ် တွန်းထိုးရုန်းကန်လျက် ငိုယိုအော်ဟစ်ကာ ကြောက်လန့်နေရှာသည်။ ဝန်ထမ်းများမှ အတင်းချုပ်ကိုင် ဖမ်းဆီးကာ မောင်လတ်ဘေးတစ်ဖက် အံဖုံးပေါ်တည့်မတ်အောင် ရပ်စေပြီးမှ ထောင်မှူးလေးက မနီလာကြိုးကို စွပ်ပေးနေသည်။ ထိုစဉ် –

"ညီလေးလား ..."

"ဟုတ်ပါတယ် ... အစ်ကိုလတ်ရယ် ... အီး ... ဟီး ... ဟီး ..."

"မင်း ... ယောကျ်ားမဟုတ်ဘူးလား၊ လုပ်ရဲရင် ခံရဲရမှာပေါ့ ..."

"ကျွန် ... ကျွန်တော် ကြောက်တယ်ဗျာ"

"ဘာကြောက်စရာရှိရမှာလဲ၊ တမလွန်ခရီးကို တို့ညီအစ်ကိုသုံးယောက် လုပ်တုန်းကလည်း ရဲရဲလုပ်ခဲ့ပြီးပဲ ... သေတော့လည်း မခွဲမခွာ အတူတူ မရဏခရီးသွားရမှာ မင်းဘာကြောက်နေလဲ ... သတ္တိမွေးစမ်း"

"ဟုတ် ... ဟုတ်ကဲ့အစ်ကိုလတ်"

ကြိုးသမားမောင်ငယ်မှာ ခေါင်းစွပ်မစွပ်မီ ရှေ့ခပ်လှမ်းလှမ်းမှာ ဖူးတွေ့နေရသော ထုံးဖြူဖြူစေတီလေးဆီ စိတ်ရည်မှန်းကာ အာရုံပြုနေလိုက်ပြီး စိတ်တည်ငြိမ်အောင် ကြိုးစားနေရှာသည်။

ကြိုးသမားညီအစ်ကိုနှစ်ဦးအား အံဖုံးတံခါးချပ်များပေါ်တွင် ကိုယ်စီရပ်နေပြီးသောအခါဝယ် ပတ်ဝန်းကျင်တစ်ခွင်လုံး အပ်ကျသံမကြားရအောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ ထောင်ပိုင်ကြီးမှ နောက်ဆုံးဆန္ဒကို မေးမြန်းနေစဉ် မောင်လတ်က –

"ကျွန်တော်တို့ညီအစ်ကိုသုံးယောက်စလုံး ယခုကိစ္စကို စိတ်တူကိုယ်တူ လုပ်ဆောင်ခဲ့ကြတာဖြစ်တယ်၊ မိဘအမွေကို မတရားအနိုင်ကျင့် လုယူခံရသည့်ဒုက္ခဆိုးမှ နောင်ဘဝဆက်တိုင်းကင်းဝေး ..."

"ဂျိုင်း"

ဆိုသော အံဖုံးတံခါးချပ်ကြီးနှစ်ချပ်မှာ ပွင့်ထွက်သွားသည်။ အလင်းရောင်မပီပိုးဝါး ရှိနေသောအချိန် တိတ်ဆိတ်ငြိမ်သက်နေသော ကာလဝယ် အံဖုံးတံခါးပွင့်ကျသံကြီးက ပတ်ဝန်းကျင်ကို အထိတ်တလန့်ဖြစ်သွားစေသည်။

ကြိုးစင်ကြီးဘေးနားဝယ် ရှိနေသော ညောင်ပင်အိုကြီးပေါ်မှ အိပ်တန်းတက်နေသော ကျီးတစ်အုပ်ပင်လျှင် လန့်ဖျတ်သွားကာ တအားအားအော်မြည်လျက် ကောင်းကင်ယံဆီသို့ ဆူညံစွာ အော်ဟစ်ပျံသန်းနေကြသည်။

ထိုအချိန် ကြိုးတိုက်ခန်းထဲဝယ် ကျန်ရစ်နေသော မောင်ကြီးမှာလည်း မိမိညီနှစ်ယောက် မိမိထက်အရင် ဘဝ

www.burmeseclassic.com

www.burmeseclassic.com


ကူးကောင်းစေရန် ဆုတောင်းမေတ္တာပို့နေသည်။ မိမိတို့ညီအစ်ကို ငယ်စဉ်တောင်ကျေး ကလေးဘဝ ရွာဦးဘုန်းကြီးကျောင်းမှာ ပျော်ရွှင်စွာဆော့ကစားခဲ့ကြသည်များကို တရေးရေးပြန်မြင်လာကာ စိတ်ထိခိုက် ကြေကွဲနေရှာသည်။

နောက်တစ်နေ့နံနက် အရုဏ်ကျင်းစအချိန်မှာပဲ ကြိုးတိုက်ခန်းထဲမှ မောင်ကြီးကို ထောင်မှူးလေးဦးဆောင်သော ဝန်ထမ်းများ လာရောက်ခေါ်ထုတ်သွားလေသည်။ မောင်ကြီးကတော့ ရဲရဲဝံ့ဝံ့ တည်တည်ကြည်ကြည်ဖြင့် ခေါ်ဆောင်ရာနောက် အေးအေးဆေးဆေးလိုက်ပါလာရှာသည်။

ကြိုးစင်ကြီးပေါ် ခြေနင်းတက်စဉ် မိမိလုပ်ခဲ့မိသည့် လုပ်ရပ်အပေါ် နောင်တရဟန်မရှိဘဲ ရဲရဲဝံ့ဝံ့ တစ်ထစ်ချင်းနင်းတက်သွားနေသည်။ အံဖုံးတံခါးနေရာရောက်မှ မနီလာကြိုးခေါင်းစွပ်ပြီး ဘုရားကိုတစ်ချက်လှမ်းအာရုံပြုနေသည်။ ပြီးမှ ခေါင်းစွပ်ခံလေသည်။ ထိုစဉ် တိတ်ဆိတ်ငြိမ်သက်နေချိန်ဝယ် အောင်မြင်ခန့်ငြားသော အသံသြဇာအပြည့်ဖြင့် ထောင်ပိုင်ကြီးထံမှ လှမ်းမေးသံကို ကြားနေရသည်။

"တပည့်မောင်ကြီး ... မောင်မင်းကို ယခုလို မင်းမိန့် မင်းအာဏာအရ ငါတို့ဝန်ထမ်းတွေဘက်က ဆောင်ရွက်ရတယ်ဆိုတာကို မင်း သဘောပေါက်စေချင်တယ် ...၊ တို့ဟာ မင်းနဲ့ ရန်ငြိုးရန်စမရှိတဲ့ စန်ထမ်းတွေဖြစ်တယ် ...၊ မင်းမှုထမ်း ကမ်းနားသစ်ပင်ဆိုသလို တာဝန်ကျရောက်လာတော့လည်း တာဝန်သိသိ သစ္စာရှိရှိနဲ့ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြတယ်လို့ မှတ်ပါ ...၊ မင်းဘက်က ပြုလုပ်ခဲ့တဲ့ ကံတရားအတိုင်း မင်းတို့ပေးဆပ်ခဲ့ရတာဖြစ်တယ် ...၊ မင်းအနေနဲ့ အခုအမှုနဲ့ မကျေနပ်ခဲ့ရင်လည်း ခုငါ့ဘေးမှာ မင်းကိုစီရင်ချက်ချမှတ်ပေးခဲ့တဲ့ တရားသူကြီးကိုယ်တိုင် ရှိနေတယ်၊ မင်း ဘာများပြောစရာရှိသေးလဲ ..."

"မရှိပါဘူးခင်ဗျာ ...၊ ကျွန်တော်တို့ညီအစ်ကိုတွေဟာ ကိုယ့်မိုက်ပြစ်နဲ့ကိုယ် ပြုလုပ်ခဲ့ကြတာဖြစ်လို့ အားလုံးကို ခွင့်လွှတ်ပြီး လုပ်ရဲရင် ခံရဲရမယ်ဆိုတဲ့'ထုံး'ကို နှလုံးမူခဲ့ပါတယ်၊ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော့်ဆရာကြိုးတိုက်မှူးကို အမှာစကားနည်းနည်းပြောပြီး နှုတ်ဆက်ပါရစေ ..."

ကျွန်ုပ်သည် ကြိုးစင်ကြီးပေါ်ဝယ် ဒေါက်ဖြုတ်ချနိုင်ရန်အတွက် ဒေါက်မောင်းတံကို အဆင်သင့်ကိုင်ဆောင်ထားနေရာမှ မောင်ကြီး၏ခွင့်ပန်ချက်စကားကို ကြားသောအခါ ထောင်ပိုင်ကြီးထံလှမ်းအကြည့် ထောင်ပိုင်ကြီးမှ ခေါင်းညိတ်ပြသဖြင့် –

"ငါ .. မင်းအနားမှာရှိနေတယ် မောင်ကြီး ... မင်း ဘာမှာချင်လို့လဲ"

"ဆရာ့ကို ကျွန်တော်ရိုသေစွာကန်တော့ခဲ့ပါတယ်။ ဆရာ့လို ကြိုးတိုက်ထဲက ကြိုးသမားအားလုံးအပေါ် ရင်ဝယ်သားလို နွေးနွေးထွေးထွေးနဲ့ ဆက်ဆံခဲ့တဲ့ အရာရှိကို တစ်သက်မမေ့ပါဘူး။ ကျွန်တော့်လို ကံဆိုးလို့ နိုင်ငံတော်မလာဘဲ ကြိုးပေးခံရချိန်မှာ အကယ်၍များ နိုင်ငံတော်လာခဲ့လို့ ကြိုးသမားအားလုံး လွှတ်မြောက်ပါစေလို့ ဆုတောင်း ..."

"ကျိန်း"

ကြိုးသမားမောင်ကြီးပြောနေသော စကားသံအချို့ လမ်းတစ်ဝက်မှာပဲ ပြတ်တောက်သွားကာ အံဖုံးတံခါးပွင့်ကျသံကြီးက ဖုံးလွှမ်းသွားခဲ့လေသည်။ ယခုလို ကြိုးသမားတစ်ယောက်ကို ကိုယ်တိုင်ကိုယ်ကျ ဒေါက်ဖြုတ်စီရင်လိုက်ရသော ထောင်မှူးလေး၏ရင်ထဲမှာ စိတ်မကောင်းခြင်းကြီးစွာ ခံစားလိုက်ရပြီး နှလုံးထိခိုက် ကြေကွဲသွားသည်။

မိမိပယောဂဖြင့် လူတစ်ယောက်၏အသက်ဇီဝိန်ကို ခြွေပစ်ခဲ့ရသူမှာလည်း တန်ပြန်အကျိုးသက်ရောက်မှု ရှိနေမည် မလွဲဧကန်ဖြစ်ပေမည်။ တစ်ပါးသူ၏အသက်ကို သတ်ဖြတ်ခဲ့သောသူသည် ပါဏာတိပါတာကံကို ကျူးလွန်သည်သာ ဖြစ်ပါသည်။

ဒါကြောင့် လက်ရှိပစ္စုပ္ပန် သံသရာမှာ ဒီဝဋ်ကြွေးကို မခံစားရသော်လည်း နောင်တမလွန်ဘဝမှာ ဒီလိုတူသောအကျိုးပေးကို ခံရမည်မှာ အသေအချာပင်ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် ကိုယ်ပြုသောကံ ပဲ့တင်သံသည် တစ်နေ့မဟုတ်တစ်နေ့ မုချမသွေ ကိုယ့်ထံပြန်ရောက်လာဦးမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်နေပါတော့သည်။

**ဝမ်းနည်းဝမ်းသာ**

ကံကြမ္မာဆိုသည်မှာ ဆန်းကြယ်လွန်းလှပါပေသည်။ သေဒဏ်ကျခံနေရသော ကြိုးသမားအားလုံးအတွက် မျှော်လင့်ချက်ရောင်ခြည် ကင်းမဲ့နေသော (၁၉၈၀)ခုနှစ် ဧပြီလထဲတွင် ညီအစ်ကိုသုံးဦးမှာ ကံဆိုးသူမောင်နှမများဖြစ်

www.burmeseclassic.com


ာ ဘဝမလှမပနှင့် ကြိုးပေးကွပ်မျက်ခံရကာ ဇာတ်သိမ်းသွားရသည်။ ၎င်းတို့ညီအစ်ကိုသုံးဦးကို ကြိုးပေးကွပ်မျက်ခဲ့သည်က (၂၉–၄–၁၉၈၀)ရက်နေ့ ဖြစ်သည်။

ဤသို့ ကုသိုလ်ကံအကျိုးပေးကောင်းရှာသော ညီအစ်ကိုသုံးဦးကို ကြိုးပေးကွပ်မျက်ခဲ့ပြီး နောက်တစ်လအကြာ (၂၈–၅–၁၉၈၀)ရက်နေ့မှာတော့ အကျဉ်းထောင်တစ်ခုလုံး အုန်းအုန်းကျက်ကျက် ဆူဆူညံညံဖြစ်သွားလေသည်။

အကျဉ်းထောင်နံရံတိုင်းမှာ နားရှိသည်ဆိုသောစကား မှန်သွားသည်။ ထောင်ထဲမှာ မဟုတ်တာလုပ်သည်ဖြစ်စေ၊ ဟုတ်တာလုပ်သည်ဖြစ်စေ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အမှန်တရားသည် ပေါ်လာစမြဲ ဖြစ်ပါသည်။ ထောင်ထဲက အကျဉ်းသားအားလုံး မျှော်လင့်စောင့်စားနေသော ကောလာဟာလဟုမှတ်ထင်ခဲ့သည့် အုတ်ရိုးစကားသည် ယခုအချိန်မှာတော့ အမှန်အကန်ဖြစ်လာသည်။

အဲဒါကတော့ (၂၈–၅–၁၉၈၀) နေ့တွင် ပထမအကြိမ် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီး ပြီးမြောက်အောင်မြင်သည့်အတွက် နိုင်ငံတော်မှ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ် (၂/၈၀) ကို ထုတ်ပြန်ကြေညာခဲ့လေတော့သည်။

ယင်းကြေညာချက်တွင် အကျုံးဝင်သော အကျဉ်းထောင်အသီးသီးမှ သေဒဏ်ကျခံစေရန် စီရင်ခြင်းခံထားရသူများအားလုံးအနက် လူသတ်မှုဖြင့် သေဒဏ်ကျခံနေရပါက ထောင်ဒဏ် (၁၀)နှစ်ကိုသာ ကျခံစေရမည်။

ထောင်ဒဏ်အသီးသီးကျခံနေရသူအားလုံးသည် ပြစ်ဒဏ်ထက်ဝက်ကိုသာလျှင် လျှော့ရက်အဖြစ် သတ်မှတ်ပေးပြီး ကျခံစေသည်ဆိုသော အမိန့်ကြေညာချက် ထွက်ပေါ်လာခြင်းကြောင့် ဖြစ်ပါသည်။

ယင်းအထဲမှာမှ ကံဆိုးရှာသူ ညီအစ်ကိုသုံးယောက်ခမျာ လွတ်ငြိမ်းချမ်းသာခွင့်မရောက်လာမီ တစ်လအလိုမှာ မရဏာခရီးကို စောစီးစွာ ထွက်ခွာသွားကြရသည်။ အကယ်၍များ လွတ်ငြိမ်းချမ်းသာခွင့်သာ တစ်လလောက်စောရောက်လာခဲ့လျှင် သူတို့ညီအစ်ကို မည်မျှပျော်လိုက်ကြမည်နည်း။

တိုက်ခန်းအသီးသီးထဲမှာရှိနေသော ကြိုးသမားအားလုံးကို ကြိုးတိုက်ခန်းတံခါးများ ဖွင့်ပေးလိုက်သဖြင့် ဝမ်းသာခုန်ပေါက် ပြေးလွှားကာ ပျော်မြူးနေကြလေသည်။

ယခုလို အချုပ်အနှောင်ခံနေရသော မွန်းကြပ်နေကြသည့် ကြိုးသမားအားလုံးသည် ပြစ်ဒဏ်(၁၀)နှစ်ကိုသာ အတည်ပြုပေးလိုက်သောကြောင့် သေခြင်းတရားမှ လွတ်မြောက်လာပြီး လွတ်ရက်များ ပေါ်ပေါက်သွားလေသည်။

အမှန်တော့ ကံဆိုးသူမောင်ရင်ဖြစ်သွားသော ညီအစ်ကိုသုံးဦးမှာ ဝိပါတ်ကြမ္မာဝဋ်ကြွေးကို မလွတ်ကင်းနိုင်သောကြောင့် ဘဝမခြားဘဲ ချက်ချင်းပေးဆပ်သွားခဲ့ရခြင်းသာ ဖြစ်ပါသည်။

မိမိတို့ကို လူလားမြောက်ချိန်ထိ



လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပြုစုစောင့်ရှောက်ကျွေးမွေးလာသည့် ကျေးဇူးရှင်တစ်ယောက်လုံးအပေါ် လောဘအမွေတက်ကာ လုပ်ကြံသတ်ဖြတ်ခဲ့ကြသဖြင့် ကံကြီးထိုက်ခဲ့ကြသူများသာဖြစ်ပါသည်။ လော်ကပါလတရားအလိုအရ ခင်ပွန်းကြီးဆယ်ပါးကို ကာယကံမြောက် ကျူးလွန်ပစ်မှားခဲ့ကြသူများဖြစ်သောကြောင့် ဝဋ်ကြွေးကြမ္မာကို ပေးဆပ်ခဲ့ရခြင်းဖြစ်သည်။

မည်သို့ပင်ဆိုဆို လောကတွင် မိမိအပေါ် ကျွေးမွေးစောင့်ရှောက်ခဲ့သည့် တိရစ္ဆာန်ပင်လျှင် ကျေးဇူးတရားကို နားလည်ကြသည်။ ယခုလို လူသားစင်စစ်ဖြစ်ပါလျက် အသိဉာဏ်ရှိသူများပီပီ မိမိတို့၏မိဘနှစ်ပါး ကွယ်လွန်သွားခဲ့ပြီးနောက် ရင်ဝယ်သားနှင့်မခြားကျွေးမွေးစောင့်ရှောက်လာခဲ့သည့် ကျေးဇူးတရားကို မထောက်ထားမညှာတာဘဲ ရက်ရက်စက်စက် သတ်ဖြတ်လုပ်ကြံခဲ့ကြသော လူများ၏ နောက်ဆုံးသွားရာလမ်းသည် ကြိုးစင့်လမ်းပင် ဖြစ်ပါတော့သတည်း။

စိုးဝေ


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


န်းတောကုန်းကျေးရွာ။

ရွာဖျားရှိ ညောင်ပင်ရိပ်မြေပြောင် ပြောင်တွင် သူငယ်ချင်းများနှင့် စုဝေး ကာ ဂေါ်လီရိုက်တန်းကစားနေစဉ်၊ အပင်ထက်မှ ညောင်သီးတွေကိုစား သောက်နေကြသည့် ငှက်(ဘုမ္မတီး) ငှက်တို့၏အသံကို ကြားလိုက်ရသဖြင့် လွယ်အိတ်အတွင်းမှ လောက်လေးခွကို ထုတ်ကာ လေးသီးဖြင့် လှမ်းပစ်ချ လိုက်သည်။

"ခေါက်"

"ဘုံး"

"ဝေါ"

ခေါင်းကို လေးသီးထိမှန်သံ၊ အောက်ကိုပြုတ်ပြီး ထွေးခနဲကျကာ မြေပြင်နှင့် ဆောင့်သည့်အသံ၊ အပင် ထက်မှ အစာစားနေကြသည့် ငှက် တို့ အထိတ်တလန့် ပျံသန်းပြေးထွက် သံကို တစ်ပြိုင်ထဲလိုလို ကြားလိုက်ကြရ သည်။ ကျွန်တော်က မြေပြင်သို့ကျလာ သည့်ငှက်ကို ပြေးကောက်လိုက်ပြီး ကြည့်လိုက်တော့ ခေါင်းကိုထိထားသည် နှစ်လိုအားရနှင့် ငှက်ကို ဘေးလွယ် အိတ်အတွင်းထည့်လိုက်စဉ် ဆိုးပုံက–

"ကောင်းလှချည်လား ကျော်ဝင်း ရဲ့၊ မင်းလိုလက်မျိုးနဲ့ စားပင်အောက် စောင့်ပစ်လိုက်ရရင် တထောကြီးပဲရမှာ ပဲ ...",

"ဟုတ်လား။ စားပင်က ဘယ် နေရာမှာလဲ၊ ဘာစားပင်လဲ ဆိုးပုံ"

"အုန်းနဲ့ပင်ကွ၊ အသီးတွေမှည့် တော့ ငှက်တွေ တအားစားကြတယ်၊ ခု မင်းပစ်တာက (ခြေနီ)၊ ဟိုမှာလာ စားကြတဲ့ကောင်တွေက (ခြေစိမ်း)များ တယ်၊ အကောင်လည်းပိုကြီးတယ်၊ နောက်ပြီး ငှက်ငန်းတွေ၊ ရစ်နဲ့တော ကြက်တွေလဲလာတယ်၊ စောင့်ပစ်မှရ မယ်၊ တစ်ခါတစ်ရံ မျောက်တွေကောင် လာတယ်ကွ"

သူပြောလိုက်သည့်စကားကြောင့် ကျွန်တော်က စိတ်ဝင်စားသွားသည်မို့ ပြန်မေးလိုက်မိသည်က –

"အေးပါဆိုးပုံရဲ့ ... ဘယ်နားမှာ လဲ"

"စက်ပစ်ကွင်းနောက်ကျော ဝါး ကောက်တောဟိုဘက် ဥတိုရွာနောက် ကျော"

ထိုသို့ပြောနေစဉ် တင်စိုးကလည်း စိတ်ဝင်စားလာဟန်ထင့်၊ ဝင်ပြောလိုက် သည်က –

"အေး ... ဟုတ်တယ်ကွ၊ စား ပင်နဲ့ညာဘက်မှာ ဂုံမင်းတောနဲ့ကြက် ခြမ်းတောလည်း ရှိတော့ ရစ်၊ ကြက်နဲ့ ဖြူလည်းတွေ့တယ်ကွ၊ ဟိုနေ့ကလည်း ချေနဲ့တောကြက်ဖ ရန်ဖြစ်နေကြတယ်၊ တောကြက်ဖလိုက်ခွပ်လို့ ချေထွက်ပြေး တာ တန်းနေတာပဲကွ"

"ဒါဆို သွားကြမလား၊ မင်းတို့ ပါလိုက်ခဲ့ကြ"

ကျော်ဝင်းပြောလိုက်သည့်စကား ကြောင့် အားလုံးက သွားဖို့ဆုံးဖြတ် လိုက်ပြီး အိမ်သို့ပြန်ကြကာ၊ လောက် လေးခွ၊ လေးသီးနှင့် အခြားလိုအပ် သည့်အသုံးအဆောင်ပစ္စည်းတို့ကို ယူခဲ့ ကြကာ (၃)ဦးသား စားပင်ဆီသို့ ထွက် ခဲ့ကြပေတော့သည်။

§ § §

ပန်းတောကုန်းကျေးရွာဆိုသည် က ဖောင်ကြီးကျောင်း(မဟိုဝန်ထမ်း တက္ကသိုလ်)နောက်ကျော "ကြခတ်ဝါး ရုံတော"ဘေး စက်ပစ်ကွင်းနှင့် တံပိုး ထမ်းတွင်ရှိသည့် ရွာကလေးဖြစ်သည်။ ယခုအခါ လှည်းကူးရေလှောင်တမံကြီး ကို ကျော်ပေးကာရှိနေသည့်အပြင် ပဲခူး ရိုးမကြီးအတွင်း ဝင်ရောက်လို့ရသော ရွာတန်းရှည်ကလေးဖြစ်သည်။ ရွာသူ ရွာသားတို့၏လုပ်ငန်းမှာ တောထွက် ပစ္စည်းများကို လက်ခံဝယ်ယူပြီး ပြန် လည်ရောင်းချခြင်းလုပ်ငန်း၊ မီးသွေး ဖုတ်၊ ထင်းခုတ်၊ ကြိမ်ခုတ်၊ တောင် ထန်း၊ ကိုင်းတော(ထမဖိုင်း)ခုတ်ခြင်း အပြင် ဝါးခုတ်သူ၊ သစ်ခုတ်သူ၊ တော လိုက်ခြင်းလုပ်ငန်းတို့ဖြင့် မိသားစုဘဝ ရပ်တည်ကြသူများ ဖြစ်ကြပေသည်။

ထိုရွာတွင်နေထိုင်ကြသည့် ရွာသူ ရွာသားတို့မှာ တောနှင့်ဖက်ကာ ရုန်း ကန်လှုပ်ရှားနေကြသူများ ဖြစ်သလို ကျွန်တော့်ဖခင်ကြီးကလည်း မုဆိုး တစ်ဦးပင်ဖြစ်ပေသည်။ ယခုအခါ အဖေက အသက်အရွယ်ကြီးလာပြီး တောပစ်လုပ်ငန်းကို မလုပ်နိုင်သည့် အတွက် ဖခင်သင်ကြားပေးထားသော မုဆိုးပညာရပ်ဖြင့် တောတိုးရှာဖွေကာ မိသားစုဘဝ ရပ်တည်နေသူဖြစ်ပေ


www.burmeseclassic.com

သည်။ ယခုလည်း ဘဝတူသူငယ်ချင်း နှစ်ယောက်နှင့် လောက်လေးခွကိုကိုင်ကာ စားပင်ဆီ ငှက်ပစ်ထွက်လာခဲ့ခြင်းပင်။

သူတို့ပြောသည့် စားပင်ဖြစ်သော ဥနဲ့ပင်တွင် လာရောက်စားသောက်ကြသည့်ငှက်များက မက်လောက်စရာ၊ အများအားဖြင့် အုန်းနဲ့သီးဆိုသည်က အလွန်ရှိမှ ရွေးစေ့ခန့်၊ မမှည့်ခင်အစိမ်းရောင်၊ မှည့်သောအခါ ပန်းရောင်နှင့် အဝါရောင်၊ အခိုင်တစ်ခိုင်တွင် အပြွတ်လိုက်သီးပြီး အရသာကချိုသဖြင့် ငှက်ငယ်များဖြစ်သော ''ဖွတ်ကလုံ၊ ဘွတ်ချွဲ၊ စာကလေး၊ နံ့ပြည်စုတ်၊ ငှက်မြီးရှည်၊ ငှက်ဝါ၊ ငှက်ပြာနှင့် အခြားငှက်ငယ်များ''အလွန်ကြိုက်သလို သူတို့ပြောသည့် ငှငှက်(ဘုမ္မတီးငှက်) ခြေနီ၊ ခြေစိမ်းတို့အပြင် ရစ်၊ တောကြက်၊ အောက်ချင်း၊ ယောင်ရင်း၊ ချိုးနှင့် မျောက်တို့ ကြိုက်သောအသီးပင်။

ငှက်နွှားဆိုသည့်ငှက်က အချို့အရပ်တွင် 'ပိန်းထူးမ'ဟုခေါ်ပြီး၊ အချို့ဒေသတွေက 'ရှန်းပတီ'ဟုခေါ်ကြသည်။ မည်သို့ပင်ခေါ်စေကာမူ အရောင်အသွေး၊ ကိုယ်အလေးချိန်၊ အရသာမှာ တူညီပြီး၊ (စန္ဒိုက်)ခေါ် ဘိုစားငှက်လို ပေါင်း၍စားလျှင် လွန်စွာကောင်းမွန်ပြီး ဈေးကောင်းရသည့်ငှက်မျိုး၊ အလေးချိန်ကလည်း တစ်ကောင်လျှင် (၃၅)ကျပ်သား (၃)ကောင်ပေါင်း တစ်ပိဿာ(ပိုနည်းနည်းလိုနည်းနည်း)။

မှတ်ချက် –

ယခုအချိန်ထိတိုင် ရိုးမအတွင်း ရှာဖွေလုပ်ကိုင် စားသောက်ကြသူတို့မှာ ထိုငှက်နွှား(၃)ကောင်ပေါင်း အလေးချိန်တစ်ပိဿာအဖြစ် သတ်မှတ်ချိန်တွယ်နေကြတုန်းပင်။

နောက်တစ်မျိုးက ငှငှက်ပင်၊ အချို့သောဒေသများတွင် ထိုငှက်ကို (ဘုမ္မတီးငှက်)ဟုလည်း ခေါ်ကြသည်။ ထိုငှက်က နှစ်မျိုးရှိသည်။ တစ်မျိုးက (ခြေနီ)မျိုးဖြစ်ပြီး၊ နောက်တစ်မျိုးက (ခြေစိမ်း)မျိုးဖြစ်သည်။

ပထမ ကျွန်တော်တို့ခေါင်းပုံလိုမ့် ကစားနေကြရင်း ညောင်ပင်ထက်မှ ပစ်ချလိုက်သောအကောင်က (ခြေနီ) မျိုးဖြစ်သည်။ အနည်းငယ်အကောင်သေးပြီး (၂၅)ကျပ်သားခန့်လောက်သာရှိသည်။ သူတို့အော်မည်ဟစ်ကြွေးသည့်အသံက လူမမာများညည်းတွားသလိုအသံမျိုး၊ တေးဆိုသည့်အသံက ကုလားစကားပြောသလို ဘူးလုံးနားမထွင်း လျှာလိပ်သံ။

နောက်တစ်မျိုးက (ခြေစိမ်း)ပင်၊ တစ်ကောင်လျှင်(၃၀)ကျပ်သားကျော်ပြီး အချို့မှာ ငှက်နွှားတစ်ကောင်၏ အလေးချိန်လောက်ရှိသည်။ သူတို့အော်ဟစ်တေးဆိုသံက –

''မယ်ဇက်ကယ်ဆို၊ ဈေးရောင်းလိုက်ပါဦး တစ်ခွက်ဖိုး''

ဟူသောအသံမျိုးဖြင့် လူတွေစကားပြောသလိုမျိုး အော်ဟစ်တေးဆိုတတ်ကြသည်။

ထိုငှက်နှစ်မျိုးစလုံးပင် ငှက်နွှားကဲ့သို့ အသားပျော့ပျောင်းပြီး စား၍ကောင်းသည်။ ပေါင်း၍စားလျှင် ကောင်းသည့်အတွက် တန်ဖိုးကြီးသလို လူကြိုက်များသည်။

နောက်တစ်မျိုး ပစ်ခတ်လို့ရသည့် ငှက်က ချိုးဆိုသည့်ငှက်မျိုးပင်။ ထိုအကောင်မျိုးကလည်း ပစ်ခတ်ရရှိပါက စား၍အလွန်ကောင်းသည့်ငှက်မျိုးပင်၊ ချိုးမှာလည်း (၅)မျိုးရှိနေပြန်သည်။ ထို(၅)မျိုးကား ချိုးစိမ်း၊ ချိုးပိန်းထူးမ၊ ချိုးလင်းပြာ၊ ချိုးလည်ပြောက်နှင့် ချိုးနီပုဆိုသည့်အမျိုးတို့ပင်။ ထို(၅)မျိုးတွင် အထက်က(၄)မျိုးက တစ်ကောင်လျှင် (၃၀ ကျပ်သားမှ ၃၅ ကျပ်သား)အထိ ရှိကြပြီး၊ အသေးဆုံးအကောင်က 'ချိုးနီပု'ပင်ဖြစ်သည်။ အလွန်ဆုံးရှိမှ အလေးချိန်က (၁၀)ကျပ်သားခန့်၊ အမျိုးအစားကိုတော့ ချိုးရိုက်သမားမုဆိုးများက အသံဖြင့်ခွဲကြသည်ဟု ပြောပြထားသည့်အတွက် မှတ်သားထားဖူးသည်။

သူတို့အသံမှာ –

**ချိုးစိမ်း** – တကုကူကူ။
**ချိုးပိန်းထူးမ** – လေးလေးနက်နက် အသံမျိုး။
**ချိုးလည်ပြောက်** – ပျင်းတွဲတွဲအသံမျိုး။
**ချိုးလင်းပြာ** – အသံအေးပြီး နူးညံ့ပျော့ပျောင်းသည်။
**ချိုးနီပု** – တကုကူး ကူကူး။

ထိုချိုးငှက်(၅)မျိုးလုံးပင် အသားက နူးညံ့ပျော့ပျောင်းပြီး ကြော်၊ ချက်၊ ကင်၍စားလို့ကောင်းပြီး ဈေးကောင်းသည့်ငှက်မျိုးပင်။

နောက်တစ်မျိုးက ရစ်ဆိုသည့် အကောင်မျိုးကတော့ မက်မောစရာ တစ်ကောင်လျှင် (၃)ပိဿာလောက် အမျိုးအစားအလိုက် ကြီးတတ်ကြသည်။ ရစ်ထောင်သူမုဆိုးတို့အဆိုအ

www.burmeseclassic.com

www.burmeseclassic.com



ရစ်သည် (၄)မျိုးရှိသည်။

**ဇိုင်အမျိုးအစား** – ဦးစွန်းမြင့်သည့် အမျိုး၊ အကောင်လည်း ကြီးသည်။

**ဖွန်အမျိုးအစား** – ဦးစွန်းကောက် အမျိုးအစား၊ နှံသီးသာကျော်၊

**ဘေအမျိုးအစား** – ဦးစွန်းနိမ့် အမျိုးအစား၊ နှစ်ပိသာခန့်။

**တယ်အမျိုးအစား** – ဦးစွန်းတန်း၊ တစ်ပိသာခန့်။

စသည့်(၄)မျိုး ရှိပေသည်။

နောက်တစ်မျိုးက တောကြက်ဆိုသည့်အမျိုးအစားပင်။ တောကြက်ထောင်သည့်သူများ အပြောအရ (တိုက်ကြက်)ကို သတ်မှတ်ထားကြသည့် ကြက်တိုက်သမားများ ခွဲသကဲ့သို့ ခွဲကြသည်ဟု ပြောသည်။ ခွဲနည်းမှာ 'ပိန်းရိုး၊ ပဲခြမ်းကပ်၊ ဘုတတ်၊ အကာကျ၊ လက်ပန်ချွန်၊ အဆကွဲ၊ ကုန်းတက်၊ သေတက်' စသည်ဖြင့် ခွဲသည်ဟု ဆိုသည်။

**ပိန်းရိုး**ဆိုသည်က တောကြက်အတက်မထွက်သေး ပြောင်နေသောခြေထောက်။

**ပဲခြမ်းကပ်**ဆိုသည်က အတက်ထွက်ပြူစ၊ ကုလားပဲခြမ်းကပ်ထားသည့်ပုံစံမျိုး။

**ဘုတတ်**ဆိုသည်က အတက်ထွက်စ၊ ခိုင်စပြုသော်လည်း မထူးနိုင်သေးသည့်အရွယ်။

**အကာကျ**ဆိုသည်က ဘုတက်ဘေး အမာတက်ကြွေသည့်အချိန်။

**လက်ပန်ချွန်**ဆိုသည်ကတို့ထက်ပိုရှည်ပြီး လက်ပန်ဆူးနှင့်တူသည့်အတွက် ခေါ်ခြင်းပင်။

**အဆကွဲ**ဆိုသည်က အတက်အနည်းငယ်ပိုရှည်ခြင်း။

**ကုန်းတက်**ဆိုသည်က အတက်အနည်းငယ်ပိုရှည်ခြင်း။

**သေတက်**ဆိုသည်က အတက်အနည်းငယ်ပိုရှည်ခြင်း။

တစ်ဖက်ကြက်ကို ခွပ်ရာတွင် သေလောက်သည့် အတက်ရှိသော တောကြက်ကို ယခုကဲ့သို့ တိုက်ကြက်သမားများ ခွဲခြားသလို ခွဲသည်ဟု သိရသည်။

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် စားပင်ရှိရာဆီသို့ လောက်လေးခွနှင့် လောက်စာလုံး(လေးသီး)နှင့် အခြားအသုံးအဆောင်ပစ္စည်းများ ထည့်ကာ ကြခတ်ဝါးရုံတောကြီးအတွင်းမှ တစ်နာရီသာသာ တောလမ်းအတိုင်း လျှောက်လှမ်းလာခဲ့ကြရင်း တင်စိုးက –

''ကျော်ဝင်း ... ဖြူရရင်ကောင်းမယ်ကွ ... နော်''

အဆက်အစပ်မရှိ ပြောလိုက်သည့်စကားကြောင့် ကျွန်တော်က–

''ဟုတ်လား ... ဘာပြုလို့လဲကွ၊ ဖြူလိုချင်ရအောင်''

''ငါ့ကို တိုင်းရင်းမြန်မာ ဆေးဆရာကြီးဦးမဲ့ထူးက ဆေးဖော်ဖို့မှာထားတာကွ၊ ရတဲ့အချိန် သူ့ဆီပို့ပေးပါတဲ့၊ ဘယ်နှကောင်ရရ ယူမယ်တဲ့၊ ဈေးကောင်းလည်း ပေးမယ်တဲ့လေ''

''ဟုတ်လား ... သူက ဘာဆေးဖော်မှာမို့ ရသလောက်လည်းယူမယ်၊ ဈေးကောင်းလည်းပေးမယ် ပြောရတာလဲ တင်စိုး''

''အေး ... ငါလည်းသိချင်လို့ အဖေ့ကိုမေးကြည့်တော့ ပြောပြတာက ဖြူတစ်ကောင် နွားတစ်ထောင်လို့ ပြောတယ်ကွ''

''ဟုတ်လား ... အဲဒါ ဘာကို ပြောတာလဲ''

''ငါလည်းမင်းလိုပဲ မသိလို့မေးကြည့်တော့ ဖြူရဲ့အူ(အစာအိမ်)ကို ထုတ်၊ နေလှမ်းပြီး ခြောက်တဲ့အခါ အမှုန့်ကြိတ်ပြီး နွားစာနဲ့ရောကျွေးရတယ်ဆိုပဲကွ''

''အေးပါ ... အဲဒီလို အစာနဲ့ရောပြီး နွားကိုကျွေးတော့ ဘာကောင်းလဲ''

''လျှာနာခွာနာကောင်းတယ်လို့ ပြောတာပဲ၊ ကျန်တာ ဘယ်လိုဆေးဖက်ဝင်တယ်ဆိုတာတော့ သူလည်း မသိဘူးလို့ ပြောတယ်ကွ''

ကျွန်တော်တို့ စကားတပြောပြောနှင့် လျှောက်လှမ်းလာခဲ့ကြရင်း 'ဥနဲ့ပင်'ကြီးအနီး ရောက်တော့မည်ဖြစ်သည့်အတွက် လှမ်းကြည့်လိုက်ရာ ငှက်ငယ်များ တပျော်တပါးစားလိုက် ထပျံလိုက်၊ ပြန်လည်နားလိုက်၊ စားလိုက် ဖြစ်နေသည်ကို တွေ့လိုက်ရပေသည်။

''ဟိုမှာတွေ့လား၊ ကိုင်းဆုံဟိုဘက်အကိုင်းမှာ ငှက်တွေစားနေကြတာ''

ဆိုးပုံက လက်ညှိုးထိုးပြလိုက်သဖြင့် အသေအချာကြည့်လိုက်ရာ ငှက်အုပ်အပြင် ငှက်ငန်းတို့ကိုပါ တွေ့မြင်လိုက်ရသဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



"အေး ...ဟုတ်တယ်ကွ၊ အပင်အောက်ကို အရောက်သွားပစ်မှ ရမှာ၊ မင်းတို့ဒီမှာ ချုံကွယ်စောင့်နေ၊ ငါ အပင်အောက်ကို ဟိုဘက်ကသပွတ်သိမ်ချုံတောကို တိုးသွားပြီး ပစ်မယ်"

သူတို့နှစ်ဦးကို ထိုနေရာတွင်ထားခဲ့ပြီး လောက်လေးခွနှင့် လောက်စာလုံးကို အသင့်ပစ်ခတ်ရန်ကိုင်ရင်း သပွတ်သိမ်ချုံနွယ်ပင်အောက်မှ အသာတိုးကပ်၍ အပင်အောက်ဆီသို့ရောက်တော့ ဥနဲ့သီးမှည့်များကို စားနေသည့် ငှက်ငနွားတို့ကို ပစ်ချလိုက်ပေသည်။

"ရှိုး"

"ခေါက်"

"ဘုန်း"

တစ်ချက်ပစ်တစ်ကောင်နှင့် သုံးချက်ဆက် ပစ်သည့်တိုင် ဤငှက်ငနွားအုပ်က နေရာမှထမပျံကြသေး။ သူတို့အနီးမှ တစ်ကောင်ပြီးတစ်ကောင်လေးသီးထိမှန်ကာ မြေပြင်သို့ တဘုန်းဘုန်းပြုတ်ကျနေသည်ကို မြင်တွေ့နေရပါလျက် သူတို့နှင့်မဆိုင်သလိုမျိုး အသီးတွေကိုအစားမပျက်၊ နောက်ထပ်ဆက်ပစ်ရင်း နှစ်ကောင်ပြုတ်ကျတော့မှ အသိတရားဝင်လာဟန်ထင့် ဝုန်းခနဲပျံသန်းပြေးထွက်သွားကြသည့် ငှက်အုပ်ကြီး၏ အတောင်ပံခတ်သံကြောင့် အခြားသောအသီးတို့ကို စားသောက်နေကြသည့် ငှက်ငယ်များဖြစ်ကြသော ဗွတ်ကလုံ၊ ဘွတ်ချွဲ၊ ငှက်ဝါ၊ ငှက် ပြာ၊ ငှက်မြီးရှည်၊ ငှက်တော်၊ နှံပြည်စုပ်၊ ငှက်ဆိုင်းဝိုင်းအုပ်တို့ ထပျံလိုက်သံက ဝန်းကျင်တစ်ခုလုံး သောသောညံသွားပေသည်။ အပင်အောက်သို့ ပြုတ်ကျသော ငှက်ငနွား(၆)ကောင်ကို တင်စိုးက ကောက်ယူကာ လွယ်အိတ်အတွင်း ထည့်ထားပြီးဖြစ်ပေသည်။

ငှက်ငနွား(၆)ကောင် အလေးချိန်က နှစ်ပိဿာပင်။ ခဏလေးအတွင်း ယခုလိုအကောင်များကို ရလိုက်သည့်မို့ အားလုံးဝမ်းသာနေကြသည်က အမှန်၊ အမှန်တော့ ကျွန်တော်၊ ဆိုးပုံနှင့် တင်စိုးတို့မှာ သူငယ်ချင်းများဖြစ်ကြသော်လည်း လုပ်ငန်းခြင်းတော့မတူကြ။ ကျွန်တော့်ဖခင်က မုဆိုးဖြစ်သလို ဖခင်တတ်မြောက်သည့် မုဆိုးပညာရပ်ကို သင်ယူရင်း ဖခင်သွားရာနောက် တကောက်ကောက်လိုက်ကာ သားကောင်များအကြောင်း၊ ခြေရာကောက်ပုံအကြောင်း၊ ဘယ်လိုသားကောင်ကို ဘယ်လိုရာသီတွင် ဘယ်လိုရှာဖွေ ပစ်ခတ်ရကြောင်းနှင့် သားကောင်အနေအထားကိုကြည့်ပြီး ဘယ်လိုထောင်ခြောက်ဆင် ဖမ်းယူကာ စခန်းသိမ်းရကြောင်းကို လက်တွေ့ တောထဲတွင် လိုက်လံကာ လက်တွေ့သင်ကြားရသည်မို့ သူတို့နှစ်ဦးဖြင့် ဆုံဆည်းမှု သိပ်မရှိကြ။

ကျွန်တော်ကဲ့သို့ပင် 'ဆိုးပုံ'၏ ဖခင်ဖြစ်သူ ဦးဝင်းနိုင်က တောထဲတွင် မီးသွေးဖုတ်ကာ မိသားစုတောထွက်ပစ္စည်းများ ရှာဖွေရောင်းချကာ တစ်ဝမ်းတစ်ခါး စားသောက်ရပ်တည်နေသလို၊ 'တင်စိုး'၏ဖခင်ဖြစ်သူ ဦးသိန်းဝင်းကလည်း ဗွါးခုတ်၊ သစ်လှဲ၊ လှွတိုက်နေစဉ် သူတို့က လိုက်ပါသွားရင်း လောက်လေးခွတစ်ချောင်းကိုင် ကြက်၊ ငှက်ကို ပစ်ခတ်နေကြသူများ ဖြစ်ပြီး ကိုယ့်အလုပ်နှင့် ကိုယ်လမ်းကြောင်းနှင့် ကိုယ် လျှောက်လှမ်းနေကြသူများ ဖြစ်သည့်အတွက် ယခုလို တွေ့ဆုံကြ
သည့်အချိန်က သိပ်မရှိ။ ယနေ့တေ
ဖြင့် အကြောင်းတိုက်ဆိုင်ပြီး အားေ
ကြသည့်အတွက် ရွာထိပ်ခေါင်ပုံကဲ့ရ
ယခုကဲ့သို့ဆုံစည်းကာ စားပင်ရှိရာ
သို့ ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်

"ကဲ ...ငါတို့ ပုံးအုံလုပ်ပြီး ဝ
ပစ်မလား၊ အပင်ပေါ်တက်ထိုင်ပြီး ပ
မလား၊ (ပုံးအုံဆိုသည်က ဥနဲ့ပ
ကြီးအနီး ပစ်တန်းကောင်းနေရာတွ
သစ်ကိုင်းသစ်ခက်၊ သစ်ရွက်များစု
ပြီး အထဲသို့ လူဝင်လို့ရအောင် လ
ရောက်အစာစားသည့်ငှက်ကို ပစ်ခ
လို့ရအောင်လုပ်၍ ဝင်ရောက်ပစ်ခ
ရသည့်နေရာကို ပုံးအုံဟုခေါ်ခြင်းဖြ
သည်။ ကျွန်တော်မေးလိုက်သည့်စကာ
ကြောင့် တင်စိုးက –

"အပင်ပေါ်တက်ပြီးထိုင်ရင်း
ကြရင် ကောင်းမယ်ကွ၊ ဘာကြောင့်
ဆို ရိုးမကြီးနဲ့ဆက်နေတဲ့ တောကြီး
တော့ အချိန်မရွေး သားကောင်
တွေ ဖြတ်သွားဖြတ်လာ လုပ်တတ်
တယ်၊ ငါတို့ကိုင်ထားတာ လော
လေးခွဆိုတော့ မမျှော်လင့်ဘဲ
တိုက်တိုးလိုက်ရင် ဟုတ်ပေ့ဖြစ်
မယ်"

သူပြောသည့် စကားကလည
ဟုတ်ပေသည်။ ယခု ကျွန်တော်တို့
ယောက်သည် စားပင်ဆီကို လာ
သည်ကို မိဘများမသိကြ၊ သူတို့
သည်က ရွာထိပ်ထွက် ခေါင်ပုံခဲ
ကစားကြမည်ကိုသာ သိကြသည်
စဉ် ဆိုးပုံက –

"ငါတို့ စားပင်ပေါ်တက်ပစ်
တာတော့ ဟုတ်ပြီ၊ ငှက်တစ်ကေ



www.burmeseclassic.com

တွေ့ရင်ဘယ်သူပစ်ကြမလဲ၊ သူပစ်မယ် ငါပစ်မယ်ငြင်းခုံနေတာနဲ့ ပစ်လိုက်ရမှာမဟုတ်တော့ဘူး ...''

ဆိုးပုံပြောလိုက်သည့်စကားက လည်းဟုတ်နေသည်မို့ ကျွန်တော်က –

''အရပ်လေးမျက်နှာကို မှူပြီး ငါတို့ နေရာယူလိုက်ကြမယ်ကွာ၊ ကိုယ့်ဘက်လာနားတဲ့အကောင် ကိုယ့်တာဝန်ယူ ဟုတ်ပြီလား ...''

''အပင်ပေါ်ပဲလား ...၊ အပင်အောက်ကိုရော ပါလား ...''

ရောက်နေကြသည့် ကျွန်တော်တို့အား တအံ့တသြ ဖြစ်နေကြသည့်အပြင် ကြောက်ရွံ့နေကြဟန်ထင့်၊ ကျွန်တော်တို့ကလည်း သူတို့ကို အန္တရာယ်မပေးဘဲ ငြိမ်နေကြသည်ကို သိရှိသွားကြသဖြင့် အတန်ကြာတော့ ငှက်ငယ်အားလုံး စုဝေးရောက်ရှိလာပြီး တပျော်တပါး ပြန်လည်ကာတေးဆိုရင်း စားသောက်နေကြသည်။ ဝန်းကျင်မှကြည့်

(၇)ကောင်အုပ်၊ နားသည့်နေရာက ကျွန် တော့်ပစ်ကွင်းရှေ့တည့်တည့်၊ အကောင်က သိပ်မကြီး၊ ခပ်ပြာပြာအသွေးကို အဖြူရောထားသည်။ ဆက်ရက်ငှက်လောက်မို့ မပစ်ဘဲငြိမ်သက်ကြည့်နေမိသည်။ သူတို့အုပ်ကလည်း ကျွန်တော့်တို့ရှိပေမဲ့ အန္တရာယ်မပြုသည့်အတွက် အစားမပျက် ဆိုင်းတီးမပျက်၊ ထိုစဉ် –

''ဗိုး ...ဗိုး ...ဗိုး''



''အပင်အောက်တော့ လာမယ် မထင်ပါဘူး။ အေး ...အပင်အောက် ပါ တာဝန်ယူ''

ကျွန်တော်တို့(၃)ယောက် အပင်ကြီးပေါ်တက်လိုက်ကြပြီး ဘေးထွက်ကိုင်းတို့တွင် ခွထိုင်ကာ နေရာယူလိုက်ရင်း တစ်ဦးနှင့်တစ်ဦး စကားမပြောဘဲ ငြိမ်ပြီး စောင့်စားနေလိုက်ကြပေသည်။

အစဦးတွင် ဥနဲ့သီးမှည့်များကို လာရောက်စားသောက်ကြသည့် ငှက်ငယ်ကလေးတို့မှာ အပင်ထက်ဆီသို့

လျှင် စားပင်တွင် မည်သည့်အန္တရာယ်မှ မရှိသယောင် မာယာဆောင်လျက်။

''ဗုံ ...ဗုံ ...ဗုံ''

''တော်တီး တော်၊ တော်တီး တော်''

ထူးထူးခြားခြား အလွန်ရှားပါးသည့် ''ငှက်ဆိုင်းဝိုင်း''တစ်အုပ် ပျံသန်းရောက်ရှိလာသည်။ ငှက်အုပ်ဆိုသော်လည်း များများတော့မဟုတ်။

ခပ်လှမ်းလှမ်းဆီမှ လေလွင့်ပျံသန်း အတောင်ခတ်သံကြီးကို ကြားလိုက်ရသဖြင့် အနီးရှိ တင်စိုးမျက်နှာကို လှမ်းကြည့်လိုက်တော့ လေသံနဲ့ပြောလိုက်သည်က –

''အောင်းလောင်းလား ယောင်ရင်ငှက်ကြီးလား မသိဘူး အသာငြိမ်နေ''

သူပြောသည့်အတိုင်း တဗိုးဗိုးပျံသန်းလာနေသည့်အသံကြီးက ကျွန်တော်တို့နှင့် တဖြည်းဖြည်းနီးကပ်လာသည်မို့ အသာလှမ်းကြည့်လိုက်ရာ ကြီး



www.burmeseclassic.com

မားသည့်ငှက်ကြီးတစ်ကောင်သည် အတောင်ဖြန့်လျက် လေတွက်ပျံဝဲကာ ဆိုးပုံမျက်နှာမူထားရာ ဥနဲ့ကိုင်းဆီသို့ ဝင်ရောက်နားခိုလိုက်မှုကြောင့် ပေါင်လုံးခန့်ရှိ ဥနဲ့ကိုင်းကြီးပင် တုန်ခါလှုပ်ယမ်းသွားသည်ကို တွေ့လိုက်ရသည်နှင့်အတူ ဆိုးပုံက ကိုင်ဆောင်ထားသည့်လေးခွဖြင့် ပစ်ရန်ချိန်ရွယ်လိုက်စဉ် –

''ဆိုးပုံ မပစ်နဲ့၊ မပစ်နဲ့ . . . ရွှေးရွှေး''

သူမပစ်ခင် ကျွန်တော်လှမ်းတားလိုက်ရင်း အသံပေးခြောက်လှန့်မောင်းထုတ်လိုက်မှုကြောင့် ယောင်ရင်းငှက်ကြီးမှာ အထိတ်တလန့် ပျံသန်းပြေးထွက်သွားသည်ကို တွေ့လိုက်ပေသည်။ ထိုစဉ် ကျွန်တော့်အပြုအမူကြောင့် တအံ့တဩဖြစ်နေသည့် ဆိုးပုံက –

''ကျော်ဝင်း . . . ဘယ်လိုဖြစ်လို့ မောင်းထုတ်လိုက်ရတာလဲကွ . . ဟင်''

''မပစ်စေချင်လို့ပေါ့ကွာ . . .၊ မင်းကလဲ . . .''

''ဘာကြောင့် မပစ်စေချင်ရတာလဲကွ . . .၊ ရှားရှားပါးပါးရတဲ့ ကြုံတောင့်ကြုံခဲ အခွင့်အရေးကို လက်လွှတ်အဆုံးခံလိုက်ရတာ နှမြောစရာကြီး . . .''

ဆိုးပုံက မကျေမနပ်ပြောနေသည့်အတွက် ကျွန်တော်က –

''ဘာ့ကြောင့်မပစ်ခိုင်းဘဲ မောင်းလွှတ်တာကို မင်းသဘောပေါက်အောင် ပြီးမှ ငါရှင်းပြမယ်၊ ခုတော့ . . . အချိန်မရှိဘူး . . .၊ သည်းခံပြီးစောင့်၊ ငါတို့ စကားပြောသံကြောင့် ငှက်တွေမဝင်ဘဲ နေဦးမယ်''

ကျွန်တော်တို့ ဆက်လက်ပြီး ငြိမ်သက်စွာ စောင့်စားနေလိုက်ကြစဉ် ငှက်ငယ်လေးများ တပျော်တပါး စားလိုက်၊ ထပျံလိုက်၊ ပြန်နားလိုက် လုပ်နေမှုကြောင့် အခြားသောငှက်ကြီးများ ဝင်ရောက်လာကြသည့်အတွက် ကိုယ့်ဘက်လာနားသည့်အကောင်ကို ကိုယ်မလွတ်တမ်း ပစ်ခတ်နေလိုက်ကြပေသည်။

ကျွန်တော်တို့သုံးဦးသား စားပင်ဆီသို့ လာနားသည့်အကောင်များကို မလွတ်တမ်းပစ်ချနေခဲ့ရာ မွန်းတဲ့ချိန်လောက်ရောက်တော့ အပင်အောက်တွင် ပစ်ချထားကြသော ငှက်အသေကောင်တို့ အတော်ပင်များနေသည်ကို တွေ့လိုက်ရပေသည်။ ထိုစဉ် –

''ဗိုက်ဆာလိုက်တာကွာ၊ ကျော်ဝင်းနဲ့တင်စိုး ပြန်ကြမလားကွ . . .''

ဆိုးပုံက ဗိုက်ဆာကြောင်းပြောတော့မှ ကျွန်တော်ကလည်း ဗိုက်ဆာလာသည့်အတွက် တင်စိုးကို အဖော်ညှိလိုက်သည်က –

''တင်စိုး . . . မင်းကောမဆာဘူးလားကွ''

''အေးကွ . . . စောစောက ဖောကပ်နေလို့ . . .၊ ခု ဆိုးပုံပြောတော့မှ ဆာလာတယ်''

''ဒီလိုဆို မင်းမှာ ငှက်ခွေ့ရှိတာပဲ၊ အောက်ကိုဆင်းပြီး ဂုံမင်းတောဘက်သွား မီးဖိုပြီးကင်ပါလားကွ ဟင်''

''အေး . . . အဲဒါကောင်းတယ်၊ ငါဆင်းပြီး ကင်လိုက်မယ် . . .၊ မင်းတို့နေခဲ့ကြ''

ပြောပြောဆိုဆို တင်စိုးတစ်ယောက် အပင်ထက်မှဆင်းလျက် ဂုံမင်းတောဘက်ဆီသို့သွားကာ လွယ်အိတ်တွင်းမှ ငှက်ခွေ့သေတို့ကို အမွေးနှုတ်၊ ရင်ခွဲပြီး ကလီစာထုတ်ပြီး ဝါးခြမ်းပြားနှင့်ညှပ်ကာ မီးဖို၍ ကင်ထားသည့်အနံ့က အပင်ပေါ်ရှိနေသော ကျွန်တော်တို့ရှိရာဆီသို့ သယ်ဆောင်လာသော လေပြည်ကြောင့် ဆာလောင်မှုက ပိုကဲလာသည်။

ကျွန်တော်တို့နှစ်ဦးသား စားပင်ဆီသို့ လာရောက်စားကြသော ငှက်ကြီးများကို မလွတ်တမ်း ပစ်ခတ်နေကြစဉ် တစ်နာရီသာသာခန့် တင်စိုးတစ်ယောက် ငှက်ခွေ့ကင်တွေယူလျက် ပြန်ရောက်လာသည်။ ငှက်များကို အကောင်လိုက်ရင်ခွဲလျက် ဝါးညှပ်ဖြင့်တစ်မျိုး၊ တံစို့ထိုးကင်ထားသည်မို့ မွှေးပျံ့နေသည်။

ကျွန်တော်တို့က ငှက်ကင်ကို ဦးစွာမစားသုံးမီ အုန်းနဲ့ပင်ခွကြားတွင် ပလပ်စတစ်အိတ်ကိုခင်းကာ ငှက်ကြော်များကို စားဦးစားဖျား ကွင်းပိုင်အား တင်မြှောက်လိုက်ကြသည်။ အမှန်တော့ ထုံးစံအရဆိုလျှင် ငှက်ကြော်အပြင် အရက်နှင့်ရှမ်းဖက်လိပ်တို့ ပါရသေးသည်။ ရှမ်းဖက်လိပ်ဆိုသည်ကလည်း အသစ်မပါသည့်အပြင် ကျွန်တော်သောက်ပြီးသား အတိုဖြစ်နေသည့်အတွက် ရောပြီးမတင်လို၊ အရက်ကလည်း မပါကြသည့်အတွက် ငှက်ကင်ချည်း စတီသဘော တင်မြှောက်လိုက်ခြင်း ဖြစ်ပေသည်။

တင်မြှောက်လိုက်ပြီး ကျွန်တော်တို့ဗိုက်ဆာဆာဖြင့် စားသောက်ပစ်လိုက်ကြပေသည်။ တစ်ပိုသော ကျော်ကျော်ကျန်သည့် ငှက်သားကို ကျွန်


www.burmeseclassic.com

www.burmeseclassic.com


တော်တို့သုံးယောက် စားလိုက်ကြသည်မှာ နံပင်မစွတ်၊ ရေဘူးထဲကရေပါ အဆစ်လိုက်ရသေးသည်။

စားလို့သောက်လို့ပြီးတော့ အဆာပြေသွားသည်မို့ ကိုယ့်နေရာကိုယ်ပြန်ထိုင်လိုက်ကြရင်း တဖွဲဖွဲဝင်လာသည့် ငှက်များကို စောင့်စားပစ်ခတ်နေကြစဉ် –

"ဗျော . . . ရှော ရှော ရှော . ."

မြေပြင်ထက်မှ ကြွေကျထားသည့် သစ်ရွက်ခြောက်တို့အပေါ် ဖြတ်နင်းသည့်အသံကြီးကို ကြားလိုက်ရသဖြင့် သုံးဦးစလုံး တိုင်ပင်မထားဘဲ အောက်ဘက်မြေပြင်ကို လှမ်းကြည့်လိုက်ကြရာ အလျား(၄)ပေခန့် မြေပြင်တွင် တွားသွားနေသည့် အကောင်ကြီးတစ်ကောင်ကို တွေ့လိုက်ရသဖြင့် အထိတ်တလန့်နှင့် ဆိုးပုံက –

"ဟာ . . . မိကျောင်းကြီးတစ်ကောင်ပါလား . . .၊ ဟာ . . ဘယ်လိုဒီကို ရောက်လာတာလဲ"

အလန့်တထိတ်ပြောလိုက်သည်မို့ အသံက နည်းနည်းကျယ်လောင်သွားသည်။ ကျွန်တော်က –

"ရှစ် . . . ရှစ်"

ပါးစပ်က အချက်ပေးလိုက်သလိုလက်ကလည်း အသံမထွက်ရန်နှင့် ငြိမ်နေရန် အချက်ပြလိုက်သည်ကို သူတို့နှစ်ယောက်လုံး သဘောပေါက်ပြီး ငြိမ်သက်ကာ အောက်ကအကောင်ကြီးကို တအံ့တဩကြည့်နေကြသည်။ မြေပြင်တွင် ရွေ့လျားသွားလာနေပုံက မိကျောင်းလို ဗိုက်နှင့်လျှောတိုက်သွားခြင်းမျိုးမဟုတ်ဘဲ ခြေထောက်နှင့်လက်အစုံ အထက်ကိုယ်လုံးကိုမပြီး လေးဘက်တွားသွားနေသည့် ပုံသဏ္ဌာန်မျိုး အပြင် ဟထားသည့်ပါးစပ်အတွင်းမှ လျှာကလည်း ဝင်လိုက်ထွက်လိုက် ပျူတစ်ပြူတစ်၊ အမြီးကိုယမ်းကာ လှုပ်ယမ်းပုံကလည်း မိကျောင်းတစ်ကောင်ပုံစံမျိုးမဟုတ်၊ ခေါင်းမှနေ အမြီးဖျားရောက်သည့်တိုင် အနက်နှင့်အဝါ ကန့်လန့်စင်းများ ဖြစ်သည့်အတွက် အဖေပြောပြထားသည့် ထိုအကောင်ကြီးကားဖွတ်ကျားကြီးတစ်ကောင် ဖြစ်ပေမည်။

မြေပြင်ထက်တွားသွားရင်း တစ်စုံတစ်ရာကို လိုက်လံရှာဖွေနေဟန်က ထူးခြားနေသည်မို့ ကျွန်တော်ကလည်း အသေအခြာ ကြည့်လိုက်ရာ ကျွန်တော်တို့ပစ်ချထား၍ မြေပြင်တွင်ပြန့်ကျဲနေသည့် ငှက်သေများကိုလည်း မစားဘဲ ကျော်လွှားကာ တစ်ခုခုကို လိုက်လံရှာဖွေနေဟန်၊ အတန်ကြာလှည့်ရှာရင်းက တွေ့သွားဟန်ထင့်၊ ကျွန်တော်တို့ ဗိုက်ဆာဆာဖြင့် ငှက်ငန်းမီးကင်၍စားပြီး လွှင့်ပစ်ကြသော ငှက်အရိုးများကို တွေ့သွားပြီး အငမ်းမရစားသောက်နေသည်ကို တွေ့လိုက်ကြရပေတော့သည်။

ထိုနေရာတွင် လွှင့်ပစ်ထားသည့် အရိုးနှင့်အသားစများ ကုန်သွားသဖြင့် နောက်ထပ်လှည့်ပတ်ရှာဖွေနေပြန်သည်။ ငှက်ငန်းလည်ချောင်းရိုး၊ ဦးခေါင်းတို့ကို ကျွန်တော်တို့မစားသလို ခြေထောက်များကိုလည်းမစားဘဲ အောက်ကိုလွှင့်ပစ်ထားကြသည်ကို စားသောက်နေပြီး ငှက်သေများကိုတော့ လုံးဝမစား။

အမှန်တော့ တင်စိုးတစ်ယောက် ငှက်ကို မီးကင်သည့်အချိန် အနံ့ရသွားသည့် ထိုဖွတ်ကြီးက လိုက်လာခဲ့ရင်းက ကျွန်တော်တို့ အသားတွေကိုစားပြီး လွှင့်ပစ်ထားသည့်ငှက်ရိုးမီးကင်အနံ့ကို ရသဖြင့် လိုက်လံရှာဖွေရင်း ရောက်ရှိလာဟန်ထင့်၊ ယခုတော့ သူရှာဖွေနေသည့်အနံ့ သည်နေရာတွင် ရှိနေသည်ကို သိသွားသည့်အတွက် တွေ့သည့် အရိုးနှင့် အသားအနည်းငယ်ကို စားပြီး၊ ထပ်မံအနံ့ရသဖြင့် သစ်ပင်အောက်တွင် ထပ်မံလှည့်ပတ်ရှာဖွေနေခြင်း ဖြစ်ဟန်ပင်။

ကျွန်တော်က ဖွတ်ကြီး၏လှုပ်ရှားမှုကို အပင်ထက်မှငုံ့ကာ သေချာစွာ စူးစမ်းကြည့်နေသည်ကို 'တင်စိုးနှင့်ဆိုးပုံ'တို့က လှမ်းအချက်ပေးလိုက်ရင်း ဘယ်လိုလုပ်ရမည်ကို သဘောထားတောင်းခံနေပြန်သည်။

ကျွန်တော် သူတို့ကို ဘယ်လိုလုပ်သည့်သဘောထားကိုမျှ မပေးနိုင်သေး၊ အဘယ့်ကြောင့်ဆိုသော် ယခုအပင်အောက်တွင် အသားကင်နံ့ရသဖြင့် လှည့်ပတ်ရှာဖွေနေသည့် ဖွတ်ကြီးကား သေးလှသည်တော့ဖြင့်မဟုတ်၊ ဖွတ်ကြားကြီးဆိုသော်လည်း မိကျောင်းတစ်ကောင်နီးပါးမျှ ကြီးမားပြီး ရှည်လျားသည့်အကောင်ကြီး၊ ကျွန်တော်တို့တွင် ပါလာသည့်လက်နက်က လောက်လေးခွနှင့် လောက်စလုံးတို့ရယ်သာ။ အမဲလိုက်ဓားမြှောင်တော့ပါသည်။ သို့သော် သူနှင့် ယှဉ်ပြိုင်သတ်ပုတ် အနိုင်ယူဖို့ဆိုသည်က လွယ်လှသည်တော့ဖြင့် မဟုတ်။

တစ်ချိန်က အဖေနှင့် တောထဲကပြန်လာရင်း ထိုအကောင်မျိုးနှင့်ကြုံခဲ့ဖူးသည်။ ဒရယ်ဗိုတစ်ကောင်ကို ထမ်း

www.burmeseclassic.com

လျက် အပြန်လမ်းတွင် လျှိုအောက် ပိုင်းမှ သားကောင်နှစ်ကောင်၏ တိုက် ခိုက်အော်ဟစ်သံကို ကြားလိုက်ရသဖြင့် ပခုံးတွင် ထမ်းလာသော ဒရယ်ဖိုကို ချကာ မြောင်အထက်မှ အောက်ကို ဝမ်းလျားထိုးကာ သားအဖတွေ ကြည့် လိုက်တော့ တစ်ကောင်က တောဝက် ဖြစ်ပြီး တစ်ကောင်က ဖွတ်ကြီးဖြစ်၍ သူတို့၏ တောတွင်းတိုက်ပွဲ။

ကျွန်တော်က တအံ့တဩနှင့် ဖခင်ဖြစ်သူအား –

"အဖေ ... မိကျောင်းကြီးနဲ့ တောဝက်တို့ ရန်ဖြစ်နေကြတာလား ဟင် ..."


ကျွန်တော့်အမေးကြောင့် ဖခင် ဖြစ်သူက ခပ်တိုးတိုးပြောလိုက်သည် က –

"အဲဒါ မိကျောင်းမဟုတ်ဘူး သားရဲ့ ...၊ ဖွတ်ကြီးကွ ...၊ အသံ မထွက်နဲ့၊ ကြည့်နေ .. မိကျောင်းထက် ဖွတ်က ပိုကြောက်စရာကောင်းတာ တွေ့ရမယ် ..."

တောဝက်က ခပ်သေးသေးတော့ မဟုတ်။ ဘေးတွင် ကားထွက်နေသည့် အစွယ်နှစ်ချောင်းက တစ်လက်မနီးပါး ထွက်နေပြီး မျက်နှာချင်းဆိုင်ဖွတ်ကြီး ကို ခေါင်းငုံ့လျက် အလစ်အငိုက်ကို အကွက်ချောင်းနေသလို ဖွတ်ကြီးက လည်း ခြေနှင့်လက်တို့ကို မြေပြင်တွင် ထောက်လျက် ခါးကိုကုန်းကာ အမြီး ရှည်ကြီးဖြင့် လှုပ်ယမ်းကာ စောင့်စား ရင်ဆိုင်တော့မည့်အသွင်။ ထိုစဉ် ဖွတ် ကြီးက နေရာမှ အထက်ကိုခုန်ကာ နောက်ကြောင်းပြန်လှည့်လိုက်ရင်း တောဝက်ကို သူ၏အမြီးနှင့် လှည့်ကာ ရိုက်ချလိုက်သည်။ အမြီးနှင့်အရိုက်ခံ လိုက်ရသော တောဝက်ကြီးမှာ ပြင်း ထန်သော ရိုက်ချက်ကြောင့် ဘေးသို့ လိမ့်သွားကာ မြောင်အောက်ပိုင်း လျှို အခြေဆီသို့ ကျသွားသည်ကို အံ့ဩ ဖွယ် တွေ့လိုက်ရစဉ် ဖွတ်ကြီးကလည်း တောဝက်ကျသွားသည့်အောက်ကို ဆင်းလိုက်မည်အပြု –

"လာတော့လူလေး ... သွားကြ မယ်၊ ဆက်ကြည့်နေရင် ငါတို့ပါ ဖွတ် စာမိဦးမယ်"

ဖွတ်ကြားမျိုးက
အကောင် အတော်ကြီးတယ်ကွ၊
ခုနက မင်းတွေ့ခဲ့တဲ့
အကောင်တောင်
(၆)ပေလောက်
ရှိမယ်ထင်တယ်၊
သူ့ထက်ပိုကြီးတဲ့
အကောင်တွေလည်း
ရှိကြသေးတယ်၊
အားကြီးရိုင်းစိုင်းသလို
ရန်လိုတဲ့အကောင်တွေကွ၊
တောဆင်ရိုင်းလို
အကောင်မျိုးတောင်
ရင်ဆိုင်ကြတယ်...




www.burmeseclassic.com

www.burmeseclassic.com


အဖေ့စကားကြောင့် နေရာမှထကာ ဒရယ်သေကိုထမ်းလျက် အပြန်လမ်းကို ခပ်သုတ်သုတ်အထွက် တောဝက်ကြီး၏ သေငယ်ဖောနှင့် နာနာကျည်းကျည်းအော်လိုက်သံကို ကြားပြီး ကျောချမ်းသွားသူက ကျွန်တော်ရယ်သာ။

လူသွားလမ်းအတိုင်း လျှောက်လှမ်းရင်း ကျွန်တော်က ဘဝင်မကျသဖြင့် –

"အဖေ ... ဒီအကောင်က ဘယ်လိုဖွတ်မျိုးလဲဟင် ...၊ ကျွန်တော်တို့တွေ ရိုက်ချက်စားနေတဲ့ အကောင်က ဒီလောက်မကြီးပါဘူး"

"အေး ... မှတ်ထား၊ အဲဒါ ဖွတ်ကြားဆိုတဲ့ အကောင်ကွ"

"ဟုတ်လားအဖေ ...၊ သူက ဖွတ်ကြားဆိုတော့ ဖွတ်က ဘယ်နှစ်မျိုးရှိနေလို့လဲ ... ဟင် အဖေ"

"အေး ... လူလေးရဲ့ ဖွတ်ဆိုတဲ့အကောင်က (၄)မျိုးရှိတယ်ကွ ..၊ အဖေတို့ ခွေးနဲ့လိုက်ပြီး ချက်စားနေတဲ့ ဖွတ်တွေက (ရှုံးဖွတ်၊ ခတ်ချိုဖွတ်(ဖွတ်မွဲလို့လည်းခေါ်တယ်)၊ ဖွတ်ကျည်၊ ဖွတ်ကျား ဆိုတာတွေပဲ၊ ခုတွေ့တဲ့အကောင်က ဖွတ်ကြားလို့ခေါ်တယ်ကွ .. မှတ်ထား"

"ဟုတ်ကဲ့ အဖေ ...၊ ဖွတ်ကျားလို့ ဘာကြောင့်ခေါ်တာလဲဟင်"

"ငါ့စိတ်ထင်ပေါ့ကွာ ...၊ မင်းလဲတွေ့ခဲ့တာပဲ၊ လည်ပင်းကနေ အမြီးဖျားထိအောင် အနက်တစ်ကန့် အဝါတစ်ကန့်နဲ့ ကန့်လန့်အစင်းကြောင်းတွေ ကြားထားသလိုမို့ ဖွတ်ကြားလို့ ခေါ်ကြတယ်ထင်တယ်၊ နောက်ပြီးတော့ စောစောက အဖေပြောတဲ့ ဖွတ်(၄)မျိုးထဲမှာ ဖွတ်ကြားမျိုးက အကောင်အတော်ကြီးတယ်ကွ၊ ခုနက မင်းတွေ့ခဲ့တဲ့အကောင်တောင် (၆)ပေလောက်ရှိမယ်ထင်တယ်၊ သူ့ထက်ပိုကြီးတဲ့ အကောင်တွေလည်း ရှိကြသေးတယ်၊ အားကြီး ရိုင်းစိုင်းသလို ရန်လိုတဲ့ အကောင်တွေကွ ...၊ တောဆင်ရိုင်းလိုအကောင်မျိုးတောင် ရင်ဆိုင်ကြတယ် ...၊

နောက်တစ်ချက် ... ဗဟုသုတဖြစ်အောင် ပြောထားရဦးမယ်၊ လူကြီးသူမတွေပြောတဲ့စကားကို ကြားဖူးမှာပေါ့ ...၊ ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ ဆိုတဲ့စကားကိုလေ ..."

"ဟုတ်ကဲ့အဖေ ...၊ အဖွားပြောပြောနေလို့ ကြားဖူးပါတယ်၊ ဘာကိုဆိုလိုတာလဲ"

"အေး .. အဲဒီစကားထဲကလို မိကျောင်းဖြစ်တဲ့ဖွတ်က အဲဒီဖွတ်ကြားမျိုးပဲကွ၊ မိကျောင်းဆိုတဲ့အကောင်မျိုးက လျှာမရှိတော့ အရသာကိုမသိဘူးကွ ..၊ အဲဒီ ဖွတ်ကြားဖြစ်တဲ့ဖွတ်က လျှာရှိတော့ အရသာသိတော့ ရေကန်ထဲကိုဆင်းပြီဆိုရင် ဘာအကောင်မှ မချန်ဘူးဟေ့ ... ခရုကစပြီး ငါးမှန်ငမွှား စားလို့ရတာမှန်သမျှ ဘာမှမထားတော့ဘူး၊ အကုန်စားပစ်တော့တာပဲကွ၊ ကုန်းပေါ်မှာဆိုလည်း ဘာကောင်ကိုမှ မထားဘူး၊ အကုန်တိုက်ခိုက် စားပစ်တော့တာပဲ၊ ကြောက်စရာအလွန်ကောင်းတယ် ...၊ လက်နက်ကောင်းမရှိရင် ရှောင်သာရှောင်ကွ"

"ဟုတ်လားအဖေ ...၊ ကျန်တဲ့ ဖွတ်(၃)မျိုးကလည်း ဘယ်လိုခွဲခြားလဲဟင် ... ပြောပြပါဦး"

"ဖွတ်ကျည်ဆိုတာကတော့ သူ့လောက်မကြီးဘူးကွ၊ အလွန်ဆုံးရှိ (၄)ပေသာသာပဲ၊ သူ့ကိုယ်ပေါ်မှာ မကျည်းစေ့အရွယ် အဝါကွက်အဝိုင်းလေးတွေ ရှိတယ်၊ အဲဒီ အဝါထဲမှာ ပြောက်ကောင်းစေ့လောက်ရှိတဲ့ အမည်းစက်တွေရှိတဲ့အကောင်ကို ခေါ်ကြတယ်၊

ခတ်ချိုဖွတ်(သို့) ဖွတ်မွဲလို့ခေါ်တဲ့ အကောင်က ပြာနှမ်းနှမ်း မွဲခြောက်ခြောက်ကွ ...၊

ရှုံးဖွတ်ဆိုတာက ဝါကျန်ကျန် အစက်အပြောက်တွေနဲ့ကွ၊ ဖွတ်ထဲမှာ အသေးဆုံးဖွတ်ပဲ ...၊ ခတ်ချိုဖွတ်နဲ့ ရှုံးဖွတ်က အချွန်အတက်တွေရှိတယ်၊ သူတို့ဥချတာကလည်း ခြတောင်ပို့အနီးမှာကွ"

ထိုသို့ ဖခင်နှင့်ကြုံတွေ့ခဲ့ရသည့် ဖွတ်ကြားအကြောင်း စဉ်းစားနေစဉ် အပင်အောက်တွင် ငှက်သားကင်အနံ့ကို လှည့်ပတ်ရှာနေသည့် ဖွတ်ကြားကြီးမှာ ဇာတိပြလာသည်က ကျွန်တော်တို့ပစ်ခတ်၍ မြေပြင်တွင် တုံးလုံးပက်လက်ဖြစ်နေသော ငှက်များကို စတင်စားသောက်နေသည်ကို အံ့သြဖွယ်တွေမြင်လိုက်ရပေသည်။ ထိုစဉ် တင်စိုးက ကျွန်တော့်အနီး တိုးရွှေ့လာပြီး လေသံနှင့် ပြောလိုက်သည်က –

"ဘယ်လိုလုပ်ကြမလဲ ကျော်ဝင်း အောက်ဆင်းပြီး ရင်ဆိုင်ကြမလား"

"ဟာ ... မလုပ်နဲ့၊ သိပ်အန္တရာယ်ကြီးတယ်၊ ခုတောင် ငါတို့ အပင်ပေါ်မှာရှိမှန်းသိရင် တက်ပြီးရန်ရှာမှာ ..."


www.burmeseclassic.com

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ၊ ငါတို့ပစ်ထားတဲ့ငှက်တွေလည်း စားလို့ကုန်တော့မယ်"

"အေး ... ငါလည်း ဒါပဲစဉ်းစားနေတာ ..."

အမှန်ပြောရလျှင် သူတို့နှစ်ဦးမှာ ယခုကြုံတွေ့နေရပြီး ရင်ဆိုင်နေရသည့် ဖွတ်မျိုးဖြင့် ကြုံတွေ့ခဲ့ဖူးခြင်းမရှိ၊ ကျွန်တော်ပင် အဖေနှင့် တောထဲကပြန်ရင်း တစ်ခါကြုံခဲ့ဖူးသူ၊ မည်သို့လုပ်ရမည်ကို လျှပ်တစ်ပျက်စဉ်းစားနေမိသည်။ ကျွန်တော်တို့တွင် ကိုင်ဆောင်ထားကြသည့် လက်နက်က လောက်လေးခွနှင့်လေးသီးအပြင် ခါးကြားမှာထိုးထားသည့် အမဲလိုက်ဓားမြှောင်တို့ရှိသော။ ဘယ်လိုမှ ရင်ဆိုင်လို့မရမှန်း သိပေမဲ့ သုံးဦးသား လွတ်လမ်းကိုတော့ ရှာရပေမည်မို့ လိုက်လံစဉ်းစားနေရင်း အတွေးတစ်ခု ခေါင်းထဲဝင်လာသည်မို့ သူတို့နှင့် အနီးကပ် တီးတိုးတိုင်ပင်လိုက်ရင်း လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်လိုက်ကြပေသည်။

ကျွန်တော်တို့သုံးဦးစလုံး ဥနဲ့ပင်ကြီးအောက်ကိုင်းတို့တွင် တြိဂံပုံသဏ္ဍာန် နေရာယူလိုက်ကြပြီး ကိုင်းအဖျားဘက်သို့ ပင်စည်လုံးနှင့် ခပ်ကွာကွာ တိုးနိုင်သလောက်တိုးပြီး လှုပ်ရှားမှုပြုလျှင် အောက်ကိုပြုတ်ကျမသွားစေရန် ပင်စည်လုံးဘက်မျက်နှာမူကာ လောက်လေးခွနှင့်လေးသီးတို့ကို ပစ်ခတ်ရန် အသင့်အနေအထားဖြင့် ပြင်ဆင်ထားလိုက်ကြပြီး အပင်အောက်တွင် ငှက်သေများကို လှည့်ပတ်စားသောက်နေသည့် ဖွတ်မိကျောင်းကြီးအား အပေါ်စည်းမှ မျက်လုံးရှိရာကို မှန်းကာ သုံးယောက်သား ပစ်ခတ်ကြရင်း ခြောက်လှန့်မောင်းထုတ်သံ ပေးလိုက်သည်။

"ရှူး ... ဖောက်"

"ရှူး ... ဖောက်"

"ရှူး ... ဘုတ်"

"ဟေး ... ဝါး ဟား ဟား၊ ဆက်ပစ်ကြတော့ ... ဆက်ပစ်ကြ"

ငှက်သေကိုစားနေသည့်အတွက် ဖွတ်မိကျောင်းကြီးမှာ သူ၏မျက်လုံးအိမ်ရှိရာဆီသို့ ဘယ်ရောညာပါ ဒလစပ် ပစ်သွင်းခြင်းခံလိုက်ရသော ဖွတ်မိကျောင်းကြီးမှာ ပြင်းထန်သောလေးသီးတို့၏ ရိုက်ခတ်မှုဖြင့် မျက်လုံးအိမ်ကို ပြင်းထန်စွာထိမှန်ခံလိုက်ရမှုကြောင့် အလွန်အမင်း နာကျည်းဟန်ဖြင့် ငါးရံ့ပြာလူး၊ တီကို ဆားနှင့်အတို့ခံလိုက်ရသလို နေရာတွင် ဆတ်ဆတ်ခါ လူးလိမ့်ရင်း သူ၏ရန်သူသည် အပင်ထက်မှာရှိနေကြောင်း သဘောပေါက်သွားဟန်ဖြင့် ပင်ခြေရင်းမှ ပင်စည်လုံးကို ဖက်တွယ်တက်ရန် ပြင်လိုက်စဉ် ကျွန်တော်နှင့် တင်စိုးတို့နှစ်ယောက်က –

"ရှူး ... ဖောက်"

"ရှူး ... ဖောင်း"

ရှေ့လက်နှစ်ဖက်က ပင်စည်လုံးဖက်တွယ်တက်ရန် ပတပ်ရပ်အနေအထားမျိုး ဖြစ်နေသည့် ဖွတ်မိကျောင်းကြီး၏ မျက်လုံးအစုံကို ပင်စည်လုံးဘက်သို့ မျက်နှာမူနေရာယူထားသည့် ကျွန်တော်နှင့်တင်စိုးတို့နှစ်ယောက်က ကိုင်ဆောင်ထားသည့်လေးခွဖြင့် မျက်လုံးအစုံတွင်းသို့ ပစ်သွင်းလိုက်ရာ ကျွန်တော်ပစ်ချက်က ခေါင်းကိုထိသော်လည်း ထိချက်က သိပ်နာဟန်မထင်၊ တင်စိုးပစ်ချက်က ရည်မှန်းထားရာ မျက်လုံးအိမ်အတွင်း တန်းဝင်သွားသည်မို့ 'ဖောင်း'ခနဲ မျက်လုံးအိမ်ပေါက်သွားသံနှင့်အတူ သွေးများပန်းထွက်လာကာ ပတပ်ရပ်သလိုနေရာမှ နောက်ကျောဘက်မြေပြင်သို့ ပြန်ကျကျသွားပြီး နာနာကျည်းကျည်း စူးရှစွာအော်ဟစ်လူးလိမ့်သံကြီးကြောင့် အုန်းနှဲ့သီးမှည့်များကို စားသောက်နေကြသည့် ငှက်ငယ်များပင် အဝေးကို အထိတ်တလန့် ပျံသန်းပြေးထွက်သွားသည်ကို တွေ့လိုက်ရပေသည်။

"မျက်စိတစ်လုံးတော့ သွားပြီ၊ ကျန်တစ်လုံးကို အဓိကထား ပစ်ကြ"

ဆိုးပုံက နာနာကျည်းကျည်း မြေပြင်တွင် သွေးများပန်းထွက်ကာ လူးလိမ့်နေသည့် ဖွတ်မိကျောင်းကြီး၏ အခြေအနေကိုကြည့်ပြီး အားပါသော စကားဖြင့်ပြောကာ ကျန်မျက်စိတစ်ဖက်ကို ပစ်သွင်းနေပြန်သည်။ ဖွတ်မိကျောင်းကြီးမှာ သူ၏ရန်သူ အပင်ထက်တွင်ရှိမှန်း သိပေမဲ့ တက်လို့မရလောက်အောင် ဖြစ်နေသည့်အတွက် ပင်စည်လုံးကြီးအား သူ၏တုပ်နိုင်သော အားထားသောအမြီးဖြင့် တ ဗျောင်းဗျောင်း၊ တဘုံးဘုံးခုန်ပျံကာ နည်းမျိုးစုံရိုက်နေသော်လည်း အရာမထင်၊ ကြာတော့ နာလည်းနာ၊ မောကလည်းမောမို့ မြေပြင်တွင် ဗိုက်ကပ်လျက် ငြိမ်နေစဉ် –

"ရှူး ... ဖောက်"

"ရှူး ... ဘုတ်၊ ဘုတ်၊ ခေါ

ဖွတ်ကြီး၏ ကျန်မျက်လုံးတစ်ဖက်အား အထက်စည်းမှ သုံးဦးသား


www.burmeseclassic.com

www.burmeseclassic.com





ပစ်သွင်းလိုက်ကြရာ လေးသီးတစ်လုံးက မျက်လုံးအိမ်ကို ထိမှန်ပေါက်ကွဲသံနှင့်အတူ သွေးများဒလဟောစီးကျလာပြီး ဦးတည်ရာဂုံမင်းတောဘက်ဆီသို့ မပြင်မစမ်း ပြေးထွက်သွားသည့်ကို ကျွန်တော်တို့ တအံ့တသြတွေ့မြင်လိုက်ကြရပေသည်။

ကျွန်တော်တို့သုံးဦးသား စိုးရိမ်ထိတ်လန့်စွာနှင့် တုန်လှုပ်နေသောရင်အစုံကို အခုန်သက်သာစေရန် ခေတ္တအနားယူကာ ဓားချွေးများကို ပုဆိုးစနှင့်သုတ်လိုက်ကြပြီး –

''ကဲ . . . ကျော်ဝင်း၊ ငါတို့ဘယ်လို စခန်းသွားကြမလဲ''

တင်စိုးမေးလိုက်သည့်စကားကြောင့် ကျွန်တော်က –

''ပူမနေပါနဲ့တော့ . . .၊ ပွဲကပြီးသွားပြီ၊ အိမ်ပြန်ရင် အဲဒီဖွတ်ကြီးထမ်းပြန်ကြမယ်၊ အောက်ကိုဆင်းလိုက်ကြရအောင် . . .''

ကျွန်တော်တို့သုံးဦးသား ဥနဲပင်ကြီးအထက်မှ အောက်ကိုဆင်းလိုက်ကြပြီး ဖွတ်ကြီးမစားရသေးသော ငှက်သေများကို ကောက်ယူလိုက်ကြသည်။ ငှက်များမှာ အတော်များများပစ်ချထားခဲ့သော်လည်း ဖွတ်မိကျောင်းကြီး စားသွားသည့်အတွက် ငှုငှက်နှင့် ငှက်ငန်းအကောင်နှစ်ဆယ်နီးပါးသာ ကျန်တော့သည်မို့ လွယ်အိတ်များအတွင်း မျှထည့်ကြရင်း –

''ဆိုးပုံ မင်းဓားကကြီးတယ်၊ ဟိုဝါးရုံတောက ပစ်လုံလုပ်ဖို့ တစ်လက်ကိုင် ဝါးသုံးချောင်းခုတ်ကွာ . . .''

ဆိုးပုံက အထာပေါက်သည်မို့ ဝါးရုံတောဘက်သွားကာ ဝါးရှူးချွန်လုပ်လို့ကောင်းမည့် လက်တစ်ကိုင်ဝါးများ ခုတ်ပ ာသဖြင့် အဖျားချွန်ကာ တစ်ယောက်တစ်ချောင်းကိုင်ပြီး ဖွတ်ကြီးပြေးသွားရာဘက်ဆီ သွေးစက်ကို ခြေရာခံကာ လိုက်ခဲ့ကြပေသည်။

တစ်ဖာလုံခန့်လိုက်ခဲ့တော့ ဂုံမင်းတောဆီသို့ ရောက်လာသည်။ အတွင်းို လှမ်းကြည့်လိုက်ရာ ဆက်မပြေးဘဲနေရာတွင် ငြိမ်သက်နေသည့် ဖွတ်ကြီးကို တွေ့လိုက်ရသည့်အတွက် ဖွတ်ကြီး၏ဦးခေါင်းနှင့် လည်တိုင်ရင်းဆီသို့ ချိန်ရွယ်၍ ထိုးသတ်ကာ ဝါးတစ်လုံးတွင် ခေါင်း၊ ကိုယ်၊ အမြီးပိုင်းကို နွယ်ကြိုးနှင့်ပတ်ကာ ရှေ့နောက်မျှထမ်းရင်း ပြန်ခဲ့ကြပေတော့၏။

ကျွန်တော်တို့သုံးဦးသား ဖွတ်မိကျောင်းကြီးကို ဝါးလုံးတွင် ကြိုးနှင့်ကပ်စီးကာ ရှေ့နောက်မျှထမ်းကာ ရွာဆီသို့ ပြန်ရောက်လာကြတော့ ရွာသူရွာသား ကလေးများပါမကျန် တအံ့တသြ အုံးအုံးကျက်ကျက်ဖြင့် ဝိုင်းဝန်းကြည့်ရှုကြရင်း ဒီအကောင်ကြီး ဘယ်ပုံဘယ်နည်းရခဲ့သည်ကို မေးမြန်းကြသည်။

ဆိုးပုံက ဒိုင်လုပ်သူ'ကိုပိန်'ကို ခေါ်ပြီး သူ့လက်ထဲကိုအပ်လိုက်တော့ ကျွန်တော်တို့ဆီတွင် ငွေစများရောက်လာသည်။ ပင်ပန်းနွမ်းနယ်သည်မို့ ရွာထိပ် ထန်းရည်တဲတွင် တောသားတောင်သားများနှင့် စားသောက်ကာ အပန်းဖြေနေရင်း ဆိုးပုံက –



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကျော်ဝင်း ..."

"ဟေ ... ဘာလဲကွ ဆိုးပုံရဲ့ မင်းဟာကလဲ"

"သြော် ... ဒီလိုပါကွာ၊ ယောင်ရင်းငှက်ကြီးလာနားတုန်းက ငါပစ်မယ်လုပ်တော့ မင်းက လှမ်းတားပြီး မောင်းထုတ်လိုက်တဲ့ကိစ္စ ဘာကြောင့်ဆိုတာ သိချင်လို့ပါကွာ ..."

"သြော် ... ဒီကိစ္စကြောင့်လား၊ ဒီလိုကွ ...၊ ဒီလို ...၊

ဒီလိုပါကွာ သူငယ်ချင်းရာ ...၊ အဖေပြောပြလို့ ငါလည်းမှတ်ထားတာပါ၊ သစ်တောကပြဋ္ဌာန်းထားတဲ့ ငှက်ဥပဒေထဲမှာ တောကြက်၊ တောဘဲ၊ ငုံး၊ စစ္စလီ၊ ရစ်၊ ခါ၊ အောက်ချင်း၊ ယောင်ရင်း၊ အောင်လောင်း စတဲ့ငှက်တွေ ဥချတဲ့အချိန်၊ ဝပ်တဲ့အချိန်၊ သားပေါက်တဲ့အချိန်ဟာ မတ်လကနေ စက်တင်ဘာလအတွင်းလို့ ဆိုတယ်၊ မြန်မာလိုဆိုရင်တော့ တပို့တွဲလလောက်ကနေ တော်သလင်း၊ သီတင်းကျွတ်ထိ ဆိုရမှာပေါ့၊ ခုနစ်လလောက်သတ်မှတ်ထားတယ်၊ အဲဒီအချိန်မျိုးမှာ မပစ်ခတ်ကြဖို့၊ မသတ်ဖြတ်ကြဖို့လည်း တားမြစ်ထားတယ် ...၊

အထူးသဖြင့်တော့ အဲဒီငှက်တွေထဲမှာ 'အောက်ချင်းငှက်၊ ယောင်ရင်းငှက်၊ အောင်လောင်းငှက်' မျိုးတွေဟာ အလွန်အမင်း သစ္စာတရား ကြီးမားပြီး ဇနီးမောင်နှံချစ်ကြကြောင်းကို အသက်ပေးပြီး ပြသတတ်ကြတဲ့ ငှက်မျိုးတွေကွ ...၊

မင်းနားလည် သဘောပေါက်အောင် ပြောပြရရင် အဲဒီငှက်မောင်နှံ အစာရှာရင်း ငှက်ခတ်သမားလက်ချက်နဲ့ တစ်ကောင်သေရင် တစ်ကောင်က ထွက်မပြေးဘူး၊ အဲဒီနေရာက ကောင်းကင်ထက်ကို အမြင့်ဆုံးပျံတက်ပြီး အတောင်ကိုချုပ်ပြီး မြေကြီးနဲ့ဆောင်ပြီး အသေခံကာသစ္စာရှိကြောင်း ပြတတ်ကြတဲ့ ငှက်မျိုးတွေကွ ..."

"ဟုတ်လား ...၊ အထီးကလား အမကလား ..."

"အထီးဖြစ်ဖြစ် အမဖြစ်ဖြစ် အဲဒီလိုအသေခံပြကြတယ်၊ အခု မင်းပစ်မယ့်အကောင်က တစ်ကောင်ထဲဆိုတော့ အဲဒီအကောင်ဟာအထီးကောင်ကွ၊ သူ့ဇနီးဖြစ်သူ ငှက်မက ဥချပြီး အသိုက်ထဲမှာ သားပေါက်ဖို့ဝပ်နေတဲ့ အချိန်ကွ၊ ဒီငှက်မျိုးတွေက အခြားငှက်မျိုးတွေလိုမဟုတ်ဘူး ...၊ လူသူအသွားအလာနည်းပါးတဲ့ တောကြီးထဲက သစ်ပင်မြင့်အခေါင်းထဲမှာ ဥချကြတယ်၊ ခုလို ဝပ်တဲ့အချိန်မျိုးမှာ အထီးကောင်က အသိုက်အပြင်ဘက်ကနေပြီး ရွှံ့ကို သူတို့ရဲ့ ကစီရေနဲ့ရောပြီး အသိုက်ကိုပိတ်လိုက်ပြီး ခေါင်းထွက်လို့ရအောင် အပေါက်ကလေးတစ်ပေါက်သာ ဖောက်ထားတယ်ကွ"

အထီးလုပ်တဲ့အကောင်က အစာရှာပြီး အဲဒီအပေါက်ကနေ အမကို ကျွေးတယ်၊ ရေဆိုရင်လည်းတိုက်တယ်၊ အပြင်ကို အထွက်မခံဘူးလေ၊ ပြီးတော့ သူတစ်ကောင်ထဲထွက်ပြီး သူ့အတွက်ရော အသိုက်ဝပ်နေတဲ့အမအတွက်ရော အစာရှာကြတယ်လေ ...၊

"အထီးလုပ်တဲ့အကောင်က အစာရှာပြီး ပြန်ရောက်လာရင် အသိုက်အနေအထားကို အသေအချာကြည့်တယ်။ ခြေရာလက်ရာပျက်တယ်ဆိုရင် အမကိုထိုးဆိတ်ပြီး သူ့အပေါ်သစ္စာမဲ့တယ်ဆိုပြီး သတ်ပစ်တယ်ကွ၊ အဲဒီတော့ အမလည်းသေ၊ ဥတွေလည်းပုပ်သွားတာပေါ့လေ"

"ခု မင်းပစ်လိုက်ရတဲ့ ယောင်ရင်းငှက်ကြီးဟာ အမဖြစ်သူကို အသိုက်ထဲမှာဝပ်နေတာကို အစာရှာကျွေးနေတဲ့ ငှက်ကြီး၊ ဒါကြောင့် တစ်ကောင်ထဲ တွေ့ရတာ၊ မင်းပစ်လိုက်လို့ အဲဒီငှက်ကြီးသေတယ်ဆိုရင် အသိုက်ထဲမှာဝပ်နေတဲ့ အမကောင်ကလည်း အစာရေစာငတ်ပြီး အသေခံကြတယ်၊ အမကောင်သေရင် သူဝပ်နေတဲ့ဥတွေလည်း ကိုယ်ငွေ့မရဘဲ ပုပ်ကုန်တယ်လေကွာ"

"ဒါကြောင့် သူတစ်ကောင်သေတာနဲ့ အပြစ်မဲ့တဲ့ အသိုက်ဝပ်တဲ့အမရယ်၊ သားသမီးတွေကိုပါ သတ်သလိုဖြစ်မှာစိုးတဲ့အတွက် မပစ်ဖို့ တားရတာပါ သူငယ်ချင်းရယ် ...နော်"

ကျော်ဝင်းပြောပြနေသည်ကြောင့် ဆိုးပုံနှင့်တင်စိုးတို့နှစ်ယောက်စလုံး တအံ့တဩဖြစ်သွားကြသည်က အမှန်၊ မည်သို့ဆိုစေကာမူ ထူးထူးခြားခြား လောက်လေးခွကိုင် သူငယ်ချင်းသုံးယောက် စားပင်ဆီငှက်ပစ်သွားကြရင်း မမျှော်လင့်တဲ့အန္တရာယ်ကို ကျော်လွှားအနိုင်ယူခဲ့သည်ကိုတော့ ရွာတွင်းရှိ လူအားလုံး လက်မခံလို့မရ မျက်မြင်လက်တွေ့ပင် ဖြစ်ပေတော့သတည်း။

လေးမောင်

www.burmeseclassic.com




# လှိုင်းမာနှိုး
## ပိတောက်တွေ
## နွေမှာပွင့်မှာလား

ဝတ်မှုန်



www.burmeseclassic.com

ထိုနေ့က ပိတောက်တွေပွင့်သည်။ အဆုပ်လိုက် အခိုင်လိုက် ထိန်ထိန်ပွင့်နေသော ပိတောက်တွေကို ကြည့်ရင်း ရင်ထဲတဆတ်ဆတ်တုန်ခါလာသည်။ သင်းပျံ့သော ပိတောက်ရနံ့တွေကို အားပါးတရ ရှူရှိုက်လိုက်ရင်း ပြေနုနက်ခင်းနုနုလေးကို ငေးရီကြည့်နေမိ၏။ အေးမြငြိမ့်ညောင်းသော နွေနံနက်ခင်း လေပြည်တွေနှင့်အတူ ပိတောက်ရနံ့တွေက သူ့ဘဝမောအပူရှိန်များကို မပြေလျော့နိုင်သေးပေ။ နွေအရောက် ပိတောက်ရွှေခြောက်လေပြီ။ ဟိုးအဝေးက ပိတောက်ပင်ကြီးကို သူ့မျက်ဝန်းထဲ အနေးပြကွက်များနှင့် ပြန်လည်မြင်ယောင်နေမိသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ဝေဒနာဆိုးတစ်ခု၊ အထုအဆစ်ခံဘဝရဲ့ ဒဏ်ရာတွေ သူ့အတွက် စိတ်အမာရွတ်များအဖြစ် တင်ကျန်ရစ်ခဲ့လေ၏။

✿ ✿ ✿

သူငယ်ချင်းအောင်မိုးယူလာသော သတင်းစကားကြောင့် ထောင်းခနဲခံစားလိုက်ရသည်။ ဝတ်မှုန်ရဲ့အစ်ကို ပြောစကားတွေ သယ်လာသူ အောင်မိုးတစ်ယောက် သူ့မျက်နှာကို စောင်းငဲ့ကြည့်လိုက်သည်။

''ဘာဖြစ်ဖြစ်ပေါ့ကွာ ...တစ်နေ့နေ့တစ်ချိန်ချိန်မှာ မင်းနဲ့အမျိုးတွေ တော်စပ်ရမှာပဲ မဟုတ်လား''

ရယ်သံတစ်ခု သူ့နှုတ်ဖျားမှ ပွင့်ထွက်သွားသည်။

''ငါ့ကို သတ္တိမရှိဘူး၊ မိန်းမလျာလိုကောင်မျိုးနဲ့ သူ့ညီမကို မပိုင်ဆိုင်စေရဘူးလို့ပြောတာ ငါ့ကို အရှက်ခွဲတာပဲ အောင်မိုး ...၊ ဝတ်မှုန်က ဒီအချိန်မှာ ဘာ့မှပြဿနာမတက်စေနဲ့လို့ သတိပေးထားလို့ ငါ့စိတ်ကိုလျှော့ထားရတာ မင်းအသိဆုံးပဲ ...''

မဟုတ်မခံချင်စိတ်သည် ရင်ထဲသို့အရှိန်ဖြင့် တိုးဝင်ဆောင့်၏။ ဝတ်မှုန်ကို ချစ်မြတ်နိုးစိတ်သာ လျော့တိလျော့ရဲဖြစ်ခဲ့လျှင် လူငယ်တစ်ယောက်ရဲ့ ဒေါသနှင့် ခတ်ဆတ်ဆတ်တုန့်ပြန်မိမည်မှာ ကေန်ပင်ဖြစ်၏။

တက္ကသိုလ်ဒုတိယနှစ်တွင် ဝတ်မှုန်ဆီက အဖြေတစ်ခုကိုရပြီးနောက် တစ်နေ့တွင် ဝတ်မှုန်ရဲ့အစ်ကိုက လမ်းမှာရပ်ပြီး သူ့ကိုချဲလင်းလုပ်သည်။

''မင်းလို ပျော့ညံ့ညံ့အကောင်နဲ့ ငါ့ညီမကို လာမရောနဲ့ ...၊ ငါကြား ပြီးပြီ၊ တကယ်လို့ မင်း ရှေ့ဆက်တိုး လာရင် ငါ့အကြောင်းသိရမယ်၊ ဒီမှာ ကြည့်ထား ...''

ဟု ဆိုပြီး ဖုထစ်ကြမ်းရှနေသော ညာလက်သီးကို ခပ်တင်းတင်းဆုပ်ပြ သည်။

အတွေးအခေါ်ဟောင်း၊ ပုံစံ ဟောင်းတွေကို သူ့အတွေးထဲကမောင်း ထုတ်ပစ်လိုက်သည်။ ဒါ ...ဘဝရဲ့ ပြဿနာမဟုတ်ဘူးဟု သူလက်ခံယုံ ကြည်ပြီး ဝတ်မှုန်နှင့် ဘဝတစ်ခုကို လက်တွဲတည်ဆောက်ဖို့ကိုသာ သူ့မှာ ဆန္ဒတွေရှိသည်။

''သူငယ်ချင်း ...လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ပန်းတိုင် ခြင်း မတူကြဘူးလေကွာ ...၊ သူ့ အလုပ်သူလုပ် မင်းအလုပ် ပင်းလုပ်၊ ကိုယ့်ခရီးကိုယ် ဆက်ကြရတာပဲမဟုတ်

**သရဲတစ္ဆေဆိုတာ ရှိချင်လည်းရှိမှာပေါ့၊**
**ကံနိမ့်တဲ့သူတွေတော့ မြင်ဖူးတယ် ပြောကြတာပဲ၊**
**ဒါပေမဲ့ လမ်းထိပ်က ပိတောက်ပင်ကြီးကတော့**
**တစ်ခါတုန်းက ကောင်လေးတစ်ယောက်**
**ဆိုင်ကယ်နဲ့ဝင်တိုက်ပြီး မကျွတ်ဘူးပြောတာပဲ ...**



www.burmeseclassic.com

လား ...၊ အဓိက ကတော့ ဝတ်မှုန်ကို ဘယ်ပျားပိတုန်းတွေကမှ မပျံ့ဝဲ မနားခိုရင် ပြီးတာပါပဲကွာ ...''

အောင်မိုးရဲ့ အတွေးအမြင်ပါသော စကားလုံးတွေ သူ့နှလုံးသားထဲ နစ်ဝင်သွားသည်။ အောင်မိုးပခုံးကို အသာပုတ်ပြီး နှစ်ယောက်သား တက္ကသိုလ်စာကြည့်တိုက်ထဲ ဝင်ခဲ့ကြ၏။ ဥဩတစ်ကောင်၏အော်သံကို ချိုမြိန်စွာ ကြားလိုက်ရသည်။ ရည်မှန်းချက်နှင့် ဖြတ်သန်းနေရသော ဘဝတစ်ခုတွင် ဆူးခလုတ်တွေကို ရှောင်ရှားကျော်လွှားရင်း စိတ်ကို တည်ငြိမ်အောင် သူ မွေးမြူလေ့ကျင့်ထားခဲ့သည်။

§ § §

နွေဦးရဲ့ ရွက်သစ်နုများနှင့်အတူ ပိတောက်ဖူးတွေ ပြည့်သိပ်နေသော ပန်းချီကားကို သူ နှစ်မက်စွာငေးမောရင်း သူငယ်ချင်းအောင်မိုးနှင့် မြင့်သိန်း ရှိရာ လက်ဖက်ရည်ဆိုင်လေးသို့ ထွက်ခွာလာ၏။ လက်ဖက်ရည်ဆိုင်အကွေ့ စိန်ပန်းပင်ကြီးအောက်ကိုရောက်တော့ ဝတ်မှုန့်ရဲ့အစ်ကိုကို ဖျတ်ခနဲ မြင်တွေ့လိုက်ရသည်။ စူးရှသော၊ မနှစ်မြို့သော အကြည့်များဖြင့် သူ့ကို နှုတ်ဆက်၏။ ပြီးတော့ ဘေးနားတွင်ရှိနေသော လူတစ်ယောက်ကို အသံကျယ်လောင်စွာဖြင့် ပြောလိုက်သည်။

''သူ့ရဲ့ဘောကြောင်တဲ့ အကောင်တွေကို ငါကြည့်မရဘူးကွ ...၊ သရဲတစ္ဆေတွေ့ရင် ပုဆိုးချွတ်ပြေးမယ့် အကောင်မျိုးကို ငါသိပ်မုန်းတယ်''

သူ့ခြေလှမ်းတွေ မှားမတတ်ဖြစ်သွားသည်။ မျက်နှာတစ်ခုလုံး ထူပူပြီး ဒေါသတွေ တရှိန်းရှိန်း တဖိန်းဖိန်း တက်လာ၏။ စိတ်ကို အတတ်နိုင်ဆုံး ချုပ်ထိန်း၍ လက်ဖက်ရည်ဆိုင်ထဲ ဝင်လာခဲ့သည်။

''မင်းက ဘာလို့ကြာနေတာလဲ၊ ငါတို့ ဖိုင်နယ်မေးခွန်းဟောင်းတွေ စုထားပြီးပြီ ...၊ မင်း မိတ္တူဆွဲပြီးယူသွား ...''

အောင်မိုးက သူ့ကိုလှမ်းပြောရင်း စားပွဲထိုးလေးကို လှမ်းခေါ်လိုက်သည်။

''ငါ ... တစ္ဆေတစ်ကောင်နဲ့ တွေ့ခဲ့တယ် အောင်မိုး ...''

သူ့အပြောကြောင့် အောင်မိုး အံ့အားသင့်သွားသည်။ မြင့်သိန်းက ပြုံးစိစိဖြင့် –

''ဘယ်ကတစ္ဆေလဲကွ ...၊ မင်းဟာက နေ့ခင်းကြောင်တောင်ကြီးမှာ''

ဟု ပြောတော့ –

''ဝတ်မှုန်ရဲ့ အစ်ကိုပေါ့ကွာ''

ဟု အသံကိုထိန်း၍ ပြန်ပြောသည်။

''ဟာကွာ ... ဒါဆို မင်း သတိထားဖို့လိုပြီကွ ...''

အောင်မိုးစကားကြောင့် သူ တစ်ချက်ပြုံးလိုက်သည်။ မြင့်သိန်းက အောင်မိုးနဲ့သူ့ကိုကြည့်ပြီး ဟာသနှောသည်။

''အဲဒီလို ယောက်ဖလောင်းတွေက တစ်ချိန်မှာ တော်တော့်ကို အားကိုးရမှာကွ ...၊ မင်းတို့ မယုံရင်ကြည့်၊ နောက်မှ ငါ့ညီမလေး ယောက်ျားယူတာ မှန်တယ်ဆိုပြီး လူတကာကို လိုက်ကြွားနေမှာ ...''

သူ လမ်းမဆီသို့ ငေးကြည့်လိုက်ရင်း ပြုံးနေမိသည်။ တကယ်တော့ ထိုအပြုံးက ရင်ထဲမှာ နာကျင်ခံခက် မချိမဆန့်ဖြစ်နေသော ထွက်ပေါက်မဲ့အပြုံး တစ်ခုပင် ဖြစ်နေ၏။



§ § §

ရူပဗေဒဌာနမှူး ဦးစိန်မြင့်ရဲ့ အိမ်ကအပြန် ညသည်မှောင်ပိန်းနေ၏။ ဆရာက –

''မင်းတို့ မဟာသိပ္ပံဝင်နိုင်အောင် အထူးကြိုးစားကြ ...''

ဟု အားပေးတိုက်တွန်းခဲ့သည်။ ဆရာ့စကားနှင့်အတူ ဝတ်မှုန်ပြောလိုက်သောစကားတွေကို သူ့နားထဲ ပြန်ကြားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com


"မောင် ... သရဲကိုမြင်ဘူးလား၊ သရဲတစ္ဆေဆိုတာ ရှိချင်လည်းရှိမှာပေါ့၊ ကံနိမ့်တဲ့သူတွေတော့ မြင်ဖူးတယ် ပြောကြတာပဲ ...၊ ဒါပေမဲ့ လမ်းထိပ်က ပိတောက်ပင်ကြီးကတော့ တစ်ခါတုန်းက ကောင်လေးတစ်ယောက် ဆိုင်ကယ်နဲ့ဝင်တိုက်ပြီး မကျွတ်ဘူးပြောတာပဲ ...၊ မောင်က သတ္တိရှိတဲ့သူပါ၊ မောင့်ခေါင်းထဲမှာ ကျောင်းစာတွေပဲ စဉ်းစားသွားပေါ့ ...၊ ကွမ်းတမ်ပုစ္ဆာတွေက သရဲတွေတောင် ထွက်ပြေးလိမ့်မယ် ..."

ဟု အရွှန်းဖောက်ခဲ့သေး၏။

ဝတ်မှုန်နဲ့သူက ရူပဗေဒနောက်ဆုံးနှစ် ကျောင်းသားတွေ၊ တစ်ခါတစ်ရံ တွေ့ဆုံပြီး ပညာရေးထဲ စိတ်နှစ်ထားရသော ကာလတွေ။ အခု သူ ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်၍ အိမ်ပြန်လာခဲ့သည်။ ပြီးတော့ ဝတ်မှုန်ပြောသော ပိတောက်ပင်ကြီးနားသို့ သူ ရောက်လာသည်။

'ကြယ်ရောင်ပျပျ လကွယ်ည ..၊ ဓာတ်မီးက မပါ။ ခါတိုင်း စောစောပြန်နေကြလမ်း။ ခုတော့ အချိန်လွန်သွားသည်။

ဘာရယ်မဟုတ် သူ့ကျောထဲ စိမ့်ခနဲဖြစ်သွားသည်။ ပိတောက်ပင်ကြီးရဲ့ သစ်ကိုင်းတစ်ခုပေါ်မှာ အရိပ်တစ်ခုရှိနေသလို ထင်လိုက်ရသည်။ သတိထားလျှောက်ရင်းနှင့်ပင် လမ်းဘေးကအုတ်ခဲကျိုးတစ်ခုကို ခလုတ်တိုက်လိုက်မိသည်။ သတိတစ်ခုရပြီး အုတ်ခဲကျိုးကို ကောက်ယူကိုင်ထားလိုက်သည်။ အုတ်ခဲကျိုးကို ဆုပ်ကိုင်ထားမိ၍ အားပြည့်ရဲရင့်သလို ခံစားလိုက်ရသည်။ စိတ်ကိုတင်းရင်း ခပ်မှန်မှန်ပဲ လမ်းဆက်လျှောက်သည်။ ဒါပေမဲ့ တချွတ်ချွတ် အသံကို ကြားလိုက်ရ၍ စိတ်က အာရုံလွင့်ပျံ့သွားသည်။

အမှတ်မထင် ပိတောက်ပင်ကြီးပေါ် သူလှမ်းကြည့်လိုက်တော့ အရိပ်မည်းကြီး တလှုပ်လှုပ်ရွေ့လျားနေသည်ဟု ထင်ရပြန်သည်။ သရဲလား၊ တစ္ဆေလား၊ လူလား ... သူစဉ်းစားနေမိသည်။ ခြေလှမ်းတို့ ရုတ်တရက်တန့်သွားသည်။ ငယ်စဉ်ကလေးဘဝက သူနဲ့သူ့ညီလေး အိမ်နောက်ဖေးတွင် နံနက် ဝေလီဝေလင်းအချိန် အိမ်သာအသွား ညီလေးက ဖျောက်ဆိပ်ပင်ကြီးကိုကြည့်ပြီး –

"ဟိုမှာ ...သရဲကြီး ... သရဲကြီး ..."

ဆိုပြီး ငယ်သံပါအောင်အော်ပြောတာ မှတ်မိသည်။ အဲဒီတုန်းက သူက ဘာဆိုဘာမှ မမြင်၊ ခုတော့ သူတစ်ယောက်တည်း။ ခြေလှမ်းကိုဆက်ရွေ့ရင်း အသက်ကို ခပ်ပြင်းပြင်းရှူသွင်းလိုက်သည်။

ပိတောက်ပင်ကြီး အောက်တည့်တည့်ဆီ ရောက်သွားချိန် "ဝုန်းခနဲ" အရိပ်မည်းကြီးတစ်ခု သူ့ရှေ့ကို ပြုတ်ကျလာသည်။ သွေးပျက်သွားမတတ် ထိတ်လန့်မှုကြောင့် "ဟေး .. ဝါး .. အား" ဟု ဗလုံးဗထွေးအသံထွက်ရင်း လက်ထဲကအုတ်ခဲကျိုးနဲ့ အရိပ်မည်းကြီးကို ပစ်ထည့်လိုက်သည်။ "ခွပ်ခနဲ" အသံကြားရပြီး သူ ခပ်သွက်သွက် မပြေးရုံတမယ် အိမ်ကိုပြန်ခဲ့သည်။ ညသည် ခွေးဟောင်သံမျှပင် မကြားရ။ ကြယ်အလင်းရောင် မှုန်ပျပျ၊ ပိတောက်တစ္ဆေ ခြောက်တဲ့ည။

နောက်တစ်နေ့နံနက်တွင် ဝတ်မှုန်ရဲ့အစ်ကို ပိတောက်ပင်ကြီးအောက်မှာ လူတစ်ယောက်က ဦးခေါင်းကို အုတ်ခဲကျိုးနဲ့ ထုသတ်သွားကြောင်း သတင်းက ရပ်ကွက်လေးထဲ ပွက်လောရိုက်ညံနေ၏။ သူ အလွန်အမင်း အံ့ဩထိတ်လန့်သွားသည်။

ဝတ်မှုန်အိမ်ကို သူအမြန်သွားရောက်ခဲ့သည်။ အဖြစ်အပျက်အားလုံးကို သူ အမှန်အတိုင်း ဖွင့်ဟဝန်ခံခဲ့သည်။ သူ့ရဲ့ပကတိဖြူစင် ရိုးသားစိတ်ကို ဝတ်မှုန်နှင့် သူ့မိဘတွေကို ရှင်းပြခဲ့သည်။

"မောင် ... ဘာတွေ လာပြောနေတာလဲ ... ဝတ်မှုန်ရဲ့အစ်ကိုသေတာ မောင့်ကြောင့်မဟုတ်ဘူး ...၊ သူ့ဘာသာ သစ်ပင်ပေါ်က ပြုတ်ကျသေတာ ...၊ မောင့်ကို သရဲခြောက်ပြီး ရန်စချင်လို့ အရက်မူးပြီး မစဉ်းစားမဆင်ခြင်ဘဲ လုပ်ခဲ့လို့ အခုလို ဖြစ်ရတာ ..."

မျက်ရည်တွေ အိုင်ထွန်းနေသော ငိုသံနှင့် ဝတ်မှုန်ရဲ့ကြေကွဲနေသော ခံစားမှုအပူကို သူ မနှစ်သိမ့်နိုင်ခဲ့၊ ဝတ်မှုန်မိဘတွေကတော့ အမှန်တရားအတိုင်းပဲ လုပ်မယ်ဆိုပြီး ခပ်ပြတ်ပြတ်ပြောခဲ့၏။

ကံကြမ္မာသည် သူ့အား ဥပဒေဘောင်ထဲသို့ ဆွဲခေါ်တွန်းပို့ခဲ့သည်။ တကယ်တော့ ဥပဒေကလည်း သူ့အတွက် အကာအကွယ်တွေ ပေးခဲ့ရင်း ပြစ်ဒဏ်အနည်းငယ်မျှနှင့် သူ လွတ်မြောက်လာခဲ့သည်။

"သူတော်ကောင်းတို့ နတ်

www.burmeseclassic.com



ကောင်းစောင်မတာပေါ့ကွာ၊ မတရားလုပ်ရင် မတရားခံရမှာဘဲ ...၊အမှန်တရားကို မြတ်နိုးတာဟာ မင်းရဲ့သိက္ခာတရားပေါ့ ...''

ဟု သူငယ်ချင်းအောင်မိုးရဲ့ စကားက သူ့အတွက် အားအင်အပြည့် ဖြစ်ခဲ့သည်။

* * *

ပွင့်လွှင့်နေသော အတွေးတို့ကို စုစည်းရင်း ပိတောက်ရနံ့သင်းပျံ့ပျံ့ကို အားပါးတရ ရှူရှိုက်လိုက်သည်။ သူ အမြတ်တနိုး တန်ဖိုးထားဖွင့်ခဲ့သည့် စာအုပ်ဆိုင်လေးဆီသို့ ထွက်ခဲ့၏။ စာအုပ်ဆိုင်အမည်လေးကို သူ့ရင်ထဲက အမည်နာမတစ်ခုနှင့် ရေးထွင်းထားသည်။

''ဝတ်မှုန်ဦး''စာပေဆိုတာ ဒီမြို့လေးမှာ ...။

* * *

လစဉ်ထုတ် အသစ်ဝင် လာသော မဂ္ဂဇင်းများကို အဖုံးချုပ်နေရာမှ အရိပ်တစ်ခု ကျရောက်လာ၍ သူ ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ အဝါရောင်ဝမ်းဆက်လေးနှင့် အေးမြသောမျက်ဝန်းတစ်စုံကို တွေ့လိုက်ရတော့ 'ဟာခနဲ' ရင်ထဲ စူးနင့်သွားရအောင်ပင် ရင်ထဲ တဆတ်ဆတ် တုန်ယင်လှိုက်မောသွားသည်။

''ဝတ်မှုန် ...''

''ဟုတ်တယ်မောင် ...၊ ဝတ်မှုန်လေ ...မောင့်ဆီကို လာပြီး စာအုပ်ငှားရင်း ...''

''ထိုင် ...ထိုင်လေ ဝတ်မှုန်''

စားပွဲရှေ့ ပလတ်စတစ်ထိုင်ခုံလေးတွင် ဝင်ထိုင်လိုက်ပြီး စာအုပ်ဆိုင်နာမည်လေးကို ငေးကြည့်ရင်း သူ့ကို စကားခွန်းချီဆင့်၏။

''မောင် ...စာအုပ်ဆိုင်နာမည်လေးကို ဘာဖြစ်လို့ ဒီလိုပေးထားတာလဲ ...''

''မောင့်မှာ ဒီနာမည်လေးကိုပဲ ပိုင်ဆိုင်ခွင့်ရတာပါ ...၊ မောင်ဟာ ရိုးမြေကျ ဒီနာမည်လေးကို စာအုပ်ဆိုင်လေးနဲ့ မခွဲဘဲ ပေါင်းသင်းသွားမှာမို့ပါ ...''

''အင့်ခနဲ'' ရှိုက်သံတစ်ချက် တိုးထွက်လာသည်။ မှေးလင့်ခဲ့သော အိပ်မက်တစ်ခု လွင့်ပြယ်သွားပြီးပြီဟု စိတ်ကို အပြီးသတ်ထိန်းချုပ်ခဲ့ပေမဲ့ အဖြစ်တို့သည် အံ့သြဖွယ်ရာ အသက်ဆက်ရှင်သန်လာတတ်မှန်း သူသိခဲ့၏။

''မောင် ..ဝတ်မှုန် တောင်ကြီးတက္ကသိုလ်ကနေ မော်လမြိုင်တက္ကသိုလ်ကို ပြောင်းလာခဲ့ပြီနော် ...ဝတ်မှုန် မောင့်ကို ...''

မျက်ရည်တစ်စ အပြုံးတစ်စဖြင့် တုန်ယင်လှိုက်လှဲသော အသံတိုးညှင်းညှင်းလေးသည် သူ့ရင်ကို အရှိန်ဖြင့် တွန်းဖိတီးခတ်လိုက်သလို ခံစားလိုက်ရသည်။ ဝတ်မှုန်ရဲ့ လက်ဖဝါးနုနုကို ဖျတ်ခနဲဆွဲယူ ဆုပ်ကိုင်မိလိုက်၏။ သင်းပျံ့သော ကိုယ်သင်းရနံ့တို့သည် ပိတောက်ရနံ့တို့နှင့်အတူ ရင်သို့ တိုးဝင်ဆွတ်ပျံ့ခဲ့ပြီပဲ ...။

လှိုင်းမာန်ဦး





www.burmeseclassic.com

www.burmeseclassic.com





# နေစိုးသော်
## လေးဂဏန်းနဲ့
## လူ



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ..ပြောပါ"

"သီဟ ..ငါပါကွ၊ မင်း သိပြီးပြီလား ..ဟိုကောင်ကြီးသတင်း .."

"ဘယ်ကောင်ကြီးလဲ ..ရှင်းရှင်းပြောစမ်းပါ"

"တင်အောင်မြင့်ကို ပြောတာကွ"

"ဟေ ..ဘာသတင်းလဲ၊ ငါမသိသေးဘူး"

"သူ ..ဆုံးသွားပြီ"

"ဘာ .."

"မနေ့ညက ဆုံးတာတဲ့။ သူ့မိန်းမက ငါတို့ဖုန်းနံပါတ်တွေပျောက်နေလို့ စောစောကမှ အကြောင်းကြားတယ်။ မင်းကိုလည်း ပြောလိုက်ပါတဲ့"

"ဟာ ..ဘယ်လိုဖြစ်ရတာလဲကွာ"

"ငါလည်း စိတ်မကောင်းပါဘူး။ တစ်နေ့ ဒီကောင်ကြီး ဒီလိုဖြစ်မယ်ဆိုတာ ငါကြိုပြီး မြင်ထားပြီးပါပြီ။ 'ဖိုး' ထိုးလို့ ရှော့ခ်ဖြစ်ပြီး တစ်ခါတည်း အသက်ပါသွားတာတဲ့"

"ဒီကောင် မိုက်တယ်ကွာ ..။ အောင်မြင့်မှုကို မခံနိုင်တာဘဲလို့ ငါ မြင်တယ်။ ဒါနဲ့ မနေ့က ဘယ်အချိန်မှာ ဆုံးတာလဲ"

"မနက်ပိုင်း ရိုက်ကွင်းကပြန်လာပြီး ဝင်အိပ်တယ်တဲ့။ ည ညီ့ခံပွဲရှိတယ်။ လေးနာရီထိုးပြီးရင် နိုးလို့ သူ့မိန်းမကို မှာထားသတဲ့။ သူ့မိန်းမသွားနှိုးတော့ အသက်မရှိတော့ဘူး။ လက်မောင်းမှာ အပ်တန်းလန်းနဲ့ ဆုံးပြီးစပဲရှိသေးတယ်။ သူ့မိန်းမဒပြောတာကတော့ လေးနာရီလောက်မှာ ဆုံးတာတဲ့"

"လေးနာရီ ..ဟုတ်လား"

"ဟုတ်တယ် ..၊ သူ အစွဲအလမ်းကြီးတဲ့ လေးပဲ။ အဲ ..ခုမှငါလည်း စဉ်းစားမိတယ်ကွ။ မနေ့က လေးရက်နေ့လေ"

"ဟာ .."

+++

တင်အောင်မြင့်အကြောင်းကို ပြောလျှင် သူ၏အစွဲအလမ်းအကြောင်းကိုပါ ပြောရပါလိမ့်မည်။ သူနှင့် သူ၏အစွဲအလမ်းမှာ ခွဲမရအောင် ပူးနေသောကြောင့်ပင် ဖြစ်ပါ၏။

သူသည် ခေတ်ပညာတတ်ဘွဲ့ရ တစ်ဦးဖြစ်သော်လည်း အစွဲအလမ်းက ကြီးလွန်းလှသည်။ အထူးသဖြင့် သူ၏အစွဲအလမ်းမှာ '၄' ဂဏန်းဖြစ်၏။

"၄ ဂဏန်းဆိုတာက မကောင်းတဲ့ နတ်ဆိုးတစ်ပါး ပိုင်ဆိုင်ထားတဲ့ ဂဏန်းကွ။ အနောက်နိုင်ငံတွေမှာ အရေးကြီးတဲ့ လုပ်ငန်းတွေစတင်မယ်ဆိုရင်တို့၊ ခရီးထွက်မယ်ဆိုရင်တို့ ဆိုတာတွေမှာ '၄' ဂဏန်းကို ရှောင်လေ့ရှိတယ်။ သူတို့

"၄" ဂဏန်းနာမည်မို့
ဗိုလ်ချုပ်အောင်ဆန်းဟာ
လုပ်ကြံခံရပြီး
သေဆုံးခဲ့ရတယ်။
သူ့မှုလနာမည်
ထိန်လင်းဆိုရင်
အဲဒီလို
ဖြစ်ချင်မှဖြစ်မှာ။
ဗိုလ်တေဇဆိုရင်လည်း
ဖြစ်ချင်မှဖြစ်မှာ
...

ဆီက ဟိုတယ်တွေ ဘာတွေမှာဆို အခန်းနံပါတ် '၁၃' မထားကြဘူး ..။ Unlucky နံပါတ်လေ။ '၁၃' ဆိုတာကလည်း '၄' ပေါ့။ အဲဒီဂဏန်းဟာ ကောင်းကျိုးထက် ဆိုးကျိုးကို ပိုပေးတတ်တယ်။ မင်းတို့ကြည့်ကွာ အမေရိကန်က လကမ္ဘာကို အာကာသယာဉ်တွေလွှတ်တင်တာ အပိုလို(၁၁)နဲ့(၁၂) တို့အောင်မြင်ပြီး (၁၃)လည်းကျရော လကမ္ဘာပေါ်မဆင်းနိုင်ဘဲ ပြန်လာခဲ့ရတယ်မဟုတ်လား"

ဒါက တင်အောင်မြင့်ပြောခဲ့သောစကား။

"ဒါကြောင့် လူနာမည်တို့ လုပ်ငန်းနာမည်တို့ပေးရင်လည်း '၄' ကို ရှောင်ကြတယ်။ ခရီးသွားရင် '၄' ယောက်မသွားဘူး။



www.burmeseclassic.com

ကျွန်တော်နှင့်သိန်းဦးက သူ့အယူအဆကို လက်မခံပါ။

"မြန်မာပြည်လွတ်လပ်ရေးရတာ '၄'ရက်နေ့ကွ။ ဘယ်လောက်မင်္ဂလာရှိသလဲ။ ဘယ်လောက်ကောင်းတဲ့နေ့လဲ"

ကျွန်တော်က သက်သေထူပြီး ငြင်းသည်။

"အဲဒါ ငါထင်တာတော့ အင်္ဂလိပ်တွေက တမင် '၄'ဂဏန်းကို ရွေးပေးခဲ့တာကွ" တင်အောင်မြင့်က လိုရာဆွဲပြီး အခိုင်အမာပြောသည်။

သိန်းဦးက ..

"မြန်မာပြည်ကို လွတ်လပ်ရေးရအောင်လုပ်ပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့နာမည်ကို မင်းဘာပြောမလဲ။ အောင်ဆန်းဆိုတာ အောင်ဟာ '၁'၊ ဆန်းက '၃'၊ ပေါင်းရင် '၄'ရတယ်။ ဘယ်လောက်ထူးခြားတဲ့ ပုဂ္ဂိုလ်လဲ"

တွေးမိသမျှ သက်သေပြသည်။

တင်အောင်မြင့်က ခေါင်းယမ်း၏။

"ကြည့်လေ . '၄'ဂဏန်းနာမည်မို့ ဗိုလ်ချုပ်အောင်ဆန်းဟာ လုပ်ကြံခံရပြီး သေဆုံးခဲ့ရတယ်။ သူ့မူလနာမည် ထိန်လင်းဆိုရင် အဲဒီလို ဖြစ်ချင်မှဖြစ်မှာ။ ဗိုလ်တေဇဆိုရင်လည်း ဖြစ်ချင်မှ ဖြစ်မှာ"

"မင်းကိုက အစွဲအလမ်းကြီးတာပါကွာ"

"မင်းတို့မယုံမရှိနဲ့။ ဒါ ဂမ္ဘီရသဘောကွ"

ကျွန်တော်တို့ သူ့ကို ပြိုင်မငြင်းနိုင်၍ လက်လျှော့ခဲ့ရ၏။

စင်စစ် သူ့နာမည်သည် တင်အောင်မြင့်။ တင်က '၇'၊ အောင်က '၁'၊ မြင့်က '၅'။ ပေါင်းလျှင် '၁၃' ရ၏။ ထပ်ပေါင်းလျှင် '၄'ရ၏။ ထို့ကြောင့် သူက ထိုနာမည်ကိုမကြိုက်။

အနုပညာလောကထဲ သူဝင်တော့ ထိုနာမည်ကိုပယ်ကာ နာမည်အသစ်ရွေးသည်။ လင်းဦး တဲ့။ ၅ ဂဏန်းနာမည်။

"မင်းတို့ကြည့်ပါလား။ ကျော်ဆွေ (၂+၃=၅)၊ ဝင်းဦး(၄+၁=၅)၊ အောင်လွင်(၁+၄=၅)၊ ရန်အောင်(၄+၁=၅)၊ စန္ဒယားချစ်ဆွေ(၂+၃=၅)။ '၅'ဂဏန်းသမားတွေက အောင်မြင်ကြတယ်ကွ"

သူ့အယူအဆ။

နာမည်သာ သူပြောင်း၍ရသည်။ သူ့မွေးနေ့က ၄ ရက်။ သူ့မွေးလ ဧပြီ (၄)၊ သူ့မွေးနှစ် ၈၅(၁၃=၄)ကိုကား ပြောင်း၍မရနိုင်။

သူ ပထမဆုံးကြိုက်သည့် မိန်းကလေးနာမည်မှာ 'လေး'ဖြစ်၏။ ထို့ကြောင့် ချစ်လျက်နှင့် သူ နောက်ဆုတ်သည်။ သည်မျှ အစွဲအလမ်းကြီးသည့်ကောင်။

(၄)ရက်နေ့မှာ သူ ထူးထူးခြားခြား ဘာမျှမလုပ်။ (၄)ဂဏန်းကျသောကားများမစီး။ နံပါတ် (၄)ကျသောအိမ်မှာမနေ။

"မင်းကွာ လွန်လွန်းတယ်။ အဲဒီလောက်ဖြစ်နေရင် မင်း ကြည့်နေ။ လေးရက်နေ့မှာ မင်း သေမှာပဲ"

သိန်းဦးက ရွဲ့ပြောတော့ တင်အောင်မြင့် မျက်နှာပျက်သွားသည်။

"ဟ .. ဖွဟဲ့ လွဲပါစေ .. ဖယ်ပါစေ။ မင်းကွာ နိမိတ်မရှိတဲ့စကား မပြောရဘူးကွ။ ဗမ္ဗူဒီပါလင်္ကာတောင်ကျွန်း ဩဘာနိမိတ်ထွန်းသတဲ့။ မကြားဖူးဘူးလား"

ကျွန်တော်တို့ အနောက်အပြောင်စကားဆိုသည်ကိုပင် သူက အလေးအနက်ကြီးထားသည်။

"ဒါဆို (၄)ရက်နေ့တို့ (၁၃)ရက်နေ့တို့၊ (၂၂)ရက်နေ့တို့၊ (၃၁)ရက်နေ့တို့မှာ မင်း ထမင်းမစားနဲ့ပေါ့"

ကျွန်တော်က အနိုင်လုပြောသည်။

"ဘာဆိုင်လို့လဲ"

"(၄)ဂဏန်းကျတယ်လေကွာ"

"အဲဒါတော့ မင်းတို့က ကတ်ဖဲ့ပြောတာကိုး။ တော်ပြီကွာ .. မင်းတို့နဲ့ စကားပြောရတာ လက်ဝင်တယ်။ နောက်ကျမှ ကိုယ်တွေ့ကြုံလာရင် ငါပြောတာဟုတ်ပါလား ဖြစ်သွားမယ်"

ကျွန်တော်က သူ့ကို စကားအတည်ပြောရန် ကြိုးစားလိုက်၏။

"ဘုရားကဟောတာ 'အတ္တာဟိ အတ္တနော နာထော'တဲ့။ မိမိကိုယ်သာ ကိုးကွယ်ရာတဲ့။ ကံသာလျှင် အမိ၊ ကံသာလျှင် အဖ ဆိုတဲ့ ကံဆိုတဲ့ အလုပ်ကိုပြောတာ။ ကိုယ်လုပ်တာကောင်းရင် ကိုယ်ကောင်းမှာပဲ။ ကိုယ်လုပ်တာဆိုးရင် ကိုယ့်ကံလည်းဆိုးမှာပဲ။ မင်းပြောသလိုဆိုရင် အနောက်နိုင်ငံ အယူအဆအရ Lucky နံပါတ်ဆိုတဲ့ ၇ တွေကိုပဲ သုံးရ၊ စွဲရ၊ ဆုပ်ကိုင်ရတော့မှာလား။ အဲဒါဆို '၇'ရက်နေ့မှာ သေတဲ့လူတွေ မရှိဘူးလား"

သူ ကျွန်တော့်ကို မျက်လုံးပြူးကြောင်ကြောင်နှင့် ပြန်ကြည့်နေ၏။

ပြီးမှ ..

"ဒါကတော့ မင်းယုံကြည်ချက်နဲ့ မင်းပဲ။ ငါလည်း ငါ့ယုံကြည်ချက်နဲ့ငါပဲ။ မင်း မယုံကြည်တာ ငါ ဘာမှပြောလို

www.burmeseclassic.com


ဘူး။ ငါ ယူဆလက်ခံတာကိုလည်း မင်းတို့ ဘာမှမပြောနဲ့" သူက အပြတ်ပြောလေသည်။

+++

အမှတ်ရမိသေးသည်။

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက သူငယ်ချင်းများ စု၍ ပြင်ဦးလွင်သို့ အလည်သွားကြသည်။

ထိုခရီးကို စတင်အကြံရဆော်သြသူမှာ ကျွန်တော်ဖြစ်ပြီး အားလုံးကလည်း သဘောတူကြသဖြင့် စီစဉ်ကြသောအခါ။

ခရီးလိုက်ပါမည့်သူများမှာ တင်အောင်မြင့်၊ သိန်းဦး၊ ကျော်မင်းနှင့် ကျွန်တော်တို့ဖြစ်သည်။ အရေအတွက် (၄)ဦးဖြစ်နေသဖြင့် တင်အောင်မြင့်က အစီအစဉ်တွင် သူမပါတော့ဟု ငြင်းလေတော့သည်။

"ငါမလိုက်တော့ဘူး၊ မင်းတို့ပဲ သွားတော့"

သူ့အကြောင်းကိုသိသောကြောင့် သူ့ကိုနားလည်ကြသဖြင့် ..

"ဒါဆို နောက်တစ်ယောက်ခေါ်မယ်ကွာ။ မင်းလိုက်ခဲ့ပါ"

သိန်းဦးက အကြံပေးသည်။ တိုက်တွန်းစည်းရုံးသည်။

"အေး .. ငါးယောက်ဆိုရင်တော့ လိုက်မယ်"

သူ့အဖြေ။

သို့ဖြင့် နောက်တစ်ယောက်ရှာကြသောအခါ မျိုးဝင်းက သူလိုက်မည်ဟုဆိုသဖြင့် အဆင်ပြေသွားကြသည်။

ခရီးကိုအစီအစဉ်ဆွဲရာ၌ ရထားဖြင့်သွားရန် သဘောတူကြသည်ဖြစ်ရာ မန္တလေးရထားလက်မှတ်(၅)စောင်ကို ကြိုတင်ဝယ်ယူခဲ့ကြ၏။

သို့သော် တကယ်ခရီးထွက်သောအခါ ဘူတာရုံသို့ မျိုးဝင်းရောက်မလာ။

"ဟာ .. ဒီကောင် ဘာဖြစ်တာလဲ မသိဘူး"

သိန်းဦးက တင်အောင်မြင့်ကို ကြည့်သည်။ ပြီးတော့ ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော် သိလိုက်ပြီ။

သိန်းဦး လုည့်ကွက်လုပ်လိုက်ခြင်းပင်။

(၄)ယောက်သွားလျှင် မလိုက်ဟု ငြင်းသော တင်အောင်မြင့်ကို လိုက်ပါစေဖို့ သိန်းဦးက မျိုးဝင်းကို စည်းရုံးပြီး လိုက်မည်ပြောစေခဲ့ခြင်းဖြစ်၏။ တကယ့်တကယ်မှာ မျိုးဝင်းက လိုက်ဖို့အစီအစဉ်မရှိ။

"တင်အောင်မြင့်ကို ငါ သက်သက်ပညာပေးချင်လို့ လုပ်တာကွ။ ဒီကောင့်အစွဲကို ချွတ်ချင်လို့" ဟု နောက်ပိုင်း၌ သိန်းဦးက ကျွန်တော့်ကို ပြောပြခဲ့၏။

"ဟာ .. ဒါဆို အလကားသက်သက် မင်းရထားလက်မှတ်တစ်စောင်ဖိုး ဆုံးတာပေါ့"

"ဆုံးပစေကွာ။ ငါတို့ခရီးမှာ ငါတို့အချစ်ဆုံး သူငယ်ချင်းကြီးကို ပါစေချင်တာရယ်။ '၄'ဆိုတာ ဘာမှမဟုတ်တဲ့အကြောင်း ဒီကောင်လက်ခံစေချင်တာရယ်ကြောင့် လုပ်လိုက်တာပဲ။ တန်ပါတယ်"

သို့သော် ရထားလက်မှတ်က တန်ဖိုးမဆုံးရှုံးခဲ့ပါ။ အကြောင်းကိစ္စအရေးကြီး၍ ရုတ်တရက်ထွက်လာရသော လူကြီးတစ်ဦးက လက်မှတ်မရ၍ အခက်အခဲဖြစ်နေသည်နှင့် ကြုံသဖြင့် ပြန်ရောင်းလိုက်ရသည်။

တင်အောင်မြင့်က (၄)ယောက်ဖြစ်နေ၍ မျက်နှာပျက်နေသည်။ ခရီးထွက်ဖို့ ရထားပေါ်ပင် ရောက်နေပြီမို့ သူ ငြင်းဆန်ပြီး နေခဲ့ရန်လည်း ခက်နေ၏။

"မျိုးဝင်း ငရှပ်၊ အလကား ဒီကောင် ဂျိုးဂျောင် ဝင်လုပ်တာ။ စကတည်းက မလိုက်နိုင်ရင် မလိုက်နဲ့ပေါ့။ ခုဟာက .."

တင်အောင်မြင့် မကျေနပ်၍ တဖျစ်တောက်တောက်ဖြစ်နေ၏။

သိန်းဦးက ပြုံး၍ ..

"တစ်ခုခု အဆင်မပြေလို့ဖြစ်မှာပါကွာ။ သူမပါလည်း ဘာဖြစ်လဲ။ ငါတို့က လေးယောက်တောင်ပဲ။ သူရဲကောင်းလေးယောက်ပေါ့ကွာ .. ဟဲ .. ဟဲ"

ပြောရင်း ရယ်ကာ ကျွန်တော့်ကို မျက်စိမှိတ်ပြသည်။

တင်အောင်မြင့်က လက်မှနာရီကိုကြည့်ကာ နေရာမှ ရုတ်ချည်းထသွားသည်။

"ဟေ့ကောင် ဘယ်လဲကွ။ တော်ကြာ ရထားထွက်တော့မှာ"

"ဘူတာထဲကို ခဏပါ။ မကြာပါဘူး"

ရထားတွဲပေါ်မှ တင်အောင်မြင့် ခုန်ချကာ ဘူတာထဲ ပြေးဝင်သွားသည်။ သူ ဘယ်သွားပါလိမ့်။ ဘာသွားလုပ်ပါလိမ့်။ ကျွန်တော်တို့ တွေးမရ။

ခဏနေတော့ သူပြန်ရောက်လာသည်။

သူ့လက်ထဲမှာ ကလေးကစား


www.burmeseclassic.com

စရာ အရုပ်တစ်ခုပါလာသည်။ မိန်းက လေးရုပ်ကလေးဖြစ်၏။

"တင်အောင်မြင့် ဘာလုပ်ဖို့လဲ ကွ။ ဘယ်ကလေးကို လက်ဆောင်ပေး ဖို့လဲ"

ကျွန်တော်က နားမလည်စွာမေး မိ၏။ သူက ခေါင်းယမ်းသည်။

"ဘယ်ကလေးမှ ပေးဖို့မဟုတ် ဘူး။ ယတြာလုပ်လိုက်တာ"

ကျွန်တော်တို့ ခေါင်းရှုပ်သွားကြ သည်။

"ယတြာ ဟုတ်လား"

"ဟုတ်တယ်လေ။ ငါတို့က လေး ယောက်ဖြစ်နေတာ မဟုတ်လား။ ဒီ အရုပ်ထည့်သွားတော့ ငါးယောက်ဖြစ် သွားပြီလေ"

ကျွန်တော်၊ သိန်းဦးနှင့် ကျော်မင်း တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြ၏။ ရယ်ရအခက်၊ ငိုရ အခက်ဆိုသည်မှာ ဒါမျိုးပင်ဖြစ်ပေ သည်။

"မင်းကွာ ‥ အတော်အယူသီး တဲ့ကောင်ပဲ"

သိန်းဦးက မှတ်ချက်ချလေ၏။

+++

မန္တလေးမှ ပြင်ဦးလွင်ကို ရထား ဖြင့် ဆက်တက်ကြသည်။ ဘာပြဿနာ မှမရှိ။ သို့သော် လွန်းထိုးတက်ရသည် ကို ကျွန်တော်တို့က စိတ်ဝင်စားသ လောက်၊ ပျော်သလောက် တင်အောင် မြင့်က လန့်သည်။ ရင်တဖိုဖိုနှင့် လက် တွေခြေတွေ အေးလျက်။

"ဒါလေးများ ကြောက်ရတယ်လို့ ကွာ။ ကိုကို ယောကျ်ားမဟုတ်ဘူး ‥ မဟုတ်ဘူး"

သီချင်းဆို၍ ကျွန်တော်တို့သုံး ယောက်က သူ့ကို ဝိုင်းစကြသည်။

"အပြန်ကျရင် ကားနဲ့ဆင်းမယ်" သူက ကြေညာ၏။

"ဘာဖြစ်လို့လဲကွ"

"အတက်တောင်မှ အသည်းတ ယားယားနဲ့ အဆင်းဆိုပိုဆိုးမှာကွ"

ကျွန်တော်တို့ သူ့ကို ဝိုင်းလှောင် ကြ၏။

"ကိုကို ‥ ယောကျ်ားမဟုတ်ဘူး ‥ မဟုတ်ဘူး ‥ စိတ်နာတယ်"

ပြင်ဦးလွင်ရောက်၍ တည်းခိုခန်း ဝင်လိုက်တော့ နှစ်ယောက်ခန်းတစ်ခန်း ပဲ ရသဖြင့် တစ်ယောက်ခန်း နှစ်ခန်း တွဲ၍ ယူရသည်။ သိန်းဦးက အခန်း သော့များကို ကြည့်ပြီး ကျွန်တော်တို့ ကို ခွဲပေးရာ ကျွန်တော်နှင့်ကျော်မင်း က နှစ်ယောက်ခန်းရ၏။ အခန်းနံပါတ် ၁၁။ သိန်းဦးက တစ်ယောက်ခန်း အခန်းအမှတ်(၁၂)၊ တင်အောင်မြင့်က သူ့ထံရောက်လာသော သော့မှ အခန်း နံပါတ်ကိုကြည့်ကာ မျက်နှာပျက်သွား ၏။ (၁၃)။

"ဟာ ‥ ဒီအခန်း ငါမနေချင် ဘူး။ ဘယ်သူလဲမလဲ ‥ လဲကွာ"

သိန်းဦးက ငြင်း၏။

"မင်းတောင် မနေချင်တာ၊ သူ များလည်း ဘယ်နေချင်မှာလဲ။ မလဲ ဘူး"

ကျော်မင်းနှင့် ကျွန်တော်က လည်း ညစ်၍ တမင်လဲမပေး။

"အဲဒါဆို ငါ တခြားအခန်းသွား လဲမယ်"

ကျွန်တော်တို့ကို ပြောမရသဖြင့် သူ ဒေါပွပွနှင့် ကောင်တာသို့ ထွက် သွားသည်။ ပြန်လာတော့ မျက်နှာကြီး က ညှိုးမည်းလျက်။

"လဲလို့ ရခဲ့လား"

ကျွန်တော်က မေးသည်။

"မရဘူး။ အခန်းတွေက ကုန်နေ ပြီ"

"နေလိုက်ပါကွာ။ တစ်ည နှစ်ည ပဲဟာ"

သိန်းဦးက ပြုံးစစနှင့် ဖိအားပေး တိုက်တွန်း၏။

"သီဟ ငါ မင်းတို့အခန်းမှာ လာ ပေါင်းအိပ်မယ်"

"ဟာ ဘယ်ဖြစ်မလဲကွ။ ငါတို့က တစ်ယောက်အိပ်ခုတင်တွေနဲ့ တစ် ယောက်တစ်လုံး အိပ်ကြမှာ။ နှစ် ယောက်ဆို ကြပ်တယ်ကွ"

"ဟုတ်တယ်၊ ငါလည်း နှစ် ယောက်မအိပ်တတ်ဘူး"

ကျွန်တော်နှင့်ကျော်မင်းက ဖွတ် ငြင်းသည်။ လုံးဝအလျှော့မပေး။

နောက်ဆုံးတော့ ‥

"မင်းတို့ ငါ့ကို ဝိုင်းညစ်တာ ငါ သိတယ်"

သူ ဒေါပွပွ စိတ်တိုတိုနှင့် သူ့ အခန်းကိုဖွင့်ပြီး ဝင်သွားသည်။ ကျွန် တော်တို့သုံးယောက် ပြုံးစိစိနှင့် ကျန် ရစ်ခဲ့ကြရ၏။

သိန်းဦးက လှမ်းအော်ပြော သည်။

"မင်း ကံကောင်းပါစေကွာ။ ည ကျရင်လည်း အိပ်မက်လှလှမက်ပါစေ"

ရှေ့လဆက်ရန်

နေမိုးသော်



www.burmeseclassic.com

စာမျက်နှာ ၆၇
မင်းဟာကျော်ခေါင်မှ စာဆက်

ဒီဇင်ဘာ ၂၅ ရက် ..

ဦးမောင်မောင်လေး ဦးဆောင်သည့် ဗြိတိသျှအစိုးရ၏ စစ်ပုလိပ်အဖွဲ့သည် သူပုန်များနှင့် ဂျပန်အားပေးသူများနေထိုင်သည့် ရွာများဖြစ်သည်ဟုဆိုကာ အပြစ်မဲ့ရွာသားများနေထိုင်ရာ အင်းကောက်ကြီး၊ ရေတိုက်၊ ဖားရွှေကျော်ရွာများကို မီးရှို့ပြီးနောက် ဘုန်းကြီးကျောင်းတစ်ကျောင်းထဲမှာ တပ်စွဲထားလိုက်သည်။

ဦးမောင်မောင်လေး စိတ်လေးနေသည်။ သူတို့က ကျားရဲ၏ အမြီးကို ဆွဲလိုက်မိပြီဖြစ်၍ အချိန်မရွေး တောင်သူလယ်သမားအရေးတော်ပုံတပ်သား ဂျပန်များရောက်လာပြီးလျှင် သဲသဲမဲမဲ တိုက်ခိုက်ချေမှုန်းခံရနိုင်ကြောင်း သဘောပေါက်နေသဖြင့် စိတ်ချလက်ချ မနေရဲ။ အသင့်အနေအထားဖြင့် ကင်းများ အထပ်ထပ်ချ၍ စိတ်တထင့်ထင့်နှင့် နေကြရ၏။

ဒူ .. ဟူ .. ဟူ

ချောက်ချားစရာ မောင်းသံကြီးဖြစ်၏။ ဦးမောင်မောင်လေး မရဏမောင်းသံကြားလိုက်ရသကဲ့သို့ တုန်လှုပ်သွားသည်။ ပုလိပ်အဖွဲ့ဝင်များလည်း အပြေးအလွှားနေရာယူကြ၏။ သေနတ်တွေကို မောင်းတင်၍ ပစ်ကွင်းအတွင်း ဝင်လာပါက ပစ်ရန်အသင့် အနေအထားဖြင့် စောင့်ကြည့်နေကြ၏။

"ဂျပန် .. ဂျပန် .. ချ .. ချ"

ဟေး .. ဟေး .. ဟေး


ဂျပန်များ၏ သံပြိုင်ကြွေးကြော်သံများဖြစ်၏။

သေနတ်မောင်းကိုဖြုတ်ရန် အသင့်ပြင်ထားသည့် ပုလိပ်အဖွဲ့ဝင်များ၏လက်များသည် တဆတ်ဆတ်တုန်နေ၏။ အကြောက်လွန်၍ ဖောချွေးတွေ စီးထွက်လာသည်။ ဂျပန်တပ်ဖွဲ့ဝင်များသည် စစ်ကြောင်းတစ်ခုလျှင် လူအင်အား ၂၀၀ ခန့်ဆီပါသော စစ်ကြောင်းသုံးကြောင်းခွဲ၍ ချီတက်လာနေကြပြီ။

ဦးမောင်မောင်လေးနှင့် ပုလိပ်ခေါင်းဆောင်များ၏မျက်နှာတွင် သွေးတစ်စက်မျှမရှိတော့။ ဗြိတိသျှနေမဝင်အင်ပါယာကြီးကို အာခံမည့် အညတရတောင်သူလယ်သမားအရေးတော်ပုံ ဂျပန်တပ်သားတို့၏ အားမာန်ကိုယှဉ်ရန် မဝံ့မရဲဖြစ်လာကြ၏။

"ဟေး .. နယ်ချဲ့နောက်လိုက်ခွေးတွေကို သတ်ကြဟေ့"

ဂျပန်တပ်သားများက ညာသံပေး၍ ဘုန်းကြီးကျောင်းကို သုံးဖက်သုံးတန်မှ ဝိုင်းလာကြ၏။ ပုလိပ်ရာဇဝတ်ဝန်ကလေး ဦးမောင်မောင်လေးမနေ



သာတော့ ပစ်မိန့်ပေးရတော့၏။

ပစ်ဟေ့ .. ပစ် .. ပစ်

ဒိုင်း .. ဒိုင်း .. ဒိုင်း

အစိုးရပုလိပ်တပ်ဖွဲ့ဝင်များက သေနတ်နှင့်ပစ်နေသော်လည်း ဂျပန်တပ်သားများက မမှု။ ကျည်ဆန်များ ပျားပန်းခတ်နေသည်ကြားမှပင် ဓားတွေကိုဝင့်၍ ဒရကြမ်း ဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်တပ်ဖွဲ့ဝင်များ တောင့်မခံနိုင်တော့။ ကြေးစား အိန္ဒိယစစ်ပုလိပ်များပီပီ ပြေးရန်လမ်းကို တကြည့်ကြည့်ဖြစ်နေ၏။ ဂျွန်တပ်ဖွဲ့ဝင်များကလည်း မာန်သွင်းကြွေးကြော်၍ ဖိတိုက်လာ၏။ မြင်မြင်ရာကို ခုတ်ကြသည်။ ပုလိပ်များ အထိနာစပြု၏။ အော်၍ပြေးသူက ပြေးသည်။ တစ်ယောက်နှစ်ယောက်စ၍ ပြေးသောအခါ ကျန်ပုလိပ်များမှာလည်း စိတ်မခိုင်တော့။ ရာဇဝတ်ဝန်ကလေးထံမှ အမိန့်ကိုပင် မစောင့်။ တိုက်ပွဲအတွင်းမှ အသက်လုပြေးကြသည်။ တစ်ချို့ပုလိပ်များမှာ ယူနီဖောင်းများကိုပါ ချွတ်ထားခဲ့၏။ သေနတ်များကိုလည်း လွှင့်ပစ်ပြေးကြသည်။

သေနတ်ကို လက်ကကိုင်၍ ငူငူငေါင်ငေါင်ကြီး ရပ်နေမိသည့် ဦးမောင်မောင်လေး သတိထားမိသောအခါ ဘုန်းကြီးကျောင်းထဲတွင် သူတစ်ယောက်တည်းသာ ရှိတော့၏။ အချိန်မီ မရှောင်တိမ်းနိုင်လျှင် ဖက်ပြတ်တော့မည်မို့ အသင့်ရှိနေသည့် မြင်းပေါ်ခုန်တက်လျက် အပြင်းစိုင်းနှင်ထွက်ခဲ့သည်။

သူ့မြင်းက ကန်သင်းများ လယ်ကွက်များ ရိုးပြတ်တောများကြားမှာ ပြေးရသဖြင့် ခရီးမတွင်၊ ကွင်းထီးထီးအလယ်ရှိ လက်ပံပင်ကြီးတစ်ပင်အနီးအရောက် မြင်းက ကန်သင်းရိုးကို ခလုတ်တိုက်၍လဲသည်။ သူကိုယ်တိုင်လည်း ရိုးပြတ်တွေကြားမှာ ဒလိမ့်ကောက်ကွေးကျ၏။ အားတင်း၍ ကုန်းထလိုက်၏။ သူ့ရှိရာဘက်သို့ ဦးတည်၍ စိုင်းနှင်လာသည့် မြင်းနှစ်စီးကို တွေ့ရသည်။ ချက်ချင်း ရိုးပြတ်တောအတွင်း မှောက်ချလျက် ကိုယ်ရောင်ဖျောက်လိုက်သည်။

နောက်မှလိုက်လာသည့် မြင်းနှစ်စီးထံမှ ခွာသံနှင့် ရိုးပြတ်တောကို အရှိန်ပြင်းပြင်း တိုးဝင်လာသံတွေက နီးလာ၏။ သေနတ်မောင်းကို တင်၍ စောင့်နေလိုက်သည်။ မြင်းနှစ်စီးက သူနှင့်ခပ်လှမ်းလှမ်းမှာ ရပ်တန့်သွား၏။

"ဒီနားမှာပဲ ပျောက်သွားတာဗျ။ ဟေ့ ‥ ကိုကံရေး ဒီလူ ဒီနားမှာပဲရှိမယ်။ သေချာရှာဗျ။ တွေ့ရင် လက်မနှေးစေနဲ့နော်"

"စိတ်ချစမ်းပါ ကိုစံလှရာ။ ကျုပ်လက်က နယ်ချဲ့အလိုတော်ရိတွေနဲ့ ပုလိပ်တွေကို သတ်လာတဲ့ သွေးစွန်းလက်ပါ။ ကျုပ်ကို မပူနဲ့ဗျို့"

"ကျုပ်တို့ အခု ဖမ်းဖို့လိုက်လာတဲ့လူဟာ ပုလိပ်အရာရှိဖြစ်မယ် ထင်တယ်ဗျ ကိုကံရေးရဲ့"

"အေးဗျ ‥ ကျုပ်တို့မြင်းပေါ်က ဆင်းပြီး ရှာကြမယ်ဗျို့"

ကံရေးနှင့်စံလှ မြင်းပေါ်မှ ပြိုင်တူဆင်းလိုက်၏။ ဇက်ကြီးတောင်ဓားကြီးတွေကို လက်ကဆုပ်ရင်း လူခွဲ၍ရှာသည်။ ဦးမောင်မောင်လေးဝတ်ထားသည့် ကာကီရောင်ပုလိပ်ယူနီဖောင်းနှင့် ရိုးပြတ်များက အရောင်တူနေသဖြင့် ရုတ်တရက် သူ့ကို မမြင်ရခြင်းဖြစ်၏။

ရှာနေသူက နှစ်ယောက်၊ တစ်ယောက်က ဗမာဖြစ်ဟန်တူ၍ တစ်ယောက်က ကရင်လူမျိုး။ သူတို့ခြေလှမ်းတွေက တဖြည်းဖြည်းနီးကပ်လာနေပြီ။ လက်ဦးမှုယူမှ ဖြစ်တော့မည်။ ဆုံးဖြတ်ချက်နှင့်အတူ ဦးမောင်မောင်လေး ဝပ်နေရာမှ ဆတ်ခနဲထရပ်၍ လက်ထဲမှ ခြောက်လုံးပြူးသေနတ်နှင့် တေ့၍ ပစ်ချလိုက်သည်။

ဒိုင်း ‥

အ ‥ အ ‥ အ

သူ့သေနတ်က မီးပွင့်ထွက်သွား၏။ လူတစ်ယောက် ညည်းသံနှင့်အတူ နောက်လန်ကျသွား၏။

"ဟာ ‥ ကိုကံရေး"

စံလှက ဦးမောင်မောင်လေးရှေ့သို့ ခုန်ဝင်လာ၏။

စံလှကိုပစ်ရန် သေနတ်နှင့်ချိန်လိုက်စဉ်မှာပင် စံလှလက်က လျှပ်ပြက်သလို နေရောင်မှာ လက်ခနဲလှုပ်ရှားသွား၏။

ရွမ်း ‥

ဒုတ် ‥

အား ‥ အ ‥ အ

ဦးမောင်မောင်လေး အရုပ်ကြိုးပြတ်လဲကျသွား၏။ သူ့လည်ပင်းမှ စီးထွက်လာသည့် သွေးတွေ ရိုးပြတ်တွေ အပြိုင်းအရိုင်းကြားမှ လယ်ကွက်ထဲစီးဝင်သွား၏။

စံလှက ဓားကိုလွှဲကာ လွှဲကာ ဖယ်ဆက်သလို နာနာကျည်းကျည်းခုတ်၏။ သူ့နှုတ်မှလည်း ‥

"ကဲကွာ ‥ သေစမ်း၊ နယ်ချဲ့လက်ပါးစေပုဆိန်ရိုး သေကွ ‥ သေ ‥ သေ"

ဦးမောင်မောင်လေး ခန္ဓာကိုယ်ကြီးက စံလှဘယ်လောက်ပင်ခုတ်ခုတ်၊ အချက်ပေါင်းများစွာ ခုတ်သော်လည်း သိနိုင်တော့မည်မဟုတ်။

စံလှ လက်ပန်းကျသွားချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



မှ ကံရေးကို သတိရသည်။ ကံရေးဆို သူက မိခင်နှင့်နှမကို စော်ကားရန်ကြံသည့် ချစ်တီးကုလားနှင့် ငြိတ်သူ့အလို တော်ရိသူကြီးကို ဟသ်ာတတွင် သတ်လာခဲ့သူ။

ရောဝတီမြစ်ကြီးကိုလက်ပစ်ကူး၍ ထွက်ပြေးခဲ့ရင်း သယာဝတီခရိုင်ထဲ အရောက် လယ်စောင့်တဲတွင်နေသည့် မခင်လေးအမည်ရှိ မြန်မာမိန်းကလေးကို အဓမ္မစော်ကားရန်ကြံသည့် ကုလားပုလိပ်သုံးယောက်ကိုလည်း သတ်လာခဲ့သူ။ တောင်သူလယ်သမားအရေးတော်ပုံဂျွန်တပ်သားအဖြစ် သူကိုယ်တိုင်ဆရာကြီးထံ အပ်နှံပေးခဲ့သူ။

သွေးအိုင်ထဲမှာ လဲကျနေသည့် ကံရေးကို စံလှ ပြေး၍ ပွေ့ထူလိုက်၏။ ကံရေး နှုတ်မှ ညည်းသံနှင့်အတူ တမ်းတမ်းတတရေရွတ်နေသံ ကြားရသဖြင့် နားစွင့်ကြည့်လိုက်သည်။

"အမေ .. အမေ"

"ညီမလေး .. ညီမလေးရယ်"

စံလှရင်မှာ နင့်ခနဲခံစားလိုက်ရ၏။

"ကိုကံရေး .. သတိထားစမ်းပါဦးဗျာ"

နယ်ချဲ့လက်ပါးစေများ၏ ဒဏ်ကြောင့် ဘဝပျက်ခဲ့ရသူ၊ ချစ်တဲ့သူနှင့် မိသားစုဘဝလေးကို ဆုံးရှုံးခဲ့ရသူ။

ခုတော့ သူ့အပေါ် မညှာမတာ ရက်စက်ခဲ့သည့် ကိုလိုနီနယ်ချဲ့ဝါဒကို တွန်းလှန်တိုက်ခိုက်ရင်း အပြင်းအထန် ဒဏ်ရာရသွားခဲ့ရှာပြီ။

ကံရေးက တစ်ချက်လူးလွန့်လိုက်၏။

"ကိုကံရေး .. ဟေ့လူ .."

စံလှ ကံရေး ကိုယ်ကို သတိရအောင်လှုပ်သည်။

"မ .. မခင်လေးလားဟင် .. အ .. အစ်ကို လာခဲ့မယ်နော်"

ကံရေးက ကုလားပုလိပ်များလက်မှ ကယ်တင်ခဲ့သော မိန်းကလေးကိုလည်း သတိတရတမ်းတနေ၏။

"ကိုကံရေး .. အားတင်းထားနော်။ ခင်ဗျား သေလို့မဖြစ်သေးဘူးဗျ။ ကျုပ်တို့ရှေ့မှာ တိုက်ပွဲဝင်စရာတွေ အများကြီးရှိနေသေးတယ်။ ခင်ဗျား ကျွန်တော်ပြောတာ ကြားရဲ့မဟုတ်လား"

"ကြား .. ကြားပါတယ် ကိုအောင်မှတ်ရာ။ ခင်ဗျားတို့ ဒေးဒရဲမှာလည်း ခင်ဗျားဘကြီး ဦးအောင်လှနဲ့အတူ နယ်ချဲ့တွေကို ချနေကြပြီမဟုတ်လား .. ဟင်"

သတိချွတ်ယွင်းစပြုလာသည့် ကံရေးက မိန်းမောနေရာမှ ကယောင်ကတန်းတွေပြောသည်။ သည်အတိုင်းကြည့်နေလို့ မဖြစ်တော့ ..

"အားတင်းထားဗျ ကိုကံရေး၊ ခင်ဗျားကို ကျုပ် အချိန်မီ ဆေးကုနိုင်အောင် ဆရာကြီးဆီပို့ပေးမယ်"

စံလှက ကံရေးကို ပခုံးပေါ် ထမ်းတင်လိုက်သည်။ မျက်ဝန်းတွေကို စောစောက တိုက်ပွဲဖြစ်ခဲ့သည့် ကွင်းပြင်ဆီ တစ်ချက်ဝေ့ကြည့်ဖြစ်၏။ တိုက်ပွဲက မပြီးဆုံးသေးပါ။

နယ်ချဲ့လက်ပါးစေများ ခွေးပြေးဝက်ပြေး ပြေးရာဆီ ဓားကို ဆုပ်ကိုင်ထားသည့် ဂျွန်တပ်သားများ ပြေးလိုက်နေသည့်မြင်ကွင်းကို အဝေးဆီမှ ခပ်ရေးရေးမြင်ရ၏။

စံလှက ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည့် ကံရေးကိုထမ်းရင်း ရပ်နေရာမှ လှမ်းထွက်သည်။ တောင်သူလယ်သမားအရေးတော်ပုံတပ်သားကြီးများဖြစ်သော သံမဏိဂျွန်တို့၏ အောင်ပွဲဖြစ်၏။ သမိုင်းတွင်မည့် ဖားရွှေကျော်ဒုတိယတိုက်ပွဲကြီးကို ဆင်နွှဲခဲ့သော သံမဏိဂျွန်တပ်သားများ၏ ခေါင်းဆောင်ကြီးဆရာစံ ဖွင့်လှစ်ထားသည့် ဌာနချုပ်ရှိရာ အလံတောင်ကြီးဆီသို့ ခြေလှမ်းတွေ ဦးတည်လိုက်သည်။ အနာဂတ်သည် သူရဲကောင်းများ၏ တိုက်ပွဲကို ကြုံဆိုလျက်။

**ဂဠုန်ပျံ ဒီပနီ**

ရဂုံစံ ချစ်စရာတပည့်တို့မှာဖြင့်
ဉဩအရပ် သစ္စာကတိတွေနဲ့
ဂဠုန်သရဏံ ဂစ္ဆာမိကြပေတော့
ဆရာကြီး သင်ကိုယ်တော်မှိုင်း

မင်းမဟာကျော်ခေါင်
ဝန်ခံချက်
၁၉၆၂ ခုနှစ်တွင်
ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ဝေသော
၁၂၉၂ ခုနှစ်
တောင်သူလယ်သမားအရေးတော်ပုံအား
မှီငြမ်းပြု၍ခံစားရေးဖွဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၇ ရက်သားသမီးများအတွက် ကံကြမ္မာစုံထောက်

၂၀၁၄ ခု၊ မေလ

**တနင်္ဂနွေသားသမီးများ**

ဒီလအတွင်းမှာ **ကံဆိုးမ သွားလေရာ မိုးလိုက်လို့ရွာ** ဆိုတဲ့ကိန်းမျိုး ကြုံလာရတတ်ပါတယ်။ အဆင်မပြေ အလွဲအချော်တွေများရတဲ့အထဲ လူရင်းတွေက သစ္စာဖောက်တာ၊ ကြားညပ်ခေါင်းခံ ဖြေရှင်းရတာမျိုးတွေကြုံရတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ ဩဇာ ၁၃ ညွှန့် လှူပြီး ဆုတောင်းပါ။ သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်ကို ၁၀ ခေါက် ရွတ်သွားပါ။
- အညိုရောင်၊ ကြက်သွေးရောင် အဝတ်အစား၊ အသုံးဆောင်တွေ အားပြုဝတ်ဆင်သုံးစွဲပါ။
  စံပယ် ၁ ကုံး ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ကျောက်ခဲတစ်လုံးပေါ်မှာ (မ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ မိတ်ဆွေဆရာသမားများကို ပေါင်မုန့်ထောပတ်သုပ် ဒါနလုပ်ပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၁ အစ၊ ၃ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ကန်စွန်း ၅ ညွှန့်နဲ့ ၂၅ ချက် ရိုက်ပါ။

BURMESE CLASSIC .com

**တနင်္လာသားသမီးများ**

ဒီလအတွင်းမှာ **ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ပြိုင်လိုက်ရင် နိုင်တာ၊ မဲပေါက်တာ၊ လူအရွေးခံရတာ၊ လုပ်ပိုင်ခွင့်ကောင်းတွေပေါ်လာတာ ... စသည်ဖြင့် ဝမ်းသာစရာတွေ ဆက်တိုက်ကြုံလာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ ခေါက်ဆွဲကြော်ကပ်လှူပြီး ဆုတောင်းပါ။ လောကဝိဒူဂုဏ်တော်ကို အခေါက် ၂၀ ရွတ်သွားပါ။
- အစိမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးဆောင်တွေ အားပြု ဝတ်ဆင်သုံးစွဲပါ။
  ငွေပန်း ၄ ပွင့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် စာရွက်တစ်ရွက်ပေါ်မှာ (ဟ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ စနေထောင့်မှာ ပိတောက် ၁၂ ညွှန့်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၂ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ဖော်စိမ်း ၆ ညွှန့်နဲ့ ၉ ချက် ရိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**အင်္ဂါသားသမီးများ**

ဒီလအတွင်းမှာ **သိကြားမကိန်း ဆိုက်ချိန်** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ မိတ်ဆွေကောင်း ဆရာကောင်းတို့ရဲ့ အကူအညီကောင်းတွေ ပေါ်လာတတ်ပါတယ်။ ထိပေါက် မဲပေါက်သလို ကံထူးတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ ပေါင်မုန့်ကပ်လှူပြီး ဆုတောင်းပါ။ ဘဂဝါဂုဏ်တော်ကို အခေါက် ၅၀ ရွတ်သွားပါ။
- အဝါရောင်၊ ရွှေရောင်များများ အဝတ်အစား၊ အသုံးအဆောင်တွေ အားပြုဝတ်ဆင်သုံးစွဲပါ။
  မေမြို့ပန်း ၅ ပွင့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ရွက်လှရွက်တစ်ရွက်ပေါ်မှာ (ဝ) လို့ရေးပြီး အမိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ စနေထောင့်မှာ ထီးနီ ၁၀ လက်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၅ အစ၊ ၂ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို နှင်းဆီ ၁၀ ပွင့်နဲ့ ၁၀ ချက် ရိုက်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

ဒီလအတွင်းမှာ **သွားပါများ ခရီးရောက်** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ရပ်ဝေး၊ ပြည်ပ၊ ခရီး၊ သယ်ပို့၊ အပြောင်းအရွှေ့၊ အစီအစဉ်အသစ်များ အကျိုးပေးချိန်ဖြစ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ ရှောက်ရည်ကပ်လှူပြီး ဆုတောင်းသွားပါ။ လောကဝိဒူဂုဏ်တော်ကို အခေါက် ၄၀ ရွတ်သွားပါ။
- အစိမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေ အားပြု ဝတ်ဆင်သုံးစွဲပါ။
  ရွက်လှ ၄ ညွန့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် မြေအိုးတစ်လုံးမှာ (သ) လို့ရေးပြီး အမိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့စနေထောင့်မှာ ဖယောင်းတိုင် ၁၀ တိုင်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၄ အစ၊ ၇ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို မေမြို့ပန်း ၅ ပွင့်နဲ့ ၁၉ ချက် ရိုက်ပါ။

**ကြာသပတေးသားသမီးများ**

ဒီလအတွင်းမှာ **ငွေလိုချင်ရင် ငွေဖြစ်ရမယ်** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ငွေကြေး၊ ရာထူး၊ ဆု၊ နာမည်ဂုဏ်သတင်း၊ ကား၊ နိုင်ငံခြား ... စတာတွေမှာ အောင်မြင်မှုကြီးတွေ ပေါ်လာတတ်ပါတယ်။ ပွဲလမ်းသဘင်တွေ ကြုံရတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ နွားနို့ကပ်လှူပြီး ဆုတောင်းသွားပါ။ ဂုဏ်တော် ၉ ပါးကို ၇ ခေါက် ရွတ်သွားပါ။
- အရောင်ရင့်ရင့် အဝတ်အစား၊ အသုံးအဆောင်တွေ အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။
  နှင်းဆီပန်း ၇ ပွင့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ရွက်လှရွက်တစ်ရွက်ပေါ်မှာ (လ) လို့ရေးပြီး အမိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့ ဘုရားကြာသပတေးထောင့်မှာ ပန်းသီး ၅ စိပ်လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၇ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းညွန့် ၆ ညွန့်နဲ့ ၆ ချက် ရိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**သောကြာသားသမီးများ**

ဒီလအတွင်းမှာ **ဆင်ကန်းတောတိုး** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ စိတ်နဲ့ကိုယ်နဲ့မကပ်ဖြစ်ပြီး အမှားအယွင်းတွေများတတ်တာကို သတိပြုပါလေ။ ငွေတွေပစ္စည်းတွေ အလေအလွင့် အဆုံးရှုံးများနေတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့ –

- မြတ်စွာဘုရားမှာ ထောပတ်ထမင်းကပ်လှူပြီး ဆုတောင်းသွားပါ။ ဗုဒ္ဓါဂုဏ်တော်ကို အခေါက် ၅၇ ရွတ်သွားပါ။
- အရောင်ရင့်ရင့် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ နှင်းဆီ ၅ ပွင့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျွန်းမာရေးညံ့ရင် ကွမ်းရွက် ၁ ရွက်ပေါ်မှာ (ဟ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- **အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့** ဘုရားကြာသပတေးထောင့်မှာ ပိတောက် ၁၂ ညွန့်လှူပြီး ဆုတောင်းပါ။
- **ထီထိုးချင်ရင်** ၅ အစ၊ ၇ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ကံကော်ညွန့် ၆ ညွန့်နဲ့ ၈ ချက် ရိုက်ပါ။

**စနေသားသမီးများ**

ဒီလအတွင်းမှာ **မအိပ်မနေ အသက်ရှည်** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ရန်အန္တရာယ်များလွန်းတာကို သတိပြုပါ။ **အစစအရာရာ** သတိဟာ အရေးအကြီးဆုံးပါပဲ။ ရန်ပတ်လည်ဝိုင်းနေတဲ့ကြားကပဲ အလုပ်အခွင့်အလမ်းကောင်းတွေလည်း ပေါ်လာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ သောက်တော်ရေ ၆ ခွက် ကပ်လှူပြီး ဆုတောင်းပါ။
  အရဟံဂုဏ်တော်ကို အခေါက် ၆၀ ရွတ်သွားပါ။
- အနီရောင်၊ ကြက်သွေးရောင် အဝတ်အစား၊ အသုံးအဆောင်တွေ အားပြု ဝတ်ဆင်သုံးစွဲပါ။
  အုန်း ၁ ညွန့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် မိမိရဲ့အဝတ်ဟောင်းတစ်ထည်ပေါ်မှာ (ည) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- **အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေဖို့** ဘုရားကြာသပတေးထောင့်မှာ ဖယောင်းတိုင် ၁၂ တိုင် လှူပြီး ဆုတောင်းပါ။
- **ထီထိုးချင်ရင်** ၆ အစ၊ ၁ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို နှင်းဆီပန်း ၃ ပွင့်နဲ့ ၇ ချက် ရိုက်ပါ။

BURMESE CLASSIC .com

**ဒီလအတွက် ယတြာလက်ဆောင်**

**ဖုန်းဝယ်ဖုန်းရောင်း၊ အောင်စေကြောင်း**

ဖုန်းဝယ်ချင်လို့လား ..၊ ဒါမှမဟုတ် ဖုန်းရောင်းချင်လို့လား...၊
ဖုန်းဝယ်ဖို့ ရောင်းဖို့ စကားပြောခါနီးမှာ
ဆီးယိုစားပြီး ဆုတောင်းလိုက်မယ်ဆိုရင် ပိုပြီး အဆင်ပြေ အောင်မြင်စေပါလိမ့်မယ်။
ဖုန်းမှမဟုတ်ပါဘူး။
မြေ၊ ပဲ၊ ပြောင်း၊ ပရိဘောဂ၊ မုန့် .... စတဲ့ ကြာသပတေးနံကိစ္စ အားလုံး
ရောင်းခါနီး ဝယ်ခါနီးလေးမှာ ဒီနည်းကို အသုံးပြုနိုင်ပါတယ် ...။

သင်ပွေမှာ
ဇင်ငယ်နီ



www.burmeseclassic.com